
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကြိုတင်ပုံနှိပ်ခွင့်ပြုအမှတ်များ
စာမူ-၄၇၈/၂၀၀၀ (၇)
မျက်နှာဖုံး-၇၃၂/၂၀၀၀ (၁၀)

●

ပုံနှိပ်ခြင်း
ဒုတိယအကြိမ်

●

ထုတ်ဝေကာလ
ဩဂုတ်၊ ၂၀၀၁ ခုနှစ်

●

အုပ်ရေ
၁၀၀၀

●

အဖုံးပန်းချီ
ကိုကိုနိုင်

●

စာအုပ်ချုပ် - ကိုမြင့်

●

စာစီ - ဖိုးခေ

●

အတွင်းဖလင်
A.Z

●

ပုံနှိပ်သူ
မျက်နှာဖုံး - ဦးမြသိန်း (၀၁၄၂၇) သိန်းမြင့်ဝင်း ပုံနှိပ်တိုက်
အမှတ် - ၉၆၊ ၁၁လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။
အတွင်း - ဦးကျော်ရွှေမင်း (၈၅၉၉၂) ဗွီအိုင်အေပုံနှိပ်တိုက်
အမှတ် (၂၅၆)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

●

ထုတ်ဝေသူ
ဒေါ်ရွှေအိမ် (၀၁၂၉၉) တိုင်းလင်းစာပေ၊
အမှတ်-၀/၆၅ အုပ်စု၊ ၃/အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

တန်ဖိုး - ၂၀၀

စီစဉ်ထုတ်လုပ်မှု — ဖန်တီးမှု
ချမ်းငြိမ်းမိုး — ခင်ဇော်

www.burmeseclassic.com

www.burmeseclassic.com

ဝင်းလက်သောဓားသွားမှာ သွေးတို့ဖြင့် နီရဲနေသည်။ ခြေထောက်သေးသေးလေးပေါ်မှာ ဓားသွားက အဆက်မပြတ် ထိရောက်နေသည်။ အသည်းခိုက်မျှနာကျင်မှုနှင့်အတူ ကြောက်စိတ်က ရင်ထဲမှာ အဆမတန်ကြီးမားလာသည်။ ဓားသွားကို ဆုတ်ကိုင်ထားသော လက်ချောင်းများမှ တစ်ခုသောလက်ချောင်းပေါ်တွင် သုံးလုံးတန်း ပုလဲလက်စွပ်။ "အမေ၊ အမေ မလုပ်ပါနဲ့"ဟု အားကုန်အော်ဟစ်ကာ ရှန်းကန်ဆဲမှာပင် ကြောက်စရာအမှောင်၊ ထိတ်လန့်စရာအမှောင်ကို ရင်ဆိုင်လိုက်ရသည်။

ပွင့်လာသော မျက်လုံးအစုံကို ကြောက်လန့်စွာ ပြန်ပိတ်လိုက်မိသည်။ အိပ်မက်ပြယ်စမှာတွေ့ရသော အမှောင်ကို 'ရီထွေး' ကြောက်လှသည်။ အမှောင်မလာခင်မှာ တွေ့နေရသည့် သည်အိမ်မက်ဆိုးကြီးကကော ရီထွေးကို ဘယ်လောက်ထိ လိုက်နှိပ်စက်နေဦးမှာလဲ။ တုန်ယင်မောဟိုက်ကာနှင့် ခြင်ထောင်ပြင်ဘက်သို့ ခေါင်းထိုးထွက်ရင်း အိပ်ရာပြင်ဘက်ကထားနေကျ မီးခြစ်နှင့် ဖယောင်းတိုင်ကို စမ်းရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင်တိုလေး၏ အလင်းအောက်တွင် အခန်းကျဉ်းလေး ပတ်ဝန်းကျင်ကို မှုန်ဝါးဝါးမြင်လာရသည်။ အခန်းထောင့် စားပွဲဝိုင်းလေး ပေါ်က အစ်မနွဲ့၏ ရုံးခြင်းနှင့် စာအုပ်များ၊ အစ်မနွဲ့၏ အလှပြင်ပစ္စည်း တွေ တင်ထားသော မှန်တင်ခုံ၊ ကြိုးတန်းပေါ်က အကျီချိတ်များပေါ်မှ အစ်မနွဲ့၏ ဝတ်လက်စအကျီများ၊ ထဘီတန်းပေါ်မှ အစ်မနွဲ့၏ လှပသော ထဘီများ။ အို…အားလုံးဟာ ရီထွေးနဲ့မဆိုင်တဲ့ ပစ္စည်းတွေလိုပါပဲ။ ရီထွေး နဲ့ အစ်မနွဲ့တို့ညီအစ်မနှစ်ယောက်ရဲ့ အခန်းရယ်လို့တောင် ပြောချင်စရာ မကောင်းပါဘူး။

ခြင်ထောင်ဟိုဘက်အေးတစ်ဘက်တွင် စောင်တစ်ထည်ကိုမွေ့ပိုက် ရင်း အိပ်မောကျနေသော အစ်မနွဲ့ကို ရီထွေးငေးကြည့်နေမိသည်။ အိပ်နေ တဲ့ အစ်မနွဲ့မျက်နှာက ပြုံးစစနဲ့ သိပ်လှတဲ့အိပ်မက်တွေကို အစ်မနွဲ့ မက် နေမှာပါ။

အဖြစ်နိုင်ဆုံးကတော့ နောက်တစ်ပတ်လောက်ကြာရင် ရောက် လာတော့မယ့် သူ့အမွှေးလင့်ဆုံး အနာဂတ်သစ်ကို အိပ်မက်မက်ကြည့် နေမှာပေါ့။ မိန်းမတစ်ယောက်အတွက် ချစ်သူနဲ့လက်ထပ်ရမယ့် တစ်သက် တစ်ခါ မင်္ဂလာရက်ဆိုတာ ရင်အခုန်ဆုံး အပျော်ဆုံးလို့ ညနေကပဲ မထိန်း နိုင် မသိမ်းနိုင် အစ်မနွဲ့ပြောသေးတာပဲ။

ဖယောင်းတိုင် တင်ထွန်းထားသော နို့မှုန့်ဘူးအေးမှ စာအုပ်သေး လေးကို ရီထွေး ကောက်ယူလိုက်သည်။ ပြက္ခဒိန်စာအုပ်လေးကို တဖျပ်ဖျပ် လှန်လှောလိုက်သည်။ ၁၉၆၉ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလ (၃)ရက်။ ဒီည မိုးလင်းလျှင် ရောက်လာတော့မည့်နေ့။ အမေ ရီထွေး ကို ခွဲခွာသွားခဲ့သည့် သုံးနှစ်မြောက်နေ့။

ပြက္ခဒိန်စာအုပ်လေးကို ညနေက အစ်မနွဲ့၏ အစ်ကိုမြင့်သိန်းက ရီထွေးအတွက် လက်ဆောင်ပေးကတည်းက သည်ရက်ကို ရီထွေးလှန်ကြည့် ခဲ့သည်။ အရင်တုန်းကတော့ သည်ရက်၏ အရေးဦးနန်နက်သည် ရီထွေးအ

www.burmeseclassic.com

www.burmeseclassic.com



တွက် ပျော်စရာကောင်းသော မွေးနေ့နံနက်ပင်။ တောကအမျိုးတွေ မပြတ်လာတတ်သော ရီထွေးတို့အိမ်မှာ ကောက်ညှင်းဆန်က အလျှံပယ်ရှိသည်။ ရီထွေးမွေးနေ့တိုင်း မီးတထိန်ထိန်နှင့် အမေ ကောက်ညှင်းပေါင်းသည်။ ပေါင်းအိုးနှင့် ရေနွေးအိုးကြားက အဝတ်ပတ်မှ ထောင်းထောင်းထနေသော အငွေ့တွေကို ကြည့်နေရသည်ကိုက ရီထွေးအတွက် ပျော်စရာ။ သည်အချိန်မှာ အမေသင်ပေးသော နှစ်ဆယ့်လေးပစ္စည်း ဂါထာကိုလည်း လိုက်ဆိုရသေးသည်။ အစ်မနွဲ့နီးလာလျှင် ဘားအိမ်တွေကို ဝေခိုင်းဖို့ အမေပြင်နေသော ကောက်ညှင်းပန်းကန်ပြားတွေမှာ နှမ်းထောင်းဖြူးရတာကိုလည်း ရီထွေးပျော်သည်။

အဲသည် အပျော်နေ့ဟာ ဝမ်းအနည်းရဆုံးနေ့ ဖြစ်လာခဲ့မယ်ဆိုတာ ရီထွေးဘယ်လိုမှ မထင်ခဲ့ပါဘူး။ ခုတော့လည်း ရီထွေးမထင်မှတ်ဘဲ့ အဖြစ်။

BURMESE CLASSIC

အမေ့ကိုဆုံးရှုံးရတဲ့ အဖြစ်ဟာ သုံးနှစ်မြောက်ခဲ့ပြီ။ ရီထွေးမွေးနေ့ ဆိုတာကိုတော့ မေ့ထားကြတာ ထားပါတော့လေ။ အမေဆုံးပါးသည့်နေ့ဆိုတာကို မေ့ထားရက်ကြသည့် အဖေနှင့် အစ်ကိုတို့၊ အစ်မနွဲ့တို့ကိုအပြစ်တင်ချင်သည်။ အဝေးမှာနေသည့် အစ်ကိုလတ်နှင့် အစ်မကြီးတို့ကလည်း သတိရအားနိုင်ကြမှာ မဟုတ်ပါဘူး။ အေးလေ၊ အစ်မနွဲ့ရဲ့ မင်္ဂလာကို လုံးပမ်းနေကြတာလည်း အဲ့မင်္ဂလာကို သတိရတောင် မေ့ထားကြမှာပေါ့။ ရီထွေးကတော့ ဘယ်မှာမေ့နိုင်ပါမည်လဲ။

မြို့ပတ်ရထားဖြတ်သွားသံကြောင့် ရီထွေးတို့ပျဉ်ထောင်အိမ်လေး မသိမသာတုန်ခါသွားသည်။ မြို့ပတ်ရထားတောင် လာပြီ။ ဒါဆို သုံးနာရီထိုးပြီပေါ့။ အမေထတဲ့ အချိန်လေ။ ရီထွေးမွေးနေ့အတွက် အမေ ကောက်ညှင်းပေါင်းတော့မယ့် အချိန်ပေါ့။ အမေ ဘယ်မှာလဲ။ ရီထွေး လက်သည်းသွယ်က သုံးလုံးတန်း ပုလဲလက်စွပ်ကို အမေ့ကိုယ်စား လွမ်းဆွတ်စွာ ကြည့်မိဆဲ၊ တစ်နေ့ရာရာက မေတ္တာပို့အမျှဝေသည့် ကြေးစည်သံကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်တရက် ယောင်ယမ်း၍ ဘုရားခန်းဆီလှမ်းကြည့်လိုက်မိသည်။ သည်လိုအချိန်ပါပဲ။ သည်လို ကြေးစည်သံတလွင်လွင်နှင့် အမေ မေတ္တာပို့ အမျှဝေပြီး အငွေ့တထောင်းထောင်းနှင့် ကောက်ညှင်းဆွမ်းပွဲတွေကို ဘုရားရှေ့မှာတင်ရင်း ဝမ်းနည်းပက်လက်ဖြစ်ရသည့် အမေ့ဆုတောင်းသံကို တရစ်ဝဲဝဲကြားယောင်မိပြန်သည်။

"ဤမွေးနေ့ကုသိုလ်ကြောင့် ဘုရားတပည့်တော်ရဲ့သမီးလေး မရီထွေး ဘဝဆက်တိုင်း ဆက်တိုင်း ဒုက္ခိတဘဝမှ ကင်းလွတ်ရပါလို၏ဘုရား"

* * *

"ဟိုဘက်ကမ်းက မီးထိန်ထိန်"

"ဟို...ဘက်ကမ်းက မီးထိန်ထိန်"

"အေး...ဟုတ်ပြီ စာလုံးပေါင်းစမ်း၊ ဟ...လုံးကြီးတင် ပေါင်းလေ"

"ဟ...လုံးကြီးတင်၊ တချောင်းငင်...ဟို...ဘ...ဘ"

"ဟာ...မြန်မြန် ပေါင်းစမ်းပါ။ ဒီတစ်ပုဒ်ကို ဘယ်နှစ်ရက်ရှိပြီလဲ။ ဒီအရွယ်ကြီးနဲ့၊ အ,လိုက်တာကလဲမပြောနဲ့တော့"

အစ်ကိုသိန်းထွန်း၏ ဒေါသမျက်နှာကို ရီထွေး ကြောက်လန့်စွာ မော့ကြည့်မိသည်။ အမြဲတမ်း ဒေါသဖြစ်နေတတ်သော၊ ဝုန်းဒိုင်းဆို လက်ကပါတတ်သော အစ်ကိုသိန်းထွန်းကို ရီထွေးမချစ်တော့။ အားမကိုးတော့သည်မှာ ကြာပြီ။ အစ်ကိုသိန်းထွန်းက သူ့ရင်ခွင်ထဲမှာ ပွေ့ထားသော တိုက်ကြက်ဖကို လက်တစ်ဘက်နှင့် ပွတ်သပ်ပေးရင်းက ဖတ်စာစာအုပ်ကို ရီထွေးဆီ တွန်းပို့သည်။

"ငါပြောနေတာ မကြားဘူးလား၊ စာလုံးပေါင်းစမ်းလို့၊ မြန်မြန်လုပ်။ နင့်ကို တစ်နေကုန် စောင့်မနေနိုင်ဘူး။ အဖေ့ဆိုင်ကို ကျောက်ကျောလိုက်ပို့ရဦးမှာ၊ အိမ်မှာအလကားနေပြီး ဘာမှလဲ နားမလည်ဘဲနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကို တင်းတင်းစေ့ထားပြီး၊ အစ်ကိုသိန်းထွန်းကိုရော သူ့တိုက်ကြက်ဖကြီးကိုရော မုန်းတီးစွာ ကြည့်လိုက်သည်။ ဒေါသစိတ်က ဆူဝေလာသည်။ ဘာဖြစ်လို့ ဒါလောက်နှိမ်ချင်ရတာလဲ အစ်ကိုသိန်းထွန်းရယ်။

"သွားပါလား အစ်ကို့ကို ဘယ်သူက သင်ခိုင်းနေလို့လဲ။ ရီထွေး တစ်နေ့ဘာဖြစ်ဖြစ် မသင်နဲ့"

"အောင်မယ်...အောင်မယ်၊ နင်က"

ရီထွေးခေါင်းတစ်ခြမ်း ပူခနဲ ဖြစ်သွားသည်။ မျက်လုံးပြူးကြီးနှင့် ကျစ်ကျစ်ပါအောင်ဆုပ်ထားသော သူ့လက်သီးကို ရီထွေး မဖြုံသလိုကြည့်လိုက်သည်။ အနားက ဆေးလိပ်ပြာခွက်ကို လှမ်းကြည့်ထားရင်း ရီထွေးသူ့ကို ရင်ဆိုင်ဖို့ပြင်သည်။ အစ်ကိုသိန်းထွန်းက သူ့တိုက်ကြက်ဖကြီးကို လွှတ်လိုက်ပြီး ရီထွေးလက်နှစ်ဘက်ကို ဆွဲချုပ်သည်။

"အမေရေ"

ရီထွေး လွှတ်ခနဲအော်လိုက်မိသည်။ အမေရှိစဉ်က အစ်ကိုသိန်းထွန်း ရီထွေးကိုစာသင်ပေးရင်း ရိုက်ပြီဆိုလျှင် အမေပြေးလာနေကျ။

"ဘာ...အမေလဲ၊ အမေအရေးပေးတိုင်း နင်ငါတို့ကို ဗိုလ်ကျနေချင်တယ်၊ အော်လေ...အော်လေ၊ ဘာအမေမှ မလာဘူး"

"ရီထွေးကို ဒါလောက်နှိပ်စက်စရာ မလိုဘူး၊ ရီထွေး ဘယ်သူ့တို ဘယ်လိုလုပ်လို့လဲ"

"ဘာလုပ်ရမှာလဲ၊ နင့်ကို ဒုက္ခိတဆိုပြီး အလိုလိုက်ထားတိုင်း အခိုက်စော်ကား"

"မပြောနဲ့၊ မပြောနဲ့၊ ရီထွေးကို မပြောနဲ့"

ရီထွေး တအားအော်လိုက်မိသည်။ ရင်ထဲမှာ နာကျင်လှသည်။ အောက်တစ်ချက်ခေါက်ပြီး တဒိုင်းဒိုင်းနှင့် ဆင်းသွားသော အစ်ကိုသိန်းထွန်း၏ နောက်ကျောကိုကြည့်ရင်း မျက်ရည်တို့က တပေါက်ပေါက်ကျ



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ရိုထွေး ဒုက္ခိတဆိုတာ လူတကာသိပါတယ် အစ်ကိုသိန်းထွန်းရယ်။ ဘာဖြစ်လို့ အမြဲတမ်း ဒီစကားနဲ့ အနိုင်ယူချင်ရတာလဲ။

အမေ ပြေးမလာနိုင်တော့တာပဲ ကောင်းပါသည်။ နို့မို့ဆို အမေ တစ်ယောက် စာဖတ်နေသော ရိုထွေးနှင့် ဒေါသတကြီး ရိုက်နှက်တတ်သော အစ်ကိုသိန်းထွန်းတို့ကြားမှာ ဝင်ရောက်ဖျန်ဖြေရင်း မျက်ရည်ကျနေရဦးမည်။ ထုံးစံအတိုင်း ထုံးစံအတိုင်း 'ဒုက္ခိတမ' လို့ အစ်ကိုသိန်းထွန်းက တစ်ချက်တည်းနှင့် အနိုင်ယူလိုက်လို့ ရိုထွေး စူရှုစွာအော်လျှင်တော့ အမေသည် ရိုထွေး၏ အနာရွတ်တွေ ဗရပွနှင့် သေးငယ်ကြုံလှီနေသော ရှုံ့တွတွ ခြေထောက်နှစ်ဖက်ကိုကြည့်၍ မျက်ရည်ကျဦးမည်။ နောက်ပြီး နောက်ပြီး သေတ္တာထဲက ဓားလေးတစ်ချောင်းကိုထုတ်ပြီး "မိရိုထွေးရဲ့ ဟိုတုန်းကတည်းက နင်ရော ငါရော ယောဒီဓားနဲ့ သေလိုက်ကျရင် ပြီးရောဟဲ့" ဟူသော ရိုထွေးအကြောက်လန့်ဆုံး စကားကို ရင်ဆိုင်ရဦးမည်။

* * *

ရိုထွေးကို ဒီရန်ကုန်မှာ မွေးတာလေ။ အို...အဲဒီတုန်းက ဒီနားပတ်ဝန်းကျင်ဆိုတာ တကယ့်ကိုတောပဲ။ ကောလိပ်ကျောင်းနဲ့ နီးတာတစ်ခုပဲရှိတယ်။ ကျွန်မတို့ကလဲ တောမှာ သိပ်မအေးချမ်းတာနဲ့သာ ပြေးခဲ့ရတာ၊ ဘာများ လုပ်ကိုင်စားရပါ့မလဲဆိုတာ တပူပူနဲ့။ နောက်တော့ သူ့အဖေက အကြံရပြီး ကောလိပ်ကျောင်းထဲမှာ အအေးဆိုင်ဆိုလို့ သူ့အရင်ပဲထင်ပါရဲ့။ ရောင်းလဲ ရောင်းရပါရဲ့။ ကျွန်မက နောက်ပိုင်းက ဈေးဝယ်ပေးပေါ့လေ။ အကြီးကလေးတွေလဲ ကျောင်းထား၊ စီးပွားရေးကလဲ မဆိုးဘူးတော့ စိတ်လေးချမ်းသာမလို့ရှိတုန်း မရွှေရိုထွေးကို မွေးပါလေရော၊ အို...ကျွန်မဖြင့်လေ စိတ်ညစ်လိုက်ရတာများ မပြောပါနဲ့တော့။ ကလေး ခြေထောက်လေးတွေက လိမ်ပြီး ခြေဖမိုးလေးတွေက အောက်၊ ခြေဖဝါးက

www.burmeseclassic.com

www.burmeseclassic.com



အထက်ရောက်နေတာ၊ တစ်ချို့ကလည်း တရုတ်မခြေသေး ဝင်စားတာလို့ လဲပြောရဲ့။ ဒါနဲ့ ကလေး လေးလသမီးလောက်မှာ နုတုန်း ကုထားမှဆို ပြီး ဆေးရုံကြီး သွားပြတယ်။ ဆေးရုံကြီးကလည်း အဲဒီခေတ်အခါတုန်းက လည်း ဆေးပစ္စည်းတွေ ကိရိယာတွေကလဲ ဒါလောက်လဲမစုံသေးဘူး ထင် ပါရဲ့။ အဲ ဒီကဆရာဝန်တွေက ရပါတယ်ဆိုပြီး ထုံဆေးနဲ့ခွဲပြီး ကျပ်စည်း ပေးလိုက်တယ်။ နောက်နှစ်ပတ်ရှိမှ လာခဲ့တဲ့။ ဒါနဲ့ နောက်နှစ်ပတ်ရှိလို့ သွားတော့ အို…ကျွန်မတော့ အော်အော်ငိုတာပဲ။ ကလေးခြေထောက်မှာ အပူတွေလောင်ပြီး အနာတွေဖြစ်နေလိုက်တာ၊ ခြေထောက်ကလဲ ပိုပြီးရှုံ့တွ သွားတယ်။

ဆရာဝန်ကတော့ ဆေးထည့်ပတ်တီးစည်းပြီး နောက်လာခဲ့ဦးတဲ့ ကျွန်မကတော့ ဘာရမလဲ။ အိမ်ရောက်တော့ အကုန်ဖြေပစ်ပြီး ဖန်ရေဆေး ပေးတာပဲ။ ဖန်ရေဆေးရင်းနဲ့ ငိုရတာလဲအမော။ ဒါနဲ့ ကြည့်ရင်း ကြည့်ရင်း စိတ်ပေါက်ပေါက်နဲ့ ဓားတစ်ချောင်းသွားဝယ်ပြီး၊ ငါ့သမီး ငါ့ဟာငါ ကောင်း အောင်လုပ်မယ်ဆိုပြီး ကျွန်မစိတ်ကလဲ ခပ်ရွတ်ရွတ်ဆိုတော့ ဓားနဲ့ခွဲပြီးတော့ ခြေထောက်ကို တည့်ပေးတယ်။ ဖန်ရေဆေးလိုက် ခွဲလိုက်ပေါ့။ အို လေးလ သမီးလေး၊ ငိုလိုက်တာမှ တက်မတတ်၊ ချက်မတတ်။

ခု စဉ်းစားရင်းတောင်မှ စိမ့်ခနဲ။ ခြေထောက်ဆိုကပင် စိုးစိုးစစ် ကျင်သလို။ အဲဒီတုန်းကလဲ အစ်မကြီး၏ယောက္ခမကို ပြောပြနေသော အမေ့မျက်နှာကို ရီထွေး ထိတ်လန့်စွာကြည့်နေခဲ့မိသည်။ လုပ်ချင်ရာကို ဖြစ်အောင်လုပ်တတ်သည့် စိတ်ဓာတ်ခက်မာသည့် အရိပ်အယောင်တွေက အမေ့မျက်နှာမှာ အထင်းသား။ ရီထွေးမှာလဲ အမေ့လိုစိတ်ဓာတ်မျိုး အ ငြိမ့်အဝရှိပါရဲ့။ ဒါပေမယ့် အဲဒီစိတ်ဓာတ်ကို အကောင်အထည်ဖော်ဖို့က အားမတန်လို့ မာန်လျှော့ရတဲ့ ဘဝ။ တစ်သက်လုံး အိမ်ခန်းထဲမှာနေလိုက်၊ အိမ်ရှေ့ ရထားလမ်းဘက်ဆီကို အစ်မနွဲ့နဲ့တွဲပြီး ခြေထောက်လေးတွေကို မြေကြီးပေါ်မှာ ခိုင်ခိုင်မာမာရပ်နိုင်ဖို့ ကြိုးစားစမ်းကြည့်လိုက်နဲ့ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကုန်ရတော့မှာလား။ ဟုတ်ပါတယ်လေ။ အဲလိုပဲ အချိန်ကုန်ရတော့မှာပေါ့။ ရီထွေးခြေထောက်က ဘယ်လိုမှ ကုလို့မရတော့ဘူးတဲ့။ အဖေရော၊ အမေရော ဆေးရုံဆို သိပ်စိတ်နာကြတယ်။ ဘယ်တော့မှ ဆေးရုံ မသွားရဘူးတဲ့။

ခုတော့ ရီထွေးအဖို့ အိမ်ခန်းထဲနှင့် သုံးပင်နှစ်ခန်း ပျဉ်ထောင်အိမ်လေးထဲမှာ နံရံတွေကို စမ်းတွယ်ရင်း လျှောက်ကြည့်တဲ့အလုပ်ပဲလုပ်နေရတာပေါ့။ ရထားလမ်းဘေးမှ ဝဲယာသို့ လှမ်းမျှော်ကြည့်ဖို့အခွင့်အရေး ရီထွေးမှာမရှိတော့ပြီ။ တွဲခေါ်တတ်သည့် အစ်မနွဲ့က ခုချိန်ဆိုလျှင် ရှမ်းပြည်တစ်နေရာမှာ ချစ်သူနှင့်အတူ ဘဝသစ်မှာ ပျော်ရွှင်နေရှာမည်။

ရီထွေးဘေးမှ လစ်ဟာနေသော အစ်မနွဲ့နေရာကို ဝမ်းနည်းစွာ ကြည့်လိုက်ပါသည်။ သည်လိုပါပဲ။ ဟိုတုန်းကလည်း အစ်မနွဲ့၏ ဟိုဘက်ဘေးနေရာမှ အစ်မကြီးက ရီထွေးတို့ညီအစ်မနှစ်ယောက်ကို ခွဲထားခဲ့တာပဲ။ ခုတော့ ရီထွေးတစ်ယောက်တည်း။ အိပ်ခန်းကျဉ်းကလေးကလဲ အကျည်းတန်သွားလိုက်တာ၊ ဘယ်မှ သွားစရာမလိုသည့် ရီထွေး၏ တန်ဖိုးမကြီးလှသော အိမ်နေရင်းဝတ်အင်္ကျီတချို့သာ စားပွဲပေါ်တွင် ခေါက်လျက်၊ ပြောင်တလင်းခါနေသော မှန်တင်ခုံပေါ်မှာ တို့ပတ်ပုဝါလေး တစ်ခုသာ မျက်နှာငယ်စွာ ကျန်ရစ်လျက်။ ရီထွေး မျက်နှာလွှဲလိုက်သည်။ ကြောင်နေသောမျက်လုံးတွေကို အတင်းပိတ်လိုက်သည်။ တိုက်ကြက်ဖကြီး၏ တဖျန်းဖျန်း တောင်ပံရိုက်သံကို ရုတ်တရက်လန့်သွားမိသည်။ ကြည့်စမ်း အစ်ကိုသိန်းထွန်း သူ့ကြက်ကြီးကို အိမ်ရှေ့က သူ့အိပ်ရာဘေးမှာ ယူထားတယ်။ စည်းကမ်းပျက်လိုက်တာ။ အမေရှိလျှင် ရပါလိမ့်မယ်အားကြီး။ တောမှာကတည်းက အမြစ်တွယ်လာခဲ့သည့် ကြက်ဝါသနာက အဖေ့ဆီမှ တစ်ဆင့် အစ်ကိုသိန်းထွန်းကိုပါ ကူးစက်နေပြီ။ အမေဆုံးကတည်းက သူ ရှစ်တန်းလည်းမအောင်တော့။ ကျောင်းထွက်တာကိုလည်း အဖေက ဘာမှ မပြော။ အအေးဆိုင် ကူသလိုလိုနှင့် ကြက်ချည်းတိုက်နေတာပါပဲ။ ခုလဲ

www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်ကျော်ပြီ၊ သူပြန်မလာသေးဘူး။ ဒီအိမ်မှာ အဖေအိုနှင့်ဒုက္ခိတ ညီမပဲ ရှိတယ်ဆိုတာ သူ သတိမှရရဲ့လား။

အိမ်ရှေ့ခန်းမှ အဖေ့လူးလှိမ့်သံနှင့် တစ်စုံတစ်ရာ နာကျင်ဟန်တကျွတ်ကျွတ် စုတ်ထိုးသံကိုကြားရတော့ ရီထွေး ထိတ်ကနဲ ဖြစ်သွားမိသည်။

"အဖေ၊ ဘာဖြစ်တာလဲ အဖေ၊ ဘာဖြစ်လို့လဲ"

ရီထွေးမေးသံကို ချက်ချင်း မပြောနိုင်ဘဲ အဖေကစုတ်သပ်နေပြီးမှ...

"ရီထွေး လာခဲ့ရမလားအဖေ"

စိုးရိမ်စိတ်နှင့် မေးပြီးမှ ရီထွေး ဝမ်းနည်းမိပြန်သည်။ အဖေ့ဆီရောက်အောင် ဖင်တစ်ဘက်တွန်း၍ အတော်ကြိုးစားကာ သွားပြီးတော့ကော ရီထွေးက ဘာလုပ်နိုင်မှာလဲ။ အဖေ့လက်ချောင်းလေးတွေက ရေခဲကိုင်သောဒဏ်ကြောင့် တဆစ်ဆစ် ကိုက်ခဲနေတတ်သည်မှာ ကြာပြီ။ အဖေတို့ ဆိုင်စဖွင့်တုန်းက ခုလိုမဟုတ်ပဲ ရေခဲကိုဒီတိုင်းလက်နှင့်ကိုင်ကာ ဂျဲခြစ်လိုက် ရေခဲခွဲလိုက်လုပ်တော့ နှစ်ကြာလာချိန်မှာ ရေခဲဒဏ်ကို အဖေ ခံနေရပြီ။ ဆေးရုံကြောက်သောအဖေက သွားမပြ။ အခုဆို အဖေ့လက်ဆစ်ကလေးများက မသိမသာ ကွေးဝင်နေကြပြီ။

နောက်ပိုင်းက ကူမည့်သူမရှိတော့ အဖေတစ်ယောက်တည်း ပြေးဟယ်၊ လွှားဟယ်နှင့် ပင်ပန်းသည်တဲ့။ ခုဆို ကျောင်းထဲမှာ အအေးဆိုင်တွေကလည်း များလာတော့ အရောင်းကျသတဲ့။ အို ဒါတွေကို ရီထွေး ပူပန်နေတော့ကော ရီထွေးက ဘာလုပ်နိုင်မှာတဲ့လဲ။

* * *

ညက အိပ်မပျော်ပေမယ့် အမေနှင့်အတူ ထနေကျအကျင့်ကြောင့် အစောကြီးနိုးလာသည်။ တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ အမေနှင့်



www.burmeseclassic.com

www.burmeseclassic.com



အစ်မနွဲ့တို့ရှိစဉ်တုန်းကတော့ သည်အချိန်ဆို ထုသံ၊ ထောင်းသံ၊ အိုးသံ၊ ခွက်သံတို့ဖြင့် ပွက်ပွက်ညံနေပြီ။ နောက်ပိုင်းတော့ အဖေထရှာသည်။ ဒါပေမယ့် သည်မနက်တော့ အဖေမထနိုင်ရှာဘူးထင်ရဲ့။ ရီထွေး အိပ်ရာသိမ်းသည်။ ပြီးတော့ ကပ်လျက်ရှိ မီးဖိုခန်းသို့ ဖြည်းဖြည်းချင်း ရွေ့လာခဲ့သည်။ မီးဖိုက အနံ့မှို့ ရီထွေးမိသည်။ ထင်းချောင်းတွေကို ဆိုင်ပြီး မီးမွှေးကာ ရေနွေးအိုး တည်လိုက်သည်။ အဖေနိုးနိုးချင်း သောက်ဖို့ပေါ့။ ရင်ထဲမှာ ရုတ်တရက် ကျေနပ်လာသည်။ ရီထွေးမှာ အမေ့လိုသတ္တိ အများကြီး ရှိပါတယ်။ ရီထွေးလုပ်နိုင်တာတွေကို နိုင်သလောက်လုပ်နေရရင် ဘဝမှာ နည်းနည်းတော့ အဓိပ္ပာယ်ရှိလာမယ်ထင်တယ်။

ထမင်းအိုးထဲသို့ ရီထွေး ဆန်ခြင်ထည့်ပြန်သည်။ ဟင်းလဲချက်မည်။ ဘာဟင်းချက်ရပါ့၊ အစ်မနွဲ့ ချက်တဲ့ဟင်းတွေ စဉ်းစားလိုက်ဦးမည်။ နေဦး၊ နေဦး၊ ထမင်းတွေ ဟင်းတွေ မချက်ခင် ဆိုင်ထွက်ဖို့ သကြားရည်ကျိုရဦးမယ်လေ။ ဟုတ်သားပဲ။ အမေဆို အစောကြီးထဲက ထကျိုတတ်တာ။ မြေပဲလှော်ရောရှိသေးရဲ့လား။ လွတ်လပ်စွာတွေးရင်း ရီထွေး လုပ်ချင်တာတွေ လုပ်ရတော့မည်။

"ဟဲ့ ...ဖယ်စမ်း အလုပ်ရှုပ်ရတဲ့အထဲ နင်ကတစ်မျိုး"

"အေးအေး သွားထိုင်နေစမ်းဟယ်"ဟူသော အစ်မနွဲ့၏ မြည်တွန်သံတို့ကို ကြောက်စရာမလိုတော့။ သကြားရည်ရည်ကျိုသော အိုးထဲသို့သကြားအိတ်ကို လောင်းချမည်အပြု...

"ဟဲ့...ဟာ သမီး မထည့်နဲ့၊ ဒီနေ့ ဆိုင်မထွက်ဘူး"

လက်ကိုရုပ်ပြီး အဖေ့ကိုကြည့်မိသည်။ အဖေ သိပ်အခြေအနေဆိုးနေလို့လား။ အဖေက ရီထွေးနားက ရေဖလားကိုယူရင်း...

"ည ... စ်ကိုနဲ့ အဖေတို့ အလုပ်ကလေးနည်းနည်းရှိလို့ အပြင်သွားမလို့။ နည်းနည်းမိုးချုပ်ရင် ညည်းတစ်ယောက်တည်း နေရဲပါ့မလား"

"အို ...နေရဲတာပေါ့၊ ရီထွေး ထမင်းတောင် ချက်ထားဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"မချက်ပါနဲ့အေ၊ တစ်ပူပေါ် နှစ်ပူဆင့်နေရဦးမယ်"

အဖေ့ကို မကျေနပ်စွာကြည့်လိုက်သည်။ ရီထွေး စိတ်ဆိုးအောင်၊ ဝမ်းနည်းအောင် စိတ်ဓာတ်လျှော့ပါးအောင် အဖေတို့ အမြဲပဲ လုပ်ကြတယ်။ ရီထွေးဘည်သော ထမင်းအိုးကို အဖေက လာငှဲ့သည်။ အကြောဆိုင်းချင်သလိုလို ဖြစ်နေသော အဖေ့လက်များက ထမင်းအိုးကို ငြိမ်အောင် မနည်းကိုင်ထားရသည်။ အစ်ကိုသိန်းထွန်းဟာလေ အလွန်ပဲ နေနိုင်တယ်။ ကြည့်၊ အိမ်ရှေ့မှာ သူ့တိုက်ကြက်ဖကြီးကိုပဲ အမျိုးမျိုးယုယနေပြီ။ အဖေက ရီထွေးအတွက် ကြက်ဥကြော်ပေးခဲ့ပြီး ထမင်းတောင်မစားပဲ သားအဖနှစ်ယောက်ထွက်သွားကြသည်။ သူ သေထိတောင် ခေါ်သွားမည့် သူ့ကြက်ဖကြီးကိုတမွေ့မွေ့နှင့် ခေါ်သွားသေးသည်။ မုန်းဖို့ကောင်းလိုက်တာ။

သူတို့သွားသည်နှင့် ရီထွေး အခွင့်အရေးကို အစွမ်းကုန် အသုံးချတော့သည်။ ရေတစ်ပုံးကို ဘေးမှာချပြီး အိမ်ရှေ့ကြမ်းပြင်တွေကို တိုက်သည်။ ပြောင်လက်အောင် တိုက်သည်။ အိုးတွေ ခွက်တွေကို မှန်ကြည့်လို့ရမတတ် အကြာကြီးတိုက်သည်။ ညောင်းလာတော့ အိပ်ယာပေါ်မှာနေရင်း၊ ဖတ်စာကို စာလုံးပေါင်းဖတ်သည်။ စာအုပ်ထဲက အရုပ်တွေကိုလျှောက်ကြည့်သည်။ သည်လိုဆိုတော့လည်း အချိန်တွေက ကုန်လွယ်လိုက်တာ။

မှောင်စပျိုးလာသည်ထိ အဖေတို့ ပြန်မလာသေးပေ။ အိမ်ရှေ့မှာထိုင်မျှော်နေရင်း မြို့ပတ်ရထားတွေကို ငေးမောနေမိသည်။ ရီထွေး ငယ်ငယ်တုန်းကတော့ အမေနဲ့အတူ မြို့ပတ်ရထားစီးခဲ့ဖူးသတဲ့။ ဒါပေမယ့် ရီထွေးက သန့်မှာတဲ့ခြေထောက်တွေနဲ့ ပြေးပြီး ခုန်တက်စီးလိုက်ချင်တာ။ အလုပ်တစ်ခုခု သွားလုပ်တာပေါ့လေ။ မဖြစ်နိုင်တော့ဘူး ဆိုတာတွေကို ရီထွေး ဘာလို့ တွေးနေမိတာလဲ။

အိမ်ရှေ့တံခါးကို စေ့ထားခဲ့ပြီး အိပ်ရာထဲမှာ ဝင်ခွေနေမိသည်။ အစ်မနွဲ့၏ ခေါင်းအုံးကို လှမ်းဆွဲလိုက်တော့ ခေါင်းအုံးကြားမှ ဝတ္ထုစာအုပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်အုပ်။ မျက်နှာဖုံးပေါ်က စာတွေကို ရီထွေး ကြိုးစားဖတ်ကြည့်သည်။

"ခကွေး...ယပင့်...စသတ်...ချစ်"

သဝေထိုး..လ...ရေ...လေ၊ ချစ်လေ"

ဖျန်းခနဲအသံနှင့်အတူ ရီထွေး မျက်လုံးများထဲမှာ မီးပွင့်သွားသည်။ ကြောက်စရာမျက်နှာနှင့် အစ်ကိုသိန်းထွန်း။ အရက်နံ့က တသင်းသင်း။

"မှတ်ပလား၊ ဟင်...စာလုံးပေါင်းတောင် မဖြောင့်တဲ့မိန်းမက ဒါမျိုးတော့ ဖတ်နိုင်တယ်ဟုတ်လား၊ ချစ်လေ၊ ချစ်လေ မက်မပြေတဲ့ အိမ်တွင်းပုန်းမို့သကွာ"

ဒေါသဖြင့် ရီထွေး တဆတ်ဆတ်တုန်လာသည်။ သိမ်ဖျင်းလှသည့် အစ်ကိုသိန်းထွန်း။ ရက်စက်ရိုင်းပြသည့် အစ်ကိုသိန်းထွန်း။ ကြိုးစားတည်ဆောက်နေသည့် ရီထွေးစိတ်ကလေးကို ကမ္ဘာပျက်စေဦးတော့မည်။ ရီထွေး နာကျင်တတ်သော စကားဖြင့် သူ့ အနိုင်ယူဦးမည်။

"နင်ဟာလေ"

"အဖေ"

ရီထွေး နားကိုပိတ်ရင်း အဖေ့ကို ကျူးအော်လိုက်သည်။ အဖေက စိတ်ပျက်စွာ သူ့သားကိုကြည့်ရရင်း...

"တော်ပါတော့ကွာ၊ မင်းကလဲ ဒေါသရှေ့ကပဲ၊ မင်းစိတ်ညစ်တိုင်း လျှောက်လုပ်နေလို့ ဖြစ်မလား၊ သွား အိမ်ရှေ့ကို၊ ကဲ...ကဲ၊ ရီထွေးလဲ အိပ်၊ ထမင်းစားပြီးပြီလား"

ရီထွေး ခေါင်းညိတ်ပြလိုက်သည်။ အဖေ ဘာဖြစ်လာလဲ။ အဖေ့ကြည့်ရသည်မှာ ဖျော့တော့နွမ်းနယ်လွန်းလှသည်။ သားအဖနှစ်ယောက် အိမ်ရှေ့မှာ တ[illegible]ခ်တွတ်လုပ်နေကြပြန်သည်။ ဘာဖြစ်တာပါလိမ့်။ ဆွဲကြိုးဟူသောအသံကြောင့် ရီထွေး နားစွင့်ထောင်လိုက်မိသည်။ ဒေါသနှင့် ပြောသံကြောင့် အဖေ့အသံက တစ်ချက်တစ်ချက် ကျယ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ မင်းကလဲ…နားဝေးရန်ကော၊ ငွေကတော့ ပြန်ရှာရ မှန်းသိတာပေါ့ကွ၊ ဆွဲကြိုး မင်းအမေဆွဲကြိုး ပါသွားတာ"

ဘုရားရေ ရိုထွေးသိပြီ။ ပိုက်ဆံတွေနှင့် အမေ့ဆွဲကြိုးကို သူတို့သား အဖ ကြက်ရှုံးပစ်ခဲ့ကြပြီ။

* * *

အိမ်ရှေ့မှ ဝုန်းခနဲအသံကြောင့် ဖျတ်ခနဲ လန့်သွားမိသည်။ တ ဝုန်းဝုန်း ပစ်ချနေသောအသံတွေကြောင့် လန့်ဖျပ်ပြီး တိုက်ကြက်ဖကြီးက ရိုထွေးအခန်းထဲထိ ပြေးဝင်လာသည်။ သနပ်ခါးတုံးနှင့် ပေါက်ထည့်ချ လိုက်သည်။ သေရင် အေးရော။ အိမ်ရှေ့တံခါးဝထိ ရွေ့လာခဲ့ပြီး ကြည့် လိုက်တော့ အိမ်ရှေ့မှာ ပျဉ်တွေတင်ထားသော ကားတစ်စီး ကားပေါ်မှ ပျဉ်တွေ ချနေကြသည်။ ဘာလုပ်ဖို့ပါလိမ့်။ အဖေတို့သားအဖ ဆိုင်မထွက် သည်မှာလဲ နှစ်ရက်တောင် ရှိပြီ။ အရင်းပြုတ်အောင် ကြက်ရှုံးပြီးမှ ဒီပျဉ် တွေကို ဘယ်ကပိုက်ဆံနဲ့ဝယ်ပြီး ဘာလုပ်ကြမှာပါလိမ့်။

အစ်ကိုသိန်းထွန်းက သုံးထပ်သားပြားတွေကို ထမ်းလာရင်း တံခါး နားက ရိုထွေးကို ကျွေ့သွားသည်။

"ဒီမှာ ဘာလုပ်နေတာလဲ၊ သွား…ပစ္စည်းတွေအကုန်လုံး ဘယ်ဘက် ခြမ်းကို ကပ်ထားလိုက်၊ ခဏနေ လက်သမားလာလိမ့်မယ်"

"ဘာလုပ်မှာလဲ အစ်ကို"

ထုံးစံအတိုင်း အစ်ကိုသိန်းထွန်းမျက်နှာက စိတ်မရှည်နိုင်သောပုံ စံပေါက်လာတယ်။ အိမ်ရှေ့ကြမ်းပြင်ပေါ်ကို သုံးထပ်သားတွေကို ဝုန်းအား နဲ့ ပစ်ချလိုက်ပြီး…

"အခန်းကန့်ဖို့ဟော့…သိပြီလား၊ နောက်တစ်ပတ်နေ့ရင် အိမ်ငှား တက်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ငှားမလို့တဲ့။ ရီထွေး ထင်တာထက်တောင် အခြေအနေဆိုးနေပြီပေါ့။ ဒါပေမယ့် လူရာမဝင်သည့် ရီထွေးမှာ ပြောပိုင်ခွင့်မရှိပါ။ သုံးထပ်သားတစ်ချပ်သာ ခြားသော သူစိမ်းတွေနှင့် အတူနေရဦးတော့မည်။ ရီထွေးကမ္ဘာလေး ပို၍ကျဉ်းပေဦးတော့မည်။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ။

တစ်နေကုန်လုံး လက်သမားတွေ၏ ထုနှက်သံတွေကြားမှာ ရီထွေး ပစ္စည်းတွေကို သိမ်းဆည်းရင်း ချောင်ထဲမှာ တိုးကပ်ငြိမ်ကုတ်နေမိသည်။ လက်သမားဆရာ၏ "ကလေးမလေးက ဘာဖြစ်ရှာတာလဲ" ဟူသော အမေးနှင့် အဖေ၏ ပြန်လည်ပြောပြနေသံတွေက မကြားချင် မြင်လျက်သား။ အို...ဧည့်သည်လာတိုင်း ရီထွေးကိုမြင်တိုင်း၊ မေးကြတိုင်း ကြားခဲ့ရသည့် အဖြေစကားတွေ။ အဲဒီ အိမ်ငှားတွေလာလျှင်လည်း ဖြေဖို့ရာ အဖေအသင့် ပြင်ထားဦးပေါ့။ အဲဒီမေးတဲ့လူရဲ့ တကျွတ်ကျွတ် စုတ်သပ်သံ၊ ကရုဏာသံတွေကိုလဲ ရီထွေး မကြားပါရစေနဲ့၊

မျက်နှာညိုနေသော ရီထွေးကို "အဖေတို့သားအဖသုံးယောက်ထဲ ဥစ္စာ နေလောက်သားပဲ၊ အပိုဝင်ငွေလေးရတာပေါ့" ဟု ချော့သလိုလိုနှင့် လေပြေလာထိုးနေသော အဖေ့ကို ဆိုးသည် ကောင်းသည် ရီထွေးပြန်မပြောနေချင်တော့။ စပေါ်က တစ်ထောင်တဲ့။ အိမ်လခက လေးဆယ်တဲ့။ မိသားစုက ငါးယောက်တဲ့။ အို...ဘာတွေပဲဖြစ်ဖြစ်ပေါ့၊ ရီထွေးနဲ့ မဆိုင်ပါဘူး။

အလယ်ခေါင်မှ သုံးထပ်သားကန့်၍ ကာသည်က တစ်နေ့တည်းနှင့် ပြီးသွားသည်။ အိမ်က ဖိနပ်ချွတ်မှာ ဝင်ပေါက်တစ်ပေါက်တည်း ဖောက်ထားသောကြောင့် ဟိုဘက်ရှေ့ခန်းမှာ ခေါက်တံခါး တပ်ဆင်ရမည်တဲ့။ မီးဖိုခန်းအတွက်လည်း တံခါးပေါက် ဖောက်ရဦးမည်။ ဟိုဘက် ဒီဘက် ဖိနပ်ချွတ်ပါဆို လေးခန်းပေါ့။ နောက်မှာက ရေကပြင်လဲရှိသေးသော်ယ်။ ရီထွေးတို့ မီးဖိုကို အဖေက ရေကပြင်ဘက် ရွှေ့နေသည်။ အဲဒီမှာ ချက်ရတော့မှာပေါ့။ ထမင်းစားဖို့နဲ့ ပန်းကန်စင် ဆမင်းစားပွဲတို့က ရီထွေးအိပ်ရမည့် အခန်းကျဉ်းလေးထဲ ရောက်လာသည်။ အိမ်ရှေ့ခန်းမှာ အစ်ကိုသိန်း

www.burmeseclassic.com

www.burmeseclassic.com



ထွန်းအိပ်။ အလယ်ခန်းမှာ အဖေအိပ်ပြီး၊ ရီထွေးက နောက်ခန်းမှာပေါ့။ မှန်တင်ခုံရော၊ ဆန်အိုးရော၊ ကြောင်အိမ်လေးရော၊ စုံတကာစေ့နေတဲ့ပစ္စည်းတွေကြားထဲမှာ ရီထွေးအိပ်ဖို့နေရာက တကယ့်ကို ကျဉ်းကျဉ်းလေး။ သည်လိုပဲ မွန်းကျပ်စွာနဲ့ သည်ကမ္ဘာကျဉ်းလေးထဲမှာ ဘယ်အချိန်ထိ နေရဦးမှာလဲ။ နောက်တစ်ပတ်ကြာ အိမ်ငှားတွေ ပြောင်းလာကြတော့ အိမ်မှာ အဖေတို့က မရှိ။ ရီထွေးတစ်ယောက်တည်း။ အိမ်ရှေ့တံခါးကို ဖွင့်ပေးပြီး နောက်ခန်းလေးထဲမှာ ပြန်ဝင်နေမိသည်။ ဆူဆူညံညံနှင့် သူတို့ပစ္စည်းတွေ သယ်လာကြသည်။

"ဟင်...အိမ်ရှင်တွေက မရှိဘူးလား"

မိန်းမ၏ အသံစူးစူးကြောင့် ရီထွေး နောက်ခန်းအပေါက်မှနေ၍ လှမ်း၍ အသံပေးလိုက်ရသည်။ တဖျပ်ဖျပ်ခြေသံနှင့်အတူ မိန်းမက နောက်ပေါက်သို့ ရောက်လာသည်။ မွန်ရည်သောမျက်နှာထားနှင့် မိန်းမလတ်ရွယ်။ သူ့နောက်မှာ ကပ်ပါလာသည်က မျောက်ရှုံ့အောင် ဆော့တတ်သည့်အရွယ် ကလေးလေးသုံးယောက်။ သူက ရီထွေးကို ပြုံးပြသည်။

"ညီမက သမီးလား၊ ဘကြီးရော မရှိဘူးလား"

"ဟုတ်ကဲ့ ဆိုင်ထွက်သွားပါတယ်"

"ဪ...ဟုတ်လား၊ ရပါတယ်၊ အစ်မနာမည်က မခင်တင့်တဲ့၊ အစ်မယောကျ်ားက ကိုသန်းစိန်၊ သူက ရုံးမှာ အစ်မက ကျောင်းဆရာမ ဘာဖြစ်ဖြစ် ဆွေလိုမျိုးလိုပေါ့နော်၊ ဟောဒီဇျောက်တွေကိုတော့ နည်းနည်းသည်းခံရလိမ့်မယ် ညီမရေ၊ ဒါနဲ့ ညီမကတော့ ကျောင်းမနေဘူးလား"

မခင်တင့်က ကရားရေလွှတ် တတွတ်တွတ်ပြောရင်း ထိုင်နေသော ရီထွေး၏ ခြေထောက်တွေကို မျက်စိရောက်သွားတော့ သူ့ပါးစပ်ကသိမသာ ဟ,သွားသည်၊သူ့မေးခွန်းကို ရီထွေးအားယူကာ ဖြေမည်ကြံဆဲ သူ့သားလေး၏ ကျယ်လောင်စွာအော်ပြောသံက ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ၊ မေမေ၊ သူ့ခြေထောက်လေးတွေကို ကြည့်စမ်း၊ သေးသေး လေးတွေ၊ သေးသေးလေးတွေ"

* * *

တဖြည်းဖြည်း ပြိုကျလျော့ပါးနေသော စိတ်ခွန်အားတို့ကို စုစည်း တည်ဆောက်ရသည်က ပင်ပန်းလွန်းလှသည်။ စိတ်ကျဉ်းကျပ်ခြင်း ဝေဒနာ က ရီထွေးတစ်ကိုယ်လုံးကို ဖိစီးနှိပ်စက်သည်။ ည လူခြေတိတ်ချိန်ဟို ဘက်ခန်းမှ အကြီးမကောင်လေး၏ "ဖေဖေ ဟိုအစ်မမှာ ခြေထောက်သေး လေးတွေရှိတယ်" ဟူသော အသံနှင့် "ရှူး...တိုးတိုး၊ မပြောရဘူး သား" ဟူသော မခင်တင့်၏ အသံများ။ ရီထွေးနောက်ဖေး ရေကပြင်မှာ ထွက် အလုပ်လုပ်ပြီဆိုလျှင် ညီအစ်ကိုသုံးယောက်သား မတိုင်ပင်ရဘဲ သူတို့နောက် ဖေးပေါက်မှနေ၍ မမိုတ်မသုန် ထွက်ကြည့်တတ်တာတွေ။ လက်ကုန်ရက်များ တွင် အမြဲတမ်းရန်ဖြစ်လေ့ရှိသော ကိုသန်းစိန်နှင့် မခင်တင့်တို့၏ ရန်ပွဲမှ ဆူညံသတ်ပုတ်သံနှင့် စူးဝါးသော ကလေးငိုသံများ၊ ဒါတွေအားလုံးကို ရီထွေး ကြိုးစားရင်ဆိုင်ရလိမ့်မည်။ ချုပ်တည်း သည်းခံရလိမ့်မည်။

ပေါက်ကွဲချင်သော၊ ဆောက်တည်ရာမဲ့သော၊ ကျဉ်းကျပ်သော ရီ ထွေးစိတ်တွေကို နောက်ဖေးရေကပြင်မှ ရေစဉ်အိုးနားက အဖေ့ဆိုင်ယူဖို့ ချထားတတ်သည့် ကျောက်ကျောတုံးလေး တဖြည်းဖြည်းသေးငယ်လာတာ ရေအိုးဖုံးပေါ်က သံပရာသီးအရေအတွက် နည်းလာတာ။ ရေခဲခြစ်စိုက်သည့် တုတ်စည်းလေး သေးလာတာ။ အအေးပုလင်းတွေ နည်းလာတာ သကြား ရည်ကို အရင်လိုအများကြီး မကျိုရတော့တာတွေက သတိပေးဆုံးမနေကြ သည်။ အဖေ့မျက်နှာက ပို၍ ညှိုးနွမ်းဖျော့တော့လာပြီး နှုတ်ဆိတ်လို့သာ နေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



...သည်ကြားထဲမှာ မသိတတ်လှသော အစ်ကိုသိန်းထွန်းကတမျှောင့်။ ညနေတိုင်း ကြက်ကလေးနိုင်လာလို့ အရည်ကလေးဝင်လာပြီပလားဆို မှဖြင့် ဂြိုဟ်ဆိုးချင် ရန်ရှာချင်လာသည်။ ဟိုဘက်ခန်းက ကလေးတွေ အော်ဟာစ်ကြသည်ကအစ ကိုသန်းစိန် 'ထွီ'ခနဲနေအောင် တံတွေးထွေး တာအဆုံး မျက်ထောင့်နီကြီးနှင့် တကြည့်ထဲကြည့်ကာ ရန်ရှာချင်တတ်၏။ အဖေနှင့် ရီထွေးမှာတော့ ကိုသန်းစိန်နှင့် တွေ့ကြမှဖြင့်ဆိုပြီး ရင်တထိတ် ထိတ်။ လဆန်းရက်တွေများဆို ပိုဆိုးသေးသည်။ ကိုသန်းစိန်ကလဲ အဲ လိုရက်မျိုးတွင် နှုတ်စအာစ ရှင်တတ်သည်။ အဲသည်ရက်တွေဆို ရီထွေးနှင့် အဖေ ရင်မနေရသည်။ ဟိုဘက်ကို ဂျိကျလို့မရလျှင် အဖေ့ကိုဂျိကျ။ ရီထွေး ကိုဂျိကျနှင့် နောက်ဆုံး အဖေနှင့်ရီထွေး တတ်သမျှမှတ်သမျှ ချက်ထားသော ထမင်း၊ ဟင်းကို အားပါးတရစားကာ အိမ်ရှေ့ခန်းမှာ သူ့တိုက်ကြက်ဖကြီး နှင့်အတူ တခေါခေါနှင့် အိပ်တော့သည်။

ရီထွေးကတော့ အဖေ့ကိုပဲသနားလို့နေမိသည်။ ဒါပေမယ့် အဖေက လဲ မဟုတ်ဘူး။ ကြက်ဝါသနာကြီးပြီး သူ့သားပြောရင် အဟုတ်မှတ်ပြီး ရှိစုရှိမဲ့ ကုန်တာတောင် မမှတ်ဘဲ၊ အရင်းထဲက အစိတ်စ ငါးဆယ်စ၊ ထုတ် ပေးနေတာပဲ။ အေးလေ ဘာတွေကို ရီထွေးဘယ်လောက်ပဲသိသိ ရီထွေး က ပြောခွင့်မရှိသူ။ မစွမ်းဆောင်နိုင်သူ။ ထိုင်ကြည့်နေရသူပေပဲ။

* * *

"အို... ဒါက ကျွန်မအပြစ်မဟုတ်ပါဘူး အဖေရယ်၊ နတ်ကတာ တာ အပြစ်လား၊ ကျွန်မ အလေလိုက်ပြီး အပျော်ကနေတာမဟုတ်ဘူး၊ ကျွန်မ တစ်ဘက်တလမ်းက ငွေရှာတာ၊ အဖေပဲစဉ်းစားကြည့်၊ အဖေ့ရွေး ဆေးယောက် ကျောင်းစရိတ်၊ စားစရိတ်၊ နည်းတာမှတ်လို့၊ ဟင်း...ဒင်း ချပ်စာကဖြင့် မပြောလိုက်ချင်ဘူး၊ ဆင့်ပါးစပ် နှမ်းပက်၊ ဒါကို ဒင်းက



www.burmeseclassic.com

www.burmeseclassic.com



လူပါးဝစကား ပြောတယ်၊ ကွဲမယ်တဲ့...ကွဲပေါ့၊ မိမြိုင်တို့က မဖြိုရေးချ မဖြို"

အာဘောင်အာရင်းသန်သန်၊ ဒေါနှင့်မောနှင့် ပြောနေသောအစ်မကြီးကို ရီထွေး စိတ်ပျက်စွာကြည့်မိသည်။ ကွဲမယ်တဲ့။ မိုက်မဲတာလား၊ သတ္တိရှိတာလား၊ ရီထွေးမသိ။ ရီထွေးသိတာကတော့ စိတ်ရှုတ်တာပင်။ ရီထွေးတူတူမတွေက ရောက်လာလာချင်း မီးဖိုထဲ အပြေးအလွှားဝင်ကာ ရှိတာအကုန်စားကြ။ လှဲအိပ်ကြနှင့် ရီထွေးတို့ အခန်းရှည်လေးမှာ လှုပ်ရှားဆူညံနေသည်။ လေဘေးအကျီပွယောင်းယောင်းအောက်မှ ရှုပုံ့နေသော ကိုယ်ဝန်ကို ဂရုမထားလေဟန်ပင်။ အစ်မမြိုင်က စွာလောင်စွာလောင် ပြောဆဲ။ အဖေကလဲ နှုတ်ဆိတ်စွာ နားထောင်မြဲ။

သူ့သမီးအကြောင်း အဖေသိသည်ပဲ။ အစ်မမြိုင်က ငယ်ငယ်ကတည်းက စိတ်ကြမ်း ကိုယ်ကြမ်းနှင့် အင်မတန်စွာသည်။ ငယ်ငယ်ကဆိုမတိမ်းမယိမ်းဖြစ်သည့် မောင်လုပ်သူ အစ်ကိုသိန်းထွန်းနှင့် အစ်မမြိုင်တို့ရန်ပွဲကို ဖျန်ဖြေလို့မနိုင်နိုင်အောင်ပင်။ အိမ်ထောင်ကျတော့လည်း ဖြုန်းဆိုအစ်ကိုစိန်ဝင်းနောက်ကို လိုက်ပြေးသည်။ အစ်ကိုစိန်ဝင်းက ဆပ်ပြာစက်ရုံက အလုပ်သမား။ သူလုပ်ချင်ရာကို သူလုပ်ခဲ့ပြီး အခုတော့လဲ အလွယ်တကူဆုံးဖြတ်ခဲ့ပြန်ပြီ။ အစ်မနွဲ့ကမှ စာမှန်မှန်ကျက်ကာ ကိုးတန်းအောင်ပြီးရုံးမှာ စာရေးမဝင်လုပ်ကာ သူ့ဘဝသစ်ကို စိတ်ချမ်းသာစွာ တည်ဆောက်နိုင်ခဲ့သေးသည်။

"အေးပေါ့ကွာ၊ အဖေကတော့ ဒီလိုဘယ်ဖြစ်စေချင်ပါ့လဲ၊ ဖြစ်တဲ့အကြောင်းပေါ့၊ အေး...အဖေတတ်နိုင်သလောက်တော့ စားရမှာပေါ့၊ အမေတို့လည်း ညည်းမြင်တဲ့အတိုင်းပဲ"

အဖေ့ဖြေသိမ့်သံက ပျော့ပျောင်းတိုးတိတ်ပေမယ့် အစ်မမြိုင်တို့ပြန်သံကတော့ မာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အံမာလေး၊ မိမြိုင်က ကပ်စားမလို့ ပြန်လာတာမဟုတ်ပါဘူး၊ ကိုယ့်လုပ်စာနဲ့ကိုယ် နေမှာပါ၊ အမြဲတမ်းလည်း မနေပါဘူး စိတ်ချ၊ ခဏလေးပဲ နေမှာ၊ ဟဲ့...ရီထွေး ညည်းမျက်နှာကလည်း ငိုတော့မယ့်အတိုင်းဘာလဲ၊ ငါတို့နေမှာကိုညည်း"

"အဲလိုမပြောပါနဲ့ အစ်မမြိုင်၊ ရီထွေးဘာသာ ရီထွေး"

ဝမ်းနည်းဒေါသစကားကို မဆက်နိုင်။ ရီထွေး အံကိုကြိတ်၍ တင်းရပြန်သည်။ စိတ်မာတတ်လျှော့ပါးမှုက အဆုံးစွန်တိုင်တော့မည်။

* * *

"ကိုကြီးကျော်...ကိုကြီးကျော်ဟေ့ ကိုကြီးကျော်"

တစ်အိမ်လုံး ဝုန်းဒိုင်းကြဲနေလိုက်ကြသည်မှာ အရပ်ပျက်မတတ်။ အမေ့အတုကို ကောင်းကောင်းရထားသော ရီထွေးတူ၊ တူမက နတ်ကတမ်းကစားကြသည်မှာ တခြိမ့်ခြိမ့်။ တဝုန်းဝုန်း။

"ရီထွေး၊ ရီထွေး ပြောပါဦး ရီထွေးရယ်၊ ဒီမှာကလေးဖျားနေလို့"

စိတ်ပျက်ဟန်နှင့် လာပြောသော မခင်တင့်ကို ရီထွေး အားနာလှသည်။ ညကလဲ သူတို့တွေနှင့် လုံးလားထွေးလား အိပ်ခဲ့ရပြီး ရီထွေးအိပ်ပျက်ကာ စိတ်ကတိုနေသည်။

"ဟေ့ အားလုံးငြိမ်စမ်း၊ ဘာမှတ်လဲ၊ စားပြီးရင် ငြိမ်ငြိမ်နေပါလား၊ ဘာလို့ဒါလောက် ဆူနေရတာလဲ"

အကြီးမတွေက ငြိမ်သွားပေမယ့် အငယ်ဆုံးကောင်က ပေကပ်ကပ်။ ရုတ်တရက် အစ်ကိုသိန်းထွန်း အိမ်ထဲဝင်လာတော့ အငယ်ကောင် ငြိမ်ကုတ်သွားသည်။ အစ်ကိုသိန်းထွန်းက အလိုမကျသလို မျက်နှာထားမျိုးနှင့် ရီထွေးနှင့် ကလေးတွေကို သိမ်းကျုံးကြည့်ပြီး သူ့ကြက်ကိုအစာကျွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တူမကြီးက မသိမသာ အိမ်ရှေ့ဘက်ဆီလှမ်းမျှော်ကြည့်ရင်းက...

"အဘပြန်လာပြီ၊ အဘပြန်လာပြီ" ဟုအော်ကာ ဆင်းပြေးသည်။

ဟုတ်သားပဲ။ အဖေဘာလို့ အစောကြီးပြန်လာတာပါလိမ့်။ နေမကောင်းရှာလို့လား။ အိမ်ပေါ်တက်လာသော အဖေ့မျက်နှာကိုကြည့်ပြီး ရီထွေးရင်ထဲမှာ ပူပန်သွားမိသည်။ အဖေ့မျက်နှာက ရှာတော့မည့် မိုးလိုညှို့မှိုင်း အုံ့ဆိုင်းလျက်။

"အဖေ၊ ဘာဖြစ်လို့လဲ အဖေ..နေမကောင်းဘူးလား"

အဖေကမဖြေ။ ခေါင်းကိုသာခါရင်း အဖေ့မျက်နှာက မှုံ့လာသည်။

"မဟုတ်ဘူး၊ နေမကောင်းတာမဟုတ်ဘူး၊ အဖေ..အဖေ"

တုန်ယင်စွာ ပြောရင်းက အဖေ ရှိုက်ကြီးတငင် ငိုချလိုက်သည်။

"အို...အဖေ"

"အဖေ၊ အဖေ့ကို ဘယ်သူကမှ ဈေးမဝယ်ချင်တော့ဘူး၊ အဖေဈေးမရောင်းရတော့ဘူး"

"အို... ဘာဖြစ်လို့လဲ အဖေ"

"ကျောင်းသူမလေးတွေက၊ ကျောင်းသူမလေးတွေက အဖေလုပ်ပေးတဲ့ရေခဲခြစ်ကို ဝယ်ပြီးတော့မှ၊ ဝယ်ပြီးတော့မှ အဖေ့၊ အဖေ့ လက်ကိုကြည့်ပြီး လွှင့်ပစ်ကြတယ်၊ ဒီလိုရောဂါရှိနေရင် မရောင်းသင့်ပါဘူးတဲ့၊ အဖေ့ကို ရောဂါသည်၊ ရောဂါသည်တဲ့၊ အဖေက အနူ"

"အို...အဖေရယ်"

ရေခဲဒဏ်ကြောင့် ကွေးဝင်နေရှာသည့် အဖေ့လက်ကွေးကွေးလေးတွေကို ကြင်နာစွာ ကြည့်မိသည်။ ရင်နာစွာ ရှိုက်ငင်ရင်း အဖေ့ကို သနားလှစွာ ကြည့်မိသည်။ ဖြစ်ရလေခြင်း အဖေ။ အဖေစိတ်သက်သာအောင် စိတ်ချမ်းသာအောင် ရီထွေး တစ်ခုခုပြောချင်လိုက်တာ။ ရီထွေးကို အားကိုးစေချင်လိုက်တာ။ ဒါပေမယ့်...ဒါပေမယ့်၊ ရီထွေးဘာမှ မပြောနိုင်ခဲ့

www.burmeseclassic.com



ဘူး၊ ဘာမှ ပြောလို့မရဘူး။ အို…လျော့ပါးနေသော ရီထွေးစိတ်တွေ အဆုံးစွန်ထိ ပြိုကျခဲ့ပြီ။

* * *

ဘဝကျဉ်းလေးထဲမှာ ကြိုးစားဆောက်တည်ထားရသော စိတ်တို့က တစ်စစီ၊ တစ်စစီ လွင့်ပါးပျောက်ကုန်ကြသည်။ ရီထွေးရင်ထဲ တစ်နေရာက အားမာန်သတ္တိ၊ အညွန့်အညှောင့်လေးက အစိတ်စိတ်အမြွာမြွာ ကြေမွပျက်စီးသွားခဲ့ပြီ။ ဝမ်းနည်းစွာ၊ အားငယ်စွာ၊ နိမ့်ကျစွာ၊ ဆောက်တည်ရာမဲ့စွာ အဆုံးစွန်ထိပေါက်ကွဲစွာ အားရပါးရ ငိုရှိုက်ပစ်လိုက်သည်။

ဒီလောကမှာ ရီထွေးက ဘာလုပ်စရာများရှိတော့လို့လဲ။ ကမ္ဘာကျဉ်းလေးထဲကနေ ကိုယ်မတတ်နိုင်တာတွေကို နာကျင်ခါးသီးစွာ ငေးမောရင်းနဲ့ ရှည်လျားသောအချိန်ကာလများကို မကုန်လွန်ပါရစေနဲ့တော့။ မဖြတ်သန်းပါရစေနဲ့တော့။

မိသားစုရဲ့တာဝန်ကို ကြီးလေးစေတဲ့ အဖေ့ကို တစ်စုံတစ်ခု ကူညီချင်တဲ့ရီထွေး လုပ်နိုင်တာ တစ်ခုပဲရှိတော့တယ်။ ထာဝရ လွတ်မြောက်သွားခြင်းပေါ့။

အားလုံးကိုလွတ်မြောက်ဖို့ အဝေးဆုံးတစ်နေရာအထိ လွတ်လပ်စွာ ပျံသန်းနိုင်ဖို့ တဖျပ်ဖျပ်တောင်ပံခပ်သံကို ရီထွေးကြားရသည်။ သေခြင်းတရား၏ တောင်ပံရိုက်ခတ်သံ လွတ်မြောက်ရာကို ပို့ဆောင်ပေးမည့်အသံ။

မိုးဦးကျစ မှုန်ရီဝေနေသော ကောင်းကင်နှင့် မိုးစက်ဖွဲဖွဲတို့ကို မော့ကြည့်လိုက်သည်။ အခန်းထဲမှာ လဲလျောင်းနေသော အဖေ မကြားအောင် ခြေသံနောက်ဖေးပေါက်မှ လျှောဆင်းခဲ့၏။ ဟိုဘက် ကပ်လျက်အိမ်မှာ ထွက်သွားလာနေသော အစ်မမြိုင်၏ အသံတုန်တုန်ကို တစ်ချက်ချက် ကြားနေ



www.burmeseclassic.com

www.burmeseclassic.com



ရသေးသည်။ အိမ်ရှေ့လမ်းကို ကြာမြင့်စွာ ဖြတ်သန်းခဲ့ပြီး ရထားလမ်းဘေးသို့ ရီထွေး ရောက်ခဲ့သည်။ မှုန်မှိုင်းစိုထိုင်းသော ရာသီဥတုကို ကျေးဇူးတင်ရသေးတော့သည်။ ရီထွေးကို သတိပြုမိဖို့အတွက် လမ်းသွားလမ်းလာတွေ သိပ်မရှိလှ။

မကြာခင် သူလာတော့မည်။ လွတ်မြောက်ရာကို ပို့ဆောင်ပေးမည့် ရထားကြီးလေ။ ရီထွေးရင်ထဲမှာ ထူးဆန်းစွာပင် ကြောက်စိတ်တို့ ကင်းမဲ့နေသည်။ အိမ်ရှေ့ဘက်သို့ ရတ်တရက် အဖေထွက်လာမှာ အစ်ကိုသိန်းထွန်း ရတ်တရက်ပေါ်လာမှာကိုလည်း စိုးရွံ့ရသေးသည်။

ရထားလာမည့် လမ်းဆီကို လှမ်းမျှော်ကြည့်လိုက်သည်။ မကြာခင်မှာ အပြာရောင် ပျပျလေးကို မြင်ရတော့မည်။ ရီထွေး မျက်စိကို စုံမှိတ်ထားလိုက်သည်။ အို...အားလုံးဟာ မကြာခင်ပြီးသွားတော့မှာပါ။

ဖြုန်းခနဲ လေတိုက်သံနှင့်အတူ မျက်စိအဖွင့်လိုက်မှာ အပြာရောင် မြို့ပတ်ရထား ခေါင်းတွဲကို နီးကပ်စွာ မြင်လိုက်ရသည်။ ရှည်လျားသော ဥဩဆွဲသံနှင့်အတူ ရီထွေးကိုယ်လုံး သုံးလေးပတ်လောက် လိမ့်သွားသည်။ အင်အားကြီးမားလှသော လက်တွေနှင့် ဆံပင်တွေကို ဆွဲနုတ်ပစ်သလို ခေါင်းမှာ နာကျင်စွာ ခံစားလိုက်ရသည်။ မျက်နှာပေါ်မှာရော ထိခိုက်စူးရှစွာ အို...တစ်ကိုယ်လုံး ရီထွေး သေသွားပြီလား။ အားလုံးကို မေ့ခနဲ။

ရထားကြီးက ပြင်းထန်စွာ ဘရိတ်ဆွဲရင်း ထိုးရပ်သွား၏။ ရထားတွဲသုံးတွဲမြောက်အောက်က ရီထွေးကို အတင်းဆွဲထုတ်ကြသည်။ မညီမညာ ပြတ်သွားသော ဆံပင်များကြားမှာ ပွန်းပဲ့ထိရှသော ဒဏ်ရာတွေနှင့် မျက်နှာကို ရီထွေးကို ပွေ့ပိုက်ထားသူက အတင်းလှုပ်ရမ်းသည်။

ပူလောင်စပ်ဖျင်းသော ဝေဒနာခံစားသည်ကို မသိသလိုသိသလို ဝေဝါးစွာ။ အို...ရီထွေးဘေးမှာ လူအုပ်ကြီး မှုန်ဝါးယိမ်းယိုင်စွာနဲ့ ပွေ့ပိုက်ထားသူက စိုးရိမ်စွာ။

www.burmeseclassic.com

www.burmeseclassic.com



“သတိရလား ဒီမှာ သတိရရဲ့လား၊ လိပ်စာပြောစမ်းပါ ခင်ဗျား လိပ်စာလေ”

အို...ဘာလိပ်စာလဲ။ မသိဘူး။ ရီထွေးကို မမေးပါနဲ့၊ ပွေ့ပိုက်ထား သူကို ဝမ်းနည်းလှစွာပဲ အားယူမေးလိုက်သည်။

“ရီထွေး ဘာလို့မသေရတာလဲဟင် ဘာဖြစ်လို့”

ရီထွေး၏ တိုးသဲ့သောအသံကို မကြားဘူးလားမသိ။ ရီထွေးကိုယ်လုံး မြောက်ကနဲ ပါသွားပြီး ရီထွေးကြောက်လှသော အမှောင်ကို ရင်ဆိုင်ရပြန် သည်။

* * *

“မိုက်လိုတဲ့ တူမရယ်၊ ကျော်မကောင်း၊ ကြားမကောင်း၊ ဖအေလုပ် တဲ့သူမှာ အိုကြီးအိုမနဲ့ ဘယ်လိုက်လို့ လိုက်ရမှန်း မသိ။ တစ်ခါ အမှုစစ် တွေကို ဖြေရှင်းရ၊ ပြေးရ၊ လွှားရနဲ့။ ညည်းဒါတွေသိရဲ့လား။ ဒါ ပေါ့သေး သေး မှတ်လား။ အမှု...အမှု။ သေကြောင်းကြံတဲ့အမှု၊ သိရဲ့လား။ အို ကိုလှမောင်၊ ရှင့်သမီးကတော့ လုပ်ချင်ရာလုပ်တာကတော့ အမေတူသမီး ပီသပါလေရဲ့”

တောက အလည်လာသည့် အဒေါ်ဝမ်းကွဲက အဖေနှင့်အတူ ဆေး ရုံလိုက်လာပြီး မြည်တွန်တောက်တီးလို့ မဆုံးတော့။ ရီထွေးကို တတွတ်တွတ် ပြောလိုက်၊ ဆိုလိုက်။ အဖေ့ကို လှည့်တိုင်တည်လိုက်နှင့်။ ပတ်တီးတွေ အဖွေးသားနှင့် ရီထွေးကို နှုတ်ဆိတ်စွာငေးမောကြည့်နေသော ညိုးမှိန်နွမ်း လျနေသည့် အဖေ့မျက်နှာကို ခဏမျှကြည့်ပြီး မျက်လုံးတွေကိုသာ မှိတ်ထား လိုက်တော့သည်။ ရီထွေးရင်ထဲမှာ ပြင်းပြင်းပြပြ နာကျင်ရတဲ့ အဖေ့မျက်နှာ ကို မကြည့်ရက်လို့ ခွဲခွာတာပဲ အဖေ။ ဒါပေမယ့်...ရီထွေးဆန္ဒ မပြည့်ခဲ့ဘူး။ အဖေ့မျက်နှာကို နာကျင်စွာကြည့်ဖို့ အသက်ရှင်နေရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ဖြစ်သူကိုလည်း ရီထွေး စကားတစ်လုံးမှ ပြန်မဟာမိ။ ရိုက်ထားသလို နာကျင်နေသော တစ်ကိုယ်လုံးကို မလှုပ်မရှား ငြိမ်သက်နေလိုက်သည်။ ပြန်ခါနီးမှ အဖေက ဘယ်တော့ဆင်းရမှာလဲ၊ နက်ဖြန် လာခေါ်ရမလားဟု မေးသည်။ ဩော် ဆေးရုံကို စိတ်နာသည့်၊ ရွံ့ကြောက်သည့် အဖေ။ ရီထွေး မသိဘူးလို့ဖြေပြီး မျက်လုံးကိုမှိတ်မြဲ မှိတ်နေမိသည်။ အဖေတို့ ပြန်သွားတော့မှ "မမိုက်ပါနဲ့ တူမရယ်နော်၊ စကားကို နားထောင်စမ်းပါ၊ ကိုယ့်အဖေကို သနားစမ်းပါ"ဟု တဖွဖွပြောရင်း ထွက်ခွာသွားသော အဒေါ်စကားသံတွေ တဖြည်းဖြည်း ဝေးသွားတော့မှ အံကြိတ်ကာ တင်းဆည်ထားသမျှတွေ အားလုံးပြေလျော့ကုန်တော့သည်။ မျက်ရည်ပူတို့က ပါးနှင့်မေးက ဒဏ်ရာတွေပေါ် စပ်ဖျဉ်းဖျဉ်း ဖြတ်သန်းစီးဆင်းသွားကြသည်။ အဒေါ်က ရီထွေးဟာ မိုက်မဲသူ၊ အဖေကိုနှိပ်စက်သူ၊ မသနားသူတဲ့။ ရီထွေးရင်ထဲက အရာတွေအားလုံး မဟုတ်တောင်မှ တစ်စလေးဖြစ်ဖြစ် နားလည်စေချင်လိုက်တာ။ အို... လုပ်ရဲတဲ့ သတ္တိကိုတောင်မှ ဖွတ်တရွတ်၊ တအောက်ကန်း နိုင်လှသတဲ့။ ရီထွေး သွေးထဲမှာပါလာတဲ့ မြတ်နိုးဖွယ် အမေ့သတ္တိကိုတောင်မှ လုပ်ချင်ရာလုပ်တဲ့ မအေတူသမီးစိတ်ရယ်လို့ ရှုတ်ချချင်ပြန်သေးတယ်။ ဆေးရုံကဆင်းလို့ ရီထွေးရဲ့ဘဝကျဉ်းလေးထဲကို ပြန်ရောက်ရင်လည်း မောင်နှမတွေက ပိုလို့သာ နှိမ်ကြဦးတော့မယ်။

"အို...ကြည့်စမ်း၊ ဘာဖြစ်လို့ ငိုနေရတာလဲကွယ်"

ချိုမြသော ဂရုဏာသံနှင့်အတူ သူနာပြုဆရာမလေးက ရီထွေးလက်တွေကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။ ချိုမြသော လှပသော၊ စေတနာကောင်းသော၊ လှပသန့်မာသည့် ခြေထောက်လေးတွေကို ပိုင်ဆိုင်သော ဆရာမလေးကို အားကျစွာ ကြည့်ရင်းက မျက်ရည်တို့က စိမ့်ကျလာပြန်သည်။

"ဟေး..မငိုနဲ့ဆို၊ အို...ငိုနေပြန်ပြီ၊ မင်း ဒီလောက်ကံကောင်းတာကို ဝမ်းသာနေရမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာနေရမှာ၊ ဘာကိုလဲ ဟင်"

"အို...ရထားတစ်စင်းလုံးရဲ့အောက်ကို ရောက်ခဲ့သူက ဒီလိုအသက်ရှင်နေနိုင်တာ၊ ဒဏ်ရာတောင် ကြီးကြီးကျယ်ကျယ် မရခဲ့တာကိုပေါ့"

"အဲဒါ...ကံဆိုးတာပေါ့ ဆရာမရဲ့၊ ရီထွေးက သေချင်တာ၊ ဆရာမ မသိပါဘူး၊ ရီထွေးက တစ်လောကလုံးရဲ့ အနှိမ်ခံ၊ လှူရာမဝင်တဲ့သူ၊ ဒုက္ခိတ၊ ဒါပေမယ့် ရီထွေးက ဆရာမတို့လိုလေ ပြေးလိုက်၊ လွှားလိုက်၊ ရယ်လိုက်၊ မောလိုက်နဲ့ အလုပ်တွေလုပ်ချင်တာ၊ အဖေ့ကို လုပ်ကျွေးချင်တာ၊ ဒါပေမယ့်..."

"ဒါပေမယ့်...ဘာဖြစ်သလဲ၊ ပြောစမ်း...ပြောစမ်း"

"အို...ဆရာမရယ်၊ အဲလိုတွေ ရီထွေးမလုပ်နိုင်ဘူးလေ၊ ရီထွေးခြေထောက်က တစ်သက်လုံး ဒီလိုပဲနေရမှာ၊ ကုလို့မရဘူး"

"ရီထွေးကို ဘယ်သူပြောလဲ၊ ဘာဖြစ်လို့ မရရမှာလဲ"

ဆရာမက ဘာကို ဆိုလိုသည်လဲ။ ဆရာမက ရီထွေးမေးစေ့ကို ဆွဲလှုပ်ပြီး...

"ကဲ...စွဲစွဲမြဲမြဲမှတ်ထား၊ ရီထွေးဟာ ပြေးဖို့၊ လွှားဖို့၊ အလုပ်တွေလုပ်ဖို့အတွက် ဟောဒီခြေထောက်တွေ ကောင်းဖို့အတွက် ရထားကြီးက ကြိတ်မသွားတာ၊ အသက်ရှင်နေရတာ သိလား"

ဆရာမကို နားမလည်စွာ မယုံကြည်နိုင်စရာကြည့်ရင်း နှလုံးသွေးတို့ ပူနွေးမြန်ဆန်လာသည်။

"ဆရာမ၊ တကယ်ပြောနေတာ"

"အို...တကယ်ပေါ့ ရီထွေးရဲ့ ဒါကိုများ အဆန်းလုပ်လို့။ ရီထွေးဒဏ်ရာတွေပျောက်ရင် ဆက်ကုပေါ့၊ ဟော...ကြည့်၊ မျက်ရည်က ကျရပြန်ပြီ၊ ဘာလဲ ဒါကဝမ်းသာတဲ့ မျက်ရည်ပေါ့၊ ဟုတ်လား"

* * *



www.burmeseclassic.com

www.burmeseclassic.com



မဖူးရတာကြာပြီဖြစ်သော ရွှေတိဂုံစေတီတော်မြတ်၏ အရိပ်အာဝါသကလည်း ရီထွေးရင်ကို ငြိမ်းချမ်းအောင် မတတ်နိုင်ခဲ့။ ခြေထောက်တွေကို လုံခြုံစွာဝှက်ထားရင်း ဘေးက အဒေါ်လုပ်သူ အားပါးတရဘုရားရှိခိုးနေသည်ကို အဓိပ္ပာယ်မဲ့ ငေးမောနေမိသည်။ ဘုရားရင်ပြင်တော်ကို ကျွံဝိုက်လာနေသော တံမြက်လှည်းအသင်းထဲမှ နီရဲသော လုံချည်စလေးလေးမှာ ဖျပ်ဖျပ်လွင့်တာမြင်တော့ ဖြတ်ခနဲ ဆရာမလေးကို သတိရမိပြန်သည်။ နှုတ်တောင်မဆက်ခဲ့ပါဘူး ဆရာမလေးရယ်။ ဆေးရုံတက်ပြီး သုံးရက် မြောက်မှာပင် ဆေးလာထည့်ပါမယ်ဆိုပြီး ဖွတ်အတင်း လက်မှတ်ထိုးပြီး ဆင်းစေခဲ့သည်။

ဆရာမလေး၏ မျှော်လင့်ချက်ရောင်ခြည်မျှင်လေးကို တင်းကျပ်စွာဆုပ်ကိုင်ထားတဲ့ ရီထွေးကို အဖေက လက်ညှိုးငေါက်ငေါက်ထိုးလို့...

"နင်...ဘာနားလည်လို့လဲ၊ ငယ်တုန်း၊ နုတုန်းကတောင် မရတဲ့ဥစ္စာ ခုမှကုရင် နင်သေဖို့ပဲရှိတယ်"တဲ့။

အစ်မမြိုင်ကလဲ "ဆေးရုံတက်၊ ဆေးရုံတက်နဲ့ လွယ် အောက်မေ့လို့၊ ပိုက်ဆံဘယ်လောက်ကုန်တယ်မှတ်လဲ၊ ညည်းက တစ်ပြားဝင်ငွေရှိလို့လား" တဲ့။

ထုံးစံအတိုင်း အာဠာဝကကြီး အစ်ကိုသိန်းထွန်းကတော့ "ဒီလောက်မသိတတ်တဲ့ ကောင်မ" ဆိုပြီး လက်သီးကြီးတပြင်ပြင်နဲ့မို့ အဒေါ်က ရီထွေးကို ကားတစ်စီးနဲ့ ဘုရားကို တင်ခေါ်လာခဲ့သည်။ အဒေါ်ဘုရားရှိခိုးပြီးလျှင် မဆုံးနိုင်သော ဆုံးမစကားကို ကြာမြင့်စွာ ရွတ်ဖတ်သရဇ္ဈာယ်လိမ့်ဦးမယ်။ အဒေါ်က ဆုတောင်းအရှည်ကြီး ဆုံးသွားမှ တဘက်ကို လှည့်မှာ ရစ်ပတ်ရင်း...

"ဟဲ့...ရီထွေး ဘုရားလေးဘာလေး ရှိခိုးလေ၊ ရှိခိုးပြီးပြီလား..."

"ပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



ရီထွေးက ဘုရားရှိခိုးချင်တာမဟုတ်ဘူး အဒေါ်။ ခြေထောက်ကို ဆေးကုချင်နေတာ။ စိတ်လဲ ညစ်ပါရဲ့။ ဟောဒီလို တစ်နေရာတည်းမှာ ငုတ်ကြီးထိုင်ပြီး ဘုရားဖူးနေတာထက် ဘုရားဖူးတွေနောက်ကို အပြေးအလွှား လိုက်ပြီး ပန်းရောင်းနေတဲ့ ကောင်မလေးတွေလို ဒူးယားလိုက်ရောင်းနေတဲ့ ကောင်မလေးတွေလို နေရတာကမှ ပိုကောင်းတာ။

"လီမွှာစမ်းပါ ရီထွေးရယ်၊ ညည်းအဖေမှာ စီးပွားရေးကလဲကျ၊ အအေးဆိုင်က မရောင်းရတစ်ချက်၊ ရောင်းရတစ်ချက်၊ ဒီကြားထဲ ဟိုဟာ မက လင်နဲ့ကွာလာသေး၊ ငှက်ပျောတုံးနဲ့သွားရမယ့် ဟို လူပျိုသိုးကောင် ကလဲ နေရာတကာ သူ့စိတ်ချည်းပဲ၊ ဒီကြားထဲ ညည်းက တကျိုကျိုမလုပ် ပါနဲ့အေ၊ အင်း...အလတ်ကောင်နဲ့ အနွဲ့တို့ကတော့ ဘာမှမကြားရလို့ တော်သေး"

အဒေါ်ပြောချင်တာတွေပြော ရီထွေးကတော့ မကြားတစ်ချက် ကြား တစ်ချက်နှင့် အဒေါ်ကို မှီနွဲ့ရင်း ဓာတ်လှေကားဆီသို့ လျှောက်ခဲ့ကြသည်။

ဘုရားခြေရင်းမှာတော့ အဒေါ်က ကားကို မြောက်ဥက္ကလာထိ ငှား နေပြန်သည်။ ဘယ်သွား၊ ဘာလုပ်ဦးမှာပါလိမ့်၊ မယ်လမုဘုရားကိုများ လား။ အဒေါ်က ရီထွေးဘေးမှ ဝင်ထိုင်လိုက်ပြီး...

"မြောက်ဥက္ကလာဆေးရုံကို ခဏဝင်ရအောင်၊ ဟိုမှာ ရွာကအမျိုး တစ်ယောက် ဆေးရုံတက်နေတယ်၊ ညည်းတို့ကတော့ သိမှာမဟုတ်ဘူး၊ ညည်းအဖေတို့နဲ့ အမေတို့ကတော့ သိတယ်"

"ဘာဖြစ်လို့လဲ အဒေါ်"

"သူက အရိုးဇော်ဘီဆိုလား ဘာဆိုလား ဖြစ်တာ၊ နံရိုးတစ်ချောင်း ဖြတ်ရမှာတဲ့၊ အမယ်လေး ဆေးရုံဆိုလို့ ညည်းက စိတ်ဝင်စားမနေနဲ့ဦး၊ တို့က အရိုးနဲ့ဆိုင်တာတွေလုပ်တဲ့ သီးသန့်ဆေးကုဆောင်ဘက် သွားတွေ့ရ မှာ"



www.burmeseclassic.com

www.burmeseclassic.com



အရိုးရောဂါတဲ့။ ရီထွေးခြေထောက်က ဘာနှင့်ဆိုင်သည်လဲ။ အရိုးလား၊ အကြောလား။ အရိုးနှင့်တော့ ဆိုင်မည်မထင်။ ဘာနဲ့ပဲဆိုင်ဆိုင် ရီထွေး စိတ်လျှော့ရမှာပါလေ။

ကားလေးက ဆေးရုံဝင်းထဲထိ ချိုးကွေ့ဝင်လာသည်။ ကားရပ်လျှင် အဒေါက ဆင်းဟန်ပြင်သည်။

"အဒေါ ရီထွေးကို ဆေးရုံပြင်မှာပဲ ထားခဲ့ပါ၊ အထဲထိ မလိုက်ချင်တော့ဘူး၊ အဒေါ်လဲ တွဲရပြုရနဲ့"

ရီထွေး မျက်နှာရိပ် မျက်နှာကဲကို အဒေါ်သိဟန်တူသည်။ "အေး၊ အေး" ဟု ပြောပြီး ကားဆရာကို သွားမေးပြန်သည်။

"မြို့ထဲဘက် ပြန်မှာပဲ မဟုတ်လား မောင်ရင်လေး၊ ခဏလေးဆိုင်းစောင့်နိုင်မလား"

"အင်း...သိပ်ကြာရင်တော့ မရဘူး၊ နာရီဝက်လောက်ဆိုရင်တော့ ရမယ်"

"အေး၊ အေး ဟုတ်ပြီ၊ မကြာရပါဘူး၊ ကဲ...ရီထွေး ညည်းအောက်ဆင်းစရာမလိုတော့ဘူး၊ ဒီမှာတင်ပဲ ထိုင်နေခဲ့၊ ဟုတ်လား "

ရီထွေးဘက်ကို တစ်ဆက်တည်း လှည့်ပြောရင်းက ဆေးရုံထဲသို့ အဒေါ် ခပ်သွက်သွက်ဝင်သွားသည်။ ဘယ်လိုပဲစောင့်ရစောင့်ရ ရီထွေးကတော့ စောင့်နေရစ်ခဲ့မှာ၊ အဖေတို့နဲ့သိတယ်ဆိုတဲ့ အမျိုးဆိုတာရယ်၊ ဘေးပတ်ဝန်းကျင် ခုတင်ကလူတွေရယ်၊ သူတို့စပ်စုတာတွေရယ်ကို ရီထွေးကြုံပြီး ကြောက်ရွံ့သည်၊ သူတို့တွေ သနားစုတ်သပ်ကြတာတွေကြောင့်ပဲ ပိုလို့သာ စိတ်ဓာတ်သေးသိမ် အားငယ်ရဦးမည်။

"ဒီကားက ရန်ကုန်ဘက်ပြန်မှာလားဟင်"

မိန်းမသံကြောင့် ကားရှေ့သို့ ရီထွေးလှမ်းကြည့်လိုက်၏။ အမျိုးသမီးက ကားဆရာကိုမေးပြီး ကားပေါ်တက်လာကာ ရီထွေးနှင့် မျက်နှာချင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုင် ဝင်ထိုင်သည်။ ထိုင်ပြီးကတည်းက စူးရဲသော မျက်လုံးအစုံနှင့် ကြည့်တော့သည်။

"ညီမက ဆေးရုံလာပြတာလား"

ဩော် ဒုက္ခ စုတ်သပ်သူကို ကြောက်ပါတယ်ဆိုမှ ရီထွေး ခေါင်းခါပြသည်။ ဒါပေမယ့် မစပ်စုက မပြီးသေး။

"ညီမခြေထောက်တွေက တော်တော်ဆိုးတာပဲ၊ ဘာဖြစ်လို့ မကုတာလဲဟင်၊ ကုလိုက်ပါလား၊ ဒီဆေးရုံက အရိုးအကြောဆရာဝန်ကြီးက သိပ်ကောင်းတာ"

"ရှင်"

ရီထွေး ရင်တွေခုန်လာပြန်သည်။ အမျိုးသမီးကတော့ ရီထွေး စိတ်ဝင်စားလာသည်နှင့် အားရပါးရ ဆက်ပြောနေသည်။

"ဆရာဝန်ကြီးက နိုင်ငံခြားက ပါရဂူဘွဲ့ဆိုတာ ယူလာတာတဲ့၊ အို ...သိပ်တော်တာပဲ၊ ညီမ မယုံယင် ကုကြည့်၊ အစ်မညီမလေး လက်လေးညီမလိုပဲသိမ်ပြီး လက်ဖဝါးကအပေါ်ဘက်ရောက်နေတာ သူ လုပ်ပေးတာ တစ်ခါတည်း တည့်ပြီး ခု အကောင်းပဲ"

"အစ်မ တကယ်ပြောနေတာလားဟင်"

ရီထွေး အသံတွေက တုန်ယင်နေသည် ဘဝဆိုးမှ ကယ်တင်မည့်သူသည် ရီထွေးနှင့်မဝေးသော နေရာမှာတဲ့။

"ဟော...ဟိုမှာ လာနေပြီ၊ အဲဒါ ဆရာဝန်ကြီးကားပဲ"

အမျိုးသမီးက လက်ညှိုးထိုးပြနေသည်။ ဆေးရုံဝင်းထဲသို့အပြာရောင်ကားလှလှလေး ဝင်လာနေသည်။ ဆရာဝန်ကြီးကားက ရီထွေးတို့ကားနားမှ ငြိမ်ခနဲထိုးရပ်သည်။ အို...ဘုရား၊ ဘုရား။ ရီထွေး အလွန်တွေ့ချင်သော ကယ်တင်ရှင်သည် လက်တစ်ကမ်းအကွာမှာ။ ခြေဖျား၊ လက်ဖျားတွေအေးစက်လာ၏။ ဆရာဝန်ကြီးက ညင်သာအေးချမ်းစွာ တံခါးကိုဖွင့်ဆင်းသည်။ ခြောက်သွေ့သော နှုတ်ခမ်းတွေကို ရီထွေး လျှာဖြင့်လိပ်သိမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး"

တုန်တုန်ယင်ယင် အော်လိုက်သော မိမိအသံကိုပင် တိုးသည်ဟု ထင်နေမိသည်။ ဆရာဝန်ကြီးက လှမ်းကြည့်နေပြီ၊ အံ့သြနေသော အမျိုးသမီးလက်ကို အားစက်သောလက်တွေနှင့် ရီထွေး ဆုပ်ကိုင်လှုပ်ယမ်းရင်း...

"အစ်မ၊ ကျွန်မကို ဆရာကြီးအနား တွဲပို့ပေးပါနော်၊ လုပ်ပါအစ်မ၊ မြန်မြန်၊ မြန်မြန်၊ အဒေါ် လာတော့မယ်"

ဘုမသိ၊ ဘမသိနှင့် အမျိုးသမီးက ရီထွေးကို တွဲချလာသည်။ မျက်မှောင်တွန့်တွန့်နှင့် ကြည့်နေသော ဆရာဝန်ကြီးအနား ရောက်သည်နှင့် ရီထွေး မြေကြီးပေါ် ထိုင်ချကာ ဆရာဝန်ကြီး ခြေထောက်အစုံကို ဆုပ်ကိုင်လိုက်သည်။

"ဆရာ၊ ဆရာကြီး၊ ကျွန်မကိုကယ်ပါနော်၊ ကျွန်မခြေထောက်ကို ကြည့်ပါဆရာကြီးရယ်၊ ကျွန်မ ဆေးသိပ်ကုချင်ပါတယ်၊ ဒီဘဝက သိပ်လွတ်မြောက်ချင်ပါတယ်၊ ဒါပေမယ့် ကျွန်မအဖေတို့က မကုရဘူးတဲ့၊ ကျွန်မကို ဆေးရုံမြန်မြန်တင်းပေးပါ ဆရာကြီးရယ် နော်၊ တော်ကြာ ကျွန်မအဒေါ် လာတော့မယ်"

ပြောချင်သမျှကို တတွတ်တွတ်ပြောနေရင်းက နူးညံ့ညင်သာသော လက်တစ်ဘက် ခေါင်းပေါ်ကျရောက်လာပြီး "အို၊ သမီးရယ်" ဟူသော ဆရာဝန်ကြီးအသံက ရီထွေးတစ်ကိုယ်လုံး သိမ့်သိမ့်တုန်စေသည်။

မျက်ရည်ကို ထိန်းမရတော့။ ဒါပေမယ့် သည်မျက်ရည်တွေက ဆရာမလေးပြောတဲ့ ဝမ်းသာတဲ့မျက်ရည်တွေပဲ ထင်ပါရဲ့။

* * *

"မလိုက်ဘူး၊ မလိုက်ဘူး၊ ဘယ်တော့မှ ပြန်မလိုက်ဘူး"

ဇွတ်အတင်း ပြန်ခေါ်နေသော အဖေနှင့် အစ်မမြိုင်ကို ရီထွေးရဲရင့်စွာ ရင်ဆိုင်လိုက်သည်။ ရီထွေး ဘာကိုမှ မကြောက်တော့။ ရင်ထဲမှာ ခွန်

www.burmeseclassic.com

www.burmeseclassic.com



အားသစ်တို့ အလိုလိုဖြစ်ထွန်းနေသည်။ သူနာပြုဆရာမလေးတွေက အခန်းထဲမှာ ဝင်လိုက်၊ ထွက်လိုက်လုပ်ရင်း ရှိထွေးတို့အခြေအနေကို ကြည့်နေကြသည် အစ်မမြိုင်မျက်နှာက ဆရာမတွေအခန်းထဲမို့သာ ဒါမှမဟုတ်ရင်တော့ ရှိထွေးကိုငယ်ငယ်တုန်းကလို ရိုက်ပစ်လိမ့်မည်ထင်သည်။ စူးစူးဝါးဝါး စိုက်ကြည့်ရင်းက စိတ်ထိန်းထားပုံနှင့် အတွင်သာခေါ်နေသည်။ သူ့ကြောင့်ဆိုပြီး အဖေတို့တွေက ဝိုင်းအုံပြောထားသော အခေါ်ကတော့ မျက်နှာငယ်လေးနှင့် ဘာမှမပြောရှာတော့၊ ဆရာကြီးကလဲ လာခဲလိုက်တာ၊ အို...အဖေတို့ ခွတ်ဆွဲခေါ်လို့ကတော့ ဆရာကြီးကို တအားအော်ခေါ်လိုက်မှာပဲ။ ဆရာမလေးတွေကိုလဲ ဆရာဝန်ကြီး မှာထားသားပဲလေ။

"ကဲ... ရှိထွေး အဖေ့ကိုသနားရင် ပြန်လိုက်ခဲ့ ဟုတ်လား"

ချော့မော့နေသော အဖေ့စကားကို အံကိုတင်းတင်းကြိတ်ပြီး ခေါင်းသွက်သွက်ခါပြလိုက်သည်။

"ကဲ...ကဲ၊ ပိုက်ဆံတွေအများကြီးကုန်ပြီး ညည်းခြေထောက်ကြီး လူကောင်းပကတိဖြစ်ပါပြီတဲ့၊ ညည်းက ဘာများလုပ်နိုင်မှာမို့လဲ"

အစ်မမြိုင်၏ အငေါ်တူးစကားကိုလည်း ရှိထွေး မဖြုံသလိုနေပြလိုက်သည်။

"ကဲပါ...အဘရယ်၊ သူ့ခမျာ ဒါလောက်စိတ်အားသန်နေရှာကို ကုပါစေ၊ ဆရာကြီးကလဲ ကောင်းအောင်ကုပေးမှာတဲ့"

မနေနိုင်သော ဆရာမလေးတစ်ယောက်က အဖေ့ကို ဝင်ပြောရှာသည်။ အဖေ့မျက်နှာက နည်းနည်းပျော့ပျောင်းသွားပြီး...

"ကုစေချင်ပေမယ့် ဆရာမလေးရယ်၊ အဘတို့မှာ ကိုယ်ခွဲမရှိဘူး၊ သူ့ဝေယျာဝစ္စတွေအတွက် ဆေးရုံမှာ ဘယ်သူမှ လိုက်မနေနိုင်ဘူးကွဲ့၊ ထမင်းပို့ဟင်းပို့ ကိစ္စတွေကလည်း ရှိသေး"

"ထမင်းဟင်း ကိစ္စက ရပါတယ်အဘရဲ့၊ ဆေးရုံထမင်းပဲစားရင် ရတာပေါ့၊ နောက်ပြီး ဒီမှာ လူငှားရင် ရတယ်လေ အဘရဲ့၊ တစ်လငါး



www.burmeseclassic.com

www.burmeseclassic.com



ဆယ်လောက်တော့ ပေးရမယ်၊ သူ့ဝေယျာဝစ္စအားလုံး လျှော်တာဖွတ်တာက အစပေါ့၊ အားလုံး လုပ်ပေးတယ်၊ အဘတို့အားမှပဲ လာကြည့်ပေါ့၊ မဟုတ်ဘူးလား"

ဆရာမလေးကိုကြည့်ပြီး ငိုင်နေသော အဖေ့ကို...

"ဟုတ်ပါတယ် အဖေရယ်၊ ရီထွေး ဆရာမလေးပြောသလို နေပါ့မယ်၊ လူချင်းမတူတဲ့ဘဝမှာ ရီထွေးကို အဖေကြည့်ရက်လား"

အဖေ့မျက်နှာက မှိုင်းညို့သွားသည်။

"မိဘပဲသမီးရယ်၊ ကောင်းမယ်ဆို အဖေလုပ်ပေးချင်တာပေါ့၊ ဒါပေမယ့် ကိုယ့်အခြေအနေကို အဖေသိရမယ်၊ ညည်းလဲသိရမယ် ရီထွေး"

ရီထွေး အဖေ့ကို ဘာမှမပြောတော့။

"အဒေါ်"

ကုပ်ကုပ်လေး ရပ်နေသောအဒေါ့်ကို ရီထွေး လှမ်းခေါ်သည်။ အမေဆုံးကတည်းက ရီထွေး ဘယ်တော့မှ မချွတ်ခဲ့သော ပုလဲနားကပ်နှင့် သုံးလုံးတန်း ပုလဲလက်စွပ်လေးကို ရီထွေး ချွတ်လိုက်ပြီး အဒေါ့်လက်ထဲ ထည့်လိုက်သည်။

"ဒါတွေရောင်းပြီး ရီထွေးကို လာပေးလှည့်ပါအဒေါ်၊ ဆေးရုံက မဆင်းရင် လူဂှားဖို့တော့ လောက်မှာပါ၊ အဖေတို့လဲ အားမှလာကြည့်လှည့်ပေါ့၊ ရီထွေးအတွက် စိတ်ချပါ၊ ရီထွေး နေတတ်ပါတယ်၊ ရီထွေးကိုတော့ အိမ်ပြန်မခေါ်ကြပါနဲ့တော့"

* * *

"ဘာမှအားမငယ်နဲ့နော် သမီး၊ သမီးခြေထောက်ကို အကောင်းဆုံးလုပ်ပေးမယ်၊ ဒါပေမယ့် ဆေးရုံတက်ရတာတော့ ကြာလိမ့်မယ်နော်...အင်းတစ်နှစ်လောက်တောင် ကြာချင်ကြာသွားနိုင်တယ်၊ သမီး နေနိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်၏ နူးညံ့ညင်သာသော စကားတွေက ရီထွေးကို အားရှိစေလှသည်။ ကျေနပ်စေလှသည်။ "ဘယ်လောက်ပဲကြာကြာ ရီထွေးနေမှာပါ" လို့ အားရပါးရပြောတော့ ဆရာဝန်ကြီးက ရယ်လိုက်တာ။ "လှချင်လှချည်လား"တဲ့။ ရီထွေးကတော့ ပြုံးလို့သာနေမိသည်။ ဆေးရုံခုတင်ကို မြတ်နိုးစရာတစ်ခုလို တစိမ့်စိမ့်ကြည့်မိသည်။ မျှော်လင့်ချက်ကင်းမဲ့နေသော ရီထွေး နေရာကျဉ်းလေးထက် မျှော်လင့်စရာတွေ အများကြီးကိုစဉ်းစားနိုင်သော ခုတင်ကျဉ်းလေးပေါ်မှာ အိပ်နေရသည်ကို နှစ်ခြိုက်လို့နေမိသည်။ အဒေါ်လာပေးသွားသော ခေါင်းအုံးအောက်က ငွေထုပ်ကလည်း သတ္တိတွေကိုမွေးဖွားပေးသည်။ ငွေတစ်ထောင် တိတိ နားကပ်နှင့် လက်စွပ်က ကိုးရာပဲရသတဲ့။ အဒေါ်က တောပြန်ခါနီး မုန့်ဖိုးဆိုပြီး ငွေတစ်ရာပေးသွားသည်။ ငါ့တူမလေးကို များများလည်းမပေးနိုင်ဘူးဆိုပြီး အဒေါ် မျက်ရည်ကျရှာသေးသည်။ အဒေါ့်ကိုမြင်တော့ အမေ့ကို ရီထွေးပြန်လွမ်းရပြန်သည်။ အမေသာရှိရင်ဆိုတဲ့ အတွေးက ရီထွေးကို ဝမ်းနည်းအားငယ်စေသည်။

အို...အားမငယ်ပါဘူး။ ရီထွေးကို အမေပြောဖူးသလို၊ ဘယ်လိုဘဝမျိုးမှာပဲဖြစ်ဖြစ် သတ္တိကောင်းကောင်းနဲ့ ရင်ဆိုင်ရမှာပေါ့။ နောက်ပြီး အရင် ရီထွေးမှ မဟုတ်တော့တာ။ မျှော်လင့်ချက်တွေ တစ်လှေကြီးနဲ့ ရီထွေးလေ။ "အင်း...ဆရာကြီးပြောသလို တစ်နှစ်လောက်တောင် ကြာမယ်ဆိုတော့ လူငှားခက တစ်လကို ငါးဆယ်။ တစ်နှစ်ဆို ခြောက်ရာပေါ့။ တခြားအသုံးလေးဘာလေးနဲ့ဆို တစ်ထောင် လောက်ကောင်းပါရဲ့"

"ဟိတ်...ကောင်မလေး"

တွေးချင်ရာတွေးနေရာက ရုတ်တရက် လန့်သွားသည်။ အဖေ့ကိုကူပြောပေးသော ဆရာမလေးသွဲ့က မိန်းကလေးတစ်ယောက်နှင့်အတူ ပြုံးပြီးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...မရွှေချောအတွက် အဖော်ကောင်းလေ၊ မမိတဲ့၊ ဒီနေ့ကစပြီး ရိထွေးအတွက် အားလုံး သူ တာဝန်ယူမယ်၊ ဟုတ်ပြီလား၊ ကဲ...စကားပြော ကြဦးနော်"

ရိုးသားပြုံးချိုသော မျက်နှာလေးနှင့် မမိကို ရိထွေး ခင်မင်သွားသည်။ မမိက ရိထွေးနှင့် ရွယ်တူလောက်ပဲရှိမည်။ သူက ရိထွေးလက်ကို လာဆုပ်သည်။

"မရိထွေး စိတ်ချမ်းသာအောင် မမိအကုန်လုပ်ပေးမယ်၊ လိုတာပြော နော်၊ မရိထွေးအကြောင်းကို ဆရာမလေးက မမိကို ပြောပြထားတယ်"

"ဟုတ်လား ကျေးဇူးတင်ပါတယ် မမိရယ်၊ မမိက ဘယ်အချိန်လာ မှာလဲ"

"နေ့လယ် ရေချိုးချိန်ပေါ့ မရိထွေးရဲ့၊ မရိထွေးကို ရေလိုက်ချိုး ပေး၊ အဝတ်လဲ၊ လိုတာ လုပ်ပေးပြီး ညနေဘက်ကျမှ ခဏတစ်ခေါက်လာ မယ်လေ၊ မမိမှာ အိမ်ဆိုင်လေးရှိသေးတယ် မရိထွေးရဲ့၊ ယောကျ်ားတာဝန် နဲ့ ကလေးသုံးကောင်တာဝန်ကလဲ ရှိသေးတယ်လေ၊ နောက်ပြီး လူနာက နှစ်ယောက်တောင် မမိလက်ခံထားတာ"

မမိက စကားကို သွက်သွက်လေးပြောရင်းက ဘာမှမရှိသော ခုတင် ဘေးက ရိထွေး၏ ဆေးရုံဗီရိုလေးပေါ် ရှင်းလင်းပေးနေသည်။ အိပ်ရာခင်း ကိုလဲ ဟိုဆွဲ သည်ဆန့်နှင့် သပ်ရပ်အောင်လုပ်ပေးနေပြီး...

"မရိထွေး စားချင်တာရှိလဲ မှာလိုက်၊ မမိဝယ်ခဲ့မယ်၊ ချိုင့်ရောရှိ တယ် မဟုတ်လား"

"ချိုင့်ရှိပါတယ် မမိရယ်၊ ဒါပေမယ့် ရိထွေးမှာတော့မပါဘူး" ဟုပြော ပြီး အဒေါ်သယ်လာသော ရိထွေးအဝတ်အစားနှင့် တိုလီမုတ်စပ္စည်းလေး တွေ ထည့်ထားသည့် ကြိမ်ခြင်းကို လက်ညှိုးထိုးပြလိုက်သည်။ မမိက ခုတင်အောက်က ခြင်းကို ဆွဲထုတ်ပြီး ရှင်းပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မမိက အလုပ်တွေအရမ်းလုပ်တာပဲနော်၊ အိမ်တာဝန်ရော ဆေးရုံတာဝန်ရော အလုပ်တွေ မနည်းဘူး"

"လုပ်ရတယ် မရီထွေးရေ၊ လုပ်မှ လုပ်မှ၊ မမိမှာ အမေအိုကြီးကလဲ ရှိသေးတာ၊ အိမ်ကလူက ရုံးအကူလေ မရီထွေးရဲ့"

"ဪ...ဟုတ်လား၊ အလုပ်လုပ်ရတာ တကယ်တော့ ကောင်းပါတယ် မမိရယ်၊ ဘာမှ မလုပ်နိုင်တာနဲ့ စာရင်လေ ရီထွေးတို့ဆို"

"အမယ်၊ မရီထွေး ဒါမျိုးတော့မပြောနဲ့၊ ဆေးရုံကဆင်းပြီးမှ အလုပ်တွေ မလုပ်ချင်ပါဘူးဆိုရင်တော့ မရီထွေးကို မမိဘာလုပ်ရမလဲ...ကဲ"

မမိအပြောကြောင့် ရီထွေး လွတ်လပ်ပေါ့ပါးစွာ ရယ်လိုက်မိသည်။ ဟုတ်တယ်နော်။ ဆေးရုံကဆင်းရင် ဘဝသစ်က ရီထွေးကို ကြိုနေမှာ။

* * *

ရီထွေးလက်ဖျားလေးတွေကို မမိက ဆုပ်နယ်ပေးနေသည်။ မျက်စိမျက်နှာပျက်နေသော မမိကို ရီထွေး ရယ်မောလိုက်ရင်း လက်တွေကို မမိလက်ထဲမှ ရုန်းဖယ်လိုက်သည်။

"ဘာဖြစ်နေတာလဲ မမိရဲ့၊ ခွဲမယ့်လူကဖြင့် မကြောက်ဘဲနဲ့"

"မရီထွေး အားငယ်မှာစိုးလို့ပါ၊ မမိသာဆို မလွယ်ဘူး၊ ခွဲမယ့်လူနာတွေ မမိဘယ်လောက်ပဲ တွေ့ဖူး၊ တွေ့ဖူး၊ မမိကတော့ ကြောက်တာပဲ၊မမိသာ ရောဂါဖြစ်ကြည့်၊ ခွဲရမယ်သာဆို အသေခံမယ်၊ မခွဲဘူး"

"အို...ရီထွေးကတော့ ခွဲရမှာ ပျော်တောင်ပျော်သေး မမိရဲ့"

မမိက "မရီထွေးကလဲလေ"ဟု ညည်းညူရင်း မနက်ပိုင်းက ခွဲဆားပြီး သတိရစပြုနေသော ရီထွေးနှင့် တစ်ခုတင်ကျော်က အဘွားကြီးဆီသို့ ငေးနေပြန်သည်။ အဘွားကြီး ခုတင်ဘေးတွင် သား သမီး မြေး မြစ်တွေ ရှုပ်ထွေးလျက် ပျာယာခတ်နေကြသည်မှ မမိက သက်ပြင်းချပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မရီထွေးကလဲ မနေ့က မရီထွေးအဖေ မလာတာ မမိကို ဘာလို့ မပြောတာလဲ၊ ဒီနေ့ ခွဲမယ်ဆိုတာကို မမိသွားပြောပေးမှာပေါ့၊ တကယ်ပဲ သတ္တိကလဲ ကောင်းရန်ကော"

"ဘာထူးမှာလဲမမိရယ်၊ လာတော့လဲ အဖေတစ်ယောက်ထဲ လာမှာ၊ ကားနှစ်ဆင့်၊ သုံးဆင့်စီးရမှာနဲ့၊ အလုပ်ပျက်ဦးမှာနဲ့၊ အရင်ရက်တွေက နှစ်ခေါက်တောင် မနည်းလာရတာ၊ ရီထွေး မကြောက်ပါဘူး၊ မမိရှိသားပဲ"

အဘွားကြီးခုတင်ဆီကို မကြည့်ဘဲ မျက်နှာလွှဲလိုက်သည်။ ဘယ်လိုပဲရီထွေးနေတတ်တယ်ဆိုပေမယ့် ဆေးရုံတက်ပြီး တစ်ပတ်ကြာတော့ ရောက်လာရှာသော အဖေ့ကိုတွေ့တော့ ရီထွေး ဝမ်းသာသွားမိတာ အမှန်ပါပဲ။ အဖေယူလာတဲ့ အမဲကြော်ပလပ်စတစ်ထုတ်လေးကိုလဲ ဝမ်းသာအားရယူမိတာပဲ။ ဆေးရုံထမင်းဟင်းကို ရီထွေး မညည်းမညူ စားနိုင်ပေမယ့် အဖေ့အမဲကြော် မနူးတနူးလေးနှင့် စားရတော့ ရီထွေး ထမင်းပိုပြီး မြိန်ရသည်။ အဖေကတော့ မြန်မြန်ခွဲစေချင်နေသည်။ ဆေးရုံကြောက်သည့်အဖေ။ ဒီနေ့ မလာတာပဲ ခပ်ကောင်းကောင်းပါပဲ။

"မရီထွေး၊ အားလုံးအဆင်သင့်ပဲနော်၊ ဟုတ်လား"

အဝေးက အော်လာသော ဆရာမသွဲ့အသံကြောင့် ရီထွေး ထိတ်ခနဲဖြစ်သွားသည်။ ဆေးရုံ တွန်းလှည်းပေါ်တွင်အိပ်ပြီး တရွေ့ရွေ့ တွန်းယူလာသည်အထိ ဘေးနားတွင် မမိကလျှောက်လိုက်ရင်း "မကြောက်နဲ့နော် မကြောက်နဲ့၊ မမိစောင့်နေမယ် သိလား" နှင့် တတွတ်တွတ်ပြောလာသည်။ ဆရာမလေးက နောက်ပြောင်ပြီး ရီထွေးကို စလာသည်။ ရီထွေးကတော့ ခြေထောက်ကို ဆရာမတစ်ယောက် ထုံဆေးစွတ်၊ ဂွမ်းစလေးနှင့် ပွတ်သပ်နေသည်အထိ ထူးဆန်းစွာပင် ကြောက်စိတ်တို့ ကင်းမဲ့နေသည်။

"ရီထွေးက သိပ်လှချင်တဲ့သမီး ဟုတ်လား၊ ဆရာပြောတာမှတ်မိတယ်နော်၊ ပထမ ခြေထောက်တစ်ဘက်ပဲ ခွဲမယ်၊ နောက် တစ်လခွဲလောက်

www.burmeseclassic.com

www.burmeseclassic.com



ပတ်တီးစည်းထားရမယ်၊ နောက်တစ်ဘက်ကို ဆယ့်ငါးရက်လောက်နေရင် တစ်ခါခွဲမယ်၊ အဲ နောက် ခုလိုပဲ တစ်လခွဲလောက်ပတ်တီးစည်း၊ ဟော ဖြေလဲပြီးရော ခုန်စမ်း၊ ပေါက်စမ်း၊ ဟုတ်လား၊ အပြေးပြိုင်ပွဲအတွက် ခု ကတည်းက ဆရာစာရင်းသွင်းထားလိုက်ရမလား သမီး...ဟော"

ဟိုတစ်နေ့က ပြောပြီးသားစကားတွေကို ထပ်ပြောလိုက်၊ ရယ်စရာ တွေ ပြောလိုက်နှင့် ဆရာကြီးက ရီထွေးစိတ်သက်သာအောင် မကြောက် အောင် လုပ်နေသည်။ အို...ဘယ်တော့မှ မကြောက်ဘူး ဆရာကြီးရယ်၊ သေ ခြင်းတရားဆီကိုတောင် ရီထွေး မကြောက်မရွံ့ သွားခဲ့သေးတာပဲ၊ ဒါက ရီထွေးအတွက် ဘဝဆိုးက လွတ်မြောက်ဖို့အတွက်ပဲ၊ ဒါပေမယ့် ရီထွေးပါး စပ်ထဲကို ဆရာမကဲ ဘာကြီးလဲမသိဘူး လာထည့်လိုက်တော့ အမေ့ကိုသတိ ရလိုက်သား၊ ရီထွေ ခုတင်ဘေးမှာ အဖေနှင့် အမေ နှစ်ယောက်စောင့်နေစေ ချင်သား။

ပါးစပ်ထဲက အေးစက်စက်သံမဏိတုံးလို အရာကြီးကိုက်ထားရင်း အနေကျပ်စွာရှိဆဲ။ တစ်သက်မှာ မေ့နိုင်စရာမရှိသော မေ့ဆေးနံ့ကြီးမွှန်းထုံ သော အဝတ်စက မျက်နှာကို ဖုံးအပ်လာတော့ ရီထွေး ရူးရူးဝါးဝါးအော် လိုက်မိသည်။

အမှောင်လာတော့မည်။ အမှောင်ကိုတော့ ရီထွေးကြောက်လှသည်။

* * *

"မရီထွေး...မရီထွေး"

ခေါ်သံသဲ့သဲ့ကို အနံ့ဆိုးကြီးကြားထဲမှ ရီထွေး ကြားနေရသည်။ အဖေလား၊ အမေလား၊ အစ်မမြိုင်လား၊ အစ်မနွဲ့လား၊ အစ်ကိုသိန်းထွန်းတော့ ဟုတ်မှာမဟုတ်ဘူး။ သူက ရီထွေးကို မုန်းတယ်လေ။ အို...ဘယ်သူတွေမှ မဟုတ်ပါဘူး။ "မမိခေါ်တာ ကြားလား"တဲ့။ မမိတဲ့။ ရီထွေး သိမ်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ချင်သလိုရှိရာက စိတ်ကိုတင်းဆဲ၊ သံပရာနံ့လေးကို ရှူလိုက်ရသလို ထင် လိုက်မိသည်။ သံပရာနံ့လေးက ကောင်းလိုက်တာ။ ရီထွေးငယ်ငယ်တုန်းက နေမကောင်းဖြစ်ရင် ကိုယ်လဲဘာစမ်းတတ်တဲ့ သံပရာနံ့တွေ သင်းနေတဲ့ အဖေ့ လက်တွေကို ရှူရှိုက်ရသလိုပဲ။ အခုချိန်ကော ကျောင်းအဆောင်ရှေ့က အအေးဆိုင်လေးမှာ အဖေ သံပရာသီးတွေ ကိုင်နေလေသလား။ အဖေ ကိုင်ရှာမှာ မဟုတ်ပါဘူး။ တော်ကြာ ကျောင်းသူတွေက အဖေ့လက်ကွေး ကွေးတွေကြောင့် သံပရာခွက်ကို မသောက်ပဲ ထသွားကြမှာစိုးလို့လေ။ အဖေရယ်။

"မရီထွေး ၊ မရီထွေး ၊ သတိရလား"

ဘယ်သူလဲ။ ခေါ်နေပြန်ပြီ။ မမိလား။ မျက်လုံးတွေကို ကြိုးစား ဖွင့်ပေမယ့် လေးလံလို့သာ နေသည်။ ထုံဆေး မပြယ့်တပြယ်၊ ညာခြေ ထောက်ကလဲ အသည်းခိုက်မျှ နာကျင်လှသည်။

သတိမေ့နေစဉ်က တစ်လျှောက်လုံး မက်နေခဲ့သော ရီထွေးမက်နေ ကျ အိပ်မက်ထဲမှ နာကျင်မှုလိုပါပဲလား။ ဝင်းလက်သော ဓားသွားပေါ်မှ နီရဲသော သွေးများကို မြင်ယောင်လာပြန်သည်။ အမေ၊ အမေဟု တိုးတိုး ခေါ်ရင်း ရီထွေးကြောက်ရွံ့လာပြန်သည်။ သင်းပျံ့သော သံပရာနံ့နှင့်အတူ "မရီထွေး" ဟူသော ခေါ်သံကြားရာကို ရီထွေး ယောင်ယမ်းလှမ်းဆွဲလိုက် မိသည်။ မမိလက်ကို ရီထွေး တအားဆုပ်ထားမိသည်။ မမိလက်ထဲက သံပရာသီးလေးထင်ရဲ့၊ ရီထွေးရင်ဘတ်ပေါ် လိမ့်ကျလာသည်။

ကျေးဇူးတင်လိုက်တာ မမိရယ်၊ မမိလက်ကို အားပြုရတာ ရီထွေး ကို အားရှိစေလိုက်တာ။

"မရီထွေး ဘာဖြစ်လို့ လန့်နေတာလဲ၊ မမိရှိတယ်လေ၊ မရီထွေး ရဲ့ မိတ်ဆွေလဲရှိတယ်လေ၊ မျက်စိဖွင့်ကြည့်ပါဦး"

ဘာရယ်၊ မရီထွေးရဲ့ မိတ်ဆွေတဲ့။ ရီထွေးက တစ်သက်လုံးအိပ်ခန်း ထဲမှာ နေရတဲ့သူပါ မမိရယ်။ ရီထွေးမှာ မိတ်ဆွေဆိုတာ မရှိပါဘူး။ မျက်

www.burmeseclassic.com

www.burmeseclassic.com



လုံးကို တအားကြိုးစားဖွင့်ကြည့်မိသည်။ အို…ကြင်နာသော မျက်လုံးများနှင့် မျက်နှာစိမ်းတစ်ခုကို မှုန်ဝါးစွာမြင်ရသည်။ ဘယ်သူလဲဟင်။ ဒီမျက်လုံးတွေကို ဘယ်မှာရီထွေး တွေ့ခဲ့ဖူးသလဲ။ အို…ရီထွေးကို အားရှိစေတဲ့ လက်တွေက သူ့လက်တွေ။ ကြည့်စမ်း။

"မရီထွေး ၊ သတိရတယ်နော်။ ကျွန်တော့်ကိုတော့ မှတ်မိမှာမဟုတ်ဘူး။ မရီထွေး ရထားတိုက်ခံရတုန်းက ရထားအောက်က ကျွန်တော်ဆွဲထုတ်ခဲ့တာ။ ဆေးရုံထိ ကျွန်တော် လိုက်လာသေးတယ်။ မရီထွေးတို့အိမ်က လိုက်လာမှ ကျွန်တော် ပြန်သွားတယ်"

အို…ရီထွေး သိပြီ။ မှုန်ဝါး ယိမ်းယိုင်နေသော လူအုပ်ကြီးနှင့် အတူ စိုးရိမ်သောမျက်လုံးတွေ။ ဘာဖြစ်လို့ ရီထွေး မသေရတာလဲဟင်လို့တောင် သူ့ကို ရီထွေး မေးခဲ့သေးတယ်လေ။ ခုကော သူက ဘာလို့ ရောက်လာတာလဲဟင်။ ဘာပဲဖြစ်ဖြစ် ရီထွေး ကျေးဇူးတင်ပါတယ်။ စကားပြောဖို့ အားယူလိုက်သည်။

"ကျေးဇူး၊ သူ့…သူ့ကို"

"အို…ရပါတယ် မရီထွေးရဲ့၊ စကားမပြောပါနဲ့၊ သတိရတယ်နော်၊ ပြန်အိပ်ချင် အိပ်လိုက်ဦး၊ ညနေချိန်ကုန်တော့မယ်၊ ကျွန်တော် ပြန်လိုက်ဦးမယ်နော်၊ နောက်နေ့တွေမှ လာခဲ့မယ်"

နှုတ်ဆက်ရင်း ရီထွေးလက်ဖျားတွေကို ဆုပ်ညှစ်အားပေးသွားသေးသည်၊ ရီထွေးကို အားရှိစေတဲ့ လက်ပိုင်ရှင်ရယ်။ နောက်နေ့တွေ လာဦးမယ်တဲ့လား။

* * *

"အဲဒီတုန်းက ရီထွေးခြေထောက်တွေ သိပ်နာမှာပဲနော်"

"နာတာပေါ့ ကိုတွတ်ရဲ့၊ ဘယ်နှယ့်ပြောပါလိမ့်၊ ထုံဆေးလည်းပြယ်သွားရော နာလိုက်တာမှ အသည်းခိုက်မတတ်"



www.burmeseclassic.com

www.burmeseclassic.com



"တို့လေ အဲဒီနေ့က ခုတင်ပေါ်မှာ သတိမေ့နေတဲ့ ရီထွေးကိုရုတ်တရက် တွေ့လိုက်တော့ သိပ်အံ့ဩသွားတယ် သိလား၊ ရီထွေး ပုံစံကတို့ ရထားအောက်ကဆွဲထုတ်တုန်းက အတိုင်းပဲ၊ တို့က အဲဒီနေ့က အိမ်ကမေးခိုင်းတဲ့လူနာ ဆင်းသွားပြီဆိုလို့ ပြန်လှည့်အထွက်လေ၊ ဒါပေမယ့် ရီထွေးက တစ်ခုတော့တော်တယ်ကွ၊ ဒါလောက်နာနေတာကို မျက်ရည်တစ်စက်မကျဘူး၊ အံကိုပဲ အတင်းကြီးကြိတ်ထားတယ်"

"ကိုတွတ်ကလဲ ရီထွေးမှာ ငိုစရာမျက်ရည်မှ မရှိတော့တာ၊ ငယ်ငယ်တုန်းက သူများတွေကျောင်းသွားရင် ကျောင်းသွားချင်လို့ ငိုရတာနဲ့၊ အစ်ကိုတွေ၊ အစ်မတွေက ခေါင်းခေါက်ပြီး စပြေးရင်၊ မုန့်လုပြေးရင်၊ မလိုက်နိုင်တာနဲ့ ဝမ်းနည်းပက်လက်ငိုရတာနဲ့၊ အစ်မတွေ မင်္ဂလာဆောင်တော့ ရီထွေးကို အခန်းထဲဝှက်ထားလို့ငိုရတာနဲ့၊ အို...အများကြီးပါပဲ ကိုတွတ်ရာ၊ အမေဆုံးတော့လဲ ရီထွေး မျက်ရည်တွေ အများကြီးကုန်လိုက်သေးတယ် ကိုတွတ်ရဲ့"

ထုံးစံအတိုင်း ကရုဏာသက်သော မျက်လုံးတွေနှင့်ကြည့်ပြီး "ရီထွေးကလဲလေ" ဟု ကိုတွတ်ဆိုပြန်သည်။

ရီထွေး ခြစ်ခြုပ်သုံးနေရသော ပိုက်ဆံထဲမှ မမိကို အပြေးအလွှားဝယ်ခိုင်းထားသော ခွေးခြေလေးပေါ်မှာ ညနေတိုင်းထိုင်ပြီး ရီထွေးပြောသမျှတွေကို ကိုတွတ်နားထောင်တတ်သည်။ ထူးဆန်းစွာ ရီထွေး ကောက်ရလိုက်တဲ့ မိတ်ဆွေလေး။ သူတစ်ပါးကို သိပ်စာနာတတ်တဲ့၊ သနားတတ်တဲ့၊ ခင်မင်တတ်တဲ့ ကိုတွတ်ပါပဲ။ အို...ရီထွေးရဲ့ ကျေးဇူးရှင်ဆိုလဲ မမှားဘူးလေ။

"ရီထွေး၊ နောက်ခြေထောက်တစ်ဘက် ခွဲတဲ့နေ့က တို့မလာနိုင်ဘူးခုထိစိတ်မကောင်းဘူး၊ အဲဒီတုန်းက ဘာပြုလို့ပါ့လိမ့်၊ အော်...သိပြီ၊ ဖိနပ်အော်ဒါတွေ အရေးကြီးလို့၊ အမေကခိုင်းတာနဲ့ ဈေးသွားပို့ရတာလေ၊ ရီထွေးအဖေတော့ လာတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း...လာတယ်၊ ဒါပေမယ့် အဖေက ဆေးရုံသိပ်ကြောက်တာ မဟုတ်လား ကိုတွတ်ရ၊ ခဏလေးပဲနေပြီး ပြန်ပြေးတာပဲ"

ပတ်တီးတွေ ဖွေးဖွေးလှုပ်နေသော ခြေထောက်နှစ်ဖက်ကို ရီထွေး အသာ စမ်းသပ်ကြည့်မိပြန်သည်။ ခဏခဏစမ်းကြည့်မိတာ ဘယ်နှစ်ကြိမ် လောက် ရှိပြီလဲမသိ။ ပထမခြေထောက်ခွဲပြီး ဆယ့်ငါးရက်လောက်ကြာ တော့ နောက်တစ်ဘက်ကို တစ်ခါထပ်ခွဲသည်။ ခြေထောက်တစ်ဘက်ကို နှစ်လခွဲစီလောက် ပတ်တီးစီးထားရမည်တဲ့။ အို..ဘယ်လောက်ပဲ ကြာကြာ ပေါ့။ ပတ်တီးတွေကို ဖြေပြီးရင်ဆိုတဲ့ အတွေးက ရီထွေးရင်ကို ခုန်စေသည်။ ဆေးရုံမှာလဲ ရီထွေး ပျော်စပြုပြီလေ။ အဖေတို့မလာတာကိုလဲ ရီထွေးမပူ တတ်တော့။ မမိလာမည့် ညနေ တစ်ခေါက်ကိုလဲ ရီထွေးမမျှော်တတ်တော့။

ညနေဆိုလျှင် ခုတင်ပေါ်မှာ စောင်းစောင်းလေးခွေအိပ်ရင်း တံခါး ပေါက်ခြေရင်းမှာ ဖြတ်ခနဲ လှမ်းမြင်ရမည့် သဲကြိုးဖိနပ်အနီလေးနှင့် ခြေ ထောက်တစ်စုံကိုသာ ရီထွေး မျှော်လင့်နေတတ်သည်။ ခုတင်ဘေးက ခွေးခြေ လေးပေါ်ကိုလဲ အဝတ်တစ်ခုနှင့် ပွတ်သုတ်နေတတ်သည်။ ပြောချင်သည့် စကားတွေကို စီစဉ်နေမိတတ်သည်။

ရီထွေး ပြောချင်ရာတွေကို စိတ်ရှည်လက်ရှည် နားထောင်တတ်တဲ့ သွားချင်ရာကို စိတ်ရှည်လက်ရှည် တွဲခေါ်တတ်တဲ့သူဆိုလို့ ရီထွေးဘဝမှာ အမေတစ်ယောက်ပဲ ရှိခဲ့တာ။ ရီထွေးပြောချင်ရာတွေကို စိတ်ရှည်လက်ရှည် နားထောင်တတ်တဲ့ ကိုတွတ်ကကော၊ ကိုတွတ်သွားရာမှာ ရီထွေးကိုတွဲလို့ ခေါ်နိုင်ပါ့မလား။

တိုက်ပုံ မီးခိုးရောင်လေး၏ လက်တစ်ဖက်ပေါ်မှာ ဖုန်မှုန်လေးတွေ လက်နှင့်တောက်နေသော ကိုတွတ်ကို ရီထွေး ကြည့်နေမိသည်။ သပ်ရပ် ချောမောသည့် ကိုတွတ်ပါပဲ။ အရောင်နုနု တိုက်ပုံလေး မချွတ်စတမ်း ဝတ် တတ်တာကိုက လေးစားချင်စရာကောင်းသည်။ အေးလေ၊ မိန်းကလေးတွေ ကြားထဲက တစ်ဦးတည်းသော အငယ်ဆုံးသားဆိုတော့လဲ အားလုံးက ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်ပြီး ဝိုင်းအလိုလိုက်ကြမှာပေါ့။ ရီထွေးရဲ့ အငယ်ဆုံးသမီး ဘဝနဲ့တော့ ကွာပါ့နော်။

"ကိုတွတ်အိမ်က ဆေးရုံနဲ့ အဝေးကြီးလားဟင်"

"မဝေးဘူးလေ ရီထွေးရဲ့၊ ရီထွေး ပတ်တီးဖြေပြီးတော့ လိုက်လည်ပေါ့၊ အိမ်မှာ ဘယ်သူမှ မရှိဘူး၊ အဖေနဲ့အမေရယ်၊ တို့အစ်မအပျိုကြီးရယ် ဒါပဲ၊ ဖိနပ်ချုပ်တဲ့ အလုပ်သမားနှစ်ယောက်က အိမ်အဖီလေးထဲမှာ သူတို့ဟာသူတို့ အလုပ်လုပ်နေတာ"

ရီထွေးက ခေါင်းတညိတ်ညိတ်လုပ်ရင်း ကျေနပ်လို့နေမိ၏။ ကိုတွတ်က နာရီကိုကြည့်သည်။

"ညှော်ချိန်ကုန်တော့မယ် ရီထွေး တို့ပြန်မယ်နော်၊ ဒီညနေမမိ မလာပါလား၊ ရီထွေး ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် ကိုတွတ်ရဲ့၊ မမိ သူ့ကလေးအငယ်ကောင် နေမကောင်းရှာဘူး၊ မနေ့က ဆရာမဆီ ဆေးတောင်းနေသံကြားတယ်၊ ကိုတွတ် နက်ဖြန်လာဦးမလား"

မေးပြီးမှ တုန့်ဆိုင်းသွားသော ကိုတွတ်ကို အားနာမိပြန်၏။

"နက်ဖြန်တော့ မသေချာဘူး ရီထွေးရယ်၊ မိုလ်ချုပ်ဈေးက ဖိနပ်အော်ဒါတွေအတွက် ငွေလိုက်ရှင်းရဦးမယ်ထင်တယ်၊ စောရင်လည်း လာခဲ့မယ်လေ၊ မျှော်တော့ မျှော်ပေါ့၊ ကဲ...တို့ပြန်မယ်နော်"

ခေါင်းညိတ်ရင်း ငေးနေကျအတိုင်း ကိုတွတ်နောက်ကျောကို ဝေးသွားသည်အထိ ငေးနေမိပြန်သည်။ မမျှော်မှာတော့ မစိုးရိမ်ပါနဲ့ ကိုတွတ်ရယ်။ ရီထွေးက အချိန်တိုင်း မျှော်နေတဲ့သူပဲ။

* * *

နောက်နေ့ညနေကျတော့ မမျှော်လင့်သည့် အဖေရောက်လာ၏။ အဖေက ကိုတွတ်ထိုင်နေကျ ခွေးခြေလေးပေါ်မထိုင်ဘဲ သမီးလုပ်သူ၏ခုတင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် ဝင်ထိုင်သည်။ ပတ်တီးအဖွေးသားနှင့် ရီထွေးခြေထောက်တွေကို ကြည့်ပြီး အဖေ့မျက်နှာက မကောင်းချင်။

"ဘယ်တော့လောက် ပတ်တီးဖြေရမတဲ့လဲ ရီထွေး"

"သကြံန်ပြီးလောက်ပေါ့ အဖေ"

"ဟာ...အကြာကြီးပေါ့၊ ခုပဲ သီတင်းကျွတ်ခါနီးရှိသေးတာ၊ နောက်ပြီး သမီးရယ်၊ ညည်းခြေထောက်က ပိုတော့ ဆိုးမသွားနိုင်ပါဘူးနော်"

"မဆိုးပါဘူး အဖေရဲ့၊ ဆရာကြီးက အာမခံထားတာပါ၊ စိတ်ချပါ အဖေရဲ့၊ အဖေကော နေကောင်းရဲ့လား"

"လက်ဆစ်ကလေးတွေကတော့ ညညဆို ကိုက်တုန်းပါပဲသမီးရယ်၊ ဒါတောင် ခုတလော ဆိုင်ကိုဟိုကောင်နဲ့ပဲလွှတ်ထားတာ၊ အဖေ သိပ်မလိုက်ဘူး"

ပြောရင်းက အဖေ့မျက်နှာ ပျက်ပြန်သည်။ သူ့လက်တွေကို မသိမသာ ပြန်ကြည့်ပြန်သည်။

"အင်း...ညည်းအစ်ကိုကြောင်းလဲ သိသားပဲအေ၊ ကျောင်းသူ၊ ကျောင်းသားကလေးတွေနဲ့ ဘုပြော ဘောက်ပြောနဲ့ တစ်ယောက်တည်း စိတ်ချရတာမဟုတ်ဘူး၊ အဖေလိုက်နိုင်မှ"

"ရောင်းရော ရောင်းရရဲ့လားအဖေ"

"အသင့်အတင့်ပေါ့လေ"

အဖေ့လေသံကို အကဲခတ်ပြီး ရီထွေး စိတ်မကောင်းဖြစ်နေရပြန်သည်။ ဒါဆို မရောင်းရတာ သေချာပါတယ်။ တကယ်တော့ အအေးရောင်းသည့်အလုပ်က အင်မတန် မြတ်သည့်အလုပ်။ ရေခဲရောင်းစားတာပဲဥစ္စာ။ အမေရှိတုန်းကတော့ အမေ့အကြံဉာဏ် အကူအညီတွေနှင့် လက်မလည်အောင် ရောင်းရသည်။ ဒါနဲ့ပဲ အိမ်လေးဆောက်ခဲ့၊ သားသမီးတွေ ကျောင်းထားနိုင်ခဲ့တာပဲ။ တကယ်ဆို အစ်ကိုသိန်းထွန်းက ဆက်ပြီးတိုးတက်အောင် လုပ်ဖို့မဟုတ်လား။ ငိုင်နေသောအဖေ့ကို ရီထွေး စကားပြောင်းရ၏။



www.burmeseclassic.com

www.burmeseclassic.com


"အမေ၊ အစ်ကိုသိန်းထွန်းနဲ့ ဟိုဘက်ခန်းနဲ့ကော အခဆင်ပြေရဲ့လား"

"အေး...ပြေပါတယ်၊ သူတို့ကလဲ သည်းခံလို့ပေါ့ကွာ၊ အဖေလဲ ကိုယ့်ကောင်ကိုယ် ထိန်းရတာပေါ့"

"အစ်မမြိုင်တို့ရော အဖေ"

"ဩော်...အဲဒါ ပြောမလို့၊ ညည်း အစ်မမြိုင်နဲ့ကလေးတွေ ပြန်သွားကြပြီ၊ သူ့ယောကျ်ား ပြန်လာခေါ်တယ်လေ၊ ခေါ်မှပါပဲကွာ၊ အိမ်မှာ ဝက်သားချက်လို့ဆိုပြီး ဟိုပြန်မလိုက်ခင်လေးတုန်းက သူတို့မောင်နှမ စကားများလိုက်ကြတာ မပြောနဲ့တော့၊ အတော်ခက်တဲ့ဟာတွေ"

တော်ပါသေးရဲ့။ အစ်မမြိုင်တို့ ပြန်ပါသွားတာ အဖေ့အတွက်တာဝန် တစ်ခု အေးတာပါပဲ။ အဖေဟာ တကယ်တော့ နားသင့်ပြီနော်။ အဖေ့ မျက်နှာက အရေးအကြောင်းတွေကို ရီထွေး ငေးကြည့်နေမိသည်။

အဖေနှင့် စကားပြောရင်း အခန်းရှေ့က တိုက်ပုံအကျႌနှင့်လူဖြတ် သွားတာမြင်လျှင် ထိတ်ခနဲ ဖြစ်ရသေးသည်။ ကိုတွတ်လားလို့ ကပျာက ယာ သေချာကြည့်ရသည်။

ဒီနေ့ စောရင်လာခဲ့မယ်လို့ ကိုတွတ်ပြောသွားတယ်လေ။ ခုနေ ကိုတွတ်လာရင် အဖေက ဘာပြောမလဲ။ ရီထွေး မိတ်ဆွေကို အဖေဘာပြော လို့ရမလဲ။ ရီထွေးဟာ အခန်းသေးလေးထဲက အကျဉ်းစံမှ မဟုတ်တော့ တာ။ ရီထွေးမှာလဲ မိတ်ဆွေရှိမှာပေါ့။

ဒါပေမယ့် အမြင်ကျဉ်းလှသော အစ်ကိုသိန်းထွန်းသာဆိုလျှင်တော့ ရီထွေး လက်သီးစာမိမည်ပင်။ အစ်မမြိုင်တို့ အစ်မနွဲ့တို့ ငယ်ငယ်ကလဲ ယောကျ်ားလေးသူငယ်ချင်းကို နှုတ်ဆက်တာလေးတောင် တဖုံးဖုံးလက် သီးနှင့် ထိုးတတ်သည်။ ရုပ်ရှင်ဝါသနာပါသော အစ်မနွဲ့ဆို မင်းသား၊မင်း သမီးတွေဆီ မိတ်ဆက်စာရေးမှုနှင့် ကြိုးတုပ်ပြီးတောင် ရိုက်တတ်သည်။ ရီထွေးသာဆိုလို့ကတော့ ပြောမနေနှင့်။ လက်သီးစာ ကျွေးရုံမက ဆေးရုံ

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်သို့ တရှုတ်တိုက်ရောက်သွားလိမ့်မည်။ မုန်းဖို့ကောင်းတဲ့ အစ်ကိုသိန်းထွန်း။

အဖေပြန်သွားတော့ ညနေချိန် မကုန်တတ်သေးပေ။ အဖေယူလာသော ဘီစကစ်မုန့်ဗိုင်းလေးတွေကို စားရင်း ကိုတွတ် လာဦးမလားလို့ မျှော်နေခိုက် မမိ ရောက်လာသည်။

"ဟင်...မမိ၊ ဘာဖြစ်လို့လဲ"

မမိမျက်နှာပြင် တစ်ခုလုံး နီရဲ မို့မောက်နေသည်။ ရီထွေး မေးလိုက်တော့မှပင် အားရပါးရ ငိုတော့သည်။

"မရီထွေး မမိသားလေး ဆုံးပြီ"

"အို...မမိရယ်"

မမိလက်တွေကို ရီထွေးဆုပ်ထားမိသည်။ သည်တစ်ခါ အားပေးရမည့်သူက ရီထွေးပေါ့။ မမိမျက်ရည်တွေကို သုတ်ပေးလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ မမိရယ်၊ ဒီလောက် ဆေးရုံမှာ ဝင်ထွက်နေပြီးတော့များ"

"ကလေးက ဖျားတာကြာပြီ မရီထွေးရဲ့၊ ဒါပေမယ့်...မမိလဲမအားတော့ ကလေးနား သိပ်မကပ်နိုင်ဘူး၊ အမေနဲ့ပဲ ထားနေရတာ။ တစ်နေ့က သိပ်ဆိုးလို့ ဆရာမဆီက ဆေးတောင်းပြီး တိုက်သေးတယ်၊ မနေ့ကတော့ မမိ ဆေးရုံလာစရာမရှိတာနဲ့ ညနေဘက် အိမ်တစ်အိမ် အဝတ်သွားလျှော်တာ၊ ပြန်လာတော့ သားလေးတအားပူပြီး တက်နေပြီ၊ မမိလေ ...သားလေးကို"

မမိအသံ ဆို့နစ်သွားသည်။ ရီထွေးသိပါတယ် မမိရယ်။ မပြောပါနဲ့တော့၊ သူများတွေကို ပြုစုစောင့်ရှောက်ပြီး ငွေရှာတတ်တဲ့ မမိ၊ သားကိုတော့ မပြုစုလိုက်ရဘူးဆိုတာ ရီထွေး သိပါတယ်။

"တိတ်ပါ မမိရယ်၊ ဒီနေ့ကော ဘာလို့ လာရတာလဲ၊ ရီထွေး ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မရှိထွေးက ရပေမယ့် ဟိုဘက်ခန်းကအဒေါ်ကြီးက မရဘူး၊ ဒါ ကြောင့်လာရတာ"

ရှိက်သံတစ်ဝက်နှင့် ပြောနေသော မမိလက်ကို ရီထွေးဆွဲယူပြီး ခေါင်းအုံးအောက်က ဆယ်တန်လေးတစ်ရွက်ကို ထည့်လိုက်သည်။

"ယောဒါ...ရီထွေးရဲ့ကုသိုလ်၊ လခနဲ့မဆိုင်ဘူးနော်၊ မမိ ယူရမယ်"

မမိက"မယူဘူး၊ မယူဘူး"ဟု အတင်း ရုန်းကန်သည်။ ရီထွေးက မမိလက်ကိုရော ပိုက်ဆံကိုရော အတင်းဆုတ်ထားလိုက်သည်။

"မမိ ယူရမယ်၊ ဘဝတူချင်း စာနာတာကို မမိငြင်းရက်သလား"

* * *

မမိယူလာသော မီတောက်ပန်းနံ့တွေက တစ်ခန်းလုံး မွှေးနေသည်။ နှစ်ဆန်းတစ်ရက်ပေမယ့် ပိတောက်တို့ ပွင့်နေသေးသည်။ ပိတောက်ပန်း နံ့တွေကြားမှာ ရီထွေး ရင်တွေခုန်နေသည်။ ညကတည်းက အိပ်လို့မရပေ။ ခဏဆို ဆရာကြီးနှင့် ဆရာမလေးတို့တွေ ရောက်လာကြတော့မည်။ သည် နေ့ ရီထွေး ပတ်တီးဖြေရတော့မည်။ ကံကောင်းခဲ့လျှင် ပထမဆုံးလမ်းစ လျှောက်ရမည့် နေ့ပေါ့။ ဟိုဘက်ခန်းမှအဒေါ်ကြီးနှင့် မမိအသံကို ကြား နေရသည်၊ အလွန် ဇိဇာကြောင်သည့် အဘွားကြီး။ မမိခမျာမှာ အမျိုးမျိုး သည်းညည်းခံရရှာသည်၊

အဖေကတော့ လာမည်မထင်။ ကိုတွတ်ကတော့ ညနေဆိုလာမည်။ ကိုတွတ် ညနေလာတာကို ဆေးရုံဝမှ ထွက်ကြိုနိုင်ခဲ့ရင်၊ အို...ဘယ်လောက် များ ပျော်စရာကောင်းမည်လဲ။

"ဟော့...သမီး၊ သိပ်ပျော်နေပြီလား"

ဆရာဝန်ကြီး၏ ချိုသာရှင်ပျသော အသံနှင့်အတူ ရီထွေးနားရောက် လာသည်၊ ရီထွေးကို အားလုံးစမ်းသပ်စစ်ဆေးနေသေးသည်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ဆေးထည့်ခန်းထဲသို့ တွန်းလှည်းနှင့် ခေါ်သွားသည်။ ရီထွေး ခွဲတုန်းကလို ပင်၊ မမိသည် ဘေးမှလိုက်ရင်း "မကြောက်နဲ့နော်"ဟု အားပေးနေပြန် သည်။

ဆေးထည့်ခန်းထဲက ခုတင်ပေါ်တွင် မျက်စိကို စုံမှိတ်ထားရင်း ဆရာကြီးနှင့် ဆရာမတွေ၏ ရယ်မောသံများကြားမှ ကပ်ကြေးသံတချပ် ချပ်ကို ရင်ခုန်စွာ ကြားနေရသည်။ ပတ်တီးတွေကို တရစ်ချင်းခွာနေသည် ကို ရင်တလှပ်လှပ်ခံစားနေရ၏။

"အိုး...အိုကေ၊ ဒဏ်ရာတွေအားလုံးကောင်းနေပြီ၊ သမီး မျက်စိ ဖွင့်ကြည့်ပါဦး"

ကိုယ့်ခြေထောက်တွေကို ကြည့်ရင်း ရီထွေး ထိတ်လန့်သွားမိသည်။ ခြေသလုံးမှစ၍ ခွဲထားသော ခွဲကြောင်းရာများကို အရုပ်ဆိုးစွာမြင်ရသည်။ ဒါပေမယ့် ပုံပန်းကျနေသော ခြေထောက်ဝိုင်းဝိုင်းလေးကို အမာရွတ်များ ကြားမှာ အားတက်ဖွယ် မြင်ရတော့ ရင်မှာတဖျပ်ဖျပ် ခုန်လာပြန်သည်။

"ဘာငိုင်နေတာလဲရီထွေး၊ လမ်းလျှောက်မယ်၊ ထ"

ဆရာမလေးက ရီထွေးလက်ကို ဖေးမလိုက်သည်။ လမ်းလျှောက် မယ်တဲ့။ ငယ်ငယ်တုန်းက ရီထွေးကို လမ်းလျှောက်ကျင့်ရင်း အမေပြော သည့်စကားကို ကြားရပြန်ပြီ။ အမေလွှတ်လိုက်တိုင်း ခွေလဲပြီး နာကျင် ကာ အမေနှင့်အတူ ငိုရမြဲ။ ခုကော ဆရာမလေးက လွှတ်လိုက်ရင် ရီထွေး ငိုရဦးမှာလား။

မမိနှင့် ဆရာမလေးက ရီထွေးကို တွဲထားသည်။ ဆရာကြီးက ဘေးမှလိုက်လာသည်။

"ဟုတ်ပြီသမီး၊ လျှောက်၊ ဖိလျှောက်၊ နည်းနည်းတော့နာမယ်၊ ခါ ဆေမယ့်၊ မကြောက်နဲ့သမီး၊ ဟုတ်ပြီ လွှတ်တော့မယ်နော်၊ သမီးတစ်ယောက် တည်း လျှောက်ရမယ်၊ သမီးသွားချင်တဲ့နေရာတွေ သွားဖို့၊ ဟုတ်ပြီ...လွှတ်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေးနှင့် မမိက ဖြည်းညင်းစွာ လွှတ်လိုက်သည်။ ရီထွေး ယိုင်ခနဲ ဖြစ်သွားသည်။ ဘုရားရေ၊ ငယ်ငယ်တုန်းကလို ခွေလဲဦးမှာလား။ မလဲဘူး၊ မလဲဘူး၊ မလဲရဘူး။ မျက်စိကို စုံမှိတ်ပြီး စိတ်တင်းပြီးလျှောက် သည်။ တစ်လှမ်း၊ နှစ်လှမ်း။ အို…ရီထွေး လမ်းလျှောက်နေပြီ။ ကိုယ့် ခြေထောက်နှင့်ကိုယ် မြေကြီးပေါ်မှာ လွတ်လပ်စွာ လျှောက်နေပြီ။

ဆရာမနှင့် မမိတို့ ဝမ်းသာအားရအော်သံက ကျယ်လောင်လှသည်။

"မရီထွေးရေ၊ ရပ်ပါဦး၊ ကိုတွတ်ဆီထိ ဆက်သွားတော့မလို့လား"

ပြေးလိုက်လာသော မမိကို မျက်စိဖွင့်ကြည့်ပြီး မမိလက်ကို တုန် ယင်စွာ ဆုပ်ကိုင်ရင်း မမိပခုံးပေါ်တွင် ရီထွေး တသိမ့်သိမ့်ရှိုက်ငိုလိုက်မိ သည်။

"ကဲ…မမိနဲ့ နှစ်ယောက် လွမ်းကြစမ်းကွာ၊ ဟုတ်လား၊ တို့သွားစို့၊ သမီး ဆေးရုံက ချက်ချင်းတော့ မဆင်းရဘူးနော်။ စိတ်ချရမှ ဟုတ်လား"

ရီထွေးခေါင်းကိုပုတ်ပြီး ဆရာကြီးက ထွက်သွားသည်။ မမိနှင့် အတူ ခုတင်ဆီသို့ ပြန်လျှောက်လာခဲ့သည်။ ခဏထိုင်ပြီး တစ်ခါထလျှောက် ပြန်သည်။ ဘေးခုတင်မှ လူတွေကလဲ အထူးအဆန်းလို ရီထွေးကို ဝိုင်း ကြည့်နေကြသည်။

ရီထွေးကတော့ အကြိမ်ကြိမ်လျှောက်ကြည့်ရင်း လျှောက်မဝနိုင်သ လို ဖြစ်နေမိသည်။ ဆရာမလေးတွေ အခန်းရှေ့ဖြတ်တိုင်း ဘယ်နှစ်နာရီ ရှိပြီလဲဟု မေးရသည်မှာလဲ အမော။ ကိုတွတ်ကို သွားကြိုမည်လေ။

မမိ အကူအညီမပါဘဲနှင့် ကိုယ့်ဘာသာကိုယ် လုံချည်လဲသည်။ မဝတ်တာကြာသော မီးခိုးပွင့်ရိုက်အင်္ကျီလေးကို ထုတ်ဝတ်မိ၏။ အရောင်နှ လေး တွေ ကြိုက်တာချင်းလဲ ရီထွေးနဲ့ကိုတွတ် တူသားနော်။ ရထားအောက် မှာတုန်းက မညီမညာ ပြတ်သတ်သွားသော ဆံပင်တွေကို မမိက ညှိပေး ထား၍ နည်းနည်းတော့ ကြည့်ပျော်ရှုပျော်ရှိသည်။ အဲဒီတုန်းကရတဲ့ နဖူး ဆံစနားက ဒဏ်ရာကတော့ အမာရွတ်နည်းနည်းကြီးသည်ပဲ။ အစ်မနဲ့ပေး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော မိတ်ကပ်ဗူးကို မဖွင့်စဖူး ဖွင့်မိသည်။ ဆရာကြီးပြောတတ်သော "လှချင်လှချည့်လား" ဆိုတာကို အမှတ်ရပြီး ရီထွေးတစ်ယောက်တည်း ပြုံးရပြန်သည်။ အင်း...ဒီလိုပြုံးလိုက်တော့လည်း မှန်ထဲက ရီထွေးလေးက မဆိုးရှာဘူးနော်။

သည်တစ်ခါ ဖြတ်သွားသောဆရာမလေးကို လှမ်းမေးတော့"လေးနာရီ ထိုးတော့မယ်"တဲ့။ ကိုတွတ်လာတော့မယ်။ ရင်ထဲမှာ ထိတ်ခနဲခုန်ကာ အခန်းပြင်ဘက် ထွက်ခဲ့သည်။

ရီထွေးတို့ အရိုး၊ အကြော ဆေးကုဆောင်ဘက်မှနေ၍ ဆေးရုံကြီးအပေါက်ဝထိ ဖြည်းဖြည်းချင်း လျှောက်ခဲ့သည်။ ကိုတွတ်တွေ့လိုက်ရင် သိပ်ကို ဝမ်းသာသွားရှာမှာ။ ဆေးရုံအဝင်ဝမှာ ရပ်နေတဲ့ ရီထွေးကို အဝေးကြီးကတည်းက ကိုတွတ်မြင်မှာနော်။ ကိုတွတ်ကို လမ်းလျှောက်ပြရမှာတော့ နည်းနည်းတော့အရှက်သား။ ရီထွေး လမ်းလျှောက်တာက ဘယ်လိုမှ လှမှာမဟုတ်ဘူးလေ။

ခဏကြာတော့ အပြာနုရောင်တိုက်ပုံအင်္ကျီလေးနှင့် သူ့ကို လမ်းမကြီးပေါ်မှာ လှမ်းမြင်လိုက်ရသည်။ ကိုတွတ် လာနေပြီ။

နီးလာသည်အထိ ရီထွေးကို သူမမြင်ပေ။ စိုက်စိုက်နှင့် လျှောက်လာနေသည်။

"ကိုတွတ်"

ရီထွေးခေါ်သံကြားတော့မှ ကိုတွတ်မော့ကြည့်သည်။ သူ့ဆီလျှောက်လာနေသော ရီထွေးကိုကြည့်ပြီး ကိုတွတ်မျက်လုံးတွေ ဝိုင်းစက်သွားသည်။

"ဟုတ်လှချင်လား ရီထွေးရဲ့၊ တကယ့်ကို ဝမ်းသာစရာကောင်းတယ်ကွာ...တကယ်"

လှိုက်လှိုက်လှဲလှဲပြောရင်း အနားရောက်လာသော ရီထွေးလက်ဆွကို ကိုတွတ် ဆုပ်ကိုင်လှုပ်ယမ်းနေသည်။ အို...ကြည့်စမ်း...ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



လဲ "တို့နဲ့အမိလျှော့က်"ဆိုပြီး ရီထွေးခုတင်နားထိ ရီထွေးလက်တွေကို မလွှတ်တမ်း ဆွဲခေါ်သွားလိုက်တာ။

ခုတင်ပေါ်ကို ကြည်နူးပန်းလျှစွာ ထိုင်ချလိုက်မိသည်။ ကိုတွတ်က တော့ ရီထွေးခြေထောက်တွေကိုသာ တကြည့်တည်း ကြည့်နေသည်။

"အား၊ ရီထွေးခြေဖဝါးတွေ ရဲနေတာပါပဲလား၊ ပြောစမ်း၊ မနက် ပတ်တီးဖြေပြီးကတည်းက မနားဘူးထင်တယ်၊ ဟုတ်လား"

အလကားနေရင်း ရယ်ချင်နေသော ရီထွေးက တခစ်ခစ်ရယ်ရင်း ခေါင်းညိတ်ပြသည်။ ကိုတွတ်က သူ့လက်ထဲကအထုပ်ကို ခုတင်ပေါ်ချ ရင်း...

"ရီထွေးအတွက် အကောင်းဆုံးလက်ဆောင် တို့ယူလာတယ် ထုတ် ကြည့်"

"အို...ကိုတွတ်၊ ဖိနပ်လေး"

"အေးလေ၊ ရီထွေးအတွက် စပယ်ရှယ်၊ တို့ကိုယ်တိုင်လုပ်ခဲ့တာ"

"ကိုတွတ်ရယ်၊ ရီထွေးလေ...ရီထွေး"

စကားမဆုံးနိုင်ဘဲ ဖိနပ်ဖြူသေးသေး လှလှလေးကို မြတ်နိုးစွာလှည့် ပတ်ကြည့်နေမိသည်။

"ကျေးဇူးတင်လိုက်တာ ကိုတွတ်ရယ်၊ ဒါရီထွေးအတွက် ပထမဦး ဆုံးပိုင်ရတဲ့ ဖိနပ်လေး၊ အရင်တုန်းက ရီထွေးမှာ ဖိနပ်မှမရှိတာ"

"ကဲပါ ရီထွေးရာ၊ စိတ်ညစ်စရာတွေ ပြောမနေစမ်းပါနဲ့ စီးလို့ရ လား၊ အနေတော်ပဲလားဆိုတာ ကြည့်ရအောင် စီးကြည့်စမ်း၊ ရတော့ရမှာ ပါ၊ တို့သေသေချာချာ ကြိုးသိုင်းများများနဲ့ လုပ်ခဲ့တာ။

ကိုတွတ် ကူစီးပေးနေသည်ကို ကျေနပ်နှစ်သိမ့်လို့ နေမိသည်။ ကို တွတ်စေတနာကြောင့် ထင်ပါရဲ့။ ကြိုးသိုင်းတွေကြားမှာ အရုပ်ဆိုးလှတဲ့ ခြေထောက်လေး ပျောက်သွားသလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းလေးတော့ ကြီးသွားတယ်နော်၊ တို့ ဟိုနေ့က ရိုထွေး ခြေထောက်ကို မှန်းကြည့်တော့ ပတ်တီးတွေပေါ်က မှန်းရတာကို၊ ကိစ္စမ ရှိပါဘူး၊ နောက်ဖိနပ်တွေကျမှ အံကျလုပ်မှာပေါ့"

ကြည့်စမ်း ကိုတွတ်ရယ်။ ဟိုနေ့က ရိုထွေးခြေထောက်ကို သေချာ ကြည့်နေတာ ဒါ့ကြောင့်ကိုး။ နောက်ထပ်ဖိနပ်တွေလဲ ရိုထွေးကို လုပ်ပေး ဦးမယ်ဆိုတော့ ကိုတွတ်နဲ့ ရိုထွေးလဲ နောက်ထပ်တွေ့ရဦးမယ်ဆိုတဲ့ သဘော ပေါ့နော်။ ဘာဖြစ်လို့ ရိုထွေးကို ဒါလောက် ခင်မင်နေရတာလဲဟင်။

* * *

"ကဲ...အဖေ၊ ယုံပြီလား"

အဖေ့ရှေ့မှာ ရိုထွေး ခပ်ကြွားကြွား လျှောက်ပြလိုက်သည်။ အဖေက ရိုထွေးကို မယုံနိုင်သလိုကြည့်ယင်း အံ့သြဝမ်းသာနေသည်။

"ဟုတ်ပါ့ကွာ၊ ကဲ...ပြစမ်း၊ ပြစမ်းပါဦး...အဖေ့ကို"

အဖေက ရိုထွေး ခြေဖဝါးလေးတွေကို သေသေချာချာ ကိုင်ကြည့် သည်။

"အို...ခွဲကြောင်းရာတွေက နည်းတာမဟုတ်ပါလား ဟေ့၊ အေး ငယ်ငယ်တုန်းက နင့်အမေ လက်တည့်စမ်းတဲ့ အမာရွတ်တွေကိုက နည်း မှ မနည်းတာ၊ နင့်အမေရှိလို့ကတော့ဟေ့၊ ဝမ်းသာလိုက်မယ့် အမျိုး"

ဝမ်းသာ ဝမ်းနည်း ဖြစ်နေသော အဖေ့ကို 'ပတ်တီးဖြေတဲ့နေ့က ရိုထွေးအဖေ့ကို မျှော်သေးတယ်။ ခု တစ်ပတ်တောင် ရှိနေပြီ'ဟု စကား လွှဲလိုက်ရသည်။

"အဖေ၊ နည်းနည်း နေမကောင်းလို့ကွ၊ ဆိုင်တောင် တစ်ပတ် လောက် ပိတ်ထားလိုက်ရတယ်၊ ဆူဆူပူပူနဲ့ပဲ ဟိုကောင်ပြုစုတာ ခံရတာ ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောမှပဲ အဖေ့ကို ရီထွေး သေချာကြည့်မိသည်။ အဖေ့ မျက်နှာတွေကို တအားချောင်ကျနေသည်ပဲ။

"သိပ်ဝမ်းသာနေပြီလား ဘကြီး၊ မျက်နှာကိုပြုံးလို့"

အဖေ့ကို အော်ပြောရင်း ဆရာမသွဲ့က အခန်းထဲဝင်လာ၏။

"ဟုတ်ပါရဲ့ ဆရာမရာ၊ မယုံနိုင်စရာပါပဲ၊ ဒါနဲ့ ဆေးရုံကော ဘယ်တော့လောက်ဆင်းရမလဲ"

အဖေ့အမေးကြောင့် ဆရာမက သဘောကျစွာ ရယ်သည်။

"လုပ်ပြန်ပြီ ဘကြီးကလဲ၊ ဒီတစ်ခါတော့ အဖေတွင်မဟုတ်ဘူး ထင်တယ်၊ သမီးကရော ပြန်ချင်ပြီထင်တယ် ဟုတ်လား၊ ခုပဲ အဲဒါပြောမလို့ ကျွန်မဝင်လာတာ၊ ဆရာကြီးက မနက်ကပြောသွားတယ်၊ ဆင်းလို့ရပြီတဲ့"

ဆရာမစကားကြောင့် ဘာလို့မှန်းမသိ၊ ရီထွေးရင်ထဲ ထိတ်ခနဲ တုန်လှုပ်သွားမိသည်။ အဖေ့မျက်နှာကတော့ ချက်ချင်းပြုံးရွှင်သွားကာလှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"ကဲ...ဒီလိုဆိုလဲ၊ ခုပဲ ဘကြီးခေါ်သွားတော့မယ်ကွာ၊ ဘယ့်နှယ်တုန်း ဆရာမ၊ ဟော"

"ဟော...ပြောလို့မှ မဆုံးသေးပါလား ဘကြီးရဲ့၊ ဒီလိုလုပ်လေ၊ ဆရာကြီးဆီမှာ သွားပြောလိုက်ဦးလေ"

ဘုရားရေ၊ အဖေကတော့ လုပ်ပြီ။ ဆရာမလေးနှင့်အတူ ဆရာကြီးရုံးခန်းသို့ လိုက်သွားပြီ။ အို...ညနေဆို ကိုတွတ်လာရှာမှာ၊ ဒီနေ့ ရီထွေးကို သူတို့ အိမ်လည်ခေါ်မည်တဲ့။ မယ်လမုဘုရားထဲထိ လမ်းလျှောက်သွားမည်တဲ့။ မယ်လမုဘုရားနဲ့ သူတို့အိမ်က အနီးလေးရယ်တဲ့။ ဒုက္ခပါပဲ။

"သမီးရေ ရတယ်ဟော့၊ လုပ်...လုပ်၊ သိမ်း...သိမ်း ပစ္စည်းတွေ၊ အဖေ လက်မှတ်ထိုးခဲ့ပြီ။ နောက်ပြီး ဆရာကြီးကို သမီးကန်တော့ချည်

www.burmeseclassic.com



အုံး၊ ဟို ဆောင့်တဲ့ ကလေးမရော မလာဘူးလား၊ သူ့ ရှင်းစရာ လင်းစရာ ရှိသေးလား"

ပျော့်ရှင်နေသော အဖေ့ကို ရီထွေး ဘယ်လိုလုပ်တားရမည်လဲ။ ဘယ်လိုလုပ် ပြောရမည်လဲ။ တုန်တုန်ယင်ယင်နှင့် ပစ္စည်းတွေ ကောက်ထည့်နေသော အဖေ့ကိုလဲ ရီထွေး သနားသည်။ ကိုတွတ်ရယ်၊ ခုနေရင်လဲ လာလိုက်ပါတော့။ ရီထွေး ငိုင်နေဆဲ မမိရောက်လာသည်။

"ဟင်...မရီထွေး ဆင်းတော့မယ်"

"ဟုတ်တယ် ကလေးမရေ၊ ပစ္စည်းလေးဘာလေး ကူသိမ်းပေးပါဦးနော်၊ ဘကြီး ကားသွားငှားဦးမယ်"

အဖေ ထွက်သွားသွားချင်း မမိကို အလောသုံးဆည် မေးမိသည်။

"မမိတို့အိမ်နဲ့ ကိုတွတ်တို့အိမ်နဲ့ နီးလားဟင်၊ မမိ"

"မနီးဘူးလေ မရီထွေးရဲ့၊ ဒါပေမယ့် မှာခဲ့လေ၊ ကိုတွတ်လာရင် မမိ ပြောလိုက်မှာပေါ့"

ရီထွေးက ဘာမှာရမည်လဲ။ အိမ်ကိုလာလည်ဖို့လဲ မမှာရဲတဲ့ဘဝ။

"မှာစရာရယ်လို့ မရှိပါဘူး မမိရယ်၊ ကိုတွတ်ကို နှုတ်ဆက်ချင်တာပါပဲ၊ ရီထွေး နှုတ်ဆက်သွားတယ်လို့သာ ပြောလိုက်နော်၊ မမိ"

မမိက စိတ်မကောင်းဟန်ဖြင့် "အေးပါ၊ မရီထွေးရယ်"ဟု ပြောပြီး ပစ္စည်းတွေကို ထုပ်ပိုးပေးသည်။

ဆရာကြီးနှင့် ဆရာမတွေကို နှုတ်ဆက်ပြီး ကားပေါ်မှာ ထိုင်မိသည် ထိ ကိုတွတ်၏ အစအနကိုမမြင်ရသေး။ အို...ခုနေလာလို့ကတော့ ဘာဖြစ်ဖြစ် ရီထွေးနှုတ်ဆက်မှာပဲ။ အစ်ကိုသိန်းထွန်းမှ မပါတာ။ ဒါပေမယ့် ကားထွက်ခဲ့သည်အထိ ကိုတွတ် ရောက်မလာခဲ့ဘူးကွယ်။

"ညည်းအဒေါ်တို့လည်း တွေ့ရင် ဝမ်းသာကြမှာ၊ အနွဲ့တို့ဆီလည်း စာရေးရဦးမယ်၊ အမြိုင်တို့ကတော့ နီးပါတယ်၊ သမီးသွားလည်လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အခေ တတွတ်တွတ်ပြောနေသည့် စကားတွေကို ခေါင်းညိတ်ရင်း ကားနောက်မှီပေါ်မှာ မျက်စိတွေမှိတ်ထားမိသည်။ အရင်တုန်းက ရီထွေးတွေးပျော်ခဲ့တဲ့ ဆေးရုံအပြန်လမ်းမှာ ရီထွေးဘာလို့ စိတ်တွေမကြည်မလင်ဖြစ်နေရတာလဲ။ မျက်လုံးတွေကို ဖြတ်ခနဲ ပြန်ဖွင့်ပစ်လိုက်သည်။ အို ..ဟိုမှာ ကိုတွတ်မဟုတ်လား။ မီးခိုးရောင် တိုက်ပုံကလေးသည် ရီထွေးတို့ကားကို ကျော်ပေးလျက် ဆေးရုံသွားသည့်လမ်းဘက်ကို တရွေ့ရွေ့လျှောက်နေသည်။ ကိုတွတ်ရေဟူသော အသံက ရီထွေး လည်ချောင်းထဲမှာပင် ပျောက်ကွယ်သွားကြသည်။ ကိုတွတ်ရယ် ဘယ်တော့များမှ ရီထွေးတို့ ပြန်တွေ့ကြမှာလဲ။

* * *

ကန်စွန်းခင်းသည် မျက်စိတစ်ဆုံး စိမ်းမြနေသည်။ ရှည်လျားသောသံလမ်းဘေးမှနေ၍ ရထားလမ်းတစ်လျှောက်ကို လျှောက်သွားမိသည်မှာ အကြိမ်ကြိမ်။ အလုပ်တွေလုပ်ရလျှင် ကျင့်သားရနေအောင်လေ။ နောက်ပြီး အခန်းကျဉ်းလေးထဲမှာနေရင်း ထွေပြားသော စိတ်တွေကို လွှင့်ချင်ရာလွှင့်ဖို့အတွက် လွတ်လပ်ကျယ်ပြန့်သော ကွင်းပြင်ရှိရာကို ရီထွေး ညနေတိုင်းထွက်လာမိသည်။ ရီထွေး၏ မျိုးစုံ ထွေပြားသော စိတ်များထဲမှာ အဖေ့ကို သံနားခြင်းနှင့်အတူ ကူညီလိုခြင်းတို့က ရှေ့ဆုံးမှာပါသည်။ ဒါပေမယ့် တကယ့်တကယ်ကျ မလွယ်လှပါလား။ အရင်တုန်းက ရီထွေး အားရပါးရ ကြုံးဝါးခဲ့သည်။ ဟောဒီမြေကြီးပေါ်မှာ လွတ်လပ်စွာ လျှောက်သွားနိုင်စမ်း...ရီထွေး ဘယ်ဘဝကိုပဲဖြစ်ဖြစ် ရင်ဆိုင်ပစ်မယ်လို့လေ။ဟော ကယ်တမ်း ခု ရီထွေးရင်ဆိုင်နေရတဲ့ဘဝက အဖေ့ မနက်ဆိုင်ထွက်ခါနီး သကြားရည် နည်းနည်းလေးကျိုပေးရတာ၊ မြေပဲလှော် နည်းနည်းလေး အခွံချွတ်ပေးရတာ။ ပလတ်စတစ်ခြင်းတောင်းထဲမှာ သကြားဖုံး၊ ကလေး

www.burmeseclassic.com



ကစားစရာ အအေးဆိုင်လေး ထွက်တာကျနေတာပဲ။ အဖေနှင့် အစ်ကိုသိန်းထွန်း ကြက်တစ်ဖက် ခြင်းတစ်ဖက်နှင့် ထွက်သွားသည်ကို အားမလို အားမရ ငေးကြည့်နေခဲ့ရသည်မှာလဲ အကြိမ်ကြိမ်။ ညနေ အဖေတစ်ယောက်တည်း ပြန်လာတာကို ဆီးကြိုရင်း အဖေ့ပိုက်ဆံဗူးထဲမှ ဆယ်တန်တစ်ရွက်နှင့် အကြွေလေး နည်းနည်းကို ဖွင့်ကြည့်ပြီး စိတ်မောရတာလဲမနည်းတော့။

လဆန်းရက်မှာ အစ်မခင်တင့်တို့ အခန်းရှေ့မှာ စကားမရှိစကားရှာကာ သွားရပ်ပြီး ငွေလေးဆယ်ကို မျှော်လင့်နေတတ်သော အဖေ့ကို ရီထွေး မမြင်ရက်။ ဒါပေမယ့် ယောကျ်ားရင့်မကြီး အစ်ကိုသိန်းထွန်းကတော့ မြင်ရက် ကြည့်ရက်သည်။

ရီထွေးမှာသာ အခန်းလခ လေးဆယ်သာ ပုံမှန်ဝင်ငွေရှိသောကိုယ့်အခြေအနေကို အဖေနှင့်အတူ မျှဝေခံစားရသည်။ ပူပန်ရသည်။ ရီထွေးငွေတစ်ထောင်ထဲမှ ပိုသော ပိုက်ဆံသုံးရာကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ရီထွေး အလုပ်လုပ်ဖို့ စဉ်းစားရသည်။ ဒါပေမယ့် တကယ်ကျတော့ ရီထွေးအဖို့ မမိပြောသလိုအလုပ်တွေလဲ မရှိပါလား။ စာလုံးပေါင်းရုံသာ တတ်တတ်သော ရီထွေးအနေနှင့် ပညာနှင့် လုပ်စားဖို့ကလဲ အဝေးကြီး။ ကျက်တာက အဖေကလဲ ရီထွေးကို မလုပ်စေချင်ရှာ။ အဖေ့ကို သနားတာနဲ့ သြော်တာနဲ့ပဲ ရီထွေး မှုန်ဝါးဝါးဘဝမှာ နေရလိမ့်မယ်နော်။

ဆေးရုံက ပြန်လာကာစကလဲ အမေ စုဆောင်းထားခဲ့သော အိုးခွက်၊ ပန်းကန်တွေ လျော့နည်းတာ၊ ပစ္စည်းတချို့ပျောက်နေတာကို အဖေ့ရဲ့ တောင်းပန်သောမျက်လုံးတွေကြောင့် ရီထွေး ရေငုံနှုတ်ပိတ်ခဲ့ရပြီ။ အစ်အိမ်လုံးမှာ ဖွာဆန်ကြဲကာ နံစော်သော ကြက်ချေးတွေကိုလဲ ရေဝတ်ရင်း တိုက်ချွတ်ဆေးကြောခဲ့ရပြီ။ တကယ်ပါပဲ။ အဖေ့လို အဖေမျိုးနှင့် အစ်ကိုသိန်းထွန်းလို သားမျိုးကတော့ ရှာမှ ရှားပါပဲ။

နည်းနည်းမှောင်လာသဖြင့် အိမ်ဘက်သို့ ပြန်လျှောက်ခဲ့သည်။ ဆိမ်းမျှားပင် လင်းလက်လာကြပြီ။ မီးပွင့်များကိုကြည့်ပြီး ဘာမဆိုင် ညာ



www.burmeseclassic.com

www.burmeseclassic.com



မဆိုင် ကိုတွတ်ကို သတိရမိသည်။ ဟောဒီကမ္ဘာမှာ ရှိထွေးအတွက် ရှား ပါးလှတဲ့ အလုပ်တစ်ခုကို တွေ့ရတာနဲ့ပဲ ကိုတွတ်ကိုတောင် မေ့နေမိခဲ့ တယ်ကွယ်။ ခုချိန်ဆို ညာတတ်တဲ့ ကောင်မလေးဆိုပြီး ရှိထွေးကို သူ မေ့လိုက်ပြီလား။

* * *

"အမယ်လေး၊ ဒီတစ်ခေါက်လာရတာတော့ သေချင်စော်နံတယ်အေ၊ ပြောချင်ဘူး၊ ဟိုကောင်မ ညှိအေးနဲ့ အဖော်လုပ်လာပါတယ်၊ တထိတ်ထိတ် တလန့်လန့်နဲ့၊ ရန်ကုန်ဆိပ်ကမ်းရောက်မှပဲ အလုံးကြီးကျတော့တယ်၊ ဒီကောင်မက ကိုကြီးစံသမီး ဆယ်တန်းကျနေတဲ့ ကောင်မဟာလေ၊ ကို လှမောင်၊ ရှင် မှတ်မိလား"

ခရီးရောက်မဆိုက်မှာပင် အဒေါ်အသံက တစ်အိမ်လုံး စီစီလှုပ်နေ သည်။ သူပြောချင်ရာတွေ ပြောရာက အဖေ့ကိုလဲ လှည့်မေးလိုက်သေး သည်။ ဆံပင်တွေကို ဖြေချပြီး ခေါင်းရှင်းရင်းက ဆက်ပြောပြန်သည်။

"အဲ...အဲဒီကောင်မက ရွာကနေ ရန်ကုန်ကို ဆန်တို့ ငှက်ပျောတို့ ချနေတာကြာပြီ၊ ဒီအိမ်သာ မလာတာ၊ ဆယ်တန်းဆက်ဖြေခိုင်းလို့လဲ မ ရဘူး၊ တစ်ခေါက် တရာမျိုး ကိုးဆယ်မျိုးတော့ ကျန်တာပေါ့လေ၊ အို- တို့ကတော့ သိန်းချီမြတ်မြတ် မလုပ်သေးဘူး၊ ဟိုလူ့ကြောက်ရ ဒီလူ့လန့် ရ ဘယ်သူ့ အဖေခေါ်ရမှန်း မသိဘူး၊ အမယ်...မမကတော့ အပျိုလေးတန်း နဲ့မကြောက်ဘူးတော့၊ တို့တော့ ကြောက်ပါ့အေ၊ ငါ့ဟာငါ အစိုးရသင်္ဘော လိုက်ခဲ့ရင် အအေးသားနဲ့။ အဖော်ခင်ပြီး သူတို့ ကြားသင်္ဘောနဲ့ လိုက်ခဲ့မိတာ အိပ်ကောင်းခြင်းလည်း မအိပ်ရဘူး၊ ဟာ တော်ကြာ ဟိုဆိပ်ကမ်းဆိုက် တာတ်မီးတွေ ဝင်းခနဲ၊ ဒီဆိပ်ကမ်းဆိုက် ဝင်းခနဲနဲ့ ရွာပွဲရေးတွေလေ အမယ်လေး...မယ်မင်းကြီးမတွေကတော့ သိုးလိုတော့ မော်တော်နှာမည်

www.burmeseclassic.com

www.burmeseclassic.com



တော့ 'ချမ်းသာပါစေတဲ့၊ တင်လာတဲ့ ဆန်အိတ်တွေက မော်တော်မြုပ်မတတ်၊ နစ်လိုက်လို့ကတော့ ချမ်းသာဖို့ဝေးလို့ အိုး...တစ်ခါတည်း"

သူ့ဝသီအတိုင်း တပေါက်ပေါက်နှင့် မဆုံးအောင်ပြောတတ်သော အဒေါ့်စကားတွေကို ဘယ်တုန်းကမှ ရိုထွေး စိတ်မဝင်စားခဲ့ပေမယ့် ခု တစ်ခါတော့ ဂရုတစိုက် နားထောင်နေမိသည်။ 'ညိုလေး ဒီလာဦးမလား အဒေါ်'ဟု စိတ်ဝင်စားစွာ မေးမိသည်။ အဒေါ်က ငေါ့တော့တော့လေသံနှင့် 'လာဦးမတဲ့၊ လာဦးမတဲ့'ဟု ပြောပြီး နောက်ဖေးဆင်းသွားသည်။

ငယ်ငယ်တုန်းက ခဏခဏလာလည်တတ်သော ညိုလေးကို ရိုထွေးသိသည်။ ညိုလေးတို့ အဒေါ်တို့ အမေ့အမျိုးတွေက အမေ့ဇာတိ 'အစည်းကလေး'မှာ နေကြပြီး အဖေ့အမျိုးတွေက အဖေ့ဇာတိ'မြင်းကကုန်း' မှာ။ 'အစည်းကလေးရွာ'က မြင်းကကုန်း၏ တစ်ဘက်ကမ်းကို ကူးရသည်တဲ့။ ရိုထွေးကတော့ တစ်ခေါက်မှ မရောက်ဖူးပေ။ အစည်းကလေး'တို့ 'မြင်းကကုန်း'တို့ကို ရောက်ဖူးချင်တာထက် ဆယ်တန်းထိရောက်သော ညိုလေးအလုပ်ကို တစ်တန်းမျှမတတ်သည့် ရိုထွေး ပိုပြီး စိတ်ဝင်စားသည်။

ဟုတ်ပြီ...ဟုတ်ပြီ။ ဒါမှ အဖေကနားရမှာ။ ကိုယ့်အကြံနှင့်ကိုယ် ကျေနပ်နှစ်သိမ့်စွာနှင့် အဖေ့ကို အကဲခတ်လိုက်သည်။ ပြီးမှ လေသံပေါ့ ပေါ့နှင့်...

"အဒေါ်ပြန်ရင် ရိုထွေး အလည်လိုက်သွားဦးမှပဲ အဖေ"

"အေး ...ကောင်းသားပဲ ညည်းတစ်ခေါက်မှ မရောက်ဖူးသေးတာ"

လိုလိုချင်ချင် ပြောလိုက်သော အဖေ့စကားသံကြောင့် ရိုထွေး ပျော်သွားသည်။ ခေါင်းအုံးကြားမှာ ပလပ်စတစ်နှင့် သေချာစွာထုပ်ထားသော ဆယ်တန်းအနီလေးတွေကို အရင်းအနှီးအတွက် ပြန်၍ရေတွက်ရ ဦးမည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



'ရောဝတီ'က မြစ်လယ်ခေါင်မှာ မှန်မှန်ကြီး ခုတ်မောင်းနေ၏။ လူတွေကြားထဲမှ ကျဉ်းမြောင်းလှသော နေရာလေးမှာ ထိုင်ရသည်က ရီဝေ့း၏ အခန်းကျဉ်းလေးထဲမှာလောက် စိတ်မကျဉ်းကျပ်ပေ။ ပတ်ဝန်းကျင် အသစ်အဆန်းတွေကြားမှာ ရီဝေ့း ပျော်နေသည်။ လူသံ၊ သူသံတွေ ဆူညံစမ်းပါစေ။ လူတွေကြားထဲမှာ ဒီလိုရောနှောပါဝင်ခွင့်ကို ရီဝေ့း ဘယ်လောက်မျှော်မှန်းခဲ့ရလဲ။

"အဒေါ်ကြောင့်မို့ပေါ့ အစ်မရီဝေ့းရာ၊ ကျွန်မက အစိုးရမော်တော်နဲ့ ပြန်ချင်တာမဟုတ်ဘူး၊ ခု'ပြန်ကုန်' ဘာမှမတင်ခဲ့ရတော့ဘူး၊ အလာတုန်းက 'ချမ်းသာပါစေ'နဲ့ ပြောထားခဲ့ပြီးသား' ဒီနှစ်ပုံးလောက်တော့ အပြန်ဆွဲမယ် စိတ်ကူးတာ"

ညိုလေးက အဒေါ်မကြားအောင် ခပ်တိုးတိုး ညည်းညူသည်။ ရီဝေ့းထက် ငယ်ပေမယ့် ညိုလေးက နည်းတဲ့အရပ်ကြီးမဟုတ်။ ဘဏ်ကောင်းမည့် သူ့နားရွက်ကားကားလေးတွေကို ငေးကြည့်ရင်း...

"ညိုလေး ဆယ်တန်းမဖြေတော့တာ ဘယ်နှစ်နှစ် ရှိပြီလဲ"

"အင်း...နေပါဦး၊ တစ်နှစ် ကျပြီးကတည်းက မဖြေတော့တာ ခုနှစ်ဆယ့်နှစ်ထဲက မဖြေတာလေ၊ ခုဆို သုံးနှစ်ရှိပြီပေါ့"

"ဟင်...ဒါဖြင့် ညိုလေး ဆက်ဖြေလို့ရတာပဲ၊ မဖြေတော့ဘူးလား"

"အို...ဘာလုပ်မှာလဲ၊ အစ်မကလဲ၊ ကျွန်မ စိတ်မပါတော့ဘူး၊ ဒါတွေထားစမ်းပါ၊ အစ်မခု အရင်းဘယ်လောက်လောက်ပါလဲ တွက်ကြည့်ရအောင်"

ဆယ်တန်းကျောင်းသူကြီး ညိုလေးက ရီဝေ့းပိုက်ဆံနှင့် ဆန်ဘာနှစ်အိတ်ရမည်ကို မျက်စိများကို မှေးစင်းလျက် သူ့ပညာကို ကောင်းကောင်း အသုံးချနေသည်။

"အင်း...မဆိုးပါဘူး အစ်မငွေက နှစ်ရာ့ရှစ်ဆယ်ဆိုတော့ အသုံးနဲ့ ဘာနဲ့ နှစ်ရာ့ငါးဆယ်ပဲထားလိုက်၊ ဆန်သုံးအိတ်လောက်တော့ရမယ်

www.burmeseclassic.com



ဒီရောက်ရင် သုံးအိတ်ကို ခြောက်ဆယ်လောက်မြတ်မယ်၊ အစ်မ သုံးရာလောက် ရင်းနိုင်ရင်ကောင်းမှာ၊ ဆန်သုံးအိတ်ဝယ်ပြီး ကျန်တာ ငှက်ပျောခိုင်ဝယ်လိုက်၊ ငှက်ပျောခိုင်က အရင်းသေးပြီး အမြတ်မှာများတယ် အစ်မရ၊ တန်ဆာခလဲ တစ်ခိုင်မှ တစ်ကျပ်ပဲ၊ ဟိုက တစ်ခိုင်ကို ငါးကျပ်နဲ့ဝယ်၊ တန်ဆာခက တစ်ကျပ်၊ ခြောက်ကျပ်၊ ဒီမှာကျတော့ တစ်ခိုင်တစ်ဆယ် အသာလေးပဲ၊ ဒီ့ထက်မြတ်ချင်ရင် ကမ်းနားထိုင်ပြီး တစ်ဖီးချင်းလက်လီရောင်းလိုက်၊ တစ်ခိုင်ဆယ့်ငါးကျပ်ရမယ်၊ ဒါတွေ နောက်တော့ အလုပ်ကသင်သွားမှာပါလေ၊ ခုတော့ အစ်မ ဆန်နဲ့ပဲစပေါ့"

ဆရာမကြီး ညိုလေးသင်သမျှတွေကို ရီထွေး အငေးသား နားထောင်ရသည်။ အခေါက်ကတော့ ရီထွေးတို့ကို ဂရုမစိုက်နိုင်ဘဲ သူ့ဘေးကမိန်းမနဲ့ နေရာလုပွဲ ကျင်းပနေသည်။ သူ့ပလတ်စတစ်ခင်းပေါ် အုပ်ခင်းထားသော ဟိုဘက်ကစောင်အစကို ဟိုဘက်ခေါက်ပို့လိုက် ဟိုမိန်းမကလဲ စောင်ကို ပြန်အုပ်ချလိုက်နှင့် ကြာလျှင် အခေါ် ဟောင်ဖွာဟောင်ဖွာသံ ကြားရတော့မည်။

"'အစည်းကလေး'ကို ဘယ်အချိန်ရောက်မလဲ ညိုလေး"

"မနက်စောစောပေါ့၊ မြင်းကကုန်းကို အရင်ရောက်မှာလေ၊ ပြီးမှ 'အစည်းကလေး'ကို ကူးရမှာ၊ အစ်မ ရွာမှာဘယ်နှစ်ရက်နေမှာလဲ၊ ကျွန်မကတော့ ချက်ချင်းပြန်လိုက်မှာ"

"ညိုလေး၊ နောက်တစ်ခေါက်ပြန်လာတော့မှ တို့လိုက်မယ်လေ၊ တော်ကြာ အခေါက ပွည် ပွည် ဖြစ်နေဦးမယ်"

ညနေ လေးနာရီ ရန်ကုန်မှ ထွက်ခဲ့တာဆိုတော့ ကျိုက်လတ်ရောက်တော့ မိုးချုပ်လှပြီ။ အခေါကတော့ စိတ်ချလက်ချ အိပ်တော့သည်။ အသစ်အဆန်းဖြစ်နေသော ရီထွေးကတော့ အိပ်မပျော်ပေ။ ညိုလေးကလည်း သူ့လွယ်ဆိတ်ထဲက စာရင်းစာအုပ်လေးထုတ်ကာ ခဏမျှရေးမှတ်ပြီး အိပ်လိုက်သည်မှာ တရှူးရှူး။ ရီထွေးကတော့ မော်တော်ဆိပ်ကမ်းတစ်ခုကပ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်း အဒေါ်ပြောသည့် လက်နှိပ်စာတတ်မီး တဝင်းဝင်းတွေကို စောင့်ကြည့်မိသည်။ ရောဝတီမို့လားမသိ လက်နှိပ်ဓာတ်မီးတွေက မော်တော်ပေါ်ထိတက်မလာကြပေ။ ဓာတ်မီး တစ်ချက်နှစ်ချက် ယမ်းထိုးလိုက်ပြီး မော်တော်သမားတွေနှင့် အချင်းချင်း အော်ဟစ်နောက်ပြောင်ပြီး ပြီးသွားတော့သည်။

တရေးနိုး နိုးလာသော အဒေါ်က "ဟဲ့...အိပ်ပါတော့လား၊ ဘာလုပ်နေတာလဲ" ဟု ငေါက်သော်လည်း ရီထွေးမအိပ်နိုင်။ သည်လမ်းခရီးကို ရီထွေးလေ့လာရမည်လေ။ ဘယ်ကာလထိအောင် ကျင်လည်ရမှန်းမသိသည့် ရီထွေး၏ ဘဝသစ်တစ်ခုပေပဲ။

* * *

"ဟဲ့ နေတာမှ ဘယ်နှစ်ရက်ရှိသေးတုန်း ရီထွေးရယ်၊ အပြီးသတ်တော့ ညည်းက အလည်လိုက်ချင်လို့မှ မဟုတ်တာ၊ ညိုလေးဆိုတဲ့ကောင်မကိုတောင်မှ ပြောလို့မရလို့ ကြည့်နေရတာကို၊ ပေါ့ပေါ့လေးနဲ့ ပိုက်ဆံရချင်တဲ့မိန်းမတွေ သွားကြ၊ ထောင်ထဲရောက်မှ အမယ်လေး...အဘလေးမတ,နဲ့"

အဒေါ် ဆူသံပူသံတွေကြားမှာ ရီထွေးနှင့် ညိုလေး ရေဆိပ်ဘက်ဆီသို့ သုတ်ခြေတင်ခဲ့ကြသည်။ "ချမ်းသာပါစေ"က မြစ်လယ်မှာ ဟွန်းသံပေးနေပြီ။ စက်ရှိန် လျှော့ချလိုက်ပြီ။ အဒေါ်ပြောသလို ပေါ့ပေါ့လေးနှင့် ပိုက်ဆံရသော အလုပ်မဟုတ်သည်ကိုတော့ အစည်းကလေးဆိပ်ကမ်းမှ သမ္ဗာန်လေးထွက်ခွာသည်မှစ၍ သိသည်။ ရီထွေးတို့နှစ်ယောက်ပေါင်ဆန်အိတ်ဆယ်လုံးကို မနိုင်ဝန်ထမ်းထားသော သမ္ဗာန်လေးမှာ တလှုပ်လှုပ်တလိမ့်လိမ့်နှင့်။ ညိုလေး၏ မောင်ငယ်လေး မနည်းထိန်းလှော်နေရသည်။ ရေမကူးတတ်သော ရီထွေး အသက်အောင့်ထားရသည်။ မြစ်လယ် နှစ်နာရီဆိုတော့ ချွေးကလဲ တပြိုက်ပြိုက်။

www.burmeseclassic.com

www.burmeseclassic.com



မြစ်လယ်မှာ စက်ရှိန်လျော့ပြီး ဟွန်းသံပေးနေသော မော်တော်ဆီသို့ လော်လာကြသော သမ္ဗာန်လေးတွေက မြစ်ပြင်အပြည့်။ ကင်းလွတ်ကုန်မဟုတ်သည့် ဆန်အိတ်တွေအပြည့်နှင့် တက်ညီလက်ညီ လော်ခတ်လာနေကြသည်မှာ ကြည့်လို့ပင် ကောင်းသေးတော့သည်။ "မြင်းကကုန်း"ဘက်သို့ ညီလေးပြန်လာပြီး နောက်တစ်နေ့ ဆန်ဝယ်သွားတုန်းကလဲ သည်သမ္ဗာန်လေး တလှုပ်လှုပ်နှင့် ကြောက်လိုက်သည်မှာ လွန်ရော။ နောက်တော့လည်း ရိုးသွားမှာပေါ့လေ။ ဒါပေမယ့် အခန့်သင့်လျှင် ညီလေးဆီမှာ ရေကူးသင်ထားရမည်။ မနှစ်တုန်းက မော်တော်တစ်စင်း ကုန်တွေ များလွန်းပြီး နစ်သွားခဲ့သေးသည်တဲ့။ ရေကူးတတ်လျှင်တော့ မသေနိုင်ပေမယ့် ရီထွေးလို မကူးတတ်သည့်လူမျိုးကတော့ သေမှာအသေအချာ။ ခုလဲကြည့်ဦး။ ကုန်တွေက မော်တော်သေးသေးလေးနှင့် မလိုက်။ ပြည့်နက်နေသည်။

ခေါင်မိုးပေါ်မှာလဲ အုန်းသီးအိတ်တွေ၊ ငှက်ပျောခိုင်တွေ၊ ဘဲဥသေတ္တာတွေနှင့် နေရာလပ်မရှိအောင် ပြည့်နေသည်။ လှေလေးတွေက မော်တော်နားကိုကပ်သည်က ကျွမ်းကျင်လို့သာ။ နို့မို့ဆို ဆန်အိတ်အတင်အချနှင့် ဝေါခနဲ နစ်သွားနိုင်သည်။

မော်တော်နား လှေတွေကပ်သည်နှင့် မော်တော်သမားတွေနှင့် လှေပေါ်ကလူတွေ၏ အပြိုင်အဆိုင်အော်ဟစ် နောက်ပြောင်သံတွေက ဆူညံနေသည်။ မော်တော်သမားတစ်ယောက်က လှေပေါ်က ခပ်ရွယ်ရွယ်မိန်းမတစ်ယောက်ကို ဆွဲတင်ပြီး တင်ပါးကိုလက်ဝါးနဲ့ ဖျန်းခနဲ ပုတ်လိုက်တာ မြင်ရသည်။ မိန်းမငယ်၏ မအေ၊ နှစ်မ ကိုင်တုတ်သံတွေ ဆူညံသွားသည်။ ဒါပေမယ့် သူ့မျက်နှာကတော့ အပြုံးမပျက်ပေ။

"အစ်မရီထွေး လာလေ၊ ကျွန်မလက်ကို လှမ်းဆွဲတက်လိုက်"

မော်တော်ပေါ်သို့ လှားခနဲရောက်သွားသော ညီလေးက လက်ကမ်းပေးသည်။

www.burmeseclassic.com



"အမယ်လေးညိုလေးရ နေရာသာ အရင်သွားဦးချည်ပါ၊ သူ့တာဝန် ငါယူလိုက်ပါ့မယ်ဟာ"

"သေချင်းဆိုးကြီး လူကြည့်ပြော၊ ဘယ်လိုအစားထဲက မှတ်နေတုန်း၊ ရေထဲကို တွန်းချပစ်လိုက်လို့"

ညိုလေးလက်ကို ဆုပ်ကိုင်လျှက်က မျက်နှာစပ်ဖြီးဖြီးနှင့် အသားယူ တင်စီးနေသော မော်တော်သမားကို ရီထွေး ငေးခနဲ ကြည့်မိသည်။ အကျင့်စရိုက်ချင်း ဘယ်လိုမှ စပ်ဟပ်လို့မရနိုင်သေမယ့် မျက်နှာပေါက်က ကိုတွတ်နဲ့ တူလိုက်တာ။ ရီထွေး မော်တော်ပေါ်ရောက်လာတော့ ညိုလေးက လက်ကို စောင့်ဆွဲခေါ်သွားရင်းက

"ဘာဖြစ်လို့ ဟိုသေနာကိုကြည့်နေရတာလဲ အစ်မရဲ့၊ သေတော့မှာပဲ ဟင်း...ဟိုက ကမ်းတက်ပြီး သူ့ကိုတစ်ခါတည်း မပြောချင်ဘူး၊ အစ်မ ပညာယူစရာတွေ အများကြီးရှိသေးတယ်၊ ရှေ့လျှောက် တွေ့ပါလိမ့်မယ်၊ တွေ့ပါလိမ့်မယ်"

ထုံးထားသောလွယ်အိတ်ကို လက်ကောက်ဝတ်မှာ ချိတ်လျက် နေရာလုခင်းနေသော ကုန်သည်မကြီးဟာန်အပြည့်နှင့် ညိုလေးကို ရီထွေး သဘောကျနေမိသည်။ ညိုလေးစကားအတိုင်း ဘေးပတ်ဝန်းကျင်ကို ကြည့်ပြီး ပညာတွေယူရသည်။

"ဟော့၊ ညိုလေး၊ ဟိုဦးပိုင်းမှာ နေရာအကျယ်ကြီးရတဲ့မိန်းမကြီးကျတော့ ဟိုကောင်တွေက မပြောင်ပါလား၊ ရိုရိုသေသေဆက်ဆံသားပဲ"

ညိုလေးက မျက်နှာကိုမဲ့လိုက်ပြီးမှ လေသံနှိမ့်လျက်...

"သူက ကျွန်မတို့လို အိတ်လေးငါးလုံးလောက်နဲ့ ကုန်သည်ပွဲစား မဟုတ်ဘူး အစ်မရေ၊ အိတ်တစ်ရာ နှစ်ရာချတဲ့ အကြီးစားကြီး၊ ဒါကြောင့် ဟိုကောင်တွေ မျက်နှာမရှုံ့တာ၊ ကျွန်မတို့အတွက်ကျတော့လည်း သူတို့လို အကြီးစားကြီးတွေက ညှာပါတယ်၊ အဖမ်းခံရတဲ့အခါကျရင် အားလုံး သူတို့က စုခံလိုက်တာပဲ၊ ဒါကျ တော်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"နင်ကလဲ ဖမ်းစကားဆိုးစကား မပြောစမ်းပါနဲ့၊ ငါလုပ်တဲ့အခေါက်ကျမှ ဖမ်းမိရင်တော့"

"အမယ်လေး သူကတစ်မျိုး၊ သဘောပြောတာပါ၊ ဖမ်းတယ်ဆိုတာက အထူးရှာဖွေရေးဆိုလား ဘာလား၊ အဲဒါလာမှ၊ မကြောက်ပါနဲ့၊ အစ်မရီထွေးကလဲ၊ အဲ...အဲ...ရှေ့က 'ကြံ့ကြိုက်' ကင်း၊ အဲဒီအထွက်မှ ထမင်းစားရအောင်နော်"

ညိုလေးကသာ မကြောက်နဲ့ဆိုပေမယ့် အတွေ့အကြုံမရှိသည့် ရီထွေးက သူတို့တစ်တွေမော်တော်ပေါ် တက်လာကြတော့ ရင်ထဲမှာ တဒိတ်ဒိတ်ခုန်လာသည်။ ဒါပေမယ့် သူတို့ကတော့ ဘာမှမဖြစ်သလိုပင်၊ ဦးခန်းမှာ မော်တော်ပိုင်တို့၊ ခုနက မိန်းမကြီးတို့နှင့် ရယ်လား မောလားနှင့် နောက်ပြောင်နေကြသည်။ မိန်းမကြီးက ခြင်းထဲမှ ရဲမှည့်နေသော ပုဗ္ဗန်ကြော်ထုပ်တွေ ဝေပေးနေသည်။ မိန်းမကြီးရှေ့ချထားသော ချိုင့်ထဲမှ စားစရာတွေကိုလဲ နှိုက်စားကြနှင့် တကယ်ကို အေးအေးဆေးဆေး။

'ကြံ့ကြိုက်'က ထွက်လာတော့မှ ရီထွေးတို့ ထမင်းစားကြသည်။ ကျဉ်းလိုက်သည့် နေရာကလဲ ထမင်းထုပ်ကို ကိုယ့်ပေါင်ပေါ်ကိုယ်တင်စားရသည်။ အနားမှာ ငါးတွေထည့်လာသော သေတ္တာတွေကြောင့် ငါးညှီနံ့က တဇော့ဇော့တဝဲဝဲနှင့်။ အဒေါ်ထည့်ပေးလိုက်သော ငါးဟင်းနှင့် စားရသည်မှာ ဘယ်လိုမှ ထမင်းမဝင်တော့။ ရီးနေသော ညိုလေးကတော့ မြိန်ရည်ယှက်ရည်ပင်။ စီထားသော ငါးသေတ္တာတွေပေါ်မှာ အိပ်ယာဖြန့်ခင်းပြီး ကျောဆန့်နေသော မိန်းမကြီးကလဲ ငါးညှီနံ့နှင့် သူနှင့် ဘာမှမဆိုင်သလိုပင်။

'လှထောင်ကင်း' ကျော်လွန်သည်နှင့် အားလုံး အတုန်းအရုန်း အိပ်ကြတော့သည်။ လွယ်အိတ်တွေ၊ ပုဆိုးတွေ၊ အဝတ်ထုပ်တွေ ခေါင်းအုံးလျက် အသေကောင်တွေသဖွယ် အိပ်ကြသည်။ 'ကျုံတာ'ကင်းရောက်တော့ တရေးနိုးသူတွေ နိုးကြသည်။ ကြီးစားအိပ်ပေမယ့် ရီထွေး အိပ်မပျော်။



www.burmeseclassic.com

www.burmeseclassic.com



'ကင်း'တစ်ခုရောက်တိုင်း ဝင်းလက်သော ဓာတ်မီးတွေကို အလာတုန်းက လေ့လာသူအနေနဲ့သာ ကြည့်ခဲ့သော်လည်း ခု အပြန်မှာတော့ ပစ္စည်းဈေးနှင့် ဓာတ်မီးရောင်တွေကို မကြည့်ရဲ။ ဒီဓာတ်မီးပိုင်ရှင်တွေဟာ ကျူတာကင်းက မဟုတ်ဘဲ ညီလေးပြောတဲ့ 'အထူး'ဆိုတာတွေ ဖြစ်နေရင်ဘယ့်နှယ် လုပ်မလဲ။ ကျိုက်လတ်ရောက်တော့ အရုဏ်တက်တော့မည်။ အိပ်မှုန်စုံမွှား နှင့် ညီလေးက ထထိုင်သည်။

"ဟင်...အရုဏ်တောင် လာနေပြီ၊ ဒီပုံဆို ရန်ကုန်ဆိပ်ကို မိုးစင်စင်လင်းမှပဲ ဝင်မှာပဲ၊ အုံးသီးသည်တွေကတော့ အိပ်ဦးပေါ့ကွာ တစ်ည"

"ဘာဖြစ်လို့လဲ"

"ဒီလို အစ်မရဲ့၊ ဆိပ်ကမ်းရွာလေးတွေ အဆိုက်မများရင် ရန်ကုန်ကို အမြဲ လေးနာရီ ငါးနာရီ ပုံမှန်ဝင်တယ်လေ၊ အဆိုက်များရင်တော့ မိုးလင်းရော၊ ကျွန်မတို့ဆန်ကသာ ရတာ၊ အုန်းသီးတို့ ငှက်ပျောတို့ကျတော့ နယ်စုံကဝင်တယ်ဆိုတော့ မနက်သုံးနာရီဆို ဆိပ်ကမ်းမှာ ကုန်သည်တွေ ဆင်းဝယ်နေပြီ၊ ငါးနာရီလောက်ဆို ကုန်သည်တွေ မရှိတော့ဘူးလေ၊ အဲ ...သူတို့မမီရင် တစ်ညအိပ်၊ နောက်နေ့ စောင့်ရောင်းရတယ်၊ တစ်ရက်ပုပ်တာပေါ့ အစ်မရာ"

ညီလေးပြောသမျှတွေကို ခေါင်းတညိတ်ညိတ်နှင့် မှတ်သားရသည်။

"အစ်မ ကျိုက်လတ်မရောက်ခင် ကင်းတစ်ခု တွေ့ခဲ့တယ်မဟုတ်လား၊ အဲဒါ 'သမှဲ့ပြေကင်း'တဲ့ အဲ...ဖမ်းရင် အဲဒီကင်းမှာချည်းပဲ၊ သူက ကျိုက်လတ်နဲ့နီးတော့ ဖမ်းပြီး ရုံးတင်ဖို့ လွယ်တယ်လေ၊ ကျွန်မတောင် တစ်ခါကြုံဖူးပြီးပြီ"

"ဟင်...နင့်ဆန်အိတ်တွေ အကုန်ပါသွားရောလား"

ထိတ်လန့်သွားသော ရီထွေးကို ညီလေးက ရယ်သည်။

"ဪ...အစ်မကလဲ အကုန်တော့ မပါဘူးပေါ့၊ အိတ်ငါးဆယ် ဖမ်းတယ်ဆို အားလုံး မျှခံရတာပေါ့၊ အဲဒီတုန်းက နှစ်အိတ်ပါသွားတယ်

www.burmeseclassic.com

www.burmeseclassic.com



ရုံးတင်တာတော့ ခုန ကျွန်မပြောတဲ့ ကုန်သည်ကြီးတွေကပဲ နာမည်ခံလိုက်တယ်လေ၊ ဒီလိုပေါ့ အစ်မရာ အမြဲတမ်းတော့ ဘယ်လွတ်နိုင်ပါ့မလဲ၊ ကြောက်နေလို့လဲ မပြီးသေးဘူး အစ်မရေ၊ အရာရာသာ ကြောက်နေရင် ဘာမှ လုပ်မစားနဲ့တော့"

ညိုလေးက လူကြီးသဖွယ် ညည်းညူရင်း လွယ်အိတ်ထဲက စာအုပ်လေးကို ထုတ်ပြီး စာရင်းတွက်သည်။ တခြားလူတွေလဲ အားလုံးလိုလို နီးလာကြပြီ။ ညိုလေးလို စာအုပ်လေးတွေ ဖွင့်နေကြသည်။ ခဏကြာတော့ မော်တော်စာရေးက တန်ဆာလာဖြတ်သည်။ သွားနေ လာနေကျတွေဖြစ်နေတော့ ကျိုက်လတ်အကျော်မှပဲ ဘယ်သူ ဘယ်လောက်ဆိုတာကို တန်ဆာလိုက်ဖြတ်သည်။

"ဟောတော့ ကိုအတ္တာ အရင်အခေါက်တွေ ဆန်တစ်အိတ်ငါးကျပ်၊ အခု ခြောက်ကျပ် ဘယ်လိုဖြစ်တာတုန်း၊ ကျုပ်တို့များ ဘယ်လောက်များ မြတ်တယ် ထင်နေတုံး"

မိန်းမကြီး၏ စွာလောင်စွာလောင်သံကြောင့် ဆန်သည်အားလုံး ပွစိပွစိဖြစ်လာကြသည်။

"ပြော...ပြော ခင်ဗျားတို့ပဲပြောကြ တန်ဆာခတိုးရင် ပြောပြီ၊ ပွစိပွစိနဲ့၊ အဲ...ခင်ဗျားတို့လင်တွေလာမှ မျက်လုံးမျက်ဆံတွေ မပြူးကြနဲ့၊ ခင်ဗျားတို့ မျက်လုံးမျက်ဆန်တွေ မပြူးအောင် ကျုပ်တို့မှာ လုပ်ရတာကိုလဲ ထည့်တွက်ဦး၊ ခင်ဗျားတို့က ဆန်အိတ်သိမ်းရုံပဲ၊ ကျုပ်တို့က မထင်ရင် မော်တော်ပါ သိမ်းခံရမှာ"

အိပ်ချင်မူးတူးထလာရသော မော်တော်စာရေး၏ စိတ်တိုသံကြောင့် အားလုံး ငြိမ်ကျသွားသည်။ ခဏကြာတော့လည်း နောက်သံပြောင်သံတွေနဲ့ အတူ ဆဲသံဆိုသံတွေ ကြားညှပ်၍ တဟင်းဟင်း တဟားဟား ဖြစ်လာကြပြန်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ညိုလေး နောက်အခေါက်တွေကျ ဒီဆိုင်မရောင်းနဲ့ ဟယ်၊ 'ပြည်ချင်တွေ တအားလျော့တာပဲ"

ညောင်ပင်လေးဈေးနားမှ ဆန်ဆိုင်မှ ထွက်လာလာချင်း ရီထွေး လွှဲတ်ခနဲ ပြောလိုက်မိသည်။ ညိုလေးက ရယ်သည်။

"ကဲ...အစ်မ ဘယ်ဆိုင်ရောင်းချင်လဲ ပြော"

"အိုး...ဘယ်ဆိုင်ရယ် မဟုတ်ပါဘူး၊ မလျော့တဲ့ဆိုင်ပေါ့၊ နင်ကလဲ"

"ဟုတ်ပြီလေ၊ အဲလိုသာဆို အစ်မ ဘယ်ဆိုင်မှ မရောင်းနဲ့တော့"

ရီထွေး စိတ်ပျက်သွားသည်။ အဒေါ်ပြောသလို တကယ်ကို ဟိုကြောက်ရ သည်ကြောက်ရပါလား။ တစ်အိတ် တစ်ပြည်လျော့နေတော့ ဆယ်အိတ်ကို ဆယ်ပြည်ပေါ့။ ဆန်တစ်တင်းနီးနေပြီ။ သေရောပေါ့။

ဒါပေမယ့် အိမ်ရောက်လို့ ကျန်သမျှအမြတ်လေးကို ရီထွေးရဲ့ပထမဆုံးဝင်ငွေအဖြစ် အဖေ့ကိုပေးရတော့ ခုနက စိတ်ပျက်တာတွေ ညကအိပ်ရေးပျက်တာတွေ အားလုံး ရီထွေးမေ့လျော့ရသည်။

အဖေမေးသမျှတွေကို ညိုလေးက ဒိုင်ခံဖြေနေဆဲ။ မီးဖိုထဲကို ကပျာကယာမွှေနှောက်ကြည့်တော့ ထမင်းတစ်လုံးသာ တွေ့ရသည်။ ဟင်းလဲမရှိ၊ ဆီပုလင်းကလဲဖင်ကပ်။ အဖေ ဘယ်လိုစားရှာပါလိမ့်။ ဟို..ကြက်သမားကြီးကတော့ သူ့အပေါင်းအသင်းတွေနဲ့ သူ့ဝမ်းသူ ကျောင်းနေမပေါ့။ အဒေါ်တို့ပေးလိုက်သော စားစရာတွေကို အဖေ့ကို ချကျွေးပြီး၊ ညိုလေးနှင့် ညီမနှစ်ယောက် ပါလာသော ငါး၊ ပုစွန်ပြုတ်တွေကို ထုထောင်းချက်ပြုတ်ကြတော့ အဖေ့မျက်နှာ ကြည်လင်လာသည်။

"လွတ်တဲ့ကင်းတဲ့ အုန်းသီးတို့ ငှက်ပျောသီးတို့ပဲ လုပ်ကြပါကွာ ညိုလေးနဲ့ နှစ်ယောက်မို့ အဖေလွတ်တာနော်၊ ရီထွေး ကိုယ်ကသန်တဲ့ လူ မဟုတ်ဘူး၊ ပြန်ပြဖြစ်မှာလဲ အဖေစိုးတယ်"

*ထမင်းစားကြရင်း အဖေ့ခွင့်ပြုချက်ကိုကြားရတော့* ရီထွေး ဝမ်းသာ ဝမ်းနည်းဖြစ်ရသည်။ အားမတန်လို့ မာန်ကိုလျော့လိုက်တဲ့ အဖေ့

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာကို ရိုထွေး နားလည်နိုင်ပါသည်။ ရိုထွေးစေတနာကိုလည်း အဖေ သိစေချင်သေးသည်။

အိမ်ရောက်ပြီး နောက်တစ်နေ့ကစပြီး အဖေမသိအောင် ရိုထွေးတို့ ရေနံဆီ လိုက်ကောက်ကြသည်။ တစ်လမ်းဝင် တစ်လမ်းထွက် သွားရဖန် များတော့ ခြေထောက်က နာချင်သည်။ မီအောင်မလိုက်နိုင်သော ရိုထွေးကို ညီလေးက စိတ်ရှည်လက်ရှည် စောင့်ခေါ်ရှာသည်။

တစ်နေကုန်သွားပြီး ညကျတော့လည်း အဖေအိပ်သောအချိန်မှာ ရေနံဆီတွေကို ဂါလံပုံး သေးသေးလေးတွေနှင့် ခွဲပြီး ခြင်းထဲမှာ အဝတ်စုတ်တွေနှင့် ညှပ်ပြီးထည့်ရသည်။

နှစ်ရက် လိုက်ကောက်ပြီးတော့ တစ်ယောက်ကို လေးဂါလံပုံးသုံးပုံးစီ ရသည်။ ဒါဆို တစ်ပုံးကို နှစ်ဆယ်လောက် မြတ်ပြီပဲထား။ ခြောက်ဆယ်စီတော့ မြတ်မည်။ မကုန်မှာလဲ မပူရ။ တခြားကုန်တွေနှင့် မြတ်တာချင်းတူဦးတော့ ရေနံဆီက ပြိုက်ခနဲ ကုန်သည်။ လျှပ်စစ်မီးမရှိသော အရပ်များဆိုတော့ ရေနံဆီက အမြဲလိုအပ်နေတတ်သည်။ မြန်မြန်ကုန်တော့မြန်မြန် ခေါက်ပြန်ရသည်မို့ အားလုံးလိုလိုပင် အပြန်ကုန်မှာ ရေနံဆီတွေချည်း ဖြစ်သည်။

မော်တော်ဆိပ်ဆင်းသည့်နေ့ကျတော့ ကမ်းနားတစ်ခုလုံး အဝတ်စုတ်တွေ လုံးထွေးရစ်ပတ်ထားသော ရေနံဆီခြင်းကြီးတွေ ကိုယ်စီနှင့်ကိုယ် ဆို သူလိုတွေကို ကြည့်ပြီး ရိုထွေး ပြုံးမိသည်။

'ချမ်းသာပါစေ'နှင့် ဒုတိယအကြိမ်မြောက် တွေ့ဆုံခြင်းပေါ့။ အ ဘာတုန်းက ရိုထွေးမြင်ဖူးခဲ့သော မျက်နှာတွေက တဖွဲဖွဲရောက်လာကြသည်။ ဆောင်ကို ဖြန့်ခင်းကာ နေရာဦးဆဲ။ မည်းညစ်ညစ် ပလပ်စတစ် အခင်း ...ပေး ရိုထွေးဘေးမှာ ဘုတ်ခနဲကျလာသဖြင့် မော့ကြည့်လိုက်တော့ သော ဒါဥကြီးပါလား။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပေါ်မှာ တောင်းကြီးတစ်တောင်း ရွက်လျက် ဆေးလိပ်တိုကို ခဲလို့။ တောင်းကို ရီထွေးကူချပေးတော့ သူက ပြုံးပြရင်း မျက်နှာကြီး ရတ် တရက် တည်သွားသဖြင့် ရီထွေး ကြောင်သွားဆဲမှာ အလာတုန်းက ဘဲဥ သည် မိန်းမရွယ်က ရီထွေးတို့နားမှ ဖြတ်သွားသည်။ သူ့နှုတ်ခမ်းကလဲ ရှေ့သို့ ချွန်ထွက်လျက်။ 'ချမ်းသာပါစေ'၏ တစ်လှေတည်းစီး၊ တစ်ခရီး တည်းသွားတွေလေ။

* * *

'ချမ်းသာပါစေ'နှင့် ငါးခေါက်မြောက် ကူးချည်သန်းချည် လုပ် ပြီးချိန်မှာတော့ သည်လမ်းခရီးသည် ရီထွေးအတွက် ကိုယ့်အိမ် ကိုယ့်ယာ နှယ် ဖြစ်လာခဲ့ပြီ။ ဆန်သမ္ဘာန်ပေါ်မှ မော်တော်ပေါ်သို့လည်း ကိုယ့်ဟာ ကိုယ် ကျင်လည်စွာ တက်တတ်ပြီ။ မော်တော်သမားတွေ၏ အနောက် အပြောင်တွေကိုလည်း အပြုံးမပျက် ပြန်လည်ချေပတတ်ပြီ။

အနံ့ပြင်းသော ငါးညှီနံ့ကို ရှူရှိုက်ရင်းဖြင့် ငါးဟင်းနှင့်လဲ ထမင်း ကို မြိန်ရည်ယှက်ရည် စားတတ်ပြီ။ ဒေါ်ဥတို့၊ စိန်စိန်တို့ တန်ဆာစာရေး တို့နှင့်လည်း ထမင်းလက်ဆုံ စားဖူးပြီ။

"ကြုံကြိုက်"ကင်းက ထွက်လို့ ထမင်းစားပြီး လွယ်အိတ်လေးခေါင်း ခုလုံ့လိုက်သည်နှင့် ချက်ချင်း အိပ်ပျော်ကာ ကျိုက်လတ်ကျော်မှပဲ နိုးတော့ တော့သည်။ တစ်ခေါက်တောင်မှ ညိုလေးမပါဘဲနှင့် ရီထွေးသွားဖူးပြီ။

ခုချိန် ရီထွေးကိုတွေ့ရင် ကိုတွတ်တော့ ဘယ်လိုပြောမည်လဲ။ ရီ ကတော့ ရီထွေးဘဝမှာ ခုမှ လူပီသလာတာလို့ ထင်တယ်။

ဖြတ်ခနဲ တရေးအနိုးမှာ ကိုတွတ်အကြောင်း စဉ်းစားမိတော့ ပြ အိပ်မပျော်တော့။ အရင်ဆို တစ်ရေးလောက်တော့ ကောင်းကောင်း အိပ် ဦးမည်။ ခုမှ "ကျုံတာ"ကင်းတောင် မရောက်သေးတာ။ ဒီတစ်ခေါ

www.burmeseclassic.com



အမေမှာသော ပုစွန်ထုပ်ချဉ် အဒေါ်လုပ်ပေးလိုက်သဖြင့် ဟန်ကျသွားသည်။ အမေ တဖွဖွမှာနေသည်မှာ ကြာပြီ။ လမ်းမှာရောင်းသော အထုပ်တွေကို လဲ ရီထွေး မဝယ်ချင်။

မျက်စိတွေကို မှိတ်ထားရင်း တန်ဆာခကို စိတ်ထဲကတွက်ကြည့်နေလိုက်သည်။ သည်တစ်ခေါက် ငှက်ပျောသုံးခိုင်စီ နှစ်ယောက်သား တင်လာခဲ့ကြသည်။ ညိုလေးကတော့ စောစော မော်တော်ဆိုက်လျှင် ဆန်ချိန်ပြီး ငှက်ပျောခိုင်တွေကို ကမ်းနားမှာပဲ ထိုင်ရောင်းမည်တဲ့။ ရောင်းလေ။ အမြတ်များလေ ကောင်းလေပေါ့။ သည်အမြတ်လေးတွေ တဖြည်းဖြည်းများလာပြီး အမေ လုံးလုံးဆိုင်မဖွင့်ရင် မကောင်းဘူးလား။ ခုတောင် အမေ့ဆိုင်ကို မထွက်တစ်ချက် ထွက်တစ်ချက် နေလို့ရပြီ။

အစ်ကိုသိန်းထွန်းကတော့ မပြောနှင့်။ သူ့လို အလုပ်မလုပ်ချင်သည့်လူကတော့ ရှားမှရှား။ နှစ်ရက်တစ်ခေါက် ရီထွေးတို့အိမ်ပြန်ရောက်ရင် စကားမပြော၊ ဘာမပြောနှင့် ပါလာသမျှ စားစရာသောက်စရာတွေကို ထုတ်ပြီး ချက်တန်တာချက် သိမ်းတန်တာသိမ်း လုပ်ပြီး သားအဖနှစ်ယောက်စားကြတော့သည်။ ရီထွေးကိုတော့ မျက်နှာကြောက နည်းနည်းမှမလျှော့။ ကိုယ့်ကို အလုပ်မလုပ်ရလျှင် ပြီးရောဆိုသည့် လူစားမျိုး။

တောင်တွေး မြောက်တွေးနှင့် မှေးခနဲ ပြန်ဖြစ်သွားကာ တန်ဆာခရေး၏ အသံသြကြီးကြားတော့မှ လန့်နိုးလာသည်။ ညိုလေးက ထထိုင်ပြီး တန်ဆာခပိုက်ဆံ ရေနေပြီ။

"ဒေါ်ခြေသေး အိပ်လှချည့်လား၊ အိမ်မက်ကောင်းတွေ မက်နေတယ်ထင်တယ် ဟုတ်လား၊ အိမ်မက်ထဲမှာ ကျုပ်ရောပါသေးလား"

ရင်ထဲမှာ မျက်ခနဲ ဖြစ်သွားသော်လည်း အပြုံးမပျက် မျက်စောင်းထိုးလိုက်ရသည်။ ထုံးစံအတိုင်း ဒေါ်ဥကြီး၏ စောင်းမြောင်းသံနှင့် တန်ဆာခစာရေး၏ မိန်းမရွှယ်တို့၏ အောက်ကလိအာသံများ ကြားနေရပြီ။



www.burmeseclassic.com

www.burmeseclassic.com


"ဒီတိုင်းဆိုရင်တော့ ရန်ကုန်အဝင်စောလိမ့်မယ် အစ်မရေ၊ ဒါဆို ဈေးထိုင်ရောင်းချိန်ရတယ် သိလား"

ညိုလေးကို "အေး ကောင်းတာပေါ့"ဟု ပြောကာ ဆံပင်ရှင်းကာ ဘီးပြန်ပတ်ဆဲ ညိုလေးက တံတောင်နှင့် တွတ်သည်။ ညိုလေး မျက်စပစ်ရာသို့ ကြည့်လိုက်တော့ ဆလင်ခန်းထဲမှထွက်လာသော ဆလင် ဦးပိုက်နှင့် စိန်စိန်။ ဟင်...စိန်စိန့်လက်ကို ဦးပိုက်က ကိုင်လို့။ လက်တစ်ဘက်က "ကျူတာ" ကောက်ညှင်းထုပ်တွဲကြီးနဲ့။ ဘာလဲ။ ဘာတွေလဲ။

ရီထွေးတို့နားရောက်တော့မှ ဦးပိုက်က အသံပြာကြီးနှင့် ကြေညာသည်။

"ကဲ...ကဲ၊ အားလုံးဗျို့၊ ဒီနေ့က ကျုပ်နဲ့စိန်စိန်နဲ့ ယူကြတဲ့အထိမ်းအမှတ်နဲ့ ခင်ဗျားတို့ကို ကျူတာကောက်ညှင်းထုပ် ကျွေးမလို့ဗျို့"

ဦးပိုက်ပြောအပြီးတွင်တော့ အားလုံးက တဝေါဝေါ ရယ်ကြသေးသော်လည်း ခဏကြာတော့ တွတ်ထိုးသံတွေကြားနေရသည်။ ဦးပိုက်ပေးသွားသော ကောက်ညှင်းထုပ်ကို ကိုက်ရင်း တွတ်ထိုးသံတွေကို ရီထွေးစဉ်းစားနေမိသည်။ ဟုတ်သားပဲ။ စိန်စိန်က အပျိုလေးလေ။ အမေမုဆိုးမနဲ့ မောင်ညီမတွေ လုပ်ကျွေးနေတဲ့ သူလေးပါ။ ဦးပိုက်မှာ သားကြီးမယားကြီးနဲ့ ရှိတယ်လည်းကြားရဲ့၊ ကွာထားတယ်လည်း ကြားရဲ့၊ ဒါတွေလည်း စိန်စိန် သိသားနဲ့။ ဘာဖြစ်လို့များ အေးလေ၊ ဖြစ်နိုင်တာတွေအများကြီးပါ။

စိန်စိန် ဝမ်းများနည်းနေရှာလားဟု ရီထွေး လိုက်ကြည့်မိပြန်သည်။ ဝိုင်းစနေသော မော်တော်သမားတွေအလယ်က စိန်စိန့်မျက်နှာလေးပေါ်မှာ ထိမထင်သော အပြုံးမဲ့မဲ့လေးက ခိုတွယ်လျက်။

"အစ်မရေ၊ တွေ့ပြီမဟုတ်လား၊ ကျွန်မပြောတဲ့ တွေ့ပါလိမ့်မယ် ဆိုတာတွေလေ"

ညိုလေးစကားကို ခေါင်းညိတ်ထောက်ခံရင်း "စိန်စိန့်ကို ငါသနားတယ်"ဟု ရီထွေး ညည်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...အစ်မကြီး ငိုင်မနေနဲ့၊ မှိုင်မနေနဲ့။ ကိုယ့်ကိုကိုယ် သနားဖို့အတွက် ပြင်တော့ ဆင်တော့၊ ရန်ကုန် ဝင်တော့မယ်"

ရိုထွေးတို့ထပြီး စောင်တွေခေါက်ပြီးခြင်းထဲထည့်။ ထဘီပြင်ဝတ်နှင့် ဆိပ်ကမ်းဆိုက်ခါနီးတိုင်း ပြုမြဲအလုပ်ကို လုပ်ကြရပြန်သည်။ မော်တော်ဆိုက်လို့မှ ရိုထွေးတို့ မဆင်းရသေး၊ မော်တော်ပေါ်မှာ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ ဘုရားရေ၊ ဖမ်းတဲ့ဆီးတဲ့ လူတွေလား။ ရိုထွေးရင်တွေ တဒိတ်ခုန်လာသည်။

"ဟယ် အစ်မ ဟိုမှာစိန်စိန်"

ညီလေးလွှတ်ခနဲအော်သံကြောင့် ကပျာကယာကြည့်လိုက်တော့ ဆလင်ခန်းရှေ့တွင် စိန်စိန်နှင့် မိန်းမကြီးတစ်ယောက် လုံးထွေးသတ်ပုတ်နေကြသည်။ ဦးပိုက်ကိုတော့ သမီးတွေ ဖြစ်ဟန်တူသည့် ဆယ့်ငါးနှစ်ရွယ်ကလေးမလေးနှစ်ယောက်က မဆွဲနိုင်အောင် သိမ်းကျုံးဖက်ထားကြသည်။ အို...ဒုက္ခပါပဲ။ စိန်စိန်က ပိန်ပိန်လေးရယ်။ ဆံပင်ကို လိမ်ဆွဲထားလိုက်တာ။ ရှန်းလေစိန်စိန်ရဲ့ ရှန်းပါလား။

မော်တော်သမားတွေ ပြေးလာလို့ တော်ပါသေးသည်။ မော်တော်တစ်ခုလုံး 'လင်ခိုးမ'ဟူသော အသံတွေက ဖုံးလွှမ်းနေသည်။ စိန်စိန့်ကို ကြည့်ချင်တော့။

"မြန်မြန်သွားရအောင်ပါ ညီလေးရယ်၊ ဟိုမှာဆန်သည်တွေရောက်နေပြီ၊ ရောင်းပြီး ကုန်းပေါ်မြန်မြန်တက်ပြီး ငှက်ပျောသီးသွားရောင်းရအောင်"

ညောင်ပင်လေးဈေးထဲ လိုက်သွားကာ ဆန်ချိန်ပြီး ငှက်ပျောခိုင်သွားယူဖို့ မော်တော်ပြန်လာတော့ စိန်စိန့်ကိုကြည့်မိသေးသည်။ မမြင်တော့။ ဆလင်ခန်းထဲမှာ တစ်ယောက်တည်း ကြိတ်ငိုနေသလား၊ စိန်စိန့်ကို အတွေးထဲမှ ထုတ်ပစ်ပြီး ငှက်ပျောခိုင်ရွက်ကာ ကမ်းပေါ်ပြန်တက်ခဲ့သည်။ ရိုထွေးကတော့ အစောင့်ထားပြီး ကျန်သည့်အခိုင်တွေကို ခေါက်တုံ့ခေါက်ပြန်ညီလေး သယ်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ်းနားတွင် ငှက်ပျောသီးဈေးကြီးက မြိုင်ဆိုင်နေသည်။ ရီထွေး တို့လို ထိုင်ရောင်းကြသူတွေက ပြည့်နေသည်။ 'ယူပါ ဝယ်ပါ' ခေါ်သံတွေ က ဆူညံနေသည်။

"လာနော်၊ လာနော်...တစ်ဖီးမှ နှစ်ကျပ်တည်းရယ်၊ တောသည် တောသည်၊ တစ်ဆင့်ခံမဟုတ်ဘူး၊ လျှော့ပေးလိုက်မယ်"

အားကျမခံအော်နေသော ညိုလေးအသံက စူးနေသည်။

"ဟုတ်ပါတယ် အစ်မ၊ နှစ်ကျပ်ပါ၊ တစ်ကျပ်ခွဲမရဘူး အစ်မရဲ့၊ အစ်မ ဘယ်နှစ်ဖီးယူမှာလည်း၊ သုံးဖီး၊ ဟဲ...ယူ၊ယူ...သူများဆို မရဘူးနော် အစ်မမို့လို့"

ရှုန်းရှုန်းဝေအောင် ပြောရင်း ဆိုရင်း သုံးဖီးတည့်သွားပြီ။ ညိုလေးကို ကြည့်ပြီး ရီထွေးနှုတ်ရဲလာကာ ပိုက်ဆံသိမ်းရင်း အမ်းရင်း တစ်ခွန်းနှစ်ခွန်း လိုက်အော်သည်။ ခဏနေတော့ တစ်ခိုင်ကုန်သွားပြီ။ ဒါဆို သိပ်ကြာမှာ မဟုတ်ဘူး။ ကွမ်းယာဆိုင်တို့ မုန့်ဆိုင်တို့လည်း သည်မှာပဲ လေးငါးဖီး လာဝယ်တတ်ကြသည်။

"ငှက်ပျောသီး နှစ်ကျပ်ပါအစ်ကို၊ ဘယ်နှစ်ဖီးယူမှာလဲ ဟင်"

ပိုက်ဆံငုံ့ရေနေရာက ညိုလေးအသံကြောင့် မော့ကြည့်လိုက်သည်။

"ကိုတွတ်"

အားရဝမ်းသာ ခေါ်လိုက်သော ရီထွေးအသံက တော်တော်ကျယ် သွားသည်။ ကိုတွတ်က ရုတ်တရက် ကြောင်ကြည့်နေရာက...

"ရီထွေး၊ ဒီမှာဘာလုပ်နေတာလဲ"

"ငှက်ပျောသီးရောင်းနေတာလေ ကိုတွတ်ရဲ့"

ရီထွေးက ခပ်ရှင်ရှင်ပြန်ပြောမိသည်။ ကိုတွတ်က ရီထွေးအနား လာထိုင်သည်။ ညိုလေးက မျက်လုံးပြူးပြူးပြီး ဆက်အော်ရောင်းသည်။

"ဆောင့်ကြောင့်ထိုင်ရင် ကိုတွတ်ညောင်းမှာပေါ့၊ ရီထွေးလို ဖိနပ်ခု ထိုင်လေ"

www.burmeseclassic.com

www.burmeseclassic.com



ရီထွေးပြောသလို လိုက်လုပ်ပြီးကိုတွတ်က သက်ပြင်းချသည်။

"ရီထွေးက တကယ့်ဈေးသည်မကြီးပဲ၊ အသားတွေလဲမည်းလို့ ကဲ... ပြောစမ်းပါဦး၊ ရီထွေးအကြောင်း"

'ရီထွေးလား' ဟု အစချီပြီး နှုတ်ရှင်ရှင်နှင့် ကိုတွတ်ကိုမနားတမ်းပြောပြမိသည်။ ကိုတွတ်မျက်နှာ မှိုင်းညို့လာသည်။

"ရီထွေး ကုန်ကူးတယ်ဟုတ်လား၊ ရီထွေးမှားတယ် သိလား၊ ရီထွေးမိဘတွေက ဒီလိုပဲလွှတ်သလား၊ နောက်ပြီး ဆေးရုံကဆင်းပြီး ဘယ်လောက်မှမကြာသေးဘူး၊ ရီထွေး ဆင်ခြင်သင့်တယ်၊ အို...အလုပ်လုပ်ချင်ဦး၊ အိမ်ထဲမှာပဲနေရတဲ့ အလုပ်မျိုး လုပ်သင့်တယ်၊ သူများမိန်းကလေးတွေနဲ့ ရီထွေးနဲ့ မတူဘူးဆိုတာ ရီထွေး မသိဘူးလား"

ကိုတွတ်စိတ်ဆိုသည်ကို တစ်ခါမှ မမြင်ဖူးသော ရီထွေးက ခဏတော့ ကြောင်သွားမိသည်။

"ကိုတွတ်ရယ်၊ ရီထွေးက သူများနဲ့မတူတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ ဘဝမှာ အေးအေးငြိမ်းငြိမ်း ရပ်တည်နိုင်တဲ့အခွင့်အရေးမှ မရှိတာ၊ ကျရာနေရာမှာ ရီထွေး နေရမှာပဲ၊ ရီထွေးတို့အခြေအနေကို ကိုတွတ်မသိပါဘူး ကိုတွတ်ရာ"

"တို့ကို အထင်မလွဲနဲ့နော် ရီထွေး၊ တို့ ဘယ်လောက်ရီထွေးကို ခင်တယ်ဆိုတာ ရီထွေးသိတယ်နော်"

"သိပါတယ် ကိုတွတ်ရယ်၊ ရီထွေးက ဘာလို့အထင်လွဲရမှာလဲ၊ ကိုတွတ်ကော ဆယ်တန်း ထပ်ဖြေသေးလား"

"မဖြေပါဘူး၊ အိမ်အလုပ်ပဲ ဝိုင်းကူလုပ်ပေးနေတာပါပဲ၊ ရီထွေး ဆေးရုံကဆင်းတဲ့နေ့က တို့လာသေးတယ်"

"မပြောပါနဲ့တော့ ကိုတွတ်ရာ၊ အဖေပေါ့၊ ဝမ်းသာပြီးအတင်ကြီး ဆင်းတာ၊ မမိကို လိပ်စာပေးခဲ့ချင်ပါရဲ့၊ ရီထွေး ပြောဖူးတယ်မဟုတ်လား၊ အစ်ကိုသိန်းထွန်းအကြောင်းကို၊ အဲဒါကြောင့် မပေးခဲ့ရတာ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း...နောက်ဆို ရိုထွေးဒီနေရာမှာ အမြဲရှိလား"

ကိုတွတ်စကားကြောင့် ရိုထွေးရင်ထဲမှာ ဖိုခနဲ ၊ ရိုထွေးနဲ့ တွေ့ချင်တယ်ပေါ့နော်၊ ရိုထွေး သွားတတ်သည့်ရက်တွေကို အသေအချာ ပြောပြနေမိသည်။ ကိုတွတ်က လူတွေကို လိုက်ငေးကြည့်ရင်းက...

"ရိုထွေးအလုပ်ဟာ သမ္မာအာဇီဝတော့ မဟုတ်ဘူးနော်၊ သိလား"

"မသိပဲနေမလား ကိုတွတ်ရာ၊ ရိုထွေးမှာ ရွေးစရာအလုပ်မှ မရှိတာ"

ကိုတွတ်က ခေါင်းကိုခါသည်။

"နောက်ပြီး လူဆိုတာ ကိုယ်ဝါသနာပါတာကို လုပ်တာအကောင်းဆုံးပဲ၊ ရိုထွေး ဈေးရောင်းတာ ဝါသနာပါလို့လား"

"ဝါသနာမပါပေမယ့်လဲ လုပ်နေကြရတာတွေ အများကြီးရှိပါတယ် ကိုတွတ်ရာ၊ ရိုထွေးက ဝါသနာဆိုတာကို တွေးတောဖို့အခြေအနေ မပေးခဲ့ပါဘူး"

ကိုတွတ်က ထိုင်ရာမှထသည်။

"ကဲ...ဒီလိုဆို တို့သွားတော့မယ်နော်၊ ရိုထွေးတို့ရော မပြန်သေးဘူးလား"

"ငှက်ပျောသီးတွေကုန်မှ ပြန်ရမှာပေါ့ကိုတွတ်ရဲ၊ နေဦးလေ ကိုတွတ် ငှက်ပျောသီးဝယ်မလို့မဟုတ်လား၊ ရော့ ဟောဒီမှာ ရိုထွေးကို အစစကျေးဇူးပြုခဲ့တဲ့အတွက် အဖိုးမတန်ပေမယ့် ရိုထွေး ရဲ့လက်ဆောင်၊ ကိုတွတ်မငြင်းရဘူး"

ငှက်ပျောဖီးကို အတင်းထိုးထည့်တော့မှ မယူချင်ယူချင် ယူသွားသည်။ ပြန်တွေ့ရတာ ဝမ်းသာလိုက်တာ ကိုတွတ်ရယ်။ နောက်လည်းတွေ့ရတော့မယ်။ မမြင်ရတာကြာသော မီးခိုးရောင်တိုက်ပုံလေးကို အငေးသားကြည့်နေခိုက် ညီလေးအသံက အရေးကောင်း ဒိန်းဒေါင်းဖျက်သည်။

www.burmeseclassic.com



"အမြွတ်ထဲက နှစ်ကျပ်တော့ပါသွားပြီ အစ်မရေ၊ ဟင်း...သမ္မာအာဇီဝတို့၊ ဘာအာဇီဝတို့ ကြီးကြီးကျယ်ကျယ်လာပြောမနေနဲ့၊ မလုပ်စေချင်ရင် ရှင်ကျွေးထားပါလားလို့ ပြောချလိုက်ပါလား အစ်မရဲ့"

* * *

သည်တစ်ခေါက် ရန်ကုန်အပြန်ခေါက်မှာတော့ ညိုလေး နေရစ်ခဲ့ရသည်။ ပင်ပန်းသည့်ဒဏ်တွေကများတော့ ကြာတော့ လဲမှာပေါ့။ ညိုလေး တော်တော်ဖျားနေခဲ့သည်။ တစ်ယောက်တည်းဆိုတော့ ငှက်ပျောခိုင် မသယ်တော့ဘဲ အားလုံးဆန်ချည့်ပဲဝယ်လိုက်သည်။ ညိုလေးမပါတော့ အရင်သယ်နေကျ ဆန်အိတ်နှစ်ဆယ်လုံးကို ရီထွေးပိုက်ဆံနှင့်ချည်း ဝယ်ခဲ့သည်။

တစ်ခေါက်ကို တစ်ရာကျော်မြတ်လာလိုက်တာ အိမ်စားတာနဲ့ ဘာနဲ့ဆို ရီထွေးလက်ထဲမှာ တစ်ထောင်ကျော်လောက် ရင်းနိုင်နေပြီ။ ဒါပေမယ့် များ များမလုပ်ဘဲ ညိုလေးနှင့် တစ်ယောက်ဆယ်အိတ်စီလောက်သာ တင်သည်။ ဒါပေမယ့် အခုတစ်ခေါက် အရင်အတိုင်း အိတ်နှစ်ဆယ်ပေမယ့် အမြတ်က တစ်ယောက်တည်းပဲ ရမှာ။ ရီထွေး ကျေနပ်သွားသည်။ ဒါထက်ပိုပြီး ကျေနပ်စရာကောင်းတာက ဆိပ်ကမ်းမှာ ကိုတွတ်များ မတော်လို့ လာစောင့်ရင် တွေ့ရဦးမှာ။ ကိုယ့်အတွေးနှင့်ကိုယ် ပျော်နေသည်မို့ ထမင်းကိုမေ့နေသည်။ 'လှထောင်ကင်း'ရောက်မှ ညစာထမင်းစားရသည်။ ဒီတစ်ခေါက် ဒေါ်ဥကြီးလည်း မမြင်မိ။ ညိုလေးလည်းမပါတော့ တစ်ယောက်တည်း ထမင်းဘူးသည်မှာ ပျင်းချောက်ချောက်နိုင်လှသည်။

'ကျုံတာ'ရောက်တော့ ကိုတွတ်လာရင်ပေးဖို့ ကောက်ညှင်းထုပ်ဝယ်သည်။ ညိုလေးသာ ပါရင်တော့ နှုတ်ခမ်းဆူဦးမည်။ 'မုန့်ဆိုကြော်က ဘယ်မှာလဲ'ဟု ငေါ့တော့တော့ မေးဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ရီထွေး အိပ်ဖို့ပြင်သည်။ တစ်ရေးတော့ ပြန်အိပ်ဦးမှ။ တန်ဆာလာ ဖြတ်တော့မှပဲ သူတို့ နှိုးကြလိမ့်မည်။ ခု အရုဏ်တောင် မတက်သေးတာ။

အိမ်မက်ထဲမှာ ကိုတွတ်က ရီထွေးကိုဆွဲလိုက် အော်လိုက်သည်မှာ ကြောက်စရာကောင်းလှသည်။ လက်ညှိုးငေါက်ငေါက်ထိုးလို့ မအော်ပါနဲ့ ကိုတွတ်ရယ်။ ဘာဖြစ်လို့ဒီလောက် ဒေါသကြီးနေရတာလည်း။ ချာခနဲ လှည့်သွားသော ကိုတွတ်နောက် ပြေးအလိုက်၊ ခြေထောက်က ကျင်နေအောင် နာသွားသည်။

ဖြတ်ခနဲ မျက်လုံးဖွင့်လိုက်တော့ မော်တော်တစ်စင်းလုံး ပွစိပွစိအသံတွေသာ ဆူညံနေသည်။ ဟင်...ဘာလဲ၊ ရန်ကုန်ဝင်တော့မှာလား။ မှောင်နေတုန်းပဲရှိသေးတာ။ ဖြတ်သွားသော လူတက်နင်းသွားသည့် ခြေထောက်ကို နာကျင်စွာပွတ်သပ်ရင်း ထထိုင်လိုက်သည်။ မော်တော်အရှိန်နှေးသွားသဖြင့် သေချာကြည့်လိုက်တော့၊ 'ဩော်..သမ့်ပြေကင်း' ကပ်မလို့ရှိပါသေးတယ်။ မော်တော်စက်ရှိန် တဖြည်းဖြည်း ငြိမ်သွားသည်နှင့် 'အထူး၊ အထူး' ဆိုသော အသံတွေ ဆူညံလာသည်။ ရီထွေးဘေးကမိန်းမကြီး ဘယ်ကမှန်း မသိ၊ ရီထွေးနား ပြန်ပြေးလာသည်။

"ဟဲ့ ကောင်မလေးရေ...၊ ရှာဖွေရေးတွေဟေ့၊ အထူးတဲ့ နောက်မှာ မော်တော်လေးနဲ့ လိုက်လာနေပြီ"

ဘုရားရေ၊ ရီထွေးကြောက်လှသည့် 'အထူး'တွေ လာကုန်ပြီတဲ့။ ဘာလုပ်ရမှာလဲ ။ ညီလေး တစ်ခါကပြောသလို မှုခံကြရင်တော့ ကောင်းမှာ။ အမယ်လေး မှုပြီးခံတောင် ဒီတစ်ခေါက်က အိတ်နှစ်ဆယ်တောင် တင်လာခဲ့တာ။

အထူးမော်တော်လေးက မော်တော်နားကို ကပ်လိုက်ပြီး ခန်းရောင်တွေ ဝင်းလက်သွားသည်။ ဦးပိုင်းဆီသို့ လူတွေ စုရုံးသွားကြသည်။ ရီထွေးက ခြေပစ်လက်ပစ် ထိုင်နေရင်း အသံတွေကိုပဲ နားစွင့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ကဲ၊ အလုပ်သမားတစ်ယောက် မော်တော်ဝမ်းဗိုက်ကို ဖွင့်စမ်း" အောင်မြင်သော အသံကျယ်ကျယ်ကို ကြားရသည်။ နူးညံ့ချိုသာသော မော်တော်ပိုင်ရှင်၏ တတွတ်တွတ် ပြောနေသံကိုလည်း မသဲမကွဲ ကြားရသည်။

"အို…ဘာ ဘယ်နှစ်အိတ်တွေ ဘာတွေ ပြောမနေနဲ့၊ ဒီထဲက အိတ် ဘယ်နှစ်လုံးလဲပြော၊ အားလုံးသိမ်းတယ်၊ သွားကျိုက်လှတ်ကိုသာ မောင်းတော့၊ ကျုပ်တို့ နောက်က လိုက်လာမယ်၊ အားလုံးဟိုမှာဆင်းကြ၊ ရုံးကျမှရှင်းဟုတ်လား"

ရီထွေး မျက်လုံးတွေ ပြာသွားသည်။ အားလုံးသိမ်းတယ်တဲ့ ဒုက္ခပါပဲ ။ ညီလေးပြောသလို မဟုတ်ဘူးလား။ မော်တော်လေး ပြန်ခွာသံကို ကြားရပြီး ရီထွေးတို့ မော်တော်စက်သံက အရှိန်ပြန်မြင့်လာသည်။

"သေလိုက်ပါတော့ဟယ်၊ တစ်ခေါက်လိုက် တစ်ခေါက်ခံရတော့တာပဲ၊ အမယ်လေး ဆန်ငါးအိတ်ပေမယ့် ကျုပ် ရှိစုမဲ့စု အကုန်ပါပြီတော့"

ရီထွေးနားက မိန်းမကြီးက မချိတင်ကဲပြောနေသည်။ မျက်ရည်တို့က ဝိုင်းလျက်။ ရီထွေးကကော ဘာထူးမှာလဲ ။ အိတ်နှစ်ဆယ်ပေမယ့် ရှိစုမဲ့စု အကုန်ပါပဲ ။

"အဒေါ်၊ တစ်ယောက်စီ တစ်ယောက်စီ အလုံးမျှခံရမှာမဟုတ်ဘူးလား၊ အကုန်လုံး သိမ်းမှာလို့ ပြောလို့လား"

"ညည်းမကြားဘူးလား၊ ဟို 'အထူး'ကြီးက ပြောနေတာကို"

အဒေါ်ကြီးစိတ်တိုတာကို စိတ်မဆိုးနိုင်ပဲ ရင်ထဲမှာ ပူလောင်လို့နေမိသည်။ တကယ် အကုန်သိမ်းရင်လဲ ရီထွေး ဘာလုပ်နိုင်မှာလဲ။ မဟုတ်ပါစေနဲ့ နော် အရင်လိုပဲ ပြီးသွားပါစေ။ ရီထွေး ဆုတောင်းနေဆဲ။ မော်တော်စက်ရှိန်က တအားမြန်လာသည်။ ဘာလို့ပါလိမ့်။ မော်တော်သမားတွေ စုရုံးလာသည်ကို ငေးကြောင်ကြည့်မိဆဲ၊ တစ်ယောက်က မော်တော်ဗိုက်ကို ဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင်တော့ ကုန်းပတ်နားတွင် ဆန်အိတ်တွေပုံလာသည်။ အပေါ်ဆုံးက တင်ထားသော ကိုယ့်ဆန်အိတ်လေးတွေကို ရီထွေး လှမ်းမြင်လိုက်ရသည်။ ဆေးနီဖြင့် ရေးထားသော 'ထွေး' ဆိုသည့် စာလုံးလေးတွေက အထင်းသား။

"မျက်နှာသေကြီးတွေနဲ့ ခင်ဗျားတို့ ဆန်တွေကို သိပ်နမြောမနေကြနဲ့ဦး၊ မော်တော် အသိမ်းခံလိုက်ရရင် ကျုပ်တို့က ပြီးရော"

မော်တော်ပိုင်ရှင်၏ ဟောင်ဖွာဟောင်ဖွာအသံကို ဘယ်သူမှ မကြားနိုင်ကြ။ ကိုယ့်ဆန်အိတ်လေးတွေကိုသာ ငေးကြည့်နေကြသည်။

ရီထွေးစိတ်ထဲမှာတော့ 'ထွေး...ထွေးဆိုသော ဆန်အိတ်တွေအစား ငွေစက္ကူရွက်လေးတွေကို မြင်ယောင်နေမိသည်။ ရှစ်ဆယ်၊ တစ်ရာ့ခြောက်ဆယ်။ တစ်အိတ်၊ နှစ်အိတ်။ အိတ်နှစ်ဆယ် ငွေတစ်ထောင်ကျော်။ အို...ကိုတွတ်ပြောတဲ့ သမ္မာအာဇီဝမဟုတ်တဲ့ အလုပ်နဲ့ ရီထွေး ပင်ပန်းကြီးစွာရှာထားရတဲ့ ရှိစုမဲ့စုငွေ အားလုံးကတော့ လွင့်မျောပျောက်ကွယ်သွားကြပြီ။

* * *

မရောက်တာကြာသော ရီထွေးကို မီးရထားလမ်းဘေးမှ ကန်စွန်းနွယ်လေးတွေက ဆီးကြိုကြသည်။ ကန်စွန်းနွယ်လေးတွေနားမှာ ပန်းလှစွာထိုင်ချရင်း၊ အတွေးတွေ အဆုံးအစမရှိ ပျံ့လွင့်မိပြန်သည်။

ရီထွေးအဖြစ်ကို အဖေကတော့ ဘာမှမပြောရှာပေ။ ချောင်ထဲမှာ ထိုးကြိတ်ထားသော အအေးဆိုင်ပစ္စည်းကိရိယာလေးတွေကို မသိမသာ အဖေထုတ်ပြီး ပြန်ဆင်ပြန်ပြီ။ 'မရောင်းရတဲ့အတူတူ ဆိုင်ဖွင့်ချင်ဖွင့်လိုက်ပါလား အဖေရယ်' လို့ ပြောမိသော မိမိပါးစပ်ကိုမိမိ ရီထွေးမုန်းတီးနေမိသည်။ ကိုယ့်အလုပ်က ဘယ်လောက်များ ကြီးကျယ်လို့၊ သေချာတဲ့ အလုပ်ကြီးမို့ ဒီလိုပြောမိရတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ အရင်းအနှီးမပါဘဲနဲ့ လုပ်လို့ရတဲ့အလုပ်ဆိုတာက လဲ ခပ်ရှားရှား။ အထူးသဖြင့် ရီထွေးအတွက်ကတော့ ပိုပြီး ရှားသလိုပါပဲ။

ကန်စွန်းခင်းပေါ်မှ ရှပ်တိုက်ပျံသန်းသွားသော ငှက်လေးတွေကို မြင်ပြန်တော့ ကိုတွတ်ကို လွမ်းမိပြန်သည်။ ကိုတွတ်ချစ်တတ်တဲ့ ငှက်လေး တွေလေ။ ခုချိန်ထိလဲ ငှက်လေးတွေဒဏ်ရာရလျှင် သေချာဆေးကုပေးပြီး ပြန်လွှတ်တတ်သတဲ့။ သိပ်ကြင်နာတတ်တဲ့ ကိုတွတ်ပါပဲ။ ဆေးရုံပေါ်မှာ တုန်းက သူဆေးကုပေးခဲ့တဲ့ ငှက်လေးတွေ နာမည်။ ခွေးလေးတွေ နာ မည်၊ ကြောင်လေးတွေ နာမည်လေးတွေကို စိကာပတ်ကုံး တတွတ်တွတ် ရွတ်ပြတတ်တာတွေကို ရီထွေး သတိရမိပါရဲ့။

နှလုံးသား နူးညံ့လှတဲ့ ကိုတွတ်ကို ရီထွေးက အမြဲပဲ လိမ်ညာသလို ဖြစ်ရတယ်။ ကမ်းနားမှာ ကိုတွတ်ရောက်လာဦးမှာ။ တဝဲဝဲလည် ရှာဖွေ ရင်းနဲ့ မတွေ့တဲ့အဆုံးမှာ ရီထွေးကို သိပ်စိတ်ဆိုးသွားမှာပါ။ ဒီတစ်ခါတော့ ကိုတွတ် ခွင့်လွှတ်နိုင်ဦးမှာလား။

ကန်စွန်းညွှန့်လေးကို ဆတ်ခနဲ ဆိတ်ကာ ကိုက်ဝါးနေမိပြန်သည်။ ခဏနေ ညနေဈေးမှာ အဖေသကြားသွားဝယ်ဦးမှာကို သတိရပြီး ထိုင်ရာမှ ထလိုက်သည်။

အိမ်နောက်ဖေးပေါက်မှ လှည့်ဝင်လိုက်တော့ ရေကပြင်မှာ အကျောင်း ယူနီဖောင်းတောင် မလဲနိုင်ဘဲ သားအငယ်ကို ဆော်လဘန်တေနေသော ဟိုဘက်ခန်းက အစ်မခင်တင့်ကို တွေ့ရသည်။

"နင့်ကိုငါ သေချာပြောတယ်မဟုတ်လား၊ ကိုကို့ကို မုန့်တစ်ခုပေး လိုက် နင်တစ်ခုယူလို့၊ ဘာလို့ နှစ်ခုလုံးစားပစ်ရတာလဲဟင်"

"တစ်ခုတည်း သားမှ မဝတာကို၊ စားမှာပေါ့"

"ဟဲ့ …နင်တို့ ဝအောင်စားဖို့ နင့်အောင်မှ ငါမကျွေးနိုင်တာကို၊ နောက်လုပ်စမ်း၊ ဒီထက်နာမယ် မှတ်ထား"

www.burmeseclassic.com

www.burmeseclassic.com



ရိထွေးက အစ်မခင်တင့်လက်ထဲမှ တုတ်ကို ဆွဲပြီး“တော်ပါအစ်မ ရယ်၊ ကလေးပဲ”ဟု ပြောရသည်။

“အို…ကလေးပဲဆိုပြီး နေလို့မရဘူး ရိထွေးရဲ့၊ အင်မတန် ကဲ တယ်၊ သွား အိမ်ရှေ့ကို၊ သြော်…ခုမှသတိရတယ် ညီမရေ…၊ ဘရာစီယာဝယ် ဦးမလား၊ ဈေးသက်သာတယ်၊ ကိုယ့်အသိ ဘော်လီရုံကနေပြီး ဆယ်ထည် ဈေးနဲ့ အားလုံး စုယူကြတာလေ၊ နှစ်ထည်ပိုနေလို့”

စိတ်မပါလှပေမယ့် မခင်တင့်ကို အားနာပြီး “ဘယ်လောက်လဲ အစ်မ”ဟု မေးလိုက်ရသည်။ တကယ်တော့ ရိထွေးမှာ ဟိုအရင်တည်းက သွားစရာလည်း မရှိသည်မို့ အစ်မဖြိုင်တို့ အစ်မနွဲ့တို့ ပေးတာတွေကိုပဲ ဝတ်လို့ မကုန်သေးပေ။ မခင်တင့်က “မများဘူးညီမရဲ့၊ တစ်ထည်မှ လေးကျပ် ရယ်၊ အစ်မပြမယ်”ဟု ပြောပြီး အခန်းထဲ ဝင်ယူသည်။

“ဟင်…ဈေးပေါသားပဲ အစ်မနော်၊ အပြင်မှာ တစ်ဆယ်လောက်ရှိ တယ်ထင်တယ်”

“တကယ်တော့ မရှိဘူး ညီမရဲ့၊ အပြင်မှာရောင်းတော့ ငါးကျပ် ပဲ၊ ဒါပေမယ့် ဒီလိုလေ ညီမရဲ့ တစ်ဆယ်စားနဲ့ ငါးကျပ်စားနဲ့ မတူဘူး လေ၊ ကွာတယ်”

“ဘာကွာလို့လဲ အစ်မရဲ့၊ ဒါလေးတွေလဲ လှသားပဲ၊ အတူတူပါပဲ”

ဖြူဖွေး လှပနေသော ဘရာစီယာလေး နှစ်ထည်ကို ရိထွေး သေချာ ကြည့်မိသည်။

“မတူပါဘူး ညီမရဲ့၊ သေချာကြည့်မှ ဒီလေးကျပ်တန်က ချည်အ ပေါစားနဲ့ ပိတ်အပေါစားနဲ့ ချုပ်ထားတာ၊ နောက်ပြီး ရှေ့က ‘ရင်ပုံ’ကို နေရောင်မှာ ထောင်ကြည့်။ အထဲက ခံထားတာတွေက ကျဲတောက်နေ တာပဲ ။ ရေလျှော်လိုက်ရင် ပုံက ပျက်သွားရော၊ ဝတ်လို့တော့ရတာပေါ့ လေ၊ အစ်မတို့လို လူတန်းစားတွေအတွက် အထူးစီမံချုပ်လုပ်ထားသော ဘရာစီယာပေါ့၊ ဟား…ဟား”

www.burmeseclassic.com

www.burmeseclassic.com


"ဟင်...ဟုတ်လား"

"ဟုတ်ပ၊ ဟုတ်ပ၊ အစ်မတို့လို မူလတန်းပြဆရာမတွေ၊ စာရေးမတွေ ဈေးသည်တွေ၊ အို...အားလုံးပဲ ဝတ်ကြတာ၊ အဖိုးနည်း အိုးကွဲလေး၊ အမယ် တချို့ကျောင်းသူလေးတွေတောင်ပါသေး၊ ရီထွေးက သတိမထားမိလို့"

မခင်တင့် အပြောကောင်းသဖြင့် တစ်ထည်ယူလိုက်သည်။ မခင်တင့်က "နောက်တစ်ခေါက်ယူရင်လည်း ညီမကိုပြောမယ်၊ အစ်မသူငယ်ချင်း ဘော်လီရုံက တိုက်ရိုက်ယူတော့ တစ်ထည်တစ်ကျပ် သက်သာတယ်"ဟု ပြောသည်။ ရီထွေးက မခင်တင့်ကို သနားနေမိသည်။ သူ့ခမျာ ရီထွေးတို့ သားအဖတွေကို ဖားရရှာတာလည်း အမော။ ဒီနှစ်ပိုင်းမှာ အိမ်စဘော်တွေ အရမ်းတက်လာတော့ ရီထွေးတို့ အခြားတစ်ယောက်တင်မှာ သူ သိပ်ကြောက်ရှာသည်။ သူ ဖြစ်ကတတ်ဆန်းချက်ထားသော ဟင်းလေးတွေ ခပ်ပေးရတာနဲ့ ရီထွေးကို စကားမရှိ စကားရှာ ပြောရတာနဲ့။

"ဒါနဲ့ ရီထွေးဒီတစ်ခေါက် အိမ်မှာနေတာ ကြာလှချည်လား"

"သွားလို့မရတော့ဘူး အစ်မရဲ့၊ ရီထွေး အရင်းပြုတ်သွားပြီ"

ရီထွေး ရယ်ရယ်မောမောပြောလိုက်ပေမယ့် 'ဟယ်'ခနဲဆိုပြီး မခင်တင့် မျက်နှာပျက်သွားသည်။ ရီထွေးတို့ စီးပွားရေးမပြေလည်လို့ နောက်တစ်ယောက်တင်ရင် ဆိုတဲ့ အတွေးကို သူလန့်သွားပြီး...

"ဟင်...ဖြစ်မှဖြစ်ရလေ ရီထွေးရယ်၊ မမတို့လဲ ကူညီချင်ပါတယ်၊ သိတဲ့အတိုင်း ညီမရယ်"

သူ့ညည်းချင်းရှည်ကြီးကို နားမထောင်ရက်စွာ "ရပါတယ်၊ သိပါတယ် အစ်မရယ်"ဟု ကပျာကယာ ပြန်ပြောလိုက်ရသည်။ မခင်တင့်က ရီထွေးခြေထောက်ကို ငုံ့ကြည့်ပြန်သည်။

"အဲ...တစ်ခုတော့ရှိတယ်၊ ညီမခြေထောက်က စက်နင်းနိုင်ရင်တော့ သိပ်ကောင်းမှာ ညီမ၊ ဘရာစီယာချုပ် သင်ပါလား၊ အစ်မ လိုက်အပ်ပေးနိုင်တယ်၊ ဘယ့်နှယ်လည်း၊ မြန်မြန်တတ်တယ်၊ ညီမ ပိုက်ဆံမြန်မြန်ရမယ်"


www.burmeseclassic.com

www.burmeseclassic.com


မခင်တင့်စကားကြောင့် နည်းနည်းတော့ ရီထွေးစိတ်ဝင်စားသလို ရှိသည်၊

"ဒါပေမယ့် အစ်မရယ်၊ ရီထွေးက စာမှ သိပ်မတတ်တာ၊ သင်လို့ ရပါ့မလား"

"အို...သိပ်ရတာပေါ့၊ ညီမက ပိုင်ရှင်ထုတ်ပေးတာကို ချုပ်ရမှာ တစ်ထည်ကို ပြားလေးဆယ်တင်တယ်၊ ဆယ်ထည်ပြီးရင် လေးကျပ်တော့ ဝင်ငွေရှိတာပေါ့၊ အမယ် တချို့ကလေးမလေးတွေ နှစ်ဆယ်၊ သုံးဆယ် ပြီး တယ်တော့၊ အစ်မက မအားလို့၊ သိပ်ဝါသနာပါတာ"

"နောက်ပြီး ရီထွေးမှာစက်လဲမရှိဘူး အစ်မရဲ့၊ သင်ခ ပိုက်ဆံရော ပေးရဦးမှာလား"

"အို...ဘာဆိုင်လဲ၊ စက်ရှိစရာမလိုဘူး၊ အဲ...သူတို့က ပေးသလား ဆိုတော့လဲ မဟုတ်ဘူး၊ စက်ငှားချုပ်ရင် ရတယ်တဲ့၊ ပိုင်ရှင်က စဘော် တင်ပေးတယ်၊ လခတော့ ကိုယ်ကပေးရတယ်၊ အစ်မလဲ သိပ်တော့မသိဘူး၊ ရီထွေးလုပ်ချင်ရင် လိုက်မေးပေးမယ်လေ၊ အဲ...သင်ခပိုက်ဆံကတော့ ပေး စရာမလိုဘူး၊ ဒါပေမယ့် တတ်ပြီး သုံးလေးလထိတော့ သူတို့ကို ချုပ်ပေးနေ ရတယ်၊ ဆရာစားပေါ့ ညီမရယ်၊ ဒါကတော့ ထုံးစံပဲ"

"အင်း၊ တစ်နေ့လောက် ရီထွေးကို အစ်မအားတဲ့နေ့ လိုက်ပို့ပေး လေ၊ တစ်ခုခုတော့ ရီထွေးလုပ်မှ အစ်မရဲ့"

"ဒါပေါ့ ညီမရဲ့ လုပ်ပေါ့၊ ဘာပြောပြော ညီမ ဒီအလုပ်က ညီမ ဟို အလုပ်လိုတော့ ကြောက်လန့်မနေဘူး၊ ဣန္ဒြေရတာပေါ့"

ရီထွေးက ခေါင်းတဆတ်ဆတ် ညိတ်နေမိသည်။ ဒါဖြင့် ဒီအလုပ်က ကိုတွတ်ပြောတဲ့ သမ္မာအာဇီဝပေါ့နော်။ ဒီအလုပ်ကိုတော့ ကိုတွတ်ကျေ နပ်လိမ့်မယ်ထင်ပါရဲ့။

* * *

www.burmeseclassic.com

www.burmeseclassic.com



အရုပ်ဆိုးလှသော ခြေထောက်လေးတွေကို စက်ခြေနင်းခုံပေါ်မှာ မရပ်မနား လှုပ်ရှားမိတော့ ကိုတွတ်ပြောသည့် ဝါသနာဆိုတာကို ရီထွေး ခပ်ရေးရေး သဘောပေါက်လာသည်။ ပိတ်စတွေကို ကတ်ကြေးထက်ထက်နှင့် ဖြတ်ကိုက်ညှပ်နေသော အစ်မခင်တင့်၏ မိတ်ဆွေ ရီထွေး၏ဆရာ အပျိုကြီး မရင်ကြွယ်ကို ရီထွေးလိုက်ငေးကြည့်နေမိသည်။ ပိတ်စစလေးတွေကို ကိုက်ညှပ်တာ၊ ရင်ပုံချုပ်ဖို့ စွပ်ကျယ်အစုတ်စလေးတွေကို ရင်ပုံပိတ်စလေးနှစ်ခုကြားမှာ စိတ်ရှည်လက်ရှည် ထည့်ညှပ်တာကအစ ရီထွေးဘေးက မိန်းကလေးတွေ မိနစ်ပိုင်းအတွင်း အပျိုကြီးမရင်ကြွယ် ချပေးထားသော အပိုင်းအစလေးတွေကို ဘရာစီယာလေးတစ်ထည် ဖြစ်လာအောင် လုပ်နိုင်တာတွေကို ကြည့်ရသည်ကိုက ရီထွေး ပျော်လာသည်။

တစ်ခါမျှ စက်မနင်းဖူးသည့် ရီထွေးကို ပိတ်စအပျက်တွေပေါ်မှာ ချုပ်ရိုးဖြောင့်အောင် တစ်နေကုန် စက်နင်းခိုင်းထားသည်။ ပိတ်စလေးပေါ်မှာ မိမိနင်းလိုက်သည့် ချုပ်ရိုးလေးတွေ ကောက်တိကောက်ကွေး ပေါ်လာတာကိုပင် ရီထွေး ဝမ်းသာနေတတ်သည်။ ဒါဟာ ရီထွေး ဝါသနာပါလို့နေမှာပေါ့နော် ကိုတွတ်။ မကြာခင်ရက်ပိုင်းအတွင်းမှာ ချုပ်ရိုးဖြောင့်အောင် ချုပ်နိုင်သွားတာဟာလည်း ဝါသနာအရင်းခံပြီး ကြိုးစားလို့ရယ်လို့လဲ ဆိုနိုင်မယ်ထင်ပါ့ရဲ့။

အပျိုကြီး မရင်ကြွယ်၏ အသေးစားဘော်လီရုံက နှစ်ထပ်အိမ်အောက်ထပ်တစ်ခုလုံးဖြစ်သည်။ အိမ်နှင့် လမ်းလျှောက်သွားလို့ရသည့်နေရာမို့လဲ ရီထွေး ဒီအလုပ်ကို ပိုသဘောကျသွားသည်။ နို့မို့ဆို မလွယ်။ ဒါတောင် မမရင်ကြွယ်က မနက်ခြောက်နာရီ လာရမည်ဆိုသဖြင့် အမေတို့ကျေနပ်အောင် မနက်အစောကြီးထပြီး ထမင်းဟင်း ထချက်ခဲ့ရသည်။ အခုတော့ ခြေထောက် ပြန်ထိခိုက်မည်စိုးပြီး သဘောမတူချင်။ မပေါက်တခေါက် အအေးဆိုင်ဝင်ငွေလေးနှင့် ဖြစ်သလို နေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုသိန်းထွန်းကတော့ ရီထွေးလုပ်သမျှကို ဘယ်တော့မှ အကောင်းမထင်သူပီပီ "ခြေထောက်လေး ထောက်နိုင်တာနဲ့ အိမ်ပြင်မှာလပ်ယား လပ်ယားလုပ်ဖို့ပဲ စိတ်ကူးထည့်နေ၊ ဒီတစ်ခါကျိုးရင် ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲ၊ ပြန်မကြည့်ဘူးမှတ်"တဲ့။

မခံချင်ဒေါသ ဟုန်းကနဲ ကြွလာပေမယ့် အဖေ့မျက်နှာရိပ် မျက်နှာကဲကို ပြနေသောကြောင့် တောက်တစ်ချက်သာခေါက်ပြီး မျိုသိပ်လိုက်ရသည်။ ကြက်ပိုက်ဆင်းသွားသော ဘယ်လိုလူစားဟူ၍ နာမည်တပ်မရသောသူကို ဒေါသနှင့်သာကြည့်ပြီး ကျန်ရစ်ခဲ့ရသည်။

ခုချိန်မှာတော့ မျှော်လင့်ချက်သစ်ဖြင့် တက်ကြွနေသော ရီထွေးက မနက် မိုးလင်းတယ်ဆို ဘော်လီရုံရောက်အောင်သွားသည်။ အစောဆုံးရောက်အောင်လာတတ်သော ရီထွေးကို အိမ်ရှေ့ရေတွင်းမှာ ယောကျ်ားကြီးတစ်ယောက်ပမာ ပီပါတွေကို ရေဖြည့်နေသော မစိုးကြီးက တံခါးဖွင့်ပေးတတ်သည်။

မစိုးကြီးက အပျိုကြီးမရင်ကြွယ်၏ အချစ်ဆုံးသူငယ်ချင်း၊ တခြားသူတွေကပြောတာတော့ အပျိုကြီးမရင်ကြွယ် ယောကျ်ားတဲ့။ ဘော်လီရုံက မိန်းကလေးတွေရော အရပ်ထဲကရော သူ့ကို စိုးကြီးလို့သာ ခေါ်ကြသည်။ မစိုးကြီးက ယောကျ်ားကြီးတစ်ယောက်နှယ် ကျားကျားလျားလျား၊ တုတ်တုတ်ခိုင်ခိုင်နှင့်။ သူ့ကြည့်လိုက်လျှင်လည်း အမြဲတမ်းရှပ်အကျႌနှင့် ထဘီကို ပုဆိုးလိုဝတ်ထားသော ထဘီပုဆိုးနှင့် ဩဇာကလည်း အလွန်ညောင်းသည်။ မရင်ကြွယ်ကစပြီး ဘော်လီရုံအလုပ်သမတွေရော မရင်ကြွယ်၏အမေကြီးပါ သူ့တစ်ဩဇာ တစ်အာဏာအောက်မှာ နေရသည်။

ရီထွေးကတော့ မြင်မြင်ချင်းပင် သူ့ကို မနှစ်မြို့ချင်။ အစ်ကိုသိန်းထွန်း နေပုံထိုင်ပုံတွေနှင့်တူလွန်းလို့လည်း ပိုလို့တောင် မနှစ်သက်မိလေလားမသိ။ ကြည့်လေ။ မနက်စောစော ရေတွင်းနားက ပီပါနှစ်လုံး ပြည့်လျှင် သူ့တာဝန်က ပြီးပြီ။ မရင်ကြွယ်ပိုက်ဆံအိတ်ထဲက ငါးကျပ်တန်တစ်ရွက်

www.burmeseclassic.com

www.burmeseclassic.com



နိုက်တဲ့ပြီး လက်ဖက်ရည်ဆိုင် ထွက်သွားလိုက်သည်မှာ မရင်ကြွယ်အမေ ချက်ပြုတ်ပြီးစီးလောက်မှ ပြန်ရောက်လာသည်။ ဒါပေမယ့် အဲသည်အချိန်မှာ မရင်ကြွယ်အတွက် သူ့လက်ထဲမှာ နံပြားထောပတ်သုတ်လေး၊ ဘဲသားမုန့်လေး၊ စမူဆာလေး တစ်ခုခုတော့ အမြဲ ပါတတ်သည်။

မရင်ကြွယ် ပိတ်စညှပ်နေသောနားက ပက်လက်ကုလားထိုင်မှာ သူ့ကိုယ်လုံးကြီးကို အင့်ခနဲ နေအောင် ထိုင်ချတဲ့ပြီး၊ ပါလာသောမုန့်ကို "အကြွယ် ရော့ စားလိုက်ဦး၊ ကတ်ကြေးကြီးချထားစမ်းပါဦး၊ အင့်...ရော့" နှင့် ကျွေးတတ်သည်။

ပြီးတော့ စီးကရက်တဖွာဖွာနှင့် သတင်းစာတစ်ဖက်နှင့် စကားတွေဖောင်တော့သည်။ အားလုံးကို ဩဇာပေးတော့သည်။ နေ့လယ် အချိန်မီသိမ်ကြီးဈေးဘော်လီပို့ဖို့အတွက် နေးရမလားဆိုပြီး ဘော်လီချိတ်တပ်သူကိုငေါက်လိုငေါက်၊ ဘော်လီရင်ပုံ ပန်းထိုးသူကို အကွက်တွေပန်းတွေ မညီဘူးဆိုပြီး ဆရာလုပ်လိုလုပ်။ ဘော်လီအနားကို ဇာကွပ်သူက ပိတ်ဇာနှင့် ရိုးရိုးဇာ မှားကွပ်မိလို့ ဆူလိုဆူ။ ရီထွေးတို့လို လက်သင်လေးတွေကို 'အ'ရလားဆိုပြီး ကြိမ်းလိုကြိမ်းနှင့် တစ်အိမ်လုံး သူ့အသံသာ သောသောညံနေတော့သည်။ အဲသည် တစ်ချိန်လုံး စိုးကြီးလုပ်ပုံကို မရင်ကြွယ်ကိုယ်တိုင်က ပြုံးပြုံးလေး ကြည့်နေတတ်တော့ ရီထွေးတို့အားလုံး ငြိမ်ခံကြရသည်။ နေ့လယ်ပိုင်း ထမင်းစားသောက်ပြီး ဘော်လီတွေ အပြည့်အသိပ်ထည့်ထားသော အိတ်ကြီးနှစ်အိတ်ကို ပခုံးမှာချိတ်၊ လက်တစ်ဖက်က မရင်ကြွယ်ကို ဆွဲဆောင်းပေးကာ နှစ်ယောက်ထွက်သွားမှ နားအေးတော့သည်။

ရီထွေးတို့တွေ အဲသည်ကျမှ ထမင်းဝိုင်းစားကြရင်း 'စိုးကြီး'အတင်းပြောပြီး ကျိတ်ရယ်ကြရသည်။

ပညာဆိုလို့ ဘာပညာကိုမှ မသင်ဘူးသော ရီထွေးအတွက် အပေါင်းအသင်းတွေနှင့် သိုက်သိုက်ဝန်းဝန်းနေပြီး စိုးကြီး အဆူအငေါက်ခံကာ ပညာသင်ရတာကိုပင် ကျေနပ်လို့နေမိသေးသည်။ ရီထွေးငယ်ငယ်က အမြဲ



www.burmeseclassic.com

www.burmeseclassic.com



အားကျခဲ့ရသည့် သူငယ်ချင်းတတွေ တပျော်တပါးကျောင်းသွားကြရတာ မျိုး မဟုတ်ပေမယ့် အနည်းငယ်ဆင်တူသည့် အဖြစ်မျိုးမှာ ရီထွေးပျော်နိုင် ပါသည်။

ဒါပေမယ့်...စက်သံတဂျုန်းဂျုန်းကြားက ထွက်ပေါ်လာသော ရယ် မောသံတွေကတော့ ငယ်ငယ်တုန်းက အခန်းကျဉ်းလေးထဲကရီထွေးကြား ခဲ့ရသည့် လွတ်လပ်ပျော်ရွှင်သော အပူအပင်ကင်းသော ရယ်မောသံများ တော့ မဟုတ်ကြပေ။ ရယ်မောသူမိန်းကလေးအားလုံးမှာ အပူတွေကိုယ်စီ နှင့်။

* * *

"ဟော...လာပြန်ပြီ တစ်ယောက်ဟော့ စက်မပါဘူးတဲ့၊ အကြွယ် တော့ စဘော်နှစ်ရာစိုက်ထုတ်ဖို့ ပြင်ထားဦးပေါ့၊ တစ်လခ လေးဆယ်ရော ပေးနိုင်လား၊ တို့က စိုက်ပေးပြီး ချုပ်ခရတော့မှ နှိမ်ရမှာလား"

"ကျွန်မက ပေးနိုင်ပါတယ်"

"အမယ်၊ အညာသူမက ရီထွေးထက်တော့ သာသွားပဟော့၊ စက် လခပေးနိုင်သတဲ့"

သည်နေ့မှ ရောက်လာသော စက်သင်အသစ် မိန်းကလေး တစ် ယောက်နှင့် စိုးကြီးတို့ အချီအချပြောနေသံကို ကြားနေရသည်။ မဆိမဆိုင် ရီထွေးကို ဆွဲထည့်နေသေးသည်။ ရီထွေး စက်လခမပေးနိုင်တာကိုပဲ သူ က အလကားစိုက်ပေးနေရတာကျလို့။ ရီထွေး ချုပ်ခရရင် ပြန်နှိမ်မယ့်ကို ကို။ ပိုက်ဆံနှင့်ပတ်သက်ပြီ မျက်နှာငယ်ရတော့ ချွေးသီးချွေးပေါက်တွေ ကြားက ပင်ပန်းကြီးစွာ ရှာဖွေခဲ့ရသော ငွေတွေကို တမ်းတမိတော့သည်။ ရေထဲသို့တဖွေးဖွေးကျနေသော ဆန်ဖြူဖြူလေးတွေကို မြင်ယောင်မိတော့ သည်။ လက်ထဲမှာကျန်သည့် ခုနစ်ဆယ့်ငါးကျပ်ထဲမှ ငါးဆယ်ကို အဓေ

www.burmeseclassic.com



လက် အပ်လိုက်ပြီး ငွေအစိတ်ပဲလိုလိုမည်မည် သိမ်းထားတာရှိတော့သည်။ ဘယ်လိုလုပ် စက်လခလေးဆယ် ပေးနိုင်တော့မှာလဲ။ ချုပ်ခရဖို့က နောက် တစ်လကျော်လောက် စောင့်ရဦးမည်။ ရလျှင်လည်းရိတ္ထွေးကမမြန်သေးတော့ တစ်နေ့ကုန်ပြီးမှ ဆယ်ထည်ပေါ့။ တစ်ပြားမှ မယူဘဲဆပ်တောင်မှ သုံးလ လောက်ဆပ်ရမှာ။ အင်း...စားရဖို့တော့ နီးပေါ့။ ဒီထက်ဆိုးတာက သိမ် ကြီးဈေးက ဘော်လီဖောက်သည်ဆိုင်နဲ့ စိုးကြီးနဲ့ ဆိုင်ရှင်လူကြီးက မရင် ကွယ်ကို ကြည့်မှုတို့၊ သူ့ကို 'မိန်းမချင်း ထဘီနားခိုစားသူ'လို့ မကြားတကြား ပြောမှုတွေနဲ့ စကားများကြရင်တော့ ပြီးရော။ တစ်ယောက်ကို ဆယ်ထည်စီ ပုံမှန် ချုပ်နေကြရတာကနေ ငါးထည်စီလျှော့ခနဲ ဆင်းသွားပြန်ရော၊ သိမ် ကြီးဈေးဆိုင်က ဘော်လီအမှာ လျှော့သွားတာလေ။ အဲဒါဆို နှစ်ကျပ်နဲ့ တစ်နေ့ကုန်ကြရရော။

သည်လိုပြဿနာတွေကြောင့် ခဏခဏ ရုံပြောင်းကြသည်။ ဒါပေ မယ့် စက်ကလေးဆယ့်ငါးလုံးလောက်နှင့် ဘော်လီရုံထောင်နေသော အ ငယ်စားဘော်လီရုံလေးများ အားလုံးလိုလို သည်ပြဿနာတွေက ရှိမြဲမို့ ထူးမခြားနားပင်။

"ကဲပါ၊ ဟိုအညာဆင်ဖြူကျွန်းကနေတောင် တကူးတကလာရတာ ဆိုတော့ အစ်မက ကောင်းကောင်းသင်ပေးရမှာပေါ့၊ ဒါပဲနော် တတ်တတ် ချင်းတော့ အညာ ပြန်မပြေးရဘူး၊ အမယ် မရယ်နဲ့တော့၊ တတ်ပြီးရင် စိန်ကန်ပြီး တခြားသူဆီ ရောက်ရောက်သွားတတ်လွန်းလို့ ခုကတည်းက ပြောထားရတာ" စိုးကြီးနှင့် တလေတည်း။ အပျိုကြီးမရင်ကွယ်၏ အသံစ လာတိုင်း ပြောနေကျစကားက နားထဲဝင်လာသည်။ ကောင်းကောင်းတတ် ပြီး နှစ်လသုံးလလဲ အလကားချုပ်ပေးရသေးတယ်။ တခြားရုံပြောင်းချင် ပြောင်း၊ ကိုယ့်ဟာကိုယ် ထောင်ချင်ထောင် လုပ်တော့လဲ မကြိုက်။ သူက ပဲ နိုင်းစားချင်တာတော့ မတရားရာ မရောက်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com


တခြား'ရုံ'ပြောင်းသွားခဲ့ရင် ပိတ်စတို့၊ ချည်တို့၊ ပိုက်ဆံတို့ ခိုးတတ်တယ် ဆိုတာမျိုးတွေနဲ့ လက်တို့တတ်တာတို့။ ကိုယ့်ဟာကိုယ်ထောင်ရင်လဲ သိမ်ကြီးဈေး ဘော်လီဆိုင်တွေမှာ လုပ်သားများများ ရှိတာမဟုတ်ဘူးတို့၊ ငွေလိမ်တတ်တယ်၊ ဘာအခြေအနေမှ ရှိတာမဟုတ်ဘူးတို့ ဆိုတာမျိုးနဲ့ သတင်းဖြန့်တတ်တာမျိုးတွေကိုလဲ မစာမနာ လိုက်လုပ်တတ်ကြသေးတယ်။ သမုဒ္ဒရာရေပဲ။ မကုန်နိုင်ပါဘူး။ အားလုံး မှုတသောက်ပါစေလား။

"ကဲ စိုးကြီးက ဟိုနေ့က ငှားမယ်ပြောတဲ့ဈေးထဲက စက်သွားကြည့်၊ တည့်ရင် တစ်ခါတည်းယူခဲ့၊ စပေါ် နှစ်ရာပဲနော်၊ အဲဒီမိန်းမက ပိုပြောချင်တယ်။ ကဲ ညည်းနာမည်က ဘယ်သူ၊ ခင်ငွေ၊ အေး ညည်းကသွား၊ ဟိုက ရီထွေးနားမှာ သွားထိုင်ကြည့်၊ သူလဲ တတ်ခါစရှိသေးတယ်၊ မီအောင်လိုက်၊ ဟုတ်လား"

အပျိုကြီးမရင်ကြွယ်၏ စီမံခန့်ခွဲမှုကြောင့် အညာသူ မခင်ငွေက ရီထွေးနားမှာ ခွေးခြေလေးရွှေ့လာပြီး လာထိုင်ကြည့်သည်။ ရီထွေးက သင်ခါစ သူများလုပ်ရသော ဘရာစီယာရင်ပုံပေါ်မှာ 'ပယင်းထိုးသည်'ဟု ခေါ်သော လေးထောင့်ကွက်ကျဲများကို ညီအောင်အပြန်ပြန်အလှန်လှန် အကွက်ဖော်ချုပ်နေရသည်။ ကွက်ကျဲပြီးတော့မှ ကွက်စိပ်ပန်းထိုးရမည်။ ပြီးမှ ဘရာစီယာဖြစ်အောင် တွဲချုပ်ရမည်။

"မရီထွေး တော်တော်ချုပ်တတ်နေပြီနော်၊ ကျွန်မကိုလဲ သင်ပေးဦးနော်၊ ကျွန်မက ဉာဏ်သိပ်ထိုင်းတာ၊ ဘာသင်သင် မတတ်လို့ နောက်ဆုံး ဒီပို့ပြီး စက်သင်ခိုင်းတာ၊ စာလဲ ကောင်းကောင်းသင်မရဘူး။ ကျွန်မတို့ ရွာမှာ ယက္ကန်းလဲရှိတယ်၊ ဒါလဲ ရပ့်မလားမသိဘူး၊ ကျွန်မလေး ဝါသနာ တော့ပါတယ်"

"ဝါသနာပါရင် ရမှာပေါ့၊ စိတ်မပျက်ပါနဲ့ မခင်ငွေရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကိုတွတ် လေသံဖမ်းပြီး အားငယ်နေသော မခင်ငွေကိုအားပေးရသည်၊ "ဆင်ဖြူကျွန်းဆိုတာ ရန်ကုန်နဲ့ အတော်ဝေးမှာပေါ့နော်၊ မခင်ငွေ ခုဒီမှာ ဘယ်သူနဲ့ နေလဲဟင်"

"အင်း၊ အဝေးကြီးပေါ့ မရီထွေးရယ်၊ ခုနေတဲ့ဒေါ်အိမ်လဲ မနေချင်ပါဘူး။ ရွာမှာ အာလူးပဲ ဖော်နေလိုက်ချင်တယ်၊ ကျွန်မအဖေတို့ အမေတို့က လွှတ်လို့သာ"

"အို...အိုးမကွာ အိမ်မကွာအလုပ်ရှိသားနဲ့၊ မခင်ငွေအိမ်က ဘာလို့ အာလူး မဖော်စေချင်ရကာလဲ"

ဆင်ဖြူကျွန်းသူမလေး၏ မျက်နှာက ညိုသွားသည်။

"အာလူးဖော်ရတဲ့ရာသီဆို ကျွန်မတို့ဆီက နေသိပ်ပူတာ၊ အာလူးဖော်ရတာကလဲ မလွယ်ဘူး၊ ဖော်တတ်ဦးမှ၊ နေပူကျဲတဲမှာ တစ်နေကုန်ဖော်လို့မှ လုပ်ခရတာက အာလူးအချိန်တစ်ဆယ်ဖော်ရမှ တစ်ပိဿာရယ်၊ အဖေတို့ အမေတို့က ကျွန်မကို နေရိပ်ထဲမှာနေပြီး ပိုက်ဆံရတဲ့အလုပ်ကို လုပ်စေချင်တယ်တဲ့"

ရီထွေးက မခင်ငွေ လေးလေး..လေးလေးနှင့် ပြောသမျှကို ခေါင်းညိတ်နားထောင်ဆဲ၊ ရီထွေးနှင့် မျက်နှာချင်းဆိုင်ချုပ်နေသော 'ပိုလေး'က ဆွေးဆွေးမြေ့မြေ့ ဝင်ပြောသည်။

"မိဘတွေက အဲလိုချစ်တာခံရတာ အစ်မ သိပ်ကံကောင်းတာပေါ့၊ ကျွန်မမိဘတွေဆို ခိုင်းဖို့ပဲကြည့်နေတာ၊ ဘယ်လောက်ပင်ပန်းတဲ့အလုပ်ပဲဖြစ်ဖြစ်၊ လုပ်၊ သွား၊ ပိုက်ဆံရရင်ပြီးရော၊ အဖေ အရက်သမားဖြစ်နေတာတို့၊ ကျွန်မတို့မောင်နှမတွေ များတာတို့နဲ့၊ ကျပ်တာလဲ ကျပ်တာပေါ့လေ၊ ဒါပေမယ့် အမေက ကျွန်မမှာ အမောမခံနိုင်တဲ့ရောဂါ ရှိနေတာကို လုံးဝမသိချင်ယောင်ဆောင်နေတယ်၊ ခုတော့ ကျွန်မလဲ မပြောတော့ဘူး၊ သေလဲ အားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိန်လွန်း၍'ပိန်လေး'ဟု အားလုံးကခေါ်ကြသော 'ပိုလေး'၏ မျက်နှာလေးမှာ ချောင်ကျနေပြီး မျက်ကွင်းတွေက ညိုနေသည်။ ပိုလေးက 'အဲဒါလေ...'ဟု ဆိုကာ စကားပြန်ဆက်မည်ပြုဆဲ အပျိုကြီး မရင်ကြွယ်၏ ကြမ်းပြင်ကို ကတ်ကြေးနှင့် ခေါက်သံက ပေါ်လာသည်။

"အမယ်လေး...မပိုလေး စက်ရပ်ပြီးတော့တောင် စကားပြောရတယ်လို့၊ တော်ကြာ သူပဲ ငါးထည် မပြီးသေးဘူး၊ မောသလေး ဖြစ်ဦးမယ်၊ ကိုယ့်ဟာကိုယ် ပြီးအောင်ချုပ်"

ပြောပြီး မရင်ကြွယ် အခန်းထဲလှည့်ဝင်သွားတော့မှ ငြိမ်သွားရာကနေ ပိုလေးက မရင်ကြွယ်နောက်ကျောကို လက်သီးနှစ်ခုနှင့် ထုဟန်ပြုပြီး ပါးစပ်ကလဲ မဲ့ရွဲ့ပြသည်။

ပိုလေးပုံစံကိုကြည့်ပြီး အားလုံးက ရယ်ကြသည်။ စောစောက မျက်နှာလေးငယ်နေသော မခင်ငွေလေးကလဲ တခစ်ခစ်လိုက်ရယ်နေသည်။ မပြေလည်ပေမယ့် ပျော်အောင်နေကြရသော ရီထွေးတို့ဝန်းကျင်မှာ သူလဲ ပျော်အောင်နေရတော့မယ်လေ။

* * *

"ကဲ...ကဲ၊ မရွှေစာ၊ ညည်းရှာပြန်ပြီး အာလူးသာသွားကောက်ချေတော့၊ ဘယ့်နှယ်တော် ဘယ်နှစ်ရက်ရှိပြီလဲ၊ ခုထိ ချုပ်ရိုးကြောင်းမဖြောင့်နိုင်ဘူး၊ အဲ...ချုပ်ရိုးမဖြောင့်လို့ကတော့ စက်ချုပ်စားဖို့ စိတ်ကူးမထည့်နဲ့၊ အပ်ကျိုးတာလဲ ဘယ်နှစ်ခါရှိပြီလဲ မသိဘူး၊ အေး...အပ်ဖိုးနဲ့ ပဲ ညည်းမွဲလိမ့်မယ်"

သည်အသံကို နေ့တိုင်းကြားရဖန်များလာတော့ အားလုံးရိုးနေပြီး အပျိုကြီး ဘယ်လောက်ဆူဆူ မခင်ငွေကတော့ မပြောင်းလဲ မျက်ရည်တွေဝိုင်းလျက် စိတ်ရှုပ်နေသော မျက်နှာလေးကို ရီထွေး စာနာစွာကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူလဲ ကြိုးစားရှာသားပဲ။ ဘာကြောင့်များ ဒါလောက်ထုံထိုင်းနေရတာလဲ၊ ဉာဏ်ရယ်။

"ကောင်မလေးကိုက ဖျင်းကိုဖျင်းပါတယ် အကြွယ်ရာ၊ ရှိထွေးတို့ဆို ခြေသာမသန်တာ ဘရာစီယာချုပ်ကျ နံပါတ်တစ်ပဲ"

နှိမ့်ချပြောတတ်တာကစ အစ်ကိုသိန်းထွန်းနှင့် စိုးကြီးက တော်တော်တူသည်။ စိုးကြီး၏ ချီးမွမ်းခြေကျောက် စကားကို မျက်ခန်ဖြစ်ပေမယ့် မျိုသိပ်ရသည်။ မျက်ခန်ဖြစ်တိုင်း မျိုသိပ်ပြီး ပြုံးသောအကျင့်ကို ဘဝတစ်ဆစ်ချိုးမှ 'ချမ်းသာပါစေ' ဆန်ကုန်သည်မ ဘဝက သင်ပေးခဲ့တယ်လေ။

"မခင်ငွေနဲ့တော့ ခက်တယ်၊ လာတော့လဲ ကိုးနာရီထိုးတော့မယ်၊ ပြန်တော့လဲ လေးနာရီပြန်နဲ့၊ ဉာဏ်ထိုင်းရတဲ့အထဲ ဘယ်မှာ သင်ချိန်ရှိတော့မှာလဲ၊ ညည်းအဒေါ်ကြည်တာ မကြည်တာ ငါမသိဘူး၊ ညည်း ထမင်း၊ ဟင်းကူမချက်လို့ဆူတာ၊ ဆောင့်တာ၊ ငါနဲ့မဆိုင်ဘူး၊ အေး...အရေးကြီးတာက ညည်း အချိန်များများသင်နိုင်ဖို့ပဲ၊ ဒီပုံအတိုင်းဆို ညည်း နောင်ဘဝကျုးတောင် ချုပ်ရိုးဖြောင့်မှာ မဟုတ်ဘူး"

အပျိုကြီး မရင်ကြွယ်၏စကားကို အရယ်သန်သူ သန်းသန်းရီနှင့် သန်းသန်းကြည် ညီမနှစ်ယောက်က လိုက်ရယ်ကြသည်။ သူတို့ညီအစ်မနှစ်ယောက်က အရယ်သန်သည့်နေရာမှာတော့ နှစ်ယောက်မရှိ။ ဘာပြောနေနေ သူတို့ရယ်ချင်လာပြီဆိုလျှင် ပါးစပ်တပိတ်ပိတ်နဲ့ ရယ်နေတတ်သည့်သူတွေ။ ရှိထွေးတို့ထဲမှာ သူတို့က ကံအကောင်းဆုံးလို့ပဲ ဆိုရမည်။ သူတို့မှာ မောင်နှမတွေများသော်လည်း အလုပ်က ကိုယ်စီနှင့်။ အမေ အဖေက ကျွေးထားနိုင်တော့ ကိုယ်ရတာ ကိုယ်ဝတ်ရုံပင်။ သန်းသန်းရီတို့ညီအစ်မက သည်ရုံမှာတော့ သပ်သပ်ရပ်ရပ်အနေနိုင်ဆုံးပင်။ ဘယ်တော့ကြည့်လိုက်၊ ကြည့်လိုက် သနပ်ခါးအဖွေးသားနှင့် အကျီလတ်လတ်၊ လုံချည်လတ်လတ်လေးတွေနှင့် စိုစိုအိအိလေးတွေ။ ဆော်လီချုပ် လက်ရာက



www.burmeseclassic.com

www.burmeseclassic.com



လဲ ကောင်းသည်မို့ အပျိုကြီးမရင်ကြွယ်နှင့် စိုးကြီးတို့၏ အရေးပေးခံရဆုံး သူတို့ညီအစ်မပြီးလျှင် အရေးပေးခံရသူက 'ကြည်မ'။ လက်ရာကောင်းသည့်ပြင် မြန်ကလဲမြန်ပေမယ့် နာမည်နှင့်လိုက်အောင် ကောင်းလေးတကာနှင့် ကြည်တတ်သဖြင့် သူ့ကို ရုံတိုင်းက လန့်ကြသည်။ လက်ဆော့တတ်သည်ဟူသော နာမည်ဆိုးလေးက ရှိသည်။ ဒါပေမယ့် ကြည်မက တစ်နေ့ဘရာစီယာ သုံးဆယ်လောက်ကို မှန်မှန်ကြီးချုပ်နိုင်တော့ အလုပ်ကတော့မရှား။ ဘော်လီရုံကတော့ ငါးရက်တစ်ခါလောက် ပြောင်းတတ်သဖြင့် နာမည်တောင်မှ 'ရုံပြောင်းကြည်'ဟု တွင်နေတာကြည့်။

ကြည်မက သူ့ပုံစံအတိုင်း စိုးကြီးကို တို့လိုက် ထိလိုက် ဆိတ်လိုက် နေတတ်သဖြင့် စိုးကြီးက သဘောကျသည်။ စိုးကြီးသဘောကျတော့ မရင်ကြွယ်က ငြိမ်နေတော့သည်။ သည်ရုံမှာ ကြည်မ လပိုင်းအထိမြဲနေသည်။

"စိုးကြီးရေ၊ 'ကွပ်ကြိုး'လေး ပေးပါဦး စိုးကြီးရဲ့"

ပြောရင်းဆိုရင်း အသံ သြောင်ညက်ညက်လေးကို ချွဲနွဲ့ပြောလိုက်သော ကြည်မ အသံကို ကြားရသည်။ စိုးကြီးကို သူတစ်ယောက်ပဲ နိုင်းလို့ရသည်။ စိုးကြီးက ကြည်မစက်ခုံပေါ်တွင် ကွပ်ကြိုးချပေးရင်း...

"နင်လဲ ဒီနေ့ဘာမှမပြီးသေးပါလား၊ ဘယ်ကောင်လေးဆီ စိတ်ရောက်နေလဲဟင်၊ မြန်မြန်ချုပ် ဈေးမီအောင်"

ပြောရင်းက ကြည်မ၏ မိတ်ကပ်တွေနီရဲနေသော ပါးပြင်ကို စိုးကြီးဆွဲလိမ်သည်။ ကြည်မလည်း အားကျမခံ စိုးကြီးဗိုက်ကို ဆွဲလိမ်သည်။ အပျိုကြီး မရင်ကြွယ်၏ မျက်နှာက စူစူနှင့် အတော်စိတ်ပျက်စရာကောင်းသည့်ဟာတွေ။

သန်းသန်းရီတို့ ညီအစ်မက 'ကြည်မ'ကို ကြည့်ပြီး မဲ့ရွဲ့ကြသည်။ နေရာတကာ ရယ်တတ်သော ညီအစ်မက ကြည်မကိုတော့ မရယ်ကြ။ သူတို့နှင့် ကြည်မက လုံးလုံးမတည့်ကြ။ တစ်ခါ ဆော်အံဆွဲထည့်ထား

www.burmeseclassic.com

www.burmeseclassic.com



သော သန်းသန်းရီတို့ ပိုက်ဆံငါးကျပ်ပျောက်မှုနှင့် ကြည်မနှင့် အကြီးအကျယ် ရန်ဖြစ်ကြဖူးသည်။ 'ကြည်မ' အကျင့်ကိုသိပေမယ့် လက်ဆုပ်လက်ကိုင် မမိတော့ ကြည်မကလည်း ကက်ကက်လန်အောင်ရန်တွေ့၊ ဟိုညီအစ်မကလည်း ကတ်ကြေးတွေဘာတွေနှင့်တောင် ထိုးမည်၊ နှက်မည် တကဲကဲဖြစ်လာသဖြင့် အတင်းဖြန်ဖြေပြီး စိုးကြီးက ငါးကျပ်စိုက်ပေးလိုက်ရသည်။ ခုထိလဲ တစောင်စောင်နှင့်။

"ဟဲ့ ...၊ မမြအေးလဲ စက်ပြင်သွားကိုက်တာ စက်ပြင်တဲ့လူနဲ့များ ညားနေပြီလား မသိဘူး၊ ဆယ့်နှစ်နာရီတောင် ထိုးတော့မယ်"

အပျိုကြီးမရင်ကြွယ်က မမြအေးစက်ခုံပေါ်တွင် ကိုက်ပြီးသားပိတ်စတွေ လာချပေးရင်း မကျေမနပ်ပြောသည်။

"ဟော...ဟော ပြောတုန်းဆိုတုန်း လာပါပြီ 'အငို မင်းသမီး'"

စိုးကြီးက အိမ်ဝင်ဝဆီသို့ မေးငေါ့ပြသည်၊ စက်ခေါင်းကိုရွက်ရင်း မကြည်မသာမျက်နှာနှင့် မမြအေး တက်လာသည်။

"ဒီလတော့ ဗိုက်မှောက်ရုံပဲမရင်ကြွယ်ရေ၊ သေများတောင် သေချင်တယ်"

ထုံးစံအတိုင်း မမြအေးက ငိုသံလေးပါလာသည်။

"ကဲပါ၊ ညည်းတာကအရင်၊ ဘယ်လောက်ကျခဲ့လဲ"

မရင်ကြွယ်က ဆီတွေနှင့်ရွှဲနေသော စက်ကို ဟိုကြည့်သည်ကြည့်ကြည့်သည်။

"ညည်းတာကိုမပြောနဲ့ မရင်ကြွယ်ရဲ့၊ နားထောင်ဦး၊ အထဲက စက်အုံကြီးတစ်ခုလုံး ပြင်မှချုပ်လို့ရတော့မှာတဲ့၊ ရှစ်ဆယ်တောင် ကျတယ်၊ ကျွန်မဖြင့် ရှစ်ဆယ်ဆိုတဲ့ အသံကိုလဲကြားရော ခေါင်းတည့်တည့်မိုးကြိုးများ ပစ်လိုက်သလား အောက်မေ့ရတယ်၊ ဒိန်းကနဲပဲ၊ အို...ကျွန်မကံကိုက ဆိုးပါတယ်၊ ဘယ်နှစ်လက်ပြောင်းလာတဲ့ စက်အိုကြီးမှန်း မသိဘူး၊ တစ်ခါမှလဲ ပြင်ဖူးဟန်မတူပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အို…ပြင်စရာရှိ ပြင်ရမှာပေါ့၊ မပြင်လို့ ဘာနဲ့သွားချုပ်မှာတုန်း၊ ညည်းမနေစမ်းနဲ့ ။

စိုးကြီးက ဝင်ငေါက်ပြန်သည်။ သူဖြင့် စပေါ်သက်သာအောင် စက်အို စက်ဟောင်းတွေချည့် ရှာလာပြီးတော့ တစ်လခ လေးဆယ်ပေးရသည့်ပြင် ပျက်ရင် ကိုယ့်ဟာကိုယ်ပြင်တဲ့။ တော်သေးသည်။ ရီထွေးစက်လေးက သန့်ကောင်းနေပေလို့။ တချို့ဆို ရလိုက်ပြင်လိုက်နှင့် နောက်ဆုံး လက်ကျန် တော့ စက်လခလေးဆယ်ပဲ ကျန်တော့သည်။ လင်းကတည်းက ထိုင်လိုက် ရတာ မိုးချုပ်လုထိ။ တစ်လလုံး အညောင်းခံပြီး ချုပ်နေရတာ စက်ငှားခ လေးဆယ်ပေးဖို့ သက်သက်ချုပ်နေရသလိုပဲ။

ချွေးတွေကို ပုဆိုးနှင့်တို့သုတ်ရာက မျက်လုံးလေး ကလယ်ကလယ် နှင့် မမြအေး စဉ်းစားတွက်ချက်နေပြန်သည်။

"မရင်ကြွယ်ဆီက ကျွန်မယူထားတာ ခြောက်ဆယ်နော်"

"အင်း"

"ခြောက်ဆယ်၊ ခြောက်ဆယ်ဆိုတော့ ကျွန်မ ရရမှာက တစ်ရာ နဲ့ရှစ်ဆယ်၊ ဒီစက်ဝုတ်ပြင်တာက ရှစ်ဆယ်၊ ယူထားတာက ခြောက်ဆယ် တစ်ရာနဲ့ လေးဆယ်၊ သေလိုက်ပါတော့ မြအေးရယ်၊ ကျန်တဲ့လေးဆယ် စက်လခပေးလိုက်တော့၊ ဒီလ တို့သားအမိ ဘာနဲ့ သွားစားကြမလဲ"

မျက်ရည်စို့စပြုလာသော မမြအေးကို ရီထွေးတို့ကသာ စိတ်မကောင်း စွာငေးကြည့်နေကြပေမယ့် စိုးကြီးကလည်း သတင်းစာဖတ်မပျက်မရင်ကြွယ် ကလည်း ပိတ်စအညှပ်မပျက်၊ စက်ပြင်ခစိုက်ထားလိုက်မယ်လို့ မရှိ။ ငွေ လေး ငါးကျပ် ဓာတ်ဆယ်လောက် ပိုတောင်းမိရင်ကို ပြောမဆုံးအောင် ကတ်သတ်တတ်တာကို။ ရှစ်ဆယ်ကို စိုက်ပေးဖို့ဝေးပါသေး။ ရှုံ့ပြီး တော့ မမြအေး။ နောက်ရက်များတွင်တော့ ယောကျ်ားကို အင်မတန်ချစ် သော မမြအေး၊ အားကိုးစွာတ၍ ငိုသံကြားရဦးတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ယောကျ်ားအဖြစ်ကလည်း ထူးဆန်းသည်။ သမီးလေးတစ်ယောက်နှင့် သားအမိသားအဖသုံးယောက်။ သူများအိမ်လေးက အမိုးလေးမှာ တစ်လသုံးဆယ်နှင့် ဖြစ်သလိုနေကြရင်းနှင့် တစ်နေ့ အလုပ်ရှာသွားရင်း မမြအေးယောကျ်ား ပျောက်ချင်းမလှပျောက်သွားသည်။ မမြအေးမှာ ဘယ်ရှာလို့ရှာရမှန်းမသိနှင့် အရူးတစ်ပိုင်းဖြစ်နေခဲ့ရရှာသည်။ ခုထိလည်း သေသလား ရှင်သလား မသိရ။ သမီးလေးက ကျောင်းသွားသည့်အရွယ် မနက်ကိုသမီးလေးက သူ့ဟာသူကျောင်းသွား။ ကျောင်းဆင်းတော့ မအေ့ဘော်လီရုံပြန်လာပြီး ထမင်းစား။ ညနေစောင်းမှ သားအမိနှစ်ယောက်အတူတူပြန်သွားကြပြီး ချက်ပြုတ်စားကြရသည်။ မမြအေးမျက်နှာက အမြဲတမ်းညှိုးနေတတ်ပြီး မျက်လုံးတွေက ငိုချင်နေသည့်မျက်လုံးတွေ။

"အစ်မမြအေး၊ ချုပ်လေ၊ ဘာငိုင်နေတာလဲ"

မနေနိုင်ဘဲ ရီထွေးလှမ်းပြောမိသည်။ ပြောခါမှပင် ငိုချင်လျက်လက်တို့လိုက်သလို မမြအေး မျက်ရည်တွေက တလိမ့်လိမ့်ကျလာသည်။

"သေလားလဲ မသိရ၊ ရှင်လားလဲ မသိရ၊ ကျွန်မတို့သားအမိနှစ်ယောက်ကို ဒုက္ခတောထဲမှာ ရှင်ပစ်ထားရက်ခဲ့တယ်နော် ကိုလှဖေ"

* * *

"ရီထွေးလက်ရာက သန်းသန်းရီတို့ ညီအစ်မမိတယ်ဟော့၊ နောက်လဆို ကိုယ့်ဘာသာ ခွဲချုပ်တော့၊ တခြားရုံတော့ ပါမသွားနဲ့ဦးနော်၊ ကျုပ်ကလိုက်လာမှာတော့"

မရင်ကြွယ် ဘာတွေပြောနေနေ၊ ပိုက်ဆံရတော့မည်ဟူသောအသိကြောင့် ရီထွေး ဝမ်းသာသွားသည်။ သူစိုက်ထားတဲ့ စက်လခတွေကိုတော့ နှိမ်ရဦးမှာပေါ့။ ဒါပေမယ့် တစ်နေ့အထည်နှစ်ဆယ်ပြီးအောင် ချုပ်နိုင်ရင် မဆိုးဘူး။ ရှစ်ကျပ်ရတော လေးကျပ်နှိမ် လေးကျပ်က ကိုယ်ယူနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားချုပ်ရမှာပေါ့။ အဖေ့မဖြစ်စလောက် အအေးဆိုင်ဝင်ငွေလေးနှင့် မလောက်သော အိမ်စရိတ်ကို အမေဟိုချေး သည်ငှားလုပ်ပြီး ဖြည့်နေသည်ကို သိလျက်သားနှင့် ရီထွေး မသိချင်ယောင်ဆောင်နေရသည်။ ရီထွေးရသည့် လေးကျပ်ကလဲ လေးကျပ်အလျောက် အိမ်စရိတ်ထဲမှာ ပါဝင်နိုင်တာပေါ့။

"ကဲ…ကဲ အားလုံးမြန်မြန်ချုပ်ကြ၊ ထမင်းစားပြီးတဲ့အချိန်လောက် သိမ်းမယ်၊ ဒီနေ့ အမေ့ကို ဘုရားသွားပို့ရမယ်၊ ညည်းတို့အားလုံးလည်း ရုပ်ရှင်သွားကြည့်ကြ၊ ငါပြမယ် ဟုတ်လား"

'ကြည်မ'က ဟေး'ခနဲ ထအောင်သည်။ အပျိုကြီးမရင်ကြွယ်၏ ခြောက်လမှတစ်ခါရတတ်သော မဟာအခွင့်ထူးကြီးကို အားလုံးကဝမ်းသာသွားကြသည်။ ဒါပေမယ့် ထုံးစံအတိုင်း ခိုင်းစရာအလုပ်ကလေးကလဲ ပါသေးသည်။

"ဒီ ဘရာစီယာငါးဆယ်ကို 'နှင်းသက်ဝေ'မှာ ဝင်ပို့ခဲ့။ သိမ်ကြီးဈေး ဘီရုံထဲမှာ၊ ဆိုင်ကို ကြည်မသိပါတယ်၊ ပြီးတော့ စွပ်ကျယ်အစ နှစ်ပေါင် ဝယ်ခဲ့၊ တစ်ပေါင်ရှစ်ကျပ်တန်နော်၊ ရှော့ရော့၊ ရုပ်ရှင်ကြည့်ဖို့ပိုက်ဆံ၊ မမြအေး ယူထား ဟုတ်လား၊ ကဲ…ကဲ၊ လုပ်ကြ"

ရုပ်ရှင်ပြတော့ တစ်ကျပ်ခွဲတန်းက။ ခိုင်းလိုက်တဲ့အလုပ်တွေက အများကြီး။ အခုလောလောဆယ်ကို မရင်ကြွယ်အမေအတွက် မခင်ငွေ သနပ်ခါးသွေးပေးရ။ ထမင်းဟင်းခူးပေးရ။ ပန်းကန်ဆေးရနှင့်။

'ကြည်မ'ကတော့ သူ့လက်စွဲတော် ကြိမ်ခြင်းပေါက်စလေးထဲက ဆောင်နေကျ အလုပြင်စရာတွေနှင့် ဖီးလိုက်၊ လိမ်းလိုက်လုပ်နေပြီ။ ရီထွေး တောင် သူ့ဆီက တို့ပတ်ပဝါနှင့် မျက်နှာရိုက်လိုက်ရသေးသည်။ ခုတလော မောမောနေသည့် 'ပိုလေး' အလုပ်မဆင်းနိုင်သဖြင့် မလိုက်ရရှာတော့။ သည်လိုအခါမျိုးတွင်သာ ရုပ်ရှင်ကြည့်ရသော မမြအေးသမီးလေးကလေး ခုန်ဆွ၊ ခုန်ဆွနှင့် ပျော်နေသည်။ အင်း ပြောသာပြောရတာ။ ရီထွေး ရုပ်ရှင်မကြည့် ရသည်မှာ ဘယ်လောက်ရှိပြီလဲမသိ။

www.burmeseclassic.com

www.burmeseclassic.com



ကုန်ကူးခါစက 'အစည်ကလေး'မှာ မိုးလင်းပြသော သုံးကားတွဲ ရုပ်ရှင်ကို သွားကြည့်ပြီးကတည်းက တစ်ခါမှမကြည့်ရသေးပေ။

"ကဲ...ပြီးကြပြီလား၊ ကြည်မနော် ပြန်လာရင် ဘာသံမှမကြားစေနဲ့၊ မမြအေးပြောတာ နားထောင်"

မရင်ကြွယ်မှာတာကို ကြည်မက စပ်ဖြီးဖြီးနှင့် ခေါင်းညိတ်သည်။ ကြည့်ချင်လို့သာ လိုက်ကြရပေမယ့် သန်းသန်းရီတို့ ညီအစ်မက သိပ်မကြည်ကြ။

"ကဲ...ခုတည်းကပြောကြ ဘာဇာတ်ကားကြည့်မှာလဲ၊ ဟို တစ်ယောက်တစ်ပေါက် မလုပ်နဲ့"

မြို့ပတ်ဘူတာရုံသို့ လမ်းလျှောက်ကြရင်း မမြအေးကမေးသည်။

"ကုလားကားကြည့်မယ်"

သန်းသန်းရီနှင့် ကြည်မအသံ ပြိုင်တူထွက်သေးသည်။ မခေါ်သည့် နှစ်ဦးက အကြိုက်ချင်းတော့ တူနေကြသေးသည်။

"ကဲ...ရီထွေးနဲ့ ခင်ငွေရော၊ ငါကတော့ရတယ်၊ ဘာဖြစ်ဖြစ်"

"ကျွန်မတို့လည်း ဘာဖြစ်ဖြစ်ရတယ်၊ ကျွန်မက မြို့ထဲတောင် ကောင်းကောင်းရောက်ဖူးသေးတာမဟုတ်ဘူး"

မခင်ငွေက အရိုးခံမျက်နှာလေးနှင့် ပြောသည်။

"ကဲ...ဒါဖြင့် ကုလားကားပဲ ကြည့်မယ်နော်၊ ဟုတ်လား"

မြို့ပတ်ပေါ်ပြေးတက်ကြရတော့ ရီထွေးပျော်မိသည်။ မိမိခြေထောက်ဖြင့် လွတ်လပ်စွာ သွားလာရသောဘဝကို မဖြစ်နိုင်ဘူးရယ်လို့ ရီထွေး ဝမ်းနည်းအားငယ်ခဲ့ဖူးသည်လေ။

အဖော်သူငယ်ချင်းတွေနှင့် တစ်ခါမျှလျှောက်မလည်ဘူးသော ရီထွေးက သိပ်မျက်နှာကြောမတည့်သော ကြည်မလက်ကိုပင် ဆုပ်ကိုင်ထားမိသေးသည်။ မခင်ငွေကတော့ မြင်မြင်ရာမှာ သူ့အတွက် အဆန်းကျယ်ချည့်။

"အစ်မမြရေ၊ ဘော်လီဆိုင် အရင်သွားမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သည်နေရာမှာတော့ ကြည်မကဆရာ။ သူက ရုံအမျိုးမျိုးပြောင်းဖူး သူဖြစ် တချို့ရုံပိုင်ရှင်တွေက ဘော်လီအိတ်ကိုင်ခိုင်းပြီး ဈေးကိုခေါ်သွားတတ် တော့ သိမ်ကြီးဈေးကို မှတ်နေပြီ။ အစ်မမြအေးတို့ သန်းသန်းရီတို့လည်း ရောက်ဖူးကြသည်။ သည်ထဲမှာ ရီထွေးနှင့် ခင်ငွေတို့နှစ်ယောက်သာ နလပိန်း တုန်းတွေ။ ရီထွေး ဆန်ကုန်ကူးတုန်းကလည်း မော်တော်ပေါ်မှာပဲ အချိန် ကုန်ရတာများတော့ မြောက်များလှစွာသော ဘော်လီဆိုင်တွေ၊ ထောင်ချီနေ သော ဘော်လီတွေကို ရီထွေး တအံ့တသြကြည့်မိ၏။

"သန်းသန်းရီရေ၊ သွားရေတွေ သိမ်းစမ်းပါဦးဟဲ့"

အစ်မမြအေးက သန်းသန်းရီကို လှမ်းပြောသည်။ သန်းသန်းရီက ကြည်မနှင့်စကားပြောပြီး မရင်ကြွယ်၏ ဘော်လီထုပ်ကိုယူနေသော 'နှင်း သက်ဝေ'မှ ကောင်မလေး၏ ခေါင်းလှုပ်တိုင်း ဖျတ်ဖျက်လက်သော နားကပ် ကို ငေးကြည့်နေသည်။ ရီထွေးကတော့ 'နှင်းသက်ဝေ'နှင့် တစ်ဆိုင်ကျော်က 'ပွင့်ဝါ'ဆိုသည့်ဆိုင်မှာ အမျိုးသမီးတွေ ဝိုင်းအုံတိုးဝှေ့ ပြီးဝယ်နေကြသည်ကို ရင်သပ်ရှုမောနေမိသည်။ အလကားပေးသလိုပဲ။ ဝယ်နေလိုက်ကြတာများ။

"အစ်မမြအေး၊ မရင်ကြွယ်တို့ ဒီမှာဆိုင်လာဖွင့်ရင် သိပ်မြတ်မှာ ပဲနော်၊ သူတို့ ဘာလို့မလုပ်တာလဲဟင်"

မမြအေးက ရီထွေးအမေးကို သဘောကျစွာရယ်သည်။

"ရီထွေးရယ်၊ မရင်ကြွယ်တို့ဆိုင်လာမဖွင့်ခင် ငါတို့က ဘာဖြစ်လို့ မရင်ကြွယ်တို့လို ဘော်လီရုံမထောင်တာလဲ ဆိုတာကို အရင်မေးဦးလေ၊ ငွေပေါ့ဟဲ့ ရီထွေးရဲ့၊ ငွေ…ငွေ၊ ဒီမှာဆိုင်လာဖွင့်နိုင်ရင် တစ်နေကုန် တ ကုပ်ကုပ်ညှပ်ရတဲ့ဒုက္ခကင်းတယ်၊ ညည်းတို့ ငါတို့ကို ထိန်းရ၊ကျောင်းရ ပြောရဆိုရတဲ့ သောကလဲကင်းမယ်၊ သိမ်ကြီးဈေး ခြေတိုအောင်လာရတဲ့ ဒုက္ခကလဲ ကင်းမယ်၊ ပိုက်ဆံကလည်း ပိုမြတ်ဦးမယ်၊ မရင်ကြွယ် မသိ ဘဲနေပါ့မလား၊ သိပ်လုပ်ချင်တာပေါ့၊ ဒါပေမယ့် သူဆိုင်ဖွင့်နိုင်လောက် အောင် လည်ပတ်နိုင်အောင် ငွေရင်းမရှိဘူးလေ၊ ငါတို့လဲ ဒီလိုပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မရင်ကြွယ်လို ငါတို့လဲ ကိုက်တတ်၊ ညှပ်တတ်၊ ချုပ်တတ်တာပဲ၊ မရင်ကြွယ်လို ကိုက်ညှပ်ပေး၊ စီမံပေးပြီး တစ်ထည်ပြားခြောက်ဆယ်၊ ပြားခုနစ်ဆယ်အမြတ်ကို ထိုင်ယူချင်တာပေါ့၊ တစ်နေ့ အထည်တစ်ရာကျရင် ငွေခြောက်ဆယ်တော့ အေးလို့၊ တစ်နေကုန် အညောင်းထိုင်ပြီး မရပ်မနားချုပ်မှရတဲ့ ငွေ လေး၊ ငါး၊ ခြောက်ကျပ်ရတဲ့အလုပ်ကို ဘာလို့လုပ်နေမှာလဲ၊ ဒါပေမယ့် တို့မှာ ငွေမရှိဘူး၊ မရင်ကြွယ်မှာ ငွေရှိတယ်၊ ဒါကွာတာ ရီထွေးရဲ့ သိရဲ့လား”

စွပ်ကျယ်အစပြတ်တွေရောင်းသော ဆိုင်ဘက်သို့ ကြည့်မသွားနေသည့် နောက်မှ လိုက်ရင်းနှင့် မမြအေးက စိတ်ပါလက်ပါရှင်းပြနေသည်။ ရောင်းကြ ဝယ်ကြနှင့် ဆူညံစည်ကားလှသော ဆိုင်တွေကို ငေးရင်း မောရင်း ရီထွေး ခေါင်းတညိတ်ညိတ် ဖြစ်နေရသည်။

အစ်မမြအေးပြောသလိုဆို မရင်ကြွယ်တို့တောင် တစ်ထည်ပြားခြောက်ဆယ်ဆို ဒီဆိုင်တွေက တစ်ထည်တစ်ကျပ်တော့ အသာလေးနေမှာပေါ့။ အပြောကောင်းရင် ကောင်းသလို ပိုမြတ်နိုင်သေးတယ်။ ရီထွေးတို့ကမ်းနားဈေးမှာ ငှက်ပျောသီးရောင်းတုန်းကလိုပေါ့။ အေးလေ၊ သူတို့မြတ်တာကို ဘေးဖယ်ထားလိုက်ပါဦး။ မရင်ကြွယ်တို့လို တစ်နေ့လေးငါးခြောက်ဆယ် မြတ်နိုင်ရင်ကို ဘယ်မှာဆိုးလို့ကုန်း။

ကုန်ကူးတုန်းက သုံးလေးရက်ကို ငွေတစ်ရာလောက် ရသော အမြတ်ကို သာယာခဲ့သော ရီထွေးက ဘယ်သူ့ကိုမှမကြောက်ရ၊ မလန့်ရဘဲနှင့် တစ်နေ့ ငွေ လေး ငါးဆယ်ရမယ့် အလုပ်ကို စိတ်မဝင်စားပဲနေပါ့မလား။ ဒါပေမယ့် ဘယ်မှာလဲငွေ။ နောက်ပြီး ကျင်ကျင်လည်လည် ကိုက်တတ်၊ ညှပ်တတ်ဖို့လဲ လိုသေးတာ။ ခုမှ ဘရာစီယာချုပ်စပဲ ရှိသေးတယ်၊ ငွေဆိုလို့လဲ တစ်ပြားမှမရင်းနိုင်သေးတဲ့ စက်ချုပ်သမတစ်ယောက်ရဲ့ စိတ်ကူးဟာ သိပ်ပြီးကြီးကျယ်မနေဘူးလား။

“စွပ်ကျယ် နှစ်ပေါင်နော်၊ ဆယ့်ရှစ်ကျပ်တန်”



www.burmeseclassic.com

www.burmeseclassic.com



ကြည်မအသံကြောင့် စိတ်ကူးထဲမှာ ဘော်လီရုံထောင်နေသောရီ ထွေး၊ သိမ်ကြီးဈေးထဲမှာ နားကပ်တဖျတ်ဖျတ်လက်လျက် ဘော်လီရောင်း နေသော ရီထွေး။ ဖျတ်ခနဲ သတိရလာသည်။ လက်ရှိအခြေအနေကို ပြန် လည်စူးစိုက်ရသည်။ စွပ်ကျယ်အစပြတ်ရောင်းသော မိန်းမကြီးက စွပ်ကျယ် အစမွှားမွှား သေးသေးလေးတွေချည်ပါသော ဆယ့်ရှစ်ကျပ်တန် စွပ်ကျယ် ပြတ်စတွေကို ချိန်နေသည်။ စွပ်ကျယ်ပြတ်စတွေ ရောင်းတဲ့ အဒေါ်ကြီး တောင်မှ ကြည့်ရတာ ချောင်လည်ပုံပဲ။ ဘော်လီဆိုတာ ဘာလဲလို့သိစရာ မလိုဘဲနဲ့ကို သူ့ အမြတ်တွေရနေပြီလေ။ စွပ်ကျယ်ပြတ်စတွေကလဲ အစား စား။ ဆယ့်ခြောက်ကျပ် ဆယ့်ရှစ်ကျပ် နှစ်ဆယ့်ငါးကျပ်စားထိရှိသည်။ တစ်ပေါင် အစိတ်တန် စွပ်ကျယ်ပြတ်စတွေကတော့ အကြီးကြီးတွေ။ ဒါပေ မယ့် ဒါတွေက ရီထွေးတို့နဲ့မဆိုင်။ အော်ဒါထည်တွေအတွက်သာ။

"ကဲ…ကဲ၊ လာ မြန်မြန်ထွက်ကြစို့၊ ရပ်ရှင်လက်မှတ် မရဘဲနေ မယ်"

ကြည်မက လောဆော်ပြီး ရှေ့ကမြန်မြန်သွားသည်။ စွပ်ကျယ်ထုပ် ကို လူလည်မ'ကြည်မ'က မခင်ငွေလေးကို ကိုင်ခိုင်းသည်။ ရီထွေးလုကိုင် ပေမယ့် မရ။ မခင်ငွေက ရီထွေးကို ညှာရှာသည်။

"အစ်မမြအေးရေ…ဒီထဲကိုလာပြီးရင် သုံးရက်လောက် စက်မချုပ် ချင်တော့ဘူး၊ စိတ်တွေ ဖောက်ဖောက်သွားတယ်"

သန်းသန်းရီက ကျိတ်မနိုင် ခဲမရအသံနှင့် လှမ်းပြောသည်။ အစ်မ မြအေးက 'ဒီလိုပေါ့အေ'ဟု နှစ်သိမ့်သည်။ အေးလေ ဟုတ်မှာပေါ့၊ ခုမှ သိရတဲ့ ရီထွေးတောင် တခဏချင်း စိတ်ရှုပေါက်သွားသေးတာ။ ရီထွေး ထက် အများကြီးပိုသိတဲ့ သန်းသန်းရီတို့ အစ်မမြအေးတို့က ပိုဆိုးတော့ မှာပေါ့။

"အယ်…ကြည်မရေ၊ လူတွေနည်းဘူးတော့"

www.burmeseclassic.com

www.burmeseclassic.com



မခင်ငွေလေးက ရုပ်ရှင်ရုံတွေဆီ လှမ်းကြည့်ပြီး အထိတ်တလန့် ပြောသည်။ ကြည်မက "လူတွေများတာ အဆန်းလား"ဟု မထေမဲ့မြင်ပုံစံနှင့်ပြောမြီး စီမံခန့်ခွဲသည်၊

"သုံးယောက်ပဲ တန်းစီမယ်၊ သုံးယောက်အပြင်ထွက်နေကြ"ပြောပြောဆိုဆို သူက ရှေ့မှစီသည်။ အစ်မမြအေးနှင့် သန်းသန်းရီက သူ့နောက်မှ၊ ရီထွေးလက်ကို မခင်ငွေက တင်းကျပ်စွာလာဆုပ်သည်။ သန်းသန်းကြည်က ရုပ်ရှင်ပိုစတာကို မော့ကြည့်နေပေမယ့် ရီထွေးတို့နှစ်ယောက်ကတော့ ပပဝင်းရုံဘက်ဆီမှ လူတွေ၊ ကားတွေ၊ ဈေးသယ်တွေကို အထူးအဆန်းငေးမောကြသည်။ ဩော်…တကယ်တော့ ရန်ကုန်သူ ရီထွေးကလည်း ဆင်ဖြူကျွန်းသူ မခင်ငွေနဲ့ ဘာများထူးလို့လဲ။

ပြေးလွှားနေသော ကားတွေ တုံ့ခနဲ ရပ်သွားသောကြောင့် မီးပွိုင့်ဆီသို့ မျက်လုံးကရောက်သွားသည်။ မီးပွိုင့်ရဲရဲလေးအောက်မှ အပြာရောင်ဦးထုပ်လေးကို ဆောင်းထားသည့် လူတစ်ယောက်။ နှလုံးသွေး ဒိတ်ခနဲ ဆောင့်တိုးသွားသည်။ သူ…သူ ကိုတွတ်မဟုတ်လား။

"ကိုတွတ်"

မခင်ငွေလက်ကိုဖြုတ်ပြီး ဟိုဘက်သို့ကူးဟန်ပြင်နေသော ကိုတွတ်ဆီသို့ ရီထွေး အပြေးသွားသည်၊

"ကိုတွတ်၊ ကိုတွတ်…ဒီမှာ"

ကိုတွတ် နောက်ကိုပြန်လှည့်လာသည်။ မီးပွိုင့်အောက်မှာနှစ်ယောက်အတူ ရပ်မိကြသည်။

"ကဲ…ပြောစမ်း တို့ကိုဘာတွေညာဦးမလို့လဲ ဒေါ်ရီထွေးရဲ့"

"အို…မဟုတ်ဘူး ကိုတွတ်"

ပျာပျာသလဲငြင်းရင်း ရီထွေး တတွတ်တွတ်ရှင်းပြနေမိသည်။

"စိတ်မဆိုးပါနဲ့ ကိုတွတ်ရယ်၊ တကယ်ပါ၊ ရီထွေး ကိုတွတ်ကို သိပ်တွေ့ချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ...ကဲပါ ထားလိုက်ပါတော့၊ ခုရီထွေး ဘာလုပ်နေလဲ"

"ရှိထွေးလား၊ ကိုတွတ်မြင်ဖူးတဲ့ သမ္မာအာဇီဝအလုပ် စက်ချုပ်နေတယ်လေ၊ သူများဆီမှလေ အငှားပေါ့ ကိုတွတ်ရာ"

"အို...ဘာဖြစ်ဖြစ်ပေါ့ သိပ်ကောင်းတာပေါ့၊ ခု...ရီထွေး ဘာလာလုပ်လဲ"

"ရီထွေးတို့ ရုပ်ရှင်လာကြည့်တာ၊ ဟိုမှာအဖော်တွေ လာပါကိုတွတ်ရဲ့၊ လိုက်ခဲ့ပါဦး"

ကိုတွတ်ကျေနပ်သွား၍ ရီထွေး သိပ်ဝမ်းသာသွားမိသည်။ ကိုတွတ် ရီထွေးကို စိတ်မဆိုးဘူးနော်။ ရီထွေးတို့နှစ်ယောက် ပြန်တွေ့ကြရပြီနော်။

တန်းစီနေသော ကြည်မတို့၊ အစ်မမြအေးတို့၏ စပ်ဖြီးဖြီးမျက်နှာတွေကို ရီထွေး ဂရုမထားအားပဲ ကိုတွတ်နှင့် စကားလက်ဆုံကျမိသည်။

"တို့လေ...ကမ်းနားကို နှစ်ခေါက်တောင်လာတယ်၊ ရီထွေးအတွက် ဖိနပ်လဲပါတယ်"

"ဖိနပ်...ဟုတ်လား ကိုတွတ်"

"အေးလေ တို့နဲ့ တစ်ခါတွေ့တုန်းက ရီထွေးဖိနပ်က ပုံမကျ၊ ပန်းမကျ အကြီးကြီး စီးထားတာလေ၊ တို့အရင်ပေးတဲ့ ဖိနပ်က ပြတ်ရောပေါ့"

ရီထွေးရင်ထဲမှာ တလှိုက်လှိုက်ခုန်လာသည်။ ကိုတွတ်ရယ် ရီထွေး ကြည်နူးရလွန်းလို့ ဘာကိုပြောရမှန်းတောင် မသိတော့ဘူး။

"ခုတော့ မပါဘူး၊ ဘယ်လာပေးရမလဲ"

"ဟိုလေ ကိုတွတ်၊ ရီထွေးခုချုပ်နေတဲ့ ဆော်လီရုံကို လာပေးရင်တော့ ရတယ်၊ ဒါပေမယ့် ကိုတွတ်ကို ရီထွေးအားနာပါတယ်"

ကိုတွတ်က 'မပိုနဲ့'ဟု ခပ်တည်တည်ပြောရင်း...

"လိပ်စာပြောခဲ့လေ၊ ဒီ တစ်ရက်၊ နှစ်ရက်အတွင်း တို့လာပေးလှည့်မယ်၊ နောက်ရက်တွေကျ တို့ခရီးထွက်ရမှာ၊ အမေ့ကို အညာဘုရားဖူးလိုက်ပို့ရမယ်၊ တစ်လလောက် ကြာမယ်"

www.burmeseclassic.com

www.burmeseclassic.com



ရီထွေးပြောပြသော လိပ်စာကို ကိုတွတ်က မှတ်ရင်း'သိပြီ'ဟုပြောကာ ခေါင်းညိတ်သည်။

"ဟိုမှာ ရီထွေးအဖော်တွေ စောင့်နေကြပြီ၊ သွားတော့လေ၊ တို့သွားတော့မယ်"

"ကိုတွတ် တစ်ရက်၊ နှစ်ရက်နေရင် တကယ်လာမှာလား"

ကိုတွတ်က"လာမယ် စိတ်ချ"ဟု ပြောပြီး ထွက်သွားသည်။ ငေးနေကျအတိုင်း ကိုတွတ်၏အပြာနုရောင်တိုက်ပုံအင်္ကျီလေးကို ငေးလိုက်ပြီးမှ အစ်မမြအေးတို့ဆီ မြန်မြန်လျှောက်လာရသည်။

"အောင်မယ်လေး၊ မရွှေရီထွေးရယ် ကြည်မ မထိန်းရဘဲ ဘယ့်နှယ်သူ့ထိန်းနေရပါလား၊ ငါ့မှာ တစ်ခါတည်းများ လိုက်သွားတော့မလားလို့"

အစ်မမြအေးက ခုမှ စိတ်အေးသွားသည့် ပုံစံဖြင့် နောက်သည်။ ရီထွေးက အစ်မမြအေးလက်မောင်းကို လှမ်းရိုက်လိုက်သည်။ ကြည်မက ရီထွေးပခုံးကို ပုတ်ပြီး...

"ဟယ်... ရီထွေးက တကယ်စွံတယ်၊ ငါတောင် ကြိုက်ချင်လာပြီသိလား"

ကြည်မကို "မဟုတ်ပါဘူး"ဟု ပြောရင်း ရင်ထဲမှာ တလှပ်လှပ်ခုန်အောင် ကြည်နူးလာသည်။ ကြည်မတို့ အားကျသလို ရီထွေး တကယ်ကံကောင်းနိုင်ပါ့မလား ကိုတွတ်ရယ်။

* * *

"ကိုကိုလာမယ်ဆိုလို့၊ ကိုကိုလာမယ်ဆိုလို့"

တစ်မနက်စာလုံး သည်သီချင်းကို ကြည်မက ဆိုနေသည်။ ကိုတွတ်လာမည်ဟု ပြောထားသဖြင့် နောက်နေ့မှန်း သိပေမယ့် ကြည်မကို စကားမပြောနိုင်။ စက်ကို ဖိချုပ်ရင်း အိမ်ဆီကို နောက်ဆံငင်နေမိသည်။ မနက်

www.burmeseclassic.com

www.burmeseclassic.com



စောစော ရီထွေး ထမင်းချက်တော့ တဟင်းဟင်းနှင့် အဖေ့ညည်းသံ ကြားရသဖြင့် သွားကြည့်တော့ ကိုယ်တွေ ခြစ်ခြစ်တောက် ပူနေသည်။ လက်ဆစ်တွေကလည်း ကိုက်သည်တဲ့။ ခုတလော မရောင်းရ ရောင်းရဆိုပြီး တစ်နေကုန် သွားထွက်နေတာတွေကလည်း ပန်းပြီး ဖျားတော့မှာပေါ့။

အဖေ့အတွက် ဆန်ပြုတ် ထပ်ကျိုပေးပြီး အစ်ကိုသိန်းထွန်းကို ဘယ်မှ မသွားဖို့ မှာရသည်။ ပိုက်ဆံအပိုရှိမည်ဟု စိတ်ထဲမှာ မထင်ပေမယ့် ရှိလိုရှိငြား "အစ်ကို၊ အဖေ့ဆေးသွားထိုးပေးလိုက်ပါလား"ဟု ပြောတော့ "ဘယ်ကပိုက်ဆံနဲ့ ငါက သွားထိုးပေးရမှာလဲ"လို့ ရီထွေး ငေါက်ခံရသည်။ အဖေကတော့ လက်ကာပြရှာသည်။

အဖေ့ကို နည်းနည်း နင်းနှိပ်ပေးပြီး ဘော်လီရုံ ထွက်လာတော့ တော်တော်နောက်ကျနေပြီ။ ရောက်မဆိုက်မှာပင် စိုးကြီးက ဆူလိုက်သည့်အမျိုး။ "အထည်တွေ အရေးကြီးတာ မသိဘူးလား၊ နည်းနည်းတတ်ပြီဆိုရင် ဒီလိုပဲ၊ လူပါးက ဝလာပြီ"နှင့်။ အဖေဖျားလို့ဆိုတာကိုပင် နားမဝင်နိုင်အောင်ပင်။

ဒုက္ခပါပဲ။ သည်ပုံအတိုင်းဆို ညနေ ငွေအစိတ်လောက် တောင်းဖို့တော့ လွယ်မည်မှထင်။ ခု ရီထွေးက တစ်နေ့ခြောက်ကျပ် ပုံမှန်ရနေပေမယ့် သုံးကျပ်က စက်လခအတွက် အမြဲနှိပ်ရသည်။ ဟိုနေ့က တစ်ခါ၊ ငါးဆယ် တောင်းပြီး အဖေ့ပေးလိုက်သေးတော့ ငွေအစိတ် ထပ်ရဖို့ကတော့ ရီထွေး ဘယ်လိုမှ မမျှော်လင့်ရဲတော့။ အိမ်ကိုလည်း စောစောပြန်ချင်သည်။ ကိုတွတ်ကလည်း ဒီနေ့လောက် လာခဲ့မယ် ပြောထားတာ။

"ဟဲ့...ဟဲ့... ဟိုမှာလာပြီ၊ ရီထွေး နင့်ဟာဟ"

လမ်းမဆီသို့ မပြတ်ကြည့်တတ်သော 'ကြည်မ'က ကိုတွတ်ကို အရင်မြင်သည်။ ရီထွေး ခြံတံခါးဝဆီသို့ သွက်သွက်လျှောက်လာခဲ့သည်။ အိမ်ထဲခေါ်လို့ ကြိုက်ချင်မှ ကြိုက်မည်။ စိုးကြီးက မရှုံးကြွယ်ထက် ပိုဆိုး

www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ ယောက်ျား ငယ်ငယ်ချောချောတွေ မြင်တိုင်း မျက်နှာကြော တင်းတတ်သည့်ရောဂါ သူ့မှာ ရှိသည်။

"ကိုတွတ်ကို အားနာလိုက်တာ၊ ထိုင်စရာလဲ မရှိဘူး"

"ရပါတယ် ရီထွေးရာ၊ တို့ နားလည်ပါတယ်၊ ရော့ ဖိနပ်"

ဖိနပ်အိတ်လေးကို ယုယစွာ ပွေ့ပိုက်ထားလိုက်သည်။ ချွေးစို့နေသော ကိုတွတ်မျက်နှာကို မရဲတရဲ မော့ကြည့်မိသည်။

"ကိုတွတ် ဘယ်တော့ ခရီးထွက်မလဲ"

"နှစ်ရက်သုံးရက်နေရင် သွားမယ်လေ၊ ရီထွေး အညာကို ဘာမှာမလဲ ပြော"

"ဟာ... မမှာပါဘူး ကိုတွတ်ရဲ့၊ မေးကြည့်တာပါ"

"မသိပါဘူး၊ အညာသားလေးတစ်ယောက်လောက်များ မှာမလား လို့၊ တို့က ခေါ်ခဲ့မလို့"

"ကိုတွတ်ကလဲ သွားစမ်းပါ"

ကိုတွတ်က ရီထွေးနှုတ်ခမ်းစူနေသည်ကို ကြည့်ပြီး ရယ်နေသည်။ ရီထွေးကို သွေးတိုးစမ်းနေတာလား ကိုတွတ်ရယ်။

"ခု ကိုတွတ် မြို့ထဲသွားဦးမှာလား"

"ဟင့်အင်း၊ မသွားတော့ဘူး၊ တက္ကသိုလ်ထဲက သူငယ်ချင်းဆီ ဝင်ပြီး အိမ်ပြန်မယ်"

ကိုတွတ်စကားက ရီထွေးကို ငိုင်သွားစေသည်။ ဒါပေမယ့် ဘယ်လို မှ ပြောင်းလဲမသွားသော ကိုတွတ်မျက်နှာကို ကြည့်၍ ကိုယ့်ဘာသာကိုယ် ရှက်သွားသည်။

"ဟိုမှာ ရီထွေးကို ဘာပြောမလို့လဲမသိဘူး၊ သွားတော့လေ၊ အဲထည် မပြီးရင် အရိုက်ခံရလိမ့်မယ်"

ကိုတွတ်ကသာ ရယ်ရယ်မောမော ပြောနေပေမယ့် ခြောင်းဝမှ ချက်မှောင်ကုပ်ကြည့်နေသော 'စိုးကြီး'ကို ရီထွေး ဒေါသဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရီထွေးကြည့်လိုက်မှပင် သူ့အသံဆိုးကြီးနှင့်။

"ဟဲ့ကောင်မလေး၊ အထည်အရေးကြီးပါတယ်ဆိုမှ၊ စကားပြောတာ ဒီနေ့ ပြီးဦးမှာလား"

ကိုတွတ်မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ရီထွေးလဲ ဘာလုပ်ရ မှန်း မသိ။

"ဟုတ်သားပဲရီထွေး၊ သွားတော့နော်၊ တို့ပြန်လာမှ တွေ့ကြတာပေါ့။ သွားမယ်"

ကိုတွတ် ထွက်သွားရာနောက်ကို ငေးကြည့်နေရင်းက အားနာစိတ်၊ ဒေါသစိတ်တွေ ဆူဝေလာသည်။ ဒါပေမယ့် ဒီဒေါ...တွေကို ချုပ်တည်းထား ရဦးမည်။ ညနေ အဖေဆေးထိုးဖို့ ငွေတစ်ဆယ်လောက်တော့ ပါသွားမှ ဖြစ်မည်။

မျက်နှာဆိုးကြီးနှင့် စိုက်ကြည့်နေသော စိုးကြီးကို မသိကျိုးကျင် ပြုပြီး ဝင်ထိုင်သည်။ ဖိနပ်ထုပ်လေးကို ကုလားထိုင်အောက်မှာ အသာချ တော့...

"ဘာလဲ ရည်းစားဆီက လက်ဆောင်လား၊ နင်လဲ ဒီရုံမှာ ဒုတိယ ကြည်မ ဖြစ်တော့မယ်ထင်တယ်၊ ဟုတ်လား"

ရီထွေး ဘာမှ ပြန်မပြောနိုင်ခင် ကြည်မက ထ၍ "အောင်မယ်၊ ကြည့်စမ်း၊ စိုးကြီးနော်၊ ဘာ သူများဆွဲထည့်တာလဲ" ဆိုပြီး ဗိုက်ခေါက်ထို သွားလိမ်ဆွဲတော့ တဟီးဟီးနှင့် ရယ်ပြန်သည်။ မုန်းစရာကောင်းလိုက်တာ စိတ်ကော မုန်ရဲ့လား မသိ။

တစ်နေ့လယ်လုံး မရင်ကြွယ် ဈေးမသွားခင် စိုးကြီးအလစ်ကို ချောင်း နေရသည်။ သူ့ရှေ့ တောင်းလို့ကတော့ မလွယ်။ မရင်ကြွယ် ငွေလိမ်...ထုပ်နေတော့မှ စိုးကြီး ရေသွားချိုးသည်။ အဲဒီကျမှ ရီထွေး မြန်မြန်ပြော သည်။ ဒါပေမယ့် မရင်ကြွယ်ကလဲ အင်တင်တင်။

www.burmeseclassic.com

www.burmeseclassic.com



"ညည်းတို့ သိပ်အသုံးမရဲကြနဲ့အေ၊ ဆပ်တော့ ညည်းတို့ပဲ တကုပ်ကုပ်ချုပ်ပြီး ဆပ်ရမှာ"

"အဖေ နေမကောင်းလို့ အစ်မရင်ကြွယ်ရဲ့၊ ဒါကြောင့်"

"အစိတ်တော့ မပေးနိုင်ဘူး၊ ဆယ့်ငါးကျပ်ပဲ ယူ၊ ဟုတ်လား ရော့"

ဘာပဲဖြစ်ဖြစ် တော်ပါသေးသည်။ သူတို့ ဈေးထွက်သွားပြီးနောက် ငါးထည်ကျန်တာ ပြီးအောင်ချုပ်ကာ အိမ်ပြန်ပြေးခဲ့၏။ ထင်သည့်အတိုင်း အစ်ကိုသိန်းထွန်း မရှိ။ ဒါပေမယ့် အဖေ ကိုယ်ပူကျနေ၍ စိတ်အေးသွားသည်။ အဖေ့ကို မနက်ကကျန်သော ဆန်ပြုတ် ထပ်ခပ်ပေးပြီး ကန်မှာ ရေသွားခပ်ဖို့ သတိရသော၏။ အိမ်သုံးရေတောင် မှန်မှန်မခပ်ချင်တတ်တဲ့ အစ်ကိုသိန်းထွန်းက ရီထွေးချိုးဖို့အိုးထဲများ ထည့်ပေးဖို့ စိတ်ကူးထဲတောင် ထည့်မည်မဟုတ်။

ရီထွေး ပုံးဆွဲပြီး နောက်ဖေးကပြင်မှ ဖြတ်ဆင်းတော့ ဟိုဘက်ခန်းမှ အစ်မခင်တင့် နောက်ဖေးတံခါးအဖွင့်နှင့် သွားဆုံသည်။

"အဲ... ရီထွေး၊ အတော်ပဲ၊ အစ်မ သံလျင်ပြောင်းရမယ် သိလား"

မခင်တင့်က အားရဝမ်းသာ ပြောသည်။ သံလျင်က သူ့မိဘတွေ အရပ်ဆိုတော့ သူ ပျော်မှာပေါ့။

"ကောင်းတာပေါ့ အစ်မရဲ့၊ ရီထွေးတို့တော့ လွမ်းကျန်ခဲ့ရမှာပေါ့"

"အမယ်လေး၊ မလွမ်းရအောင် အစ်မကို အလွမ်းပြေ ထားခဲ့မယ်၊ စိတ်ချ၊ ကဲ... ချစမ်းပါဦး ပုံးကြီးကို၊ ရေ နောက်မှခပ်ပေါ့"

"ဘာလဲအစ်မရဲ့၊ ဘယ်သူ့ထားခဲ့မှာလဲ"

အစ်မခင်တင့်တို့ တံခါးဘောင်ပေါ်တွင် ရီထွေးထိုင်လိုက်သည်။ အစ်မခင်တင့်က ကြမ်းပြင်ပေါ်တွင် အားရပါးရ ဖင်ထိုင်ချရင်း...

"ဒီလိုလေရီထွေးရဲ့. ရီထွေးတို့လည်း ဒီအိမ်ခန်းကို ငှားမှာမဟုတ်လား၊ အဲဒီတော့ အစ်မတို့စပေါ်ပြန်ပေးဖို့ နောက်လူကို ညီမတို့ရှေ့အောင် အစ်မရှာလာတယ်၊ အစ်မတို့ကလဲ မြန်မြန်ပြောင်းချင်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်လူက အစ်မသူငယ်ချင်းလား"

"ဟုတ်ပါ့ သူငယ်ချင်းအရင်း၊ ဒါပေမယ့် သူတို့က အစ်မတို့ထက်တော့ ပိုက်ဆံရှိတယ်၊ ကလေးကလဲ တစ်ယောက်ပဲပါတယ်၊ သူတို့က စပေါ်ဘယ်လောက်လဲတဲ့၊ ဒါနဲ့ အစ်မလဲခုကာလစဘော်ဈေးနဲ့ တွက်ပြီး ခြောက်ထောင်လို့ပြောခဲ့တယ်၊ သူတို့က ငါးထောင်ထားပါတဲ့၊ အစ်မလဲ မေးကြည့်ဦးမယ်လို့ ပြောခဲ့တယ်၊ သူတို့ နက်ဖန်လာလိမ့်မယ်၊ ဘယ့်နှယ်လဲ"

စိတ်လှုပ်ရှားတိုင်း ဖြစ်တတ်သည့် သွေးခုန်နှုန်းကမြန်ဆန်လာသည်။ ဘုရားရေ အိမ်စပေါ်ဈေးတွေ ဒီလောက်တက်နေတာ ရီထွေးလုံးဝမသိခဲ့ဘူး။ အစ်မခင်တင့်တို့ကို တစ်ထောင်ပြန်ပေးပြီး ကျန်တဲ့ငွေလေးထောင်ဟာ ဘော်လီရုံအသေးစားလေးတစ်ခုကို မထောင်နိုင်ဘူးလား။

ဘဝတူ စက်ချုပ်သမတွေ အမြဲမျှော်လင့်တတ်ကြသည့် ဘော်လီရုံအသေးစားလေးတစ်ခု၏ ရင်းနှီးလည်ပတ်ငွေကို ဆန်ကုန်သည် မရီထွေး၏ ခေါင်းထဲမှာ တစ်ခဏချင်း တွက်ချက်နေမိသည်။ အစ်မခင်တင့်ကို ကျေးဇူးတင်စွာ ကြည့်မိသည်။

"အဖေနဲ့ ရီထွေး တိုင်ပင်လိုက်ဦးမယ်၊ အစ်မသူငယ်ချင်းပဲပိုကောင်းတာပေါ့၊ အစ်မရှာလာလို့သာ အစ်မရေ၊ အဖေက 'အိမ်ငှားရန်'ဆိုင်းဘုတ် ချိတ်ရမှာ သိပ်ရှက်တာ"

"အမယ်လေး ညီမရယ်၊ ဒီမှာ ဒီလိုလုပ်စားနေကြတာပဲဥစ္စာ၊ ဘာရှက်စရာရှိလဲ၊ ကဲ...နက်ဖြန်လာလိမ့်မယ်နော်၊ သွား...သွား ရေခပ်ချည်ဦး"

နောက်ဖေးပေါက်မှ ရေကန်ဆီသို့ ထွက်ခဲ့သည်။ ကျောင်းပြန်လာသော သားတွေကို ဘိုးဘိုးတို့ဆီပြန်ရတော့မယ် သားတို့ရေဟူသော မခင်တင့် အသံစာစာကို ကြားလိုက်ရသည်။

ရီထွေး ပြုံးလိုက်မိသည်။ ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်စွာဖြင့် ရင်ခုန်စွာဖြင့် စိတ်ကူးမဆုံးဖြစ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရီထွေး ငှားချုပ်နေသည့် စက်ကလေးက ရောင်းမှာဆိုတဲ့အသံကို ဟိုနေ့က စိုးကြီးပြောသံသဲ့သဲ့ ကြားလိုက်ရသည်။ အစ်မမြအေးပြောတတ်သည့် ဘော်လီရဲ့ ဗဟုသုတတွေကို ပြန်စဉ်းစားမိသည်။ အရေးကြီးတာက ပိတ်စညှပ်တာ၊ ကိုင်တာ ကျင်လည်ဖို့ပဲ။ ဘရာစီယာ များများထွက်အောင် ကိုက်တတ်ဖို့ပဲ။ မရင်ကြွယ်သင်သည်က ကိုက်တတ်ရုံမျှသာ ။ ပညာကုန်ပြသည်မဟုတ်။ အစ်မမြအေးနှင့် သန်းသန်းရီတို့ဆီကို ကပ်မေးပြီးသင်ရင် ရတာပေါ့။

"ညည်းဟာ ညည်းအမေလိုပဲ၊ ခွတ်တရွတ် အင်မတန်လုပ်ချင်တဲ့ မိန်းမဟု အဒေါ်မြည်တွန်လေ့ရှိသော စကားကိုကြားယောင်လာသည်၊ အို ...လုပ်တော့လဲ ဖြစ်တာပဲဥစ္စာ။ မဖြစ်နိုင်ဘူးလို့ ထင်ထားတဲ့အရာတစ်ခုတောင်မှ ဖြစ်လာခဲ့သေးတာပဲ၊ ကြိုးစားကြည့်လို့ အရှုံးမရှိနိုင်ပါဘူး၊ အောင်မြင်ခဲ့ရင် ကျပ်တည်းခြင်းဘဝက လွတ်မြောက်နိုင်မှာဟာ ကြီးမားတဲ့အမြတ်ပေါ့၊ ရေကို ခေါက်တုံ့ခေါက်ပြန် ခပ်ရင်းက အတွေးတွေဝေကာ ရင်ထဲက အပျော်စိတ်နှင့် အဖေ့ကို 'အာစားချင်လဲအဖေ ပန်းသီးစားမလား' လို့တောင် မေးလိုက်မိသေးသည်။

ညီလေးပြောတတ်သည့် 'မုန့်ဆီကြော်ကဘယ်မှာလဲ' ဟူသော စကားကိုသတိရလာသည်။ အေးလေ၊ ခုလက်ထဲမှာရှိနေတဲ့ပိုက်ဆံ ဆယ့်ငါးကျပ်ကလဲ တကယ့်တကယ်ကျ ပန်းသီးနှစ်လုံးရဖို့တောင် အနိုင်နိုင်ရယ်။

* * *

"ပိုလေး ယောကျ်ားနောက်လိုက်သွားလို့တဲ့"

ဘော်လီရဲ့ရောက်ရောက်ချင်း 'ကြည်မ' ဆီးပြောသောသတင်းကို ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား ရီထွေးမဆလွဲတတ်ပေ။ ဒါပေမယ့် 'ပိုလေး' အသက်သိပ်ငယ်သေးတာတော့ အမှန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေးက ပိုက်ဆံလေးဘာလေးရှိရင်တော့ ကောင်းသား" သန်းသန်းကြည်က တွေးတွေးဆဆပြောသည်။ မရင်ကြွယ်က

"ဟဲ့...ဘယ်လိုလုပ် သူဌေးသားဖြစ်နိုင်မှာလဲ၊ သူလိုကိုယ်လိုပဲနေမှာပေါ့၊ ပိုလေးက သိပ်ချော၊ သိပ်လှနေတယ်ဆိုရင်တော့ သူဌေးသားဖြစ်ချင်ဖြစ်နိုင်ဦးမယ်၊ ငါထင်သားပဲ၊ ဖအေမအေ နည်းနည်းမှ အကောင်းမထင်တဲ့ဟာ၊ လင်ယူဖို့ပဲ စဉ်းစားတော့မှာပေါ့"

"အို...တစ်သက်လုံးစက်ချုပ်ရတာထက်တော့ ကလေးမွေးရတာက အပုံကြီး သက်သာဦးမယ်"

"စိုးခနဲ ဖတ်ခနဲ'ကြည်မ'က ဝင်ပြောသဖြင့် မရင်ကြွယ်က စိတ်တိုသွားသည်"

"အေး...မွေး...မွေး၊ ညည်းဘာသာ ဘယ်နှစ်ယောက်မွေးမွေး သူများ အဖော်မညှိနဲ့၊ ကဲ...ချုပ်ကြတော့ ညည်းတို့ထိုင်ပြောနေလို့ ပိုလေး အပျိုပြန်ဖြစ်လာမှာ မဟုတ်ဘူး"

'ကြည်မ'က လျှာတစ်လစ်လေးထုတ်ရင်း ဖက်ပုသွားသည်။ ခဏကြာတော့ စက်အို၊ စက်ဆွေးကြီးတွေ၏ တချောင်းချောင်း တချင်းချင်း အသံတွေ ဆူညံလာသည်။

"ဟဲ့...မမြအေး နှောက်ကျလှချည့်လား၊ အမယ် ကြည့်ကြဟော့ ဒီနေ့ထူးဆန်းလိုက်တာ မမြအေးက သနပ်ခါးတွေဖွေးလို့"

ရှိထွေးတို့၏ စက်သံတွေ တညီတညာတည်း ရပ်သွားကြကာ အထူးအဆန်းလို မမြအေးကို ဝိုင်းကြည့်ကြသည်။ အငိုမျက်လုံးတွေ မဟုတ်တော့ပဲ အရည်လဲ့ရွှန်းသော မျက်လုံးတွေနှင့် မမြအေးက ပါးစပ်မှာလဲ အပြုံးပွင့်လျက်။

"အမယ်လေး ကျွန်မလေ ဒီအကြောင်းကို ပြောချင်လွန်းလို့ သူ့အဖေတားတဲ့ကြားက..."

"အမယ်၊ ဟဲ့...ညည်းယောကျ်ားလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မရင်ကြွယ်ရဲ့ ညက သူ့အဖေပြန်လာတယ်၊ အံ့ဩစရာသိပ်ကောင်းတာပဲ သီလား၊ သမီးက အိမ်ရှေ့ဖိနပ်ချွတ်လေးမှာ စာအံလို့ ကျွန်မလဲညောင်းလွန်းလို့ အတွင်းထဲမှာလှဲနေတုန်း 'သမီး' လို့ ခေါ်လိုက်တဲ့အသံ ကြားရတာပဲ၊ ကျွန်မပြေးထွက်ကြည့်တော့လေ မရင်ကြွယ်ရယ် ရုပ်ရှင်ထဲကအတိုင်းပဲ သီလား၊ တစ်ယောက်ကလဲ သမီး၊ သမီးနဲ့၊ တစ်ယောက်ကလဲ ဖေဖေ၊ ဖေဖေနဲ့ ဖက်ထားလိုက်ကြတာ သားအဖနှစ်ယောက်"

"အစ်မမြအေးကလဲ ဝင်မဖက်လိုက်ဘူးလား"

ကြည်မအမေးကြောင့် အားလုံးကရယ်ကြသည်။ မမြအေးက ရှက်ရယ်ရယ်ရင်းက သူ့ယောကျ်ားအကြောင်းကို မမောနိုင်အောင် ပြောပြန်သည်။

"အဲဒါလေ မရင်ကြွယ်ရဲ့သီလား၊ သူက အလုပ်ရှာမရတာနဲ့ စိတ်ညစ်ပြီး အထက်ဘက်ကို ရွှေသွားကျင်တဲ့ လူတွေနဲ့ လိုက်သွားတာတဲ့၊ ဒါပေမယ့် အဲလိုပင်ပင်ပန်းပန်းကျင်ထားတဲ့ ရွှေကို ကုန်းပေါ်မှာ စတိုင်အပြည့်နဲ့ ထိုင်စောင့်နေတဲ့ ကုန်သည်တွေလက်ထဲ မတန်တဆဈေးနဲ့ ရောင်းရတာတဲ့"

"ကဲ ဒါဟာစမ်းပါဦး၊ ခု ညည်းဖို့ ညည်းယောကျ်ားက ရွှေခဲ့ကြီးကြီး မလုပ်ခဲ့ဘူးလား"

"ဟာ... မရင်ကြွယ်ကလဲ၊ ကြံကြံဖန်ဖန် လူမသေဘဲ ပြန်လာတာ ကံကောင်း၊ ရွှေကျင်တဲ့လူတွေ ငှက်ဖျားမိလို့သေလိုက်ကြတာ အတုံးအရုံးပဲတဲ့၊ ဒါကြောင့် ပြန်မလာနိုင်တာတဲ့"

"အင်း... အင်း ဟုတ်ပြီ၊ ကဲ...တို့လဲ 'ပိုလေး' တရားနာရတာနဲ့ မမြအေးတရားပါ နာရတာနဲ့ ဒီနေ့ ဈေးသွားရမှာ မဟုတ်တော့ဘူး၊ အဲ... မရွှေမြအေးကလဲ ချုပ်ဦးမှာလား၊ လင်က ငွေထုပ်ကြီးပါလာသလား"



www.burmeseclassic.com

www.burmeseclassic.com



"ချုပ်မှာပါ မရင်ကြွယ်ရယ်၊ တစ်နေ့လုပ်မှ တစ်နေ့စား၊ ထိုင်နေလို့ ဖြစ်မလား"

မမြအေးက စက်ခုံဝင်ထိုင်သည်။ အငေးသားနားထောင်နေကြသော ရီထွေးတို့တတွေလည်း စက်နင်းဖို့ ပြန်သတိရကြသည်။ စက်ချုပ်သံကြားမှ မမြအေး၏ သီချင်းသံအေးအေးကို ကြားရတော့ ရုတ်တရက် စိတ်ထဲမှာ ချမ်းမြေ့လာသည်။ ဒီလိုအလှည့်လေးလဲ ရီထွေးတို့မှာ ရှိဦးမှပေါ့။ တစ်ကိုယ်လုံး တောင့်တင်းကိုက်ခဲနေအောင် တစ်နေကုန်ချုပ်နေရတဲ့ အချိန်လေးမှာ သောကဖြစ်စရာ အနှောင်အဖွဲ့ကင်းကင်းနဲ့ ဖြစ်သင့်တာပေါ့နော်။ အင်း...အစ်မမြအေးကလဲ မငိုရတော့ဘူး။ စိတ်ချမ်းသာလို့။ ရီထွေးကလည်း ညနေလာမယ့် အိမ်ငှားတွေနဲ့ အဆင်ပြေပြီး ကိုယ်လုပ်ချင်ရာတွေလုပ်ရလို့ မခင်ငွေလေးလဲ အထည်ချုပ်မြန်မြန်တတ်ပြီး အညာကို ပြန်ပြီးဘော်လီဆိုင်ကြီးဖွင့်လို့၊ အို...အားလုံးဟာ အဆင်ပြေလို့ဆိုရင် ဘြော် 'ပိုလေး'လေးလဲ သူ့ကို ကြင်နာဂရုစိုက်တဲ့ လင်ကောင်းသားကောင်းလေးနဲ့ ပျော်လို့ဆိုရင်လေ လောကကြီးဟာ ဘယ်လောက်များ ပျော်စရာကောင်းလိုက်မလဲနော်။

* * *

တကယ့်တကယ် အဖေက ရီထွေးလက်ထဲကို ငွေသုံးထောင် ယုံကြည်စိတ်ချစွာ ထည့်လိုက်တော့ မျောက်အုန်းသီးရသလိုပမာ ရီထွေး ဘာလုပ်ရမှန်း မသိ။ အစ်ကိုသိန်းထွန်းကို အသိမပေးဘဲ အဖေက အသာပေးသည်မို့ ရီထွေးမှာ အိမ်စပေါ် ပေးသည့်ညက အဖေပေးသော ငွေငါးဆယ်နှင့် သောက်စားလာပြီး အိမ်ပေါ်မှာ တဝေါ့ဝေါ့နှင့် အန်သည်ကို အသာငြိမ်နေရသည်။ မခင်တင့်တိုလို အကြောင်းသိမဟုတ်သေးသည်။ သစ်ဖက်ခန်းကလူတွေကိုလည်း အားနာစရာ ကောင်းလှသည်။ မူးလျှင် မအိပ်ဘဲ ဂြိုဟ်ဆိုးတတ်သည့် အကျင့်ကလဲ မုန်းစရာ။

www.burmeseclassic.com

www.burmeseclassic.com



သည်လို ပိုက်ဆံကို ထိုင်ကြည့်စဉ်းစားနေလို့လဲ မပြီးသေး။ အဓိကက ရင်စိုင်ဖို့ကတော့ မရင်ကြွယ်ကိုပေါ့။ ရီထွေး သူ့ကို ဆပ်စရာ စက်လခ နှစ်လစာ ကျန်သေးသည်။ အဲဒီရှစ်ဆယ်ကို ဆပ်ပြီး အကျိုးအကြောင်း ပြောပြလိုက်မယ်လေ။ သူ့ဆီက ဖြုန်းစားကြီး ခွဲဆင်းတာကို ကြိုက်မှာမဟုတ် ပေမယ့် တခြားရဲ့ ပြောင်းတာမှ မဟုတ်ဘဲ။ နောက်ပြီး ရီထွေးဟာ တခြား မိန်းကလေးတွေနဲ့ မတူတဲ့ အားနည်းချက်ရှိတဲ့သူ ဖြစ်လေတော့ မရင်ကြွယ် စာနာနိုင်ကောင်းပါရဲ့။

ငွေရှစ်ဆယ်ကို တင်းကျပ်စွာ ဆုပ်ပြီး ဘော်လီရှဲ့ဘက် ထွက်လာခဲ့ သည်။ စက်ခုံမှာ ဝင်မထိုင်သေးဘဲ မရင်ကြွယ်နားမှာ ဝင်ထိုင်လိုက်သည်။ ရှုတည်တည်ကြည့်နေသော စိုးကြီးကို မြင်တော့ ရင်ထဲမှာ ထိတ်ခနဲ ဖြစ် သွားသည်။ အို... ဘာထိတ်ရမှာလဲ၊ စိုးကြီးက ဘာလဲ၊ မိန်းမပဲ။ မိန်းမချင်း ဘာမှ ကြောက်စရာမလိုပါဘူး။ မရင်ကြွယ်က အကဲခတ်သလို ရီထွေးကို မျက်လွှာပင့်ကြည့်သည်။ ရီထွေးက ရင်ဆိုင်ရန် ပြင်သည်။

"အစ်မကို ရီထွေး တိုင်ပင်စရာ ရှိလို့"

"အင်း... ဘာလဲ"

"ဟိုလေ...ရီထွေး စက်ဝယ်မလို့၊ အိမ်စပေါ်ရတာနဲ့ ဝယ်မှာ၊ အဲဒါ"

"ဝယ်ပေါ့၊ ကောင်းတာပေါ့၊ ညည်းစက်လခ မပေးရတော့ဘူးပေါ့၊ ငါလဲ စပေါ်သက်သာတာပေါ့"

"ဟုတ်တယ်၊ ဟောဒီမှာ အစ်မစိုက်ထားတဲ့ စက်လခရှစ်ဆယ် ကျန်တာ၊ နောက်ပြီး ရီထွေး ဒီမှာမချုပ်တော့ဘူး"

ရီထွေး တိခနဲပြောချလိုက်တော့ မရင်ကြွယ်က ကပ်ကြေးကိုချ တဲ့ပြီး၊ ပြုံးတုံးပြုံတဲထအော်သည်။

"အမယ်... ညည်းက ရုံပြောင်းမလို့ဟုတ်လား၊ ပညာကုန်အောင် မယူရသေးဘူး၊ ငါသင်ထားတဲ့ ပညာနဲ့ ညည်း ငါ့ကို ဘယ်နှစ်လများ အကျိုးပြုသေးလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး အစ်မရင်ကြွယ်ရဲ့၊ ရီထွေး ရှုံမပြောင်းပါဘူး၊ ကိုယ့်ဘာသာကိုယ် အိမ်မှာထောင်မလို့ပါ"

"ထောင်မလို့၊ ဆော်လီရုံထောင်မလို့၊ ဩော်..ညည်းက စင်ခွဲတာ ထောင်မဟုတ်ဘူး၊ စင်ပြိုင်ထောင်ဦးမလို့ ဟုတ်လား၊ အေး၊ လုပ်လေအေ၊ လုပ်ကြည့်ပေါ့၊ ရုံထောင်တယ်ဆိုတာ ဖိနပ်ချုတ်နေရာပိုလေးမှာ ထောင်လို့ မရဘူးအေ့၊ သိလား၊ နေရာနဲ့ ထိုင်ခင်းနဲ့နောက်ပိုင်းလဲ ငွေဆိုတာရှိမှ"

"ဟာ...ပြောမနေစမ်းပါနဲ့ အကြွယ်ရာ"

ကုလားထိုင်ပေါ်က စိုးကြီးက ဒေါသတကြီးပြောနေသော မရင်ကြွယ်ကို ဟန့်တားရင်း ရီထွေးကို စေ့စေ့ကြည့်သည်။

"ရီထွေးက ခြေသာမသန်တယ်၊ အကြံကတော့ တယ်ကြီးပါလား၊ အေး ခွေးဖြစ်မှ ပြန်မလာနဲ့၊ အဝကနေ ကန်ချမယ်"

စိုးကြီး၏ ရင့်သီးသောစကားကြောင့် ရီထွေး ဆတ်ဆတ်တုန်လာသည်။

"စိုးကြီး စကားကိုကြည့်ပြောနော်၊ မမိုက်ရိုင်းနဲ့ ကျွန်မပိုက်ဆံနဲ့ ကျွန်မရုံထောင်တာ ရှင်တို့အပူ တစ်ပြားသားမှ မပါဘူး၊ ဘာဖြစ်လို့ ကျွန်မကို ဒါလောက်ပိုင်းပြောနေရတာလဲ၊ ကျွန်မဘာသာ ဖိနပ်ချုတ်မှာမကလို့ လမ်းပေါ်မှာချုပ်ချုပ် ရှင်တို့နဲ့မဆိုင်ဘူး"

မမျှော်လင့်သော ရီထွေးဒေါသကြောင့် အစ်မမြအေးတို့ ကြည်မတို့အားလုံးက အံ့ဩတကြီး စိုက်ကြည့်နေကြသည်။

"အမယ်လေး ကျေးဇူးရှိမှ ကျေးစွပ်တယ်ဆိုတာ ဒါမျိုးပဲ၊ သွား ဆင်း ငါ့အိမ်ပေါ်ကဆင်း၊ ဟောဒီရုံကကောင်မတွေ လိုက်ဝံ့တဲ့သူလိုက်သွားကြစမ်း၊ အားလုံး ပါးလိုက်ရိုက်မယ်"

"နေစမ်း စိုးကြီး၊ လက်မပါစမ်းနဲ့၊ သူ့ရုံ ဖြစ်လာမလားဆိုတာ ငါကြည့်လိုက်ချင်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



အို...အပျိုကြီးနှင့်မတန်အောင် မိုက်ရိုင်းစုတ်ပြတ်သည့် စကားတွေကို လမ်းမရောက်သည်အထိ ကြားနေရသည်။ ဘယ်လိုမိန်းမမျိုးတွေလဲ ဘယ်လိုဆရာသမားမျိုးလဲ၊ အတောင်အလက် စုံနေမင့်ပြီပဲ၊ ကြည်နူးစွာ လွှတ်လိုက်ပါတော့လား။ အို...ခုတော့ မဟုတ်ဘဲနှင့် ရန်သူကြီး ချက်ချင်း ဖြစ်သွားတော့သည်။ သူမပိုင်တဲ့ သမုဒ္ဒရာရေကို နှမြောနေလိုက်တာ။ "သူ့ ရုံဖြစ်လာမလားဆိုတာ" တဲ့။ မဖြစ်လာရဘူးပေါ့လေ။ သူတို့ နှောင့်ယှက်မည့် အဆီးအတားတွေကို ရိထွေးသိပါသည်။ ရိထွေးဆိုမှာလုပ်မယ့်သူတွေကို မလုပ်ချင်အောင်ပြောမည့် သိမ်ကြီးဈေးတစ်ခွင်မှာ မကောင်းသတင်းလွှင့်မည်။ အို...နောက်ဆုံး စွပ်ကျယ်စဆိုင်ကအစ လျှောက်ပြောလိမ့်မည်။ လုပ်လေ လုပ်လိုက်စမ်း၊ ရိထွေးကလဲ ဘာလို့မဖြစ်ရမှာလဲ။

မခံချင်ဒေါသစိတ်က တဟုန်းဟုန်းကြွလာသည်။ ခုချက်ချင်းကို လုပ်မယ်။ ဘာဖြစ်လဲ၊ တစ်ယောက်တည်းနဲ့ပဲ စမယ်။ အထည်တစ်ရာကို ကိုယ့်ဘာသာချုပ်ပြီး သွားရောင်းမယ်။ ဘယ်နှစ်ရက် ချုပ်ရချုပ်ရ အနည်းဆုံး ငါးရက်ချုပ်ရဦးတော့ ငါးဆယ်မြတ်ဦးမည်။ အမျှားကြီးစိတ် ချမ်းသာရတာ ပိုဦးမည်။ နောက်မှ လူရှာမှာပေါ့။

စိတ်မြန်လက်မြန်ပင် ရိထွေး ပိုက်ဆံငါးရာ အိမ်ပြန်ယူပြီး မြို့ထဲ တစ်ယောက်တည်း ထွက်လာခဲ့သည်။ စက်ကိုတော့ ညနေမှ အစ်မမြအေးဆီ သွားပြီး သူ့အသိစက်တွေ စုံစမ်းပြီး ဝယ်မည်။

သိမ်ကြီးဈေးထဲမှာ ပလပ်စတစ်အိတ်ကျားကြီးနှစ်လုံးကိုင်လျက် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် မလုပစွာ လျှောက်သွားနေသော ရိထွေးကို ကိုတွတ်မြင်ရင်တော့ ဘာပြောမည်လဲကွယ်။

ပိတ်စအမျိုးမျိုးကို ငေးကြည့်ပြီး ကိုယ့်ပထမဆုံးပစ္စည်းကောင်းအောင် အကောင်းစားသုံးရမလားဟု စိတ်ကူးမိသည်။ တက်ထရွန်တွေကတော့ နိုင်ငံခြားဖြစ်ရော ပြည်တွင်းဖြစ်တွေ စုံတကာစုံ။ အဖြူချင်းမတူသည့် အဖြူရောင်အစတွေက တောင်လိုပုံနေသည်။ ဒါပေမယ့် နိုင်ငံခြားဖြစ်တွေ

www.burmeseclassic.com

www.burmeseclassic.com



က ကိုယ်နဲ့ မဆိုင်။ အော်ဒါထည်တွေအတွက်သာ သုံးကြသည်။ ကိုယ်က အပေါ်စားဘော်လီချုပ်မည့်သူ။ နောက်ဆုံး မေးရင်းစမ်းရင်းနှင့် ရီထွေးကို ဖောက်သည်လိုချင်သော အထည်သည်အဒေါ်ကြီးက ပြည်တွင်းဖြစ်ကို ပင်ပန်းခံပြီး ဖွပ်လျှော်၊ မဲနယ်ဆိုးပြီး မီးပူတိုက်လိုက်လျှင် အရောင်တက်လာပြီး ချုပ်လို့ကောင်း၊ ရောင်းပန်းလဲလှကြောင်းကို ပြောပြသည်၊ အဒေါ်ကြီးဆီမှပဲ ဘရာစီယာအထည်တစ်ရာစာ မှန်းဝယ်ကာ ကြည်မနှင့်တစ်ခါ ရောက်ဖူးသည့် စွပ်ကျယ်စဆိုင်ဘက်သို့ ထွက်ခဲ့သည်။ စွပ်ကျယ်ပြတ်ကိုတော့ ရင်ပုံလှစေရန်အတွက် ရှုံးချင်ရှုံးပစေဆိုပြီး တစ်ပေါင်အစိတ်တန်ကိုပဲ ဝယ်လိုက်သည်။

ဘော်လီချိတ်တို့ ချည်တို့ အားလုံးဝယ်ပြီးတော့ ရီထွေး အိတ်ကြီးနှစ်လုံး ပြည့်မောက်နေတော့သည်။ ပခုံးနှစ်ဖက်မှာ ချိတ်တွယ်ထားသော အိတ်ကြီးတွေနှင့် ရီထွေး ခပ်ယိုင်ယိုင်ဖြစ်နေသည်။ ဒါပေမယ့် ကားဂိတ်သို့ ကြိုးစားလျှောက်ခဲ့သည်၊ အမေ့သမီးပဲ။ ရီထွေး ဘာလို့မဖြစ်ရမှာလဲ။

* * *

"ညည်းကတော့ စံပဲ ရီထွေးရယ်၊ စံပဲ"

အစ်မပြအေးက ပါးစပ်မှ တဖျစ်တောက်တောက်ပြောရင်း ရီထွေး စက်သစ်လေးကို အိမ်ရှေ့ဖိနပ်ချွတ်မှာ ဆင်ပေးသည်။

"စိတ်မပူပါနဲ့အေ၊ ငါလှူရှာပေးမယ် သိလား၊ နို့မို့ဆို ငါပြေးလာမှာပေါ့၊ သူ့အကြွေးတွေက ငါ့မှာမနည်းဘူး ဆပ်ရဦးမှာ၊ မခင်ငွေလေးကလဲ လာချင်တယ်သိလား၊ စိုးကြီးက သွားတဲ့၊ လက်သီးနဲ့ထိုးမယ်ပြောထားလို့"

"ရပါတယ် အစ်မပြအေးရယ်၊ ရီထွေးမကြောက်ပါဘူး၊ ဖြစ်အောင်လုပ်မှာပါ"

"အေးပါ ဈေးတွေဘာတွေသွားရင် သတိထားလဲသွားဦး၊ စိုးကြီးက ညည်းတွေ့ရင် ထိုးမယ်ချည်းပဲပြောပြောနေတာ၊ ကဲ ငါသွားတော့မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ငါလာတာသိရင်လေ ငါ့ကို ရန်လုပ်ဦးမှာ သိလား၊ ဟို ယောက်ျားမိန်းမ က"

"စိတ်ချပါ အစ်မရာ၊ သူချတော့လဲ ကိုယ်ချကြေးပေါ့၊ မိန်းမချင်းပဲ၊ ရိုထွေးက ခြေမသန်ပေမယ့် လက်တွေသန်ပါတယ်"

အစ်မပြဲအေး ထွက်သွားရာသို့ လိုက်ကြည့်ရင်း ရိုထွေးနှုတ်ခမ်းကို ကိုက်ထားမိသည်။ တစ်ထောင့်ခြောက်ရာတန် စက်သစ်လေးကို ပွတ်သပ်ရင်းက အစ်မပြဲအေးပြောသွားသော အနှောင့်အယှက်တွေကို မေ့ပစ်လိုက်သည်။ ရိုထွေး စရတော့မည်လေ။

ညနေ ထမင်းစားပြီးကတည်းက ရိုထွေး ပိတ်စတွေကိုလျှော်၊ မဲနယ်ဆိုးပြီး အိမ်ရှေ့စက်နားမှာ လှမ်းသည်။ တစ်ညလုံးထားပြီး မနက်စော ထမင်းဟင်းချက်ပြီးသည်နှင့် မီးပူတိုက်သည်။ ကြေးမီးပူထဲမှ မီးစလွင့်မှာကို ပူပန်စွာနှင့် တဖြည်းဖြည်းတိုက်သည်။ အဓေါကြီးပြောတာ ဟုတ်သည်။ ပြည်တွင်းဖြစ် တက်ထရွန်တွေက ပိုပြီးဖြူဖွေးလာသလိုပင်။

တစ်နေ့လယ်လုံး ရင်ပုံတွေ ညှပ်ကာ ပန်းထိုးသည်။ အထည်များများထွက်အောင် စိတ်ကူးဉာဏ်ထုတ်ပြီး ကိုက်သည်။ ညကိုးနာရီထိ မရပ်မနားချုပ်နေမိသည်။ ညအိပ်ယာဝင်တော့ ခြေဖဝါးလေးတွေ နာကျင်နေတာကိုပင် သတိမထားအား။ မနက်ဖြန်ဆို ဘယ်လောက်ပြီးမယ်။ အထည်တစ်ရာကို ဘယ်နေ့လောက်ပြီးမယ်ဆိုတာပဲ စဉ်းစားနေမိသည်။ ညအိပ်မက်တွေကျတော့လည်း အိတ်ကြီးတစ်လုံးနှင့် ဆော်လီ လျှောက်ရောင်းနေလိုက်။ သိမ်ကြီးဈေးထဲမှာ ဆော်လီဆိုင်ကြီးဖွင့်လိုက်။ အိမ်ကြီးတစ်ခုလုံး စက်တွေ အပြည့်ချုပ်နေတာ မက်လိုက်နှင့် ဘရာစီယာအိပ်မက်သံသရာ လည်နေသည်။

ထမင်းစားချိန်လောက်ပဲနားပြီး နေ့မအား ညမနားချုပ်လို့ပဲထင် သည်။ လေးရက်မြောက်တော့ ရိုထွေး အထည်တစ်ရာပြီးသွားပြီ။ စွပ်ကျယ် ဖြတ်စနှင့် ပိတ်စတွေလည်း ကျန်သေးသည်။ ဒါပေမယ့် နောက်ထပ်တစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ဖို့ ထပ်ဝယ်ရဦးမှာ။ ဒီအထည်တွေ ရောင်းရငွေနဲ့ ပြန်ဝယ်ရမယ်လေ အဖေပေးသည့် သုံးထောင်အနက်က ကိုးရာတော့ ကျန်သေးတယ်။ ဒါကို နောင် အရင်းလိုရင် သုံးဖို့သိမ်းထားရဦးမည်။

အိတ်ကြီးနှစ်အိတ်ထဲ ကို အထည်တွေမျှခွဲပြီး စိစဉ်တကျထည့်သိပ် ကာ သိမ်ကြီးဈေးသို့ ထွက်ခဲ့သည်။ ရင်ထဲမှာ သတ္တိအပြည့် မွေးထားပေမယ့် သိမ်ကြီးဈေးထဲ ဝင်လာရင်း အထည်တွေ တစ်ထည်မှ မရောင်းရရင် ဒါမှ မဟုတ် စိုးကြီးတို့ လက်ချက်ကြောင့် အဆမတန်ဈေးနှိမ်ပေးရင်ဆိုတဲ့ အတွေး တွေနှင့် ရင်ထဲ မှာပူချင်သည်။ ဒါပေမယ့် ရီထွေး ကိုယ့်လက်ရာကိုယ် ယုံ ကြည်စိတ်ဖြင့် ဆိုင်ကြီးတစ်ဆိုင်ရှေ့မှာ ခပ်တည်တည် ရပ်လိုက်သည်။ ဘော်လီတွေခေါက်နေရာက ဆိုင်ရှင်မိန်းမကြီးက မော့ကြည့်သည်။

"ဘာယူမလဲ"

"မယူပါဘူး၊ ဟို...ကျွန်မ ဘရာစီယာဖောက်သည်သွင်းချင်လို့"

'အင်း'ဟု လေရှည်ဆွဲပြီး မိန်းမကြီးက ဘော်လီတွေကို ဆက် ခေါက်နေပြန်သည်။ ပြီးမှ...

"ပြစမ်းပါဦး၊ ကြည့်ရအောင်၊ ဘော်လီကလဲ ဖောက်သည်လာသွင်း တဲ့ လူတွေကအများကြီး၊ နောက်ပြီး တစ်နေ့အစိတ်လောက်နဲ့ လာသွင်း ငါးဆယ်လောက်နဲ့ လာသွင်းနဲ့၊ တခြားဆိုင်လေးတွေကတော့ ရတယ်။ တစ် နေ့မှ ဆယ်ထည်တစ်စီးလောက်ပဲ ယူတာ၊ အဒေါ်တို့ ဆိုင်ကြီးတွေက တော့ ဖောက်သည်သွင်းတွေ များများလည်း မထားဘူး၊ တယောက်တည်းနဲ့ တစ်ရာနှစ်ရာ ယူလိုက်တာပဲ"

ရီထွေး ဘရာစီယာလေးတွေကို စေ့စေ့ကြည့်ရင်း ပြောနေသော အဒေါ်ကြီး၏ စကားတွေက တမင်တင်စီးနေမှန်း ရီထွေးနားလည်ပါသည်။ ဒါပေမယ့် ကိုယ်က ဒီနယ်မြေမှာ အသစ်ကိုး။ အဒေါ်ကြီးက အားရအောင် ကြည့်ပြီးမှမှ ကြိုက်သလိုမျက်နှာထားနှင့်...

"ဈေးကရော ဘယ်လိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်တို့လဲ သိပြီးသားပါအဒေါ်ရယ်၊ ထုံးစံအတိုင်းဆယ်ထည် တစ်စီးလေးဆယ်ပေါ့၊ ကျွန်မ ဖောက်သည်ဈေးထက် ဘာလို့ပိုပြောရမှာလဲ"

"လေးဆယ်ဆိုရင်တော့ အဒေါ်တို့မကိုက်ဘူး၊ အဒေါ်တို့ ဒီဈေးနဲ့ မယူဘူး"

အဒေါ်ကြီးက ပြုံးပြုံးလေးခေါင်းခါသည်။ နှိမ်တော့မည်ဆိုတာကို အလိုလိုသိလိုက်သည်။ ဒါပေမယ့် ကိုယ့်တာဝန်ကုန်အောင် မေးရဦးမည်။

"ကဲ... ပြောပါအဒေါ်ရယ်၊ အဒေါ်တို့က ဘယ်ဈေးကိုက်လဲ"

"အဒေါ်တို့ကတော့ တစီးသုံးဆယ်ဈေးနဲ့ ယူနေကျပဲ"

အဒေါ်ကြီးကတော့ အေးအေးဆေးဆေးကို နှိမ်နေပြီ။ ဆယ်ထည် တစ်စီးသုံးဆယ်ဆိုတော့ ရီထွေးက ငါးမူးစီရှုံးနေပြီ။ တစ်ထည်အရင်းက သုံးကျပ်ခွဲရှိနေတာဥစ္စာ။ မြတ်ချင်လို့လုပ်ပါတယ်ဆိုမှ အရှုံးခံပြီးတော့ဖြင့် မရောင်းနိုင်။

"ဟုတ်ကဲ့ အဒေါ်၊ အဲလိုဆို ကျွန်မကရှုံးနေတယ်၊ ကျွန်မက ခုမှ ရုံဥထောင်ကာစရှိသေးတာ၊ အရင်းပြုတ်မခံနိုင်ဘူး အဒေါ်ရယ်၊ ကျွန်မတခြား လိုက်စပ်ဦးမယ်နော်"

ပြေပြေလည်လည်ပြောပြီး ရီထွေးလှည့်ထွက်ဟန်ပြင်တော့ အဒေါ်ကြီးက မျက်မှောင်ကျုံ့ပြီး...

"ရုံထောင်ကာစ ဟုတ်လား၊ တူမနာမည်က ဘယ်သူတဲ့လဲ"

"ရီထွေးပါ"

မဆိုမဆိုင် နာမည်မေးသည်ကို အံ့အားသင့်နေဆဲ အဒေါ်ကြီး မျက်လုံးတွေက ရီထွေးခြေထောက်ဆီသို့ ရောက်သွားပြန်သည်။

"ရုံထောင်တယ်ဆိုတာ မလွယ်ဘူးနော်၊ နောက်ကလဲတောင့်တင်းမှ လုပ်သားလဲ များများရှိမှ၊ အရေးကြီးဆုံးကတော့ မှန်မှန်ကန်ကန် ရှိမှပဲ"



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးစကားတွေကို နားမထောင်တော့ဘဲ ရီထွေး ချာခနဲလှည့်ထွက်ခဲ့သည်။ ရီထွေး နားလည်လိုက်ပြီ။ ဒီဆိုင်က 'နှင်းသက်ဝေ'နှင့် နီးသောဆိုင်ပဲ။ စိုးကြီးနှင့် မရင်ကြွယ် ကောင်းကောင်းလုပ်ထားပြီ၊ မဟုတ်သတင်းတွေ ဝေဝေဆာဆာလွှင့်ထားပြီ။

နောက် ဘယ်နှစ်ဆိုင်လောက်ထိ လျှောက်ပြောထားသေးလဲမသိ။ သိမ်ကြီးဈေးဘီရုံ တစ်ခုလုံးလား။

ရီထွေးကို အပြုတ်နှံသည့်ပွဲမှာ စိုးကြီးတို့ မရင်ကြွယ်တို့ကပဲ တော်လေသလား၊ ဒါမှမဟုတ် ကုန်သည်ကြီးတွေရဲ့ ထုံးစံအတိုင်း ဈေးကိုဖမ်းပြီး နှိမ်ချလိုခြင်းသက်သက်ပေလားမသိ။ ဘီရုံဘော်လီဆိုင်အားလုံးသာ ကုန်သွားသည်။ ရီထွေး တစ်ထည်မှမရောင်းရ။ နောက် ဖောက်သည်လုပ်ဖို့ဆိုတာများ အဝေးကြီး။ တစ်ဆိုင်ကများဆို ရီထွေးကို သေချာကြည့်ပြီး'ရှုပ်ရှုပ်ယှက်ယှက် မလုပ်ဘူး'တဲ့။ တစ်ဆိုင်ကတော့ လုပ်လိုက်သေးသည်။ 'တစ်စီးအစိတ်သွင်းနိုင်ရင် ထားခဲ့'တဲ့။ နောက်တစ်ဆိုင်ကျတော့ 'တစ်စီးသုံးဆယ်နဲ့ ယူမယ် ဒါပေမယ့် ရောင်းပြီးမှ လာယူ'တဲ့။ အို...နှိမ်ချသည့်စကားတွေကို တစ်ဈေးလုံးလျှောက်ပြီး နားထောင်ခဲ့ရသည်။ စကားတောင်မပြောဘဲ ခေါင်းခါပြလိုက်တဲ့ ဆိုင်တွေကမနည်း။

နောက်ဆုံးမှာတော့ 'ဘာလုပ်လဲ'ဆိုသည့် စကားကို အထပ်ထပ်တွေးပြီး ရေရွှတ်ရင်း သိမ်ကြီးဈေးဘီရုံအပြင်ဘက်ကို ရီထွေးထွက်ခဲ့ရပြီ။ တခြား ဈေးတွေ သွားရင်ကော။ တခြားဈေးကဆိုင်တွေကလည်း ဒီဘီရုံက တစ်ဆင့်ယူပြီး'လုပ်နေကြတဲ့ သူ့အဆက်အသွယ်နဲ့ သူတွေ။ အို...ဘာဖြစ်လဲ လေဟာပြင်ဈေးဘက်သွားမယ်။

သွားသာသွားရမည် အားတော့သိပ်မရှိလှ။ အနော်ရထာလမ်းမကြီးကို ဖြတ်ကူးရင်း ပခုံးပေါ်ကအိတ်ကြီးနှစ်လုံးက ပိုပြီးလေးလံလာသလိုပင်။ အလုအယက် ဗိုင်းအော်ရောင်းနေကြသော လေဟာပြင်ဈေးပေါက်ဝက 'နိုင်လွန်ကြိုးတွေ''ရေစစ်တွေ''ဆောင်းဘီတွေ''သွပ်နန်းကြိုးခွေတွေ'ဟူသော

www.burmeseclassic.com

www.burmeseclassic.com



အသံတွေကို ရှောင်ရှားကာ ဆက်သွားမည်ပြုဆဲ 'ဘရာစီယာပုံဆန်းတွေ နောက်ဆုံးပေါ်ပုံဆန်းတွေ၊ ဆိုင်ကြီးတွေထက် ဈေးချိုတယ်၊ လာနော်၊လာ နော်'ဟူသော အသံပြာပြာက ရီထွေးခြေတွေကို တုန့်ကနဲရပ်သွားစေသည်။

လေဟာပြင်အပေါက်ဝကြီး၏ ဘေးတစ်ဖက်တစ်ချက် အနော်ရထာ လမ်းမကြီး၏ ပလက်ဖောင်းပေါ်မှာ အော်ရောင်းသော ဘော်လီသည်နှစ် ယောက်ကို တွေ့ရသည်။ ဝယ်ယူသူတွေလဲ ရှိသည်။ ရီထွေး သူတို့နားသို့ လျင်မြန်စွာ ရောက်သွားမိသည်။ အို...ရီထွေးတို့ရဲ့ အပေါစား ဘရာစီယာ တွေပါပဲလား။ အထည် ငါးဆယ်၊ တစ်ရာလောက်ပဲရှိမည်။ ပလတ်စတစ် ခင်းပေါ်တွင် ဖွ၍ပုံထားသည်။ ဆံပင်တိုနန့်နန့် ကောက်တိကောက်ကွေးကို ထိပ်မှာတက်စည်းထားပြီး သနပ်ခါးဘဲကျားနှင့် ထဘီတိုတိုဝတ်ကာ ပိုက် ဆံလွယ်အိတ်ကို စလွယ်သိုင်းထားသော ဘော်လီသည်မိန်းမ အော်ရင်း ဟစ်ရင်း တခဏအတွင်း ငါးထည်ထွက်သွားတာကို မြင်လိုက်ရသည်။ ဟိုဘက်က ခပ်ငယ်ငယ်ကောင်မလေးကလည်း ရောင်းရတာပဲ။ သူများတွေ အားလုံးလည်း ရောင်းနေကြတာပဲ။

ကမ်းနားဈေးမှာ ငှက်ပျောသီးတွေ အပြိုင်အဆိုင်အော်ရောင်းရတာကို ရီထွေးသတိရလာသည်။ ဒီမှာရောင်းရဲရင် အမြတ်တောင်ပိုရဦးမယ်။ ဟို မိန်းမရောင်းနေတာ လေးကျပ်ရောင်းနိုင်တာကို ငါးကျပ်လဲရရဲ့။ ငါးကျပ် ခွဲလည်းရရဲ့။ သူ့ဘေးနားမှာ အိတ်နှစ်လုံးလာချသော ရီထွေးကို မိန်းမက အကဲခတ်သလိုကြည့်သည်။ ရီထွေးကတော့ ခပ်တည်တည်ပင်။ အိတ်နှစ်လုံးပေါ်မှာ ဘရာစီယာတစ်စီးထုတ်ပြီး ဖြန့်လိုက်သည်။ ပလတ် စတစ်ခင်းတို့ ဘာတို့မပါသဖြင့် ဟိုမိန်းမလိုတော့ မပုံနိုင်။

"ယူစမ်းပါအစ်မရယ်၊ နှစ်ထည်မှ ငွေလေးတစ်ဆယ်ပါ၊ မမတို့အ တွက် မုန့်တစ်ခါစားမရှိပါဘူး၊ စိတ်ချအစ်မ ဆိုင်ကြီးတွေထက် ဈေးချိုစေ ရမယ်၊ တစ်ထည်လေးကျပ်တော့ မထားပါရစေနဲ့ အစ်မရယ်၊ ငွေလေးတစ် ကျပ်ကို မမြင်ပါနဲ့။ ကျွန်မတို့မှာ ပြေးရလွှားရနဲ့ ရောင်းရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ကမိန်းမ၏ အသံပြာပြာ စီစီညံနေသည်။ နားစွင့်မိရင်း သူပြောတာကို ရီထွေးစဉ်းစားနေမိသည်။ သူတို့ ကြည့်ရသည်မှာ ပျာယာခတ်နေကြသည်။ ကဲပါလေ သူတို့ကြည့်ရတာနဲ့ မရောင်းရဘဲရှိလိမ့်မယ်။

“ဘာရာစီယာတွေ ဘာရာစီယာတွေနော်၊ ဈေးချိုချိုနဲ့ ရမယ်”

ညိုလေးနဲ့ အတူအော်ခဲ့သော ငှက်ပျောသီးသည်အတွေ့အကြုံကြောင့် ရီထွေး နှုတ်ရဲလျှာရဲ အော်ပစ်လိုက်သည်။ ဟိုဘက်ကမိန်းမက ရောင်းရင်းနှင့် မျက်စောင်းထိုးကြည့်နေသည်။ ကောင်မလေးနှစ်ယောက် ရီထွေးဆိုင်ရှေ့ လာရပ်သည်။ ဝမ်းသာအားရ ဘာရာစီယာတွေကိုပြဖို့ ဟန်ပြင်လိုက်စဉ်မှာပင် လူတွေ ရုတ်ရုတ်သည်းသည်းဖြစ်သွားသည်။ “လာပြီ လာပြီ” ဟူသော အသံတွေ။ “သုတ်ပြီဟေ့၊ ပြေးပြေး” ဟူသော အသံတွေ ဆူညံသွားသည်။ ဘုမသိ ဘမသိ ရီထွေးကကြောင်နေဆဲ၊ ရီထွေးအိတ်နှစ်လုံး မြောက်ခနဲ ဆွဲသွားသဖြင့် ကြည့်လိုက်တော့ ဘေးကမိန်းမက သူက အိတ်တစ်လုံးကို ကြိမ်ခြင်းအထမ်းနှင့် လူထမ်းထားသော ခြင်းထဲသို့ ပစ်ထည့်ပြီး ‘လာ’ ဟု ရီထွေးကိုခေါ်ရင်း ဟိုဘက်ပလက်ဖောင်းသို့ မြန်မြန်ကူးပြေးသည်။ ကြိမ်ခြင်းတွေ ထမ်းရောင်းသော လူကလည်း ရှေ့ကနေ ညွတ်ပုံ ညွတ်ပုံဖြင့် ပြေးသည်။

သိမ်ကြီးဈေးဘီရုံ လမ်းကြားထဲသို့ ရောက်ရပြန်ပြီ။ ကိုယ့်ပစ္စည်းဖောနှင့် ရီထွေးမောနေသလို သူတို့နှစ်ယောက်လည်း မောနေကြသည်။

“အဝင်း ပါသွားလား”

“မပါဘူးထင်တယ်၊ ကျွန်မလဲရှင့်ထဲပစ်ထည့်ပြီး ဒီအစ်မဟာဆွဲနေရတာ”

သူတို့နှစ်ယောက် ပြောနေကြသည့်ကြားထဲမှ “ဘာတွေဖြစ်ကုန်ကြတာလဲဟင်” ဟု ဖွတ် ဝင်မေးရသည်။ ဟိုမိန်းမက ရှုံ့မဲ့သည်။

“ဘာဖြစ်ရမှာလဲ အစ်မရဲ့ ဈေးမရောင်းရတဲ့နေရာ ဈေးရောင်းလို့ ဖမ်းတာပေါ့၊ ဒီလိုပဲပြေးရတာပဲ၊ ဒါကို အစ်မသိဘဲ ဈေးလာရောင်းတာများ အံ့ပါရဲ့၊ ကျွန်မသာ မဆွဲရင် အစ်မ ခုချိန်ပါသွားပြီ”

www.burmeseclassic.com

www.burmeseclassic.com



"အို...ဒုက္ခပါပဲ ကျွန်မကလဲ ကျွန်မအပူနဲ့ ကျွန်မမို့ ဝင်ရောင်းရတာ၊ အရင်ကလည်း မရောင်းဖူးပါဘူး၊ ဖမ်းတာတွေလဲ မသိဘူးလေ"

ရီထွေးပြောပြသည့်အပူကို သူတို့နှစ်ယောက်က ခေါင်းတညိတ်ညိတ် နားထောင်ကြသည်။ မိန်းမက ပခုံးတွန့်ကာ ပါးစပ်ကိုရွဲ့လျက်။

"အဲ ဒီအကြောင်းတွေကတော့ ရိုးနေပြီအစ်မရေ၊ ကျွန်မတို့လည်း သူတို့နဲ့မပြတ်နိုင်ဘူး၊ ဒီလိုပဲ ဆက်ဆံနေရတာ၊ ဒါပြင် ကျွန်မတစ်ခုပြောမယ် အစ်မယုံမှလုပ်၊ ကျွန်မတို့က ဒီဘီရုံထဲကနေ တစ်ဆင့်ခံယူပြီးရောင်းနေရတာ၊ ဒီတော့ အစ်မချုပ်ပေးရင် အစ်မဆီက တိုက်ရိုက်ယူမယ်။ ဘယ့်နှယ်လည်း ကျွန်မတို့လည်း ဈေးသက်သာမယ် အစ်မလဲ ဖောက်သည်ရမယ်၊ နောက်တစ်ယောက်လည်း ကျွန်မစပ်ပေးမယ်၊ တစ်ရက်ခြားကို အထည်တစ်ရာတော့ ကျွန်မတို့ဖြန့်နိုင်တယ် စိတ်ချ၊ ပိုက်ဆံကတော့ အစ်မယုံမှလုပ်၊ တစ်ဝက်ပေး ကျန်တဲ့တစ်ဝက် နောက်တစ်ရက်ခြားမှရှင်းပဲ"

မိန်းမရွယ် ရှင်းပြနေသည်ကို ရီထွေးနားထောင်ရင်းက အပြင်းအထန်စဉ်းစားရသည်။ မိန်းမရွယ်က ရီထွေးကို မေးငေါ့ကာ ဆက်ပြောပြန်သည်။

"တစ်ခုတော့ရှိတယ် အစ်မရေ၊ ကျွန်မတို့က နေရာအတိအကျတော့ မသိဘူး၊ ဒီနေရာကပြေး ဟိုနေရာရောင်းရတာ၊ ဒါပေမယ့် မဟုတ်တာတော့ ဘယ်တော့မှ မလုပ်ဘူး၊ ဂျမ်းဘုံတဲ့၊ ဟောဒါ ယောကျ်ား ကိုအောင်တင့် ဂျမ်းဘုံအောင်တင့် ဟောဒီလေဟာပြင်တစ်ဝိုက် ဈေးသည်တွေမေးကြည့် အကုန်သိ"

"အင်းပါမဂျမ်းဘုံရယ် ကျွန်မယုံပါတယ်၊ ကဲ...ကျွန်မတို့ တည်တည်တံ့တံ့နဲ့ လုပ်ကြမယ်၊ ကျွန်မကိုလည်း ယုံ ဟုတ်ပြီလား"

ရီထွေးယုံပါသည်။ ကိုယ်လိုပြေးလွှားရှာနေရသော ဘဝတူတွေမှ မယုံလျှင် ရီထွေး ဘယ်သူ့ကိုယုံရမည်လဲ။

"ကဲ..အခုထည်တွေရော ယူလိုက်မှာလား"

www.burmeseclassic.com

www.burmeseclassic.com



"ယူမယ်လေ၊ ဒါပေမယ့် အစ်မကို အပြည့်တော့မပေးနိုင်ဘူးနော်၊ ဈေးပြော တစ်ဝက်ပေးလိုက်မယ်၊ ဈေးက ကျွန်မတို့ ဟိုဆိုင်တွေက လေးခွဲနဲ့ ယူရတယ်"

"ကျွန်မက လေးပါ မဂျမ်းဘုံရယ်၊ တစ်စီး လေးဆယ်နဲ့ပဲယူပါ၊ အထည်တစ်ရာပါတယ်၊ မဂျမ်းဘုံက နှစ်ရာပေး၊ ဟုတ်ပြီလား"

"ဟုတ်ပ၊ ဟုတ်ပ၊ ကဲ...ယောကျ်ား ကြိမ်ခြင်းရောင်းရတာလေးတွေ ထုတ်ဦး၊ စုစပ်ပြီး ပေးလိုက်ရအောင်"

မဂျမ်းဘုံက ငွေနှစ်ရာ ရေပေးသည်။

"နောက်တစ်ခါလာရင် မဂျမ်းဘုံကို ဘယ်အရင်လိုက်ရှာရမလဲ"

"ဘယ်မှမရှာနဲ့ နေ့လယ်နှစ်နာရီလောက်သာ လေဟာပြင်ဈေးရှေ့ ကစောင့်၊ ကျွန်မလာခဲ့မယ်၊ အဆင်ပြေရင် အဲဒီနားလဲ ကျွန်မတို့ ရောင်းတတ်တာပဲ"

ရီထွေးက ခေါင်းညိတ်ကာ 'သွားမယ်'ဟု ဆိုပြီး လှည့်ထွက်တော့ မဂျမ်းဘုံက ...

"အစ်မနာမည်လဲ ပြောဦးလေ၊ လိပ်စာရေးပေးဦး၊ နောက် ဆက်သွယ်ရအောင် ကျွန်မတို့လိပ်စာလဲမေးဦး၊ ငွေပါသွားရင် အစ်မလိုက်ရအောင်လေ၊ ဟား... ဟား"

ရီထွေးက ပြုံးရင်း လိပ်စာပြောရသည်။ သူတို့လိပ်စာကိုမှတ်ပြီး စွပ်ကျယ်ပြတ်ဆိုင်တွေဘက် ထွက်လာတော့ နေစောင်းတော့မည်။ ဆိုင်တွေဘက်သို့ ခပ်သုတ်သုတ်လှမ်းခဲ့သည်။ အလုပ်တစ်ခုကိုတော့ ငွေနှစ်ရာမျှော၍ စခဲ့မိပြီ။ စခဲ့တဲ့အလုပ်ကလည်း အပြေးအလွှားနဲ့မကင်းတဲ့ လုပ်ပါပဲလား။ ကိုတွတ်ပြောတဲ့ သမ္မာအာဇီဝကို ရီထွေးလုပ်တော့လည်း အပြေးအလွှားနေ့တွေနဲ့ပါပဲလား ကိုတွတ်ရယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"နှာမည်က ခင်အေးတဲ့၊ နှာမည်လိုပဲ လှကလဲအေးတီအေးစက်ကြီးပဲ၊ ရီထွေးရဲ့ တပည့်အသစ်ကျပ်ချွတ်ကို ရအောင်သာသင်ပေတော့၊ အစ်မမြအေးတို့နဲ့ တစ်ရွာတည်းလေ၊ ညီအစ်မနှစ်ယောက်လုံး စက်သင်လာကြတာ၊ တစ်ယောက်က အင်္ကျီချုပ်လေး တတ်တော့ ရွာပြန်ပြီး လုပ်စားကြမှာပေါ့"

အစ်မမြအေးခေါ်လာသော အသစ်ကျပ်ချွတ် တပည့်မကိုကြည့်ပြီး ဘာလို့ရယ်မသိ ရီထွေးအားတက်လာသည်။ တစ်ယောက်တည်းနှင့်စရသော ရီထွေး၏ ဆော်လီရုံမှာ ဘာမှမတတ်သေးပေမယ့် နောက်တစ်ယောက်ရှိလာတာကိုက ဘာပဲဖြစ်ဖြစ် အားရှိစရာပေါ့။

"နေတော့ကော အစ်မမြအေး၊ မခင်အေးတို့ဘယ်မှာနေလဲ"

"အမယ်လေး မပြောချင်ဘူးရီထွေးရေ၊ ရှာလိုက်ရတဲ့နေရာ၊ သိတဲ့အတိုင်း တို့အိမ်ကလဲ သားအမိသားအဖသုံးယောက်တောင် အနိုင်နိုင်၊ သူတို့တတ်နိုင်တာကလည်း စပေါ်ငါးရာလောက်နဲ့ အိမ်လခ၊ ငါးဆယ်လောက်တဲ့ ကဲ...ဘယ်မှာရပါ့မလဲ၊ အဲ...နောက်တော့ ကံအားလျော်စွာပဲ အစ်မတို့နှစ်အိမ်ကျော်လောက်က အဘွားကြီးသားအမိ နှစ်ယောက်တည်းရှိတဲ့ အိမ်က တစ်ယောက်သုံးဆယ်နဲ့ လက်ခံလို့၊ စပေါ်မရှိဘူး၊ ဒါပေမယ့် သူတို့နဲ့အိပ်ရမယ်၊ မီးဖိုတစ်ခုတည်း ချက်ရမယ်၊ သူတို့အပေါ်ထပ်မှာလဲ သူတို့က အဝှားတင်ထားတယ်လေ၊ နှစ်ထပ်ဆိုပေမယ့် အိမ်လေးက မုန့်သေတ္တာပုံးလေး ထောင်ထားတဲ့အတိုင်းလေး၊ ကျဉ်းပေမယ့် ရီထွေးရယ် မိန်းမတွေချည်းဆိုတော့ သိပ်တော့မဆိုးဘူးပေါ့။

မခင်အေးက မျက်နှာငယ်လေးနှင့်။ ဘာပဲပြောပြော တောမှာနေလာတာက ဒီထက်တော့အပုံကြီးကျယ်မည်မို့ စိတ်ကျဉ်းကျပ်မည်မှာ အသေအချာ။

မြန်မြန်တတ်အောင်သင်ပြီး ပြန်ပေါ့ မခင်အေးရယ်။ သင်တာလဲ ခဏပါ။ ရီထွေးစကားကို အစ်မမြအေးက ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဘော်လီရုံပိုင်ရှင်ကြီးရဲ့ တတ်ပြီးရင် ဘယ်နှစ်လ ချုပ်ပေးရမယ် တို့ ဘာတို့ မပြောတော့ဘူးလား"

"ဟာ ပြောရမယ်လေ၊ အဲလိုချုပ်ပြီးမှ ပြန်လို့ပြောတာပါ အစ်မမြ အေးရဲ့၊ ဘယ်ရမလဲ"

အစ်မမြအေးက 'မရင်ကြွယ်တပည့်နော်' ဟုပြောကာ ရီထွေးသဲသဲမဲမဲ ချုပ်နေသည့် ရင်ပုံတွေကို ကူပြီးဖောင်းပေး၏။

နောက်တစ်ရက်ခြားတွင် မဂျမ်းဘုံပေးရမည့် ဘရာစီယာတွေကို တစ်ယောက်တည်းကျုံးချုပ်ရင်းက မခင်အေးကို အမြန်ဆုံးတတ်အောင်သင် ရသည်။ လူကသာ အေးတိအေးစက်ပေမယ့် မခင်အေးက ဉာဏ်ကျထက် သည်။ ဘော်လီချိတ်တပ်တာတို့ အပ်ချည်ရစ်တာတို့ကို သေသေသပ်သပ် ကူလုပ်ပေးရင်း အထည်ချုပ်တာကိုလည်း ဂရုစိုက်သင်သည်။

နောက်တစ်ရက်ခြားမှာ မဂျမ်းဘုံတို့ဆီ ဘော်လီသွားပေးဖို့ပြင်တုန်း လှူရှာကောင်းသည့် အစ်မမြအေးက သန်းသန်းရီတို့ကတစ်ဆင့် လှူရှာလာ ပြန်သည်။

သည်ကလေးမလေးကျ ရီထွေး ကံကောင်းသည်။ ကလေးမလေးက အကျႌချုပ်တတ်ပြီးသား။ ဘော်လီချုပ်ပါ တတ်ချင်၍ ဆက်သင်သည့်သူ ဆိုတော့ ပိုပြီး မြန်မြန်တတ်လွယ်မည်။

"ညီမလေးက ချောချောလေးနော် အစ်မမြအေး ကျောင်းသူလေး လိုပဲ"

"ဟဲ့…ရီထွေးရဲ့ ဖြူဖြူက နဂိုတည်းက ငိုချင်လျက်လက်တို့ကို သွားပြောမနေနဲ့ဦး၊ သူက တမြန်နှစ်ကမှ ရှစ်တန်းက ထွက်ထားရတာ သူ့မိဘက ဇွတ်ထွက်ခိုင်းလို့တဲ့၊ သူက ကျောင်းနေချင်တာ၊ မှန်လား ဖြူဖြူ"

ဖြူဖြူက မဲ့မဲ့လေးပြုံးနေသည်၊ ခုစက်သင်လာတာကို ကျောင်းလွယ် အိတ်လေးလွယ်လို့ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူနှင့် ခင်အေးကို မိတ်ဆက်ထားခဲ့ပြီး မဂျမ်းဘုံတို့ဆီသို့ ပြေးခဲ့ရသည်။ မဂျမ်းဘုံနှင့် လျောလျောလျူလျူတွေ့ပြီး ငွေနှစ်ရာပေးပါစေ။ ခု ယူလာတာတွေလဲ မဂျမ်းဘုံယူလိုက်ပါစေ။ မဂျမ်းဘုံမိတ်ဆက်ပေးသည့် နောက်တစ်ယောက်နဲ့လည်း အဆင်ပြေကောင်းပါရဲ့။

ဘာပဲဖြစ်ဖြစ် ခုတလောမှာတော့ ရိုထွေး ကံကောင်းစပြုလာသလိုပဲ။ ဖြူနီးဆို လူအင်အားနှစ်ယောက် တိုးပြီး ဘော်လီရုံလဲ ပီသစပြုပြီ။ မဂျမ်းဘုံတို့နဲ့လဲ အဆင်ပြေရမှာပေါ့။

* * *

ခုတော့လည်း လေဟာပြင်တစ်ဝိုက် အနော်ရထာလမ်းမ ပလက်ဖောင်းတစ်ဝိုက်မှာ ရိုထွေးခြေရာတွေ ထပ်နေပြီ။

စလုပ်ခါစက စိမ်းသေးတော့ နေ့လယ်နှစ်နာရီဆို မဂျမ်းဘုံက လေဟာပြင်ဈေးရှေ့မှာ ရောက်နေတတ်သည်။ လေဟာပြင်ရှေ့မှာ ရှိချင်ရှိ မရှိလျှင်လဲ ရောက်သည့်နေရာကနေ လေဟာပြင်ရှေ့ ရိုထွေးဆီကိုလာသည်။

နှစ်နာရီကျော်က သုံးနာရီစွန်းခါနီးပြီဆိုရင်တော့ ရိုထွေးက လိုက်ရသည့်အလှည့်။ ဟိုနေရာမတွေ့ သည်နေရာ၊ သည်နေရာမတွေ့ ဟိုနေရာ၊ အနော်ရထာလမ်းမ ပလက်ဖောင်းတစ်လျှောက်မှသည် ဗိုလ်ချုပ်ဈေးအောက်ထောင့်ချိုးကွေ့များ၊ သိမ်ကြီးဈေးဘီရုံလမ်းကြား စသည့် သူတို့ရှိတတ်မည့်နေရာတွေကို လိုက်ရသည်။ တွေ့တဲ့နေရာမှာ အထည်ပေး ပိုက်ဆံယူကျန်တာမှတ်ပြီး တက်ထရွန်စွပ်ကျယ်ပြတ်စဆိုင်တွေဘက်သို့ ဈေးမီအောင်ပြေးရပြန်သည်။

ခုချိန်ထိတော့ တစ်ရက်ခြားတစ်ရာ မှန်မှန်ယူကာ မှန်မှန်လည်းပိုက်ဆံရနေသည်၊

"မဝယ်ပဲနဲ့တော့ လက်ပေကြီးနဲ့ မကိုင်နဲ့တော့၊ ပြောတော့မကြိုက်ဘူး၊ ဆိုင်ကြီးတွေကနဲ့တူတူပဲ၊ ဒါလောက် ပွတ်ကြည့်မနေနဲ့ ၊ လမ်းပေါ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းတာများဆို တယ်အထင်သေးချင်တယ်၊ ဒါလောက်အကောင်းကြိုက်ရင် အော်ဒါထည့် သွားဝယ်ပေါ့၊ သောက်ကျိုးနဲ”

ဈေးဝယ်နဲ့လည်း ရန်ဖြစ်တတ်သော ဘော်လီသည်အဝင်း၏အယုတ္တအနတ္တရောပြွမ်းသော ရန်ထောင်သံကို အဝေးက ပင်ကြားရသည်။ အသံသာမကြားရနှင့် အဝင်းရုပ်ကလေးက ချစ်စရာ၊ ညိုစိမ့်စိမ့်လေး။ ဒါပေမယ့် ပါးစပ်ဆိုးတာကတော့ မဂျမ်းဘုံတောင် လိုက်မမီ။ မဂျမ်းဘုံကမှ ရုပ်မလှပေမယ့် အသံပြာပြာက ချိုသေးသည်။ အဝင်းကတော့ သူ့ရုပ်လေးကိုကြည့်၍ ယူထားမိသော သူ့ယောကျ်ားကိုထွန်းမောင်ကို သူ့အယုတ္တအနတ္တတွေကြားမှာ ပြားပြားဝပ်စေသည်။ ကိုထွန်းမောင်ကအရင် အဝင်းအပျိုဘဝတည်းက သူ့ဘေးနားမှာ တက်ထရက်ဘောင်းဘီတွေ ပုံရောင်းသည့် ပုံကျဈေးသည်။ ဆဲ ရင်း၊ ဆိုရင်း၊ အော်ရင်း၊ ဟာစ်ရင်းနှင့်ပင် အဝင်းနှင့် ညားသွားရတော့သည်၊

မဂျမ်းဘုံဆိုင်ဘက် ရိုထွေးအရင်သွားကာ စာရင်းရှင်းနေဆဲ ချိုသော်လည်း ကြမ်းသော အဝင်း၏ အသံစွာစွာကို ကြားရပြန်သည်။

“ဟဲ့...ထွန်းမောင် သေနာကျရဲ့၊ ဒီလောက်ဈေးဝယ်တွေရှုပ်နေတာကို နင့်မယားတွေမို့ လိုက်ငေးနေတာလား၊ နင့်ပထွေးတွေကိုလဲ ကြည့်ဦးဟဲ့၊ လာပြီဟေ့’ဆိုရင်သူနောက်ဆုံးက၊ ကျုပ်မယ်အထုပ်ကြီးတပွေ့ပွေ့နဲ့ပြေးရတာ၊ မဂျမ်းဘုံတို့များ သိပ်ကံကောင်း၊‘လာပြီ’ဆိုရင်ဟော ကိုအောင်တင့်ခြင်းထဲ ထည့်ချလိုက်ရုံပဲ၊ ဟဲ့...သေချင်းဆိုး ငါပြောနေတာ ကြားရဲ့လား”

မဂျမ်းဘုံက “ကိုထွန်းမောင်တော့ ကြာလျှင် ဘုန်းကြီးဝတ်မယ်”ဟု ပြောပြီး ရယ်သည်။ မဂျမ်းဘုံကတော့ အဝင်းပြောသလို ခုချိန်မှာတော့ ကံကောင်းသည်ဟု ဆိုနိုင်လောက်ပြီ၊ အရင်တုန်းကတော့လဲ မဂျမ်းဘုံလဲ လင်ကံမကောင်းခဲ့။ မုဆိုးမအမေနှင့် ညီမငါးယောက်တွင် မဂျမ်းဘုံက အကြီးဆုံး။ ယောကျ်ားရသောအခါ ညီမတွေနှင့် အမေ့ကို ကျွေးရသောကြောင့် ယောကျ်ားကမကြည်ဘဲ ကြာတော့ ကွဲကြသည်။ ကလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့် မဂျမ်းဘုံမှာ ကလေးကိုအမေ့အပ်ပြီး ဟိုပစ္စည်း သည်ပစ္စည်း လေးတွေ စမ်းရောင်းရင်းနှင့် လည်လည်ဝယ်ဝယ်ဖြစ်လာပြီး နောက်ဆုံး ဘော်လီသည်လုပ်စားရာက ဘေးနားက ကြိမ်ခြင်းထမ်းရောင်းသော ကို အောင်တင့်နှင့် ဖူးစာဆုံလေသည်။

"ဒါဆို မဂျမ်းဘုံဆီမှာ သုံးရာကျန်နော်၊ အခု ယူတာက ငါးဆယ် ဆိုတော့ နှစ်ရာ၊ နှစ်ရာတော့ လက်ငင်းပေးလိုက်၊ ကျွန်မလဲ ဒါနဲ့ပြန်ရင်းရ တာ မိဖုရားရဲ့"

"အို...မပေးဘူး၊ ရော့ တစ်ရာပဲယူသွား၊ ခုတလော ပြေးချည့်နေရ တယ် အစ်မရေ့၊ ရောင်းချိန်ကို မရှိဘူး"

မဂျမ်းဘုံပေးသော တစ်ရာကို ပိုက်ဆံအိတ်ထဲထည့်ပြီး အဝင်းတို့ ဘက် သွားဟန်ပြင်တော့ မဂျန်းဘုံက ဘော်လီတွေ ခေါက်ရာကနေ...

"သြော်...ခဏ...ခဏအစ်မရေ နယ်ကအော်ဒါတစ်ခုအကြောင်း ပြောမလို့၊ ရှမ်းပြည်နယ်ကတဲ့ ကောင်လေးတစ်ယောက် လာစုံစမ်းတယ်၊ သူက ဈေးတော်ရင် တစ်ထောင် ငါးရာယူမှာတဲ့၊ ခေါက်ပြန်သယ်နေမှာတဲ့၊ အဲဒါ ကျွန်မ ပြောထားတယ်၊ အိမ်လွှတ်လိုက်မယ်"

"အင်း၊ လွှတ်လိုက်လေ"ဟုပြောပြီး ရီထွေးထွက်ခဲ့သည်။ ဖောက် သည်ဆိုတာ ဒီလိုပဲ ရလာတာပါပဲ။ ခုဆို မခင်အေးနှင့် ဖြူဖြူက ကိုယ်ပိုင် စက်လေးတွေ သယ်လာကြသည်။

အင်း၊ လူတိုးချင်တာထက် နေရာကပြဿနာ။ ခုကို စက်သုံးလုံး နှင့် တော်တော်ပြည့်နေပြီ။ နောက်ထပ်ဆို မလွယ်။ သည်စက်ဆိုသည်က ဟိုဘက်ခန်းကို အားနာရခြင်းပင်။ အကောင်းစားစက်တွေ မဟုတ်တော့ လည်း အသံတွေက ဂျိုးဂျိုးဂျောင်းဂျောင်းနှင့် တအားမြည်ကြသည်။ ကြမ်း က တစ်ပြေးတည်းပေါ်မှာဆိုတော့ အသံကဆူသည်။ ညှော်သည်လာရင် တောင် စကားကို အော်ပြောကြရတော့ ရီထွေး အားနာသည်။ အငှားထား တော့ရင်လည်း စပေါ်ငွေ ငါးထောင်ကို ပြန်အမ်းဖို့က ဘယ်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ငါးထောင်ရအောင်လည်း စုဖို့ကလဲ မလွယ်သေး။ အမြတ်ကလည်း တစ်ရက်ခြားမြတ်သော ငွေ ငါးဆယ်မှာ စားတာသောက်တာနှင့် အရင်းထဲ ပြန်ထည့်တာနှင့် ကြွေးကျန်တာနှင့် လုံးလည်လိုက်နေသည်။ တစ်ခုတော့ အသက်ရှူချောင်ရသည်။ အဖေဘယ်မှမသွားရဘဲ အေးအေးစားရခြင်းပင်။ အစ်ကိုသိန်းထွန်းအတွက်တော့ ပိုလို့တောင် အေးသေးတာပေါ့။ အချိန်တန် စားပြီး ကြက်တိုက်ထွက်ရုံပဲ ဥစ္စာ။

"ဟော၊ မရောင်းရပါဘူးဆိုမှ ကြွေးရှင်ကလဲလာပြီ၊ လူသာယူ သွားတော့ ပိုက်ဆံတော့ မရှိဘူး"

အဝင်းက စကားသံသာနှင့် ဆီးကြိုနှုတ်ဆက်ပြီး စာရင်းရှင်းသည်။ အဝင်းနှင့် စာရင်းရှင်းပြီး စွပ်ကျယ်ပြတ်စသွားဝယ်ကာ မြို့ပတ်ရထားဘူတာ ဆီသို့ လျှောက်ခဲ့သည်။ ဗိုလ်ချုပ်ဈေး နောက်ပေါက်ကထွက်ပြီး မြို့ပတ် စီးမည်။ အသွားအပြန် အလေးအပင်ပါသော အိတ်ကြီးတွေနှင့် ရီထွေးအဖို့ ကားတိုးရသည်မှာမလွယ်။ ဘာပဲပြောပြော မြို့ပတ်ရထားက ကျပ်တောင်မှ ကြမ်းပြင်ပေါ်မှာ တစ်ကိုယ်စာတော့ ထိုင်လို့ရသည်။ ခု လာသည့် မြို့ပတ် ရထားကလည်း တော်တော်ချောင်သည်။ နီးရာတွဲသို့ ရီထွေး အမြန်ဆုံး တက်လိုက်သည်။ နီးရာခုံကို ဝင်ထိုင်လိုက်လျှင်ပင်...

"ဟာ ရီထွေး"

"အို...ကိုတွတ်"

ကြည့်စမ်း သူရယ်။ ရှေ့မျက်နှာချင်းဆိုင်ခုံက ကိုတွတ်က ရီထွေး လက်ထဲက အိတ်ကြီးကို လှမ်းယူသည်၊

"ကိုတွတ် ဘယ်တုန်းက အညာကပြန်ရောက်လဲ ဟင်"

"အမယ်လေး ကြာပါပြီဗျာ၊ ကျွန်တော်မျိုး ခင်ဗျားဆီကို လာပါ တယ်၊ အဲဒီအိမ်က ဟိုဘာကြီးမှန်းမသိတဲ့ လူကြီးက ရိုက်မလွှတ်တာ ကံ ကောင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ ကိုတွတ်ရယ်၊ ရီထွေးက ထွက်လာခဲ့တာ ခု ရီထွေး ဆော်လီရုံထောင်နေတယ်လေ၊ သိလား"

ရီထွေးပြောသမျှတွေကို ကိုတွတ်က ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်နေသည်၊

"ရီထွေးက တကယ်သတ္တိကောင်းတယ်၊ တို့ထက်တောင် သာသေးတယ်၊ ရီထွေးကြီးပွားသွားရင် တို့ကို မေ့မသွားနဲ့နော် ကြားလား"

"အို၊ ကိုတွတ်ကလဲ၊ ရီထွေး ကိုတွတ်ကို ဘယ်တော့မှ မမေ့ဘူး"

ကိုတွတ်က "ကောင်းပါလေ့ဗျာ"ဟု ပြောပြီး ရယ်နေသည်။ ရီထွေးရင်ထဲက တကယ်မမေ့တာကို သူ နားလည်ပါ်စကွယ်။

"ကိုတွတ် အညာမှာ ပျော်ခဲ့ရဲ့လား"

"ပျော်တယ် ရီထွေးရဲ့၊ ဘုရားတွေတော့ တော်တော်စုံတယ်၊ ဩော် ပြောရဦးမယ် တို့လေ စစ်ကိုင်းဘက်က ကောင်းမှုတော်ဘုရားမှာ တုန်းက ငှက်လေးတစ်ကောင်ကို ဆေးကုပေးခဲ့ရသေးတယ်၊ အဲဒီငှက်လေး ကိုမြင်တော့ ရီထွေးကို သိပ်အမှတ်ရတာပဲသိလား"

"ဘာဖြစ်လို့လဲဟင် ကိုတွတ်"

"ငှက်လေးခြေထောက်တွေက မသန်ရှာဘူး ရီထွေးရဲ့၊ သူ့အစာစားနေတုန်းဖမ်းပြီး တို့တတ်တဲ့ပညာနဲ့ ကျပ်စည်းပေးရသေးတယ်၊ ကျပ်စည်းထားတဲ့ ငှက်လေးက ဆေးရုံပေါ်မှာတုန်းက ပတ်တီးတွေနဲ့ ရီထွေး ကျနေတာပဲ၊ တို့တကယ် အမှတ်ရတယ်"

အို..သူရယ် ရီထွေး ရင်ခုန်အောင် ပြောတတ်လွန်းလှတယ်။ ရီထွေးနားမှ လူဆင်းသွားတော့ ကိုတွတ်က နေရာပြောင်းထိုင်သည်။ ရီထွေးရင်ထဲမှာ အပျော်တွေနှင့် ပြည့်လျှံလာသည်။

"ဒီလိုဆို ရီထွေး နေ့တိုင်းလိုလိုမြို့ထဲရောက်တာပေါ့"

"အင်းပေါ့၊ ကိုတွတ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တို့လဲ နေ့တိုင်းလိုလို ဗိုလ်ချုပ်ဈေးထဲ ဖိနပ်လာပို့တာပဲ၊ ရီထွေးနဲ့ တွေ့နိုင်တာပေါ့"

"ဒါပေါ့ကိုတွတ်ရဲ့ ဒီလိုလုပ်လေ ရီထွေးက သုံးနာရီဆို ဗိုလ်ချုပ်ဈေးဘူတာ ရောက်နေပြီ၊ ကိုတွတ်က ဘယ်အချိန်လဲ ဘူတာကိုလာခဲ့လေ၊ မကောင်းဘူးလား"

ကိုတွတ်က 'ကောင်းပါ့၊ ကောင်းပါ့'ဟု ရွတ်နောက်နောက်ပြောပြီး ခေါင်းညိတ်သည်။ ရထားက ဟံသာဝတီဘူတာမှာ ဆိုက်သည်။ ရှေ့ဘူတာ လှည်းတန်းမှာ ရီထွေးဆင်းရမည်၊ ကိုတွတ်ပေါင်ပေါ်မှ ရီထွေးအိတ်ကြီးကိုလှမ်းကြည့်မိရင်း မရင်ကြွယ်သွားရင် အိတ်ကြီးဆွဲလိုက်တတ်သောနိုးကြီးကို မြင်ယောင်ကာ ရယ်ချင်လာသည်။ ကိုတွတ်က 'ဘာပြုံးနေတာလဲ'တဲ့။ ဘာလို့ပြုံးချင်လာမှန်းလဲ မသိ။ မိန်းကလေးတွေဟာ အချစ်နဲ့တွေ့ရင် အလိုလိုပျော်ရွှင်လာတတ်တယ်ဆိုတာ ဟုတ်ပါသလား ကိုတွတ်ရယ်။

* * *

ဆိုချက်ခေါက်ဆွဲကျွေးမည်ဟု ရီထွေး ပြောထားသည့်နေ့ကျမှ ကိုတွတ် ပေါ်မလာ။ သုံးနာရီတောင် ခွဲသွားပြီ။ ဘူတာထဲမှာလဲ မမြင်။ တမြန်နေ့တုန်းက ကိုတွတ် သိပ်နေမကောင်းချင် ဖြစ်နေတာကို အမှတ်ရသည်။ ကိုတွတ် နေမကောင်းဖြစ်ပြီထင်ရဲ့။ အေးလေ နောက်နေ့မှပဲကျွေးတာပေါ့။ ဟိုတလောက မဂျမ်းဘုံကတစ်ဆင့် ဆက်သွယ်လာသည့် ရှမ်းပြည်နယ်ဘက်မှ နယ်အော်ဒါ တည့်သွားသည်၊ တစ်ပတ်စောင့်ပြီး အထည်ငါးရာ ပြီးအောင်ချုပ်နိုင်းကာ ငွေလက်ငင်းချေသွားသည်။ မဂျမ်းဘုံတို့ လျှော့ပေးပြီး တစ်ပတ်အတွင်း ငါးရာကို နေ့မအား ညမအားချုပ်ပေးလိုက်သည်။ ငွေ လုံးခနဲခဲခနဲရကာ ရီထွေး ငွေလေးရာလောက် မြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မဂျမ်းဘုံတို့ကိုလည်း ဒီနေ့ ငွေတစ်ဆယ်ဖိုး မုန့်ဝယ်ကျွေးရသည်။ ကိုတွတ်ကိုလည်း ပြောထားကာမှ။ ရထားလည်း မစီးချင်တော့။ ဒီနေ့တော့ ကားနဲ့ပဲပြန်တော့မယ်။ ဆူးလေကားဂိတ်ဆီသို့ ပြန်လျှောက်ခဲ့သည်။

ကားပေါ်မှဆင်းပြီးတော့ ဈေးထဲသို့ လှည့်ဝင်ခဲ့သည်။ လုံးခနဲခဲခနဲရသော ငွေလေးရှိတုန်း အဖေကြိုက်သည့် ပုစွန်ထုပ်ကြီးကြီးတွေ ကြော်ပေးဦးမည်၊ နောက်ပြီး အစ်ကိုသိန်းထွန်းကလည်း ခုတလော သဒ္ဒါချင်စရာကောင်းနေသည်။ သူ့လိပ်ပြာသူ မလုံလို့လားမသိ။ နောက်ဖေးမီးဖိုချောင်ဝင်ကာ တတ်သမျှမှတ်သမျှချက်တတ်သည်။ ရီထွေး အိမ်ရှေ့ပြေးလိုက် အိမ်နောက်ပြေးလိုက်နှင့် ဈေးမီရန် လုပ်ကိုင်နေတာတွေကို အိမ်ရှေ့လမ်းဘေးက သစ်သားတန်းပေါ်မှာ ဖြက်ကြီးတပွေ့ပွေ့နှင့် အလုပ်မရှိ ထိုင်နေရင်းက စိတ်မလုံတော့ဘူးထင်သည်။

ဟိုတစ်နေ့ကလည်း ရီထွေး လျှော်ဖွပ် မဲနယ်ဆိုးရန် ပုံထားသော အက်ထရွန်တွေကို သွားလျှော်ပြီး မဲနယ်ဆိုထားကာ နေပူစောင့်လှန်းနေသည်။ ယောကျ်ားပီသသော ကိုယ်ဟန်နှင့် မျက်နှာတင်းတင်းနှင့် ယောကျ်ားကြီးတစ်ယောက်၏ သည်လိုအပြုအမူတွေ့ကို ရီထွေး ဂရုနာသက်မိပေမယ့် ကြည့်လို့မရ။

စီးပွားမရှာရရင် ပြီးရော။ ထမင်းချက်၊ အဝတ်လျှော်လုပ်ရရင် လုပ်ရပါစေဆိုတဲ့ ထူးဆန်းသော ယောကျ်ားတစ်မျိုးပေပဲ။ ငွေရှာတဲ့အလုပ်လုပ်ချင်တာနဲ့ ဒီလောက်ပြောင်းလဲသွားရသလား အစ်ကိုသိန်းထွန်းရယ်။

အစ်ကိုသိန်းထွန်းကြိုက်တတ်သော အပြင်ဘက်တန်းမှ တို့ဟူးဆိုင်သို့ လျှောက်လာခဲ့သည်။ ဝယ်နေကျ ဈေးသည်က ရီထွေးကို မြင်တော့ လှမ်းအော်သည်။

"ဟော ဘော်လီရုံပိုင်ရှင်ကြီး လာပြီဟေ့၊ သူ့ပြော...သူ့ပြော သူကအလုပ်ပေးနိုင်တယ်"

"ဘာတွေပြောနေတာလဲ အစ်မရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူပြောတာကို ရိုထွေးနားမလည်။ သူက ဆီတို့ဟူးကို တူလေးနှင့် ညှပ်ရင်း ညှပ်ရင်း ဆိုင်ရှေ့မြေကြီးပေါ်က သားအမိကို မျက်စပစ်ပြသည်၊

"အဲဒီမယ်ဟယ်၊ အလုပ်လိုချင်လို့တဲ့"

ကလေးအမေလေးက ငယ်ငယ်ပဲ ရှိသေးသည်၊ ရင်ခွင်ထဲက ကလေးကလဲ ချစ်စရာယောကျ်ားလေး။ မျက်လုံးပြူးလျက် ဝိုင်းနေသူတွေကို ဟိုကြည့် သည်ကြည့်နှင့် ကလေးအမေကအားလုံးကို လိုက်ကြည့်နေရင်း...

"ကျွန်မ အလုပ်မလုပ်ရင် ကျွန်မတို့သားအမိနှစ်ယောက်လုံး ငတ်သေလိမ့်မယ်၊ ဒါပေမယ့်...ကျွန်မအလုပ်လုပ်ရင်လည်း သူ့ကို ထားစရာ အိမ်လည်း မရှိဘူး၊ လူလဲမရှိဘူး၊ ကျွန်မကတစ်ကောင်ကြွက်၊ ကျွန်မတစ်ယောက်တည်းဆိုတော့ ဘာဖြစ်ဖြစ် ကလေးကိုတော့ ကျွန်မ...ကျွန်မ"

ပြောရင်းနှင့် ကလေးအမေက ငိုပြန်သည်၊ ဝိုင်းနေသူအားလုံးကလည်း ဟိုကြည့် သည်ကြည့် တစ်ယောက်တစ်ပေါက် မေးကြမြန်းကြတာပဲ တတ်နိုင်သည်၊

"ညည်းက ဘာလုပ်တတ်လဲ"

"ကျွန်မ စက်လဲချုပ်တတ်တယ်၊ အို...တခြားလည်း ဘာဖြစ်ဖြစ်ပေါ့ လုပ်မှာပဲ"

"အစ်မမှာလည်း ညီမတို့သားအမိကိုပေးဖို့ နေစရာမရှိဘူးကွယ်၊ ညီမ နေစရာရတာနဲ့ အစ်မဆီမှာ စက်လာချုပ်လှည့်ပါ၊ အချိန်မရွေးလာနိုင်ပါတယ်...နော် ညီမ"

ကလေးအမေက တွေဝေငေးငေးနှင့် စဉ်းစားသလိုလုပ်နေပြန်သည်။ ဘေးနားက ချင်းစိမ်းသည်ကလေးမလေးက သူ့ထမင်းချိုင့်ထဲမှ ထမင်းနှင့်ဟင်းကို အဖုံးနှင့်ခွဲပြီး ထည့်ကျွေးနေသည်။ သားမိနှစ်ယောက် စားနေသည်ကို ဝိုင်းကြည့် ဂရုနာသက်ရုံကလွဲလို့ အားလုံးကဘာမှမတတ်နိုင်ကြ။ သြော် မိန်းကလေးကလည်း ဘယ်လိုများပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်သည်အထိ ကလေးအမေ၏အကြောင်းကို တွေးနေမိသည်။ နောက်တစ်နေ့မနက်ကျတော့ သူ့အကြောင်းကိုမခင်အေးတို့၊ ဖြူဖြူတို့ ပြောပြနေတုန်းမှာ ဖုန်းဆို သူရောက်လာသည်၊

“ဟယ်...ညီမ ကြည့်စမ်း သားလေးရော”

“သားလေးရှိပါတယ် အစ်မရဲ့၊ ကျွန်မအခု နေစရာရပြီ၊ ကျွန်မသူငယ်ချင်းအိမ်မှာ”

“တော်ပါသေးရဲ့နော်၊ သူငယ်ချင်းနဲ့တွေ့လို့”

“မတော်နဲ့ အစ်မရေ ဒါလဲ တောင်းတောင်းပန်ပန်ပြောလွန်းလို့ ကျွန်မနဲ့ လူမှုဝန်ထမ်းကျောင်းမှာတုန်းက အတူတူနေခဲ့တဲ့ သူငယ်ချင်းလေသူက ဟန်ကျတယ် အစ်မရဲ့။ လင်ကောင်းသားကောင်း ရသွားတယ်၊ ကျွန်မသာ...”

ရီထွေးက သူ့ကို အံ့သြတကြီး ကြည့်မိသည်။

“ညီမက ဘယ်လိုလုပ်ပြီး လူမှုဝန်ထမ်းကို ရောက်သွားတာလဲ”

သူက မျက်လုံးတွေကို အဝေးကြီးဆီသို့ ငေးမျှော်ရင်း ဆက်ပြောသည်။

“ကျွန်မကို ဘယ်အဖေဘယ်အမေကမွေးမှန်း ကျွန်မမသိဘူး၊ ကျွန်မသိတတ်စမှာ တွေ့တာက ကျွန်မကိုမွေးစားတဲ့ ဆရာမကြီး သူကကျွန်မကို အလုပ်နဲ့ လျှောက်ပြောင်းရင်းက ရွာတစ်ရွာကကောက်ရတာတဲ့၊ဘယ်ကမှန်းလည်း မသိဘူး၊ သူကလဲ မွေးစားတယ်ဆိုပေမယ့် သမီးလို ချစ်ဖို့မဟုတ်ပါဘူး အစ်မရယ်၊ ကြီးလာရင် ခိုင်းဖို့ပါ၊ ကျွန်မ တဖြည်းဖြည်း သိလာတာပေါ့၊ ကျွန်မကြီးလာတော့ ကျောင်းမထားဘူး၊ အိမ်မှာစာသင်ပေးတယ်၊ အိမ်အလုပ်တွေပဲ လုပ်ရတယ်၊ နောက် ကျွန်မအရွယ်ရောက်လာတော့ ကျွန်မရည်းစားထားတာကို မိသွားပြီး သူမနိုင်ဘူးဆိုပြီး လူမှုဝန်ထမ်းကျောင်းကို ပို့လိုက်တာလေ၊ ဟိုမှာ ကျွန်မ ဒုက္ခလှလှ တွေ့တော့တာပေါ့၊ ကျွန်မရည်းစားရဲ့ ကိုယ်ဝန်က ပါလာပါလေရော၊ အင်း... အဲဒီမှာပဲ

www.burmeseclassic.com



ကျွန်မသားကို မွေးရတယ်၊ အဲဒီမှာ စက်ချုပ်တတ်တာပေါ့၊ ဘော်လီချုပ်လည်း သင်ရတယ်၊ အဲလိုနေတုန်း ကျွန်မတို့ အပြင်အလှုပ်သွားလုပ်ရင်းနဲ့ လူတစ်ယောက်နဲ့ တွေ့ပြီး သူ့ကိုကျွန်မယုံမိပြန်တယ်၊ ကျွန်မကျောင်းကထွက်ပြေးပြီး သူ့နောက်ကို လိုက်ခဲ့တယ်၊ သားကို ထားခဲ့ရတယ်၊ အခုသားက သူနဲ့ရတဲ့ ဒုတိယသား"

"ဟင်...ဒီလိုဆို နှင့်ယောကျ်ားရော"

"ဟင့်အင်း...မသိဘူး၊ သူ ကျွန်မကို ပစ်ပြေးပြီ"

ရီထွေး သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်မိသည်။

"ကဲ ပါဟယ်၊ ပြီးတာတွေ ပြီးပေါ့၊ ညည်းစက်ချုပ်တတ်သားပဲ၊ လုပ်ပေါ့၊ နာမည်က ဘယ်သူတုန်း"

"မြလေးပါ"

မခင်အေးက မြလေးမျက်နှာကို ငေးကြည့်နေရာက ခေါင်းကုပ်လိုက်ပြီး။

"အမယ်လေးနော်၊ မမြလေးအဖြစ်ကလဲ ငါ...ဟင်းတွေပျောက်တဲ့ ဒုက္ခထက်တောင် ဆိုလှချည်လား"

ရီထွေးက မခင်အေးကို ကြည့်ပြီး ပြုံးရသည်။ သူကလဲတစ်မျိုး။ မနက်အစောကြီးထ၍ ညီအစ်မနှစ်ယောက် ချက်ထားသောထမင်းတွေက ညနေဆာဆာမောမောနှင့် စားတော့မည်ဆိုလျှင် အမြဲလျော့နေတတ်သည်။ အထူးသဖြင့် ဟင်းပျောက်တတ်သည်။ လက်သည်က အိမ်ရှင်အဘွားကြီး၏ သမီးလေး။ အဘွားကြီးက ဖြစ်သလို ချက်တတ်သည်။ ဖြစ်သလိုချက်တာချင်းအတူတူ စားရမလားဆိုကာ နှမြောပြီး မခင်အေး ငိုရသည်က အကြိမ်ကြိမ်။

"ကဲ...ကဲ ကိုယ့်ဒုက္ခကိုယ် အောက်မေ့ပြီး ချုပ်ကြစို့ဟေ့၊ ငါ ဈေးမမီဘဲနေမယ်၊ မြလေးက ခုခဏတော့ ထိုင်ကြည့်လိုက်ဦး"

www.burmeseclassic.com

www.burmeseclassic.com



စက်သံတွေ ဆူညံလာချိန်ဝယ် ဖြူဖြူကထအော်သည်။

"အစ်မရေ ဟို ရှမ်းပြည်နယ်ကလူကြီး လာနေပြီ။ အစ်မတော့ ပွပေါက်ပဲ"

ဟုတ်သားပဲ ရှမ်းပြည်နယ်သွားရောင်းသော နယ်အော်ဒါလူပဲ။ ဘယ်သူတဲ့ ကိုစိန်ခိုင် နောက်တစ်ကျော့ ပြန်လာတာထင်တယ်၊ ပျော်စရာကြီး။

"အစ်မရေ၊ ဒီတစ်ခါ ခေါက်ဆွဲကြော် ကျွေးနော် အစ်မ"

အစားမက်သော မခင်အေးက အော်တော့အလှကြိုက်သော ဖြူဖြူက လက်ညှိုးလေးပေါ်စ်ထောင်ထောင်နှင့်...

"အစ်မ၊ အစ်မ ဖြူ့ကိုတော့ ကလစ်တစ်စုံဝယ်ပေးနော် အစ်မ... သိလား"

ရီထွေးက ခေါင်းညိတ်ရင်း ရယ်မောရသည်။ မြလေးပင် ရောယောင်ပြုံးလျက်။ သည်လိုနဲ့ပဲ ရီထွေးတို့ ဒုက္ခတွေမေ့ကြရပြန်ရော။

* * *

"ကိုတွတ်ရယ်၊ တကယ်ပဲ ပျောက်ချက်သားကောင်းလိုက်တာ"

"တို့ နေမကောင်းလို့ ရီထွေးရ၊ သုံးရက်တောင် ဖျားတာ"

"ကိုတွတ် မျက်နှာတွေ ချောင်ကျသွားတယ်နော်၊ ရီထွေး ဘူတာမှာ အမြဲ လာစောင့်တယ်၊ မနေ့ကတော့ မလာဘူး၊ ဟိုလေ ဟိုတစ်ခါပြောတဲ့ နယ်အော်ဒါတွေလေ၊ အရေးကြီးနေလို့ မနက်ဖြန်ပေးရမယ်လေ"

"သိပ်လည်းချုပ်မနေနဲ့ဦးနော် ဒေါ်ရီထွေး ခြေထောက်တွေ ပွတ်ကျသွားဦးမယ်၊"

ကိုတွတ်၏ ကရုဏာဒေါသကို ရီထွေးကြည်နူးစွာရယ်မောရ၏...

"မလုပ်ပါနဲ့ ကိုတွတ်ရဲ့ ဒီခြေထောက်လေးတွေနဲ့ ရီထွေးထမင်းစားနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုတွတ်က မြို့ပတ်ရထားလာနေသည်ကို လှမ်းကြည့်ရင်း ရိထွေး လက်ထဲကအိတ်ကို ဆွဲယူသည်။ ရထားပေါ်ကို လုတက်ကြရင်း ရိထွေး လက်ကိုဆွဲကာ ဖေးမတင်တော့ ရင်တွေတသိမ့်သိမ့်ခုန်ရသည်။ နှစ်ယောက် ထိုင်ခုံကိုလုထိုင်ကြရင်း ရိထွေးက ရယ်မိတော့...

"မရယ်စမ်းပါနဲ့ အစ်မလေးရဲ့ တို့ စိတ်ညစ်နေလို့"

"ဟင်၊ ဘာဖြစ်လို့လဲ ကိုတွတ်ရဲ့"

ကိုတွတ်က မဖြေသေးဘဲ ခဏငိုင်နေသည်။

"ရိထွေး အသက်ဘယ်လောက်ရှိပြီလဲ"

"အို၊ ဘာဆိုင်လို့လဲ"

ရိထွေးက ပြုံးစေ့စေ့လုပ်ရင်း...

"ရိထွေးက ငါးဆယ့်သုံးခုမွေးဆိုတော့ ခု ရှစ်ဆယ့်တစ်ဆိုတော့ နှစ်ဆယ့်ရှစ်၊ အပျိုကြီးစာရင်းဝင်ပေါ့ ကိုတွတ်ရ၊ ဘာဖြစ်လို့လဲ"

"အေးပေါ့နော်၊ ရိထွေးတောင် အဲလောက်ရှိပြီဆို တို့အသက်မ ငယ်တော့ဘူး၊ တို့ကနှစ်ဆယ့်ကိုး။ အင်း...အိမ်ကမိန်းမပေးစားချင်တယ်၊ မဆန်းဘူးပေါ့လေ"

"ဘာရယ် ကိုတွတ်"

ရိထွေးသံက အထိတ်တလန့် ထွက်သွားသည်။ ကိုတွတ်ကတော့ ရထားလမ်းဘေးကို ငေးကြည့်လာရင်း ဆက်ပြောနေပြန်သည်။

"အမေတို့ မမကြီးတို့က တကယ့်ဖွတ်ပဲ၊ သူတို့ပေးစားတာကြီး လဲ မယူချင်ပါဘူးရိထွေးရာ၊ တို့ ဖိနပ်သွားပို့နေတဲ့ဆိုင်က အပျိုကြီးနဲ့တဲ့၊ ကြီးလှပြီ"

အေးအေးဆေးဆေးပြောနေသော ကိုတွတ်မျက်နှာကို ရင်မော စွာ လိုက်ကြည့်နေမိသည်။ ကိုတွတ်က ရထားပြတင်းဘက်မှ ရိထွေးဆီသို့လှမ်း ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့ကတော့ အပြတ်ပဲ အိမ်ကိုပြောလိုက်တယ်၊ သူတို့ပေးစားတာ မယူဘူးလို့"

ကိုတွတ်က ဖြည်းဖြည်းပြောရင်း ဟိုအဝေးဆီသို့ လှမ်းမျှော်ကြည့်ပြန်သည်။ မျှော်လင့်ခြင်းကြီးစွာပင် သူ့မျက်နှာကို လိုက်ကြည့်နေဆဲ။

"တို့ပြောလိုက်တယ်၊ တို့ချစ်တာက တစ်ယောက်လို့"

နှလုံးသွေးက ဒိန်းခနဲ စောင့်တိုးသည်။ အို... ကိုတွတ်ရယ်၊ အဲဒီတစ်ယောက်ဆိုတာ ဘယ်သူလဲလို့ ရီထွေးနားလည်ခွင့်ရှိပါသလားဟင်။

* * *

"မဂျမ်းဘုံရယ်၊ ကျွန်မဖြင့် ကိုစိန်ခိုင်ကို လှူယုံပြီးသာ ပေးလိုက်ရတာ၊ ရင်ထဲတော့ ထိတ်တယ်တော့၊ သိလား"

"မထိတ်နဲ့ အစ်မရေ၊ ဒီလိုပဲ စွန့်ပြီးဆက်ဆံရတာပဲ၊ အမလေး အစ်မက ရုံထောင်တဲ့ပိုင်ရှင်ကြီးက ညည်းနေသေးတယ်၊ အစ်မဆီက အထည်ငါးရာထဲမို့တဲ့၊ ကျွန်မဆီကလဲ ငါးရာဖိုးလောက် ယူသွားသေးတယ်၊ ဒီတစ်ခေါက် သိပ်မကြာဘူးတဲ့၊ အစ်မဆီကို ဘယ်လောက်ပေးသွားလဲ"

"တစ်ထောင်ပဲပေးသွားတယ်၊ တစ်ထောင်ကျန်သွားတယ်"

မဂျမ်းဘုံတို့ဆီကပါ ယူသွားသေးသည်ဆိုတော့ အားလုံးကိုသူမလိမ်တန်ရာပါဘူး။ ဒီအလုပ်က ဒီလိုလူကိုမှ မယုံလျှင်လည်း နယ်အော်ဒါဘာမှ ရမည်မဟုတ်။ နယ်အော်ဒါသမားတွေက အထည်ဖြုန်းနိုင်သည်မို့ ရုံပိုင်ရှင်တိုင်း ငွေနှင့်မျှောထားတတ်ကြမြဲပင်၊ သူများအတွက်တော့ တစ်ထောင်ဆိုတာ မများပေမယ့် ရီထွေ လိုရုံပိုင်ရှင်အတွက်ကတော့ တစ်ရုံလုံး၏ရင်းတစ်ဝက်လောက် ရှိနေတာ။ အေးလေ မဂျမ်းဘုံတို့က ပိုဆိုးပေမပေါ့။ ငွေခုနစ်ရာ ရှစ်ရာလောက်နှင့် လှည့်ပတ်နေတာတောင် နယ်အောက်သည်ဆိုတော့ ငါးရာဖိုးတောင်ပေးလိုက်ရသေးတာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုစိန်ခိုင်ကလည်း ယုံကြည်အောင်ဆိုပြီး စာရွက်ပေါ်မှာ သူ့လိပ်စာနဲ့ လက်မှတ်ထိုးပေးရှာသား။ မဂျမ်းဘုံကလည်း ကိုစိန်ခိုင်လက်မှတ်ထိုးထားသော စာရွက်လေးကို တယုတယသိမ်းလို့။ ငွေမရှိသော ဘော်လီသည်နှင့် ရုံပိုင်ရှင်တို့မှာ လူတစ်ယောက်ကို ငွေနှင့်မျှောဆက်ဆံဖို့ အတော်ကြီးကြီးစားနေကြရသည်။

"ဩော် အစ်မဆီမှာ လူလိုတယ်မဟုတ်လား၊ ချုပ်ချင်တဲ့သူ သုံးယောက်လောက် ရှိတယ်တဲ့၊ ရုံပြောင်းတွေပေါ့၊ အဝင်းသူငယ်ချင်းတွေ အစ်မလက်ခံမလား"

"သိပ်လက်ခံချင်တာပေါ့ မဂျမ်းဘုံရယ်၊ ဒါပေမယ့် သူတို့ကိုတော့ ပြောလိုက်ဦး ကျွန်မဘော်လီရုံက ဖိနပ်ချွတ်နဲ့ အိမ်ရှေ့ခန်းလေးမှာ ထောင်ထားရတာလို့ နည်းနည်းတော့ ကျပ်မယ်လို့၊ အဲဒါလည်း ချဲ့ချင်တယ် မဂျမ်းဘုံရေ၊ ပိုက်ဆံမရှိလို့၊ အိမ်ငှားကိုပိုက်ဆံအမ်း ဆင်းခိုင်းရအောင်လည်း ပိုက်ဆံမရှိ"

ရီထွေးပြောတာတွေကို မဂျမ်းဘုံမျက်နှာရှုံ့သည်။

"ကဲ...စာရင်းရှင်းပြီး သွားစမ်းပါ၊ သူများရှေးရောင်းတဲ့ရှေ့လာပြီး ပိုက်ဆံမရှိတာတွေ လာပြောနေတယ်၊ နမိတ်မရှိ နမာမရှိ၊ သွား...သွား လူလိုချင် အဝင်းဆီသွား သေချာပြောချည်ဦး"

မဂျမ်းဘုံကျောကို ရီထွေး ဖြန်းခနဲရိုက်ပြီး အဝင်းတို့ဘက် ထွက်လာခဲ့သည်။ အဝင်းနှင့် စကားပြောလို့မှမဆုံးသေး 'လာပြီ၊ လာပြီ'ဟူသော အသံတွေနှင့်အတူ ဈေးသည်တွေက တဝုန်းဝုန်း ဖြစ်သွားသဖြင့် ရီထွေး အသာရှောင်ထွက်ခဲ့ရသည်။

ထုံးစံအတိုင်း စွပ်ကျယ်စဝယ်ကာ မြို့ပတ်ဘူတာဆီသို့ သွက်လက်စွာ လျှောက်ခဲ့သည်။ ကိုတွတ်နဲ့ မတွေ့ရသည်မှာ သုံးရက်တောင်ရှိပြီ။ ဟိုနေ့ကတည်းက မတွေ့ရတာ။ ကိုတွတ် နေမကောင်းပြန်ဖြစ်ပြီထင်ရဲ့။ ဘူတာထဲမှာ ဟိုသည်လှမ်းကြည့်တော့လည်း မမြင်။ အကြိမ်ကြိမ်အခါခါ

www.burmeseclassic.com

www.burmeseclassic.com



ရေရွတ်နေမိတဲ့ သူ့ရဲ့စကားလေးကို သတိရပြီး ပါးပြင်တို့ပူနွေးလာပြန်သည်။ 'တို့ချစ်တာက တစ်ယောက်တဲ့' ချစ်တယ်လို့မပြောဘဲနဲ့ ရင်ခုန်ရလွန်းတဲ့ စကားလေးပါကွယ်။

ကိုတွတ် ဘူတာကြီးဘက်ကများ လိုက်လာမလားဆိုပြီး မြို့ပတ်နှင့်ပင် ပြန်ခဲ့သည်။ အဲလိုတော့ ကိုတွတ်မလာတတ်ပါဘူး။ လာရင် ဒီကပဲစောင့်တာ။ နက်ဖြန်ပေါ့ ကိုတွတ်ရယ်။

သူ့အကြောင်းကိုတွေးရင်းက အားလျှင်တွက်ချက်ရမြဲ။ ထုံးစံအတိုင်း ခေါင်းထဲမှာ ကိန်းဂဏန်းတွေကို လှည့်ပတ်နိုင်အောင် တွက်ချက်နေမိပြန်သည်။ လူသုံးယောက်ကလည်း မသေချာသေးဘူး။ ရရင်တော့ သိပ်ကောင်းမှာ။ ငွေငါးရာလောက်အကုန်ခံပြီး ရှေ့အဖီလေး ထုတ်လိုက်ရရင်ကောင်းမလား။ ခုရှိတဲ့ သုံးယောက်နဲ့ နောက်သုံးယောက်ဆို တော်ပြီ။ ရီထွေး စက်နင်းစရာတောင် မလိုတော့။ ညပ်ပေးရုံပဲ နေလို့ရပြီ။ တစ်နေ့တစ်ရာပဲ အထည်ကျဦး ကိုယ့်အတွက်ငွေလေးဆယ်၊ ငါးဆယ်က ပြေးမလွတ်တော့။ ဒါဆိုရီထွေး တင်းတိမ်နိုင်ပြီ။ လှည့်ပတ်၍လည်း ရင်းနိုင်ပြီ။ ဘာကိုမှ စိတ်မောစရာမလိုတော့။ မခင်အေးလေး တောပြန်ချင်နေတာတောင် နောက်သုံးယောက် ရလျှင် ပြန်ခွင့်ပေးလို့ရပြီ။ သူ့ခများလည်း တတ်ပြီးတည်းက ခြောက်လကျော်တောင်။ လူမရှိတော့ ရီထွေးကိုအားနာပြီး ချုပ်ပေးနေရှာသည်။ ပြန်လွှတ်လိုက်တော့မည်။

အင်း... ဘဝက နည်းနည်းတော့ ကျေနပ်စရာကောင်းလာပါပြီလေ။ ဒီလိုဘဝမျိုးလေးမှာပဲ သွားရင်းလာရင်း ပြေးရင်း၊ မောရင်းနဲ့ပဲ ရီထွေးပျော်တတ်ပါရဲ့။ ဒီထက်ပိုပြီး ကျေနပ်စရာကောင်းမှာက ရီထွေးဘဝမှာကိုတွတ်ပါဝင်လာတဲ့နေ့ပေါ့။ အတွေးတွေက တဝေဝေနှင့် ဘူတာမှအိမ်ဆိသို့ ဖြည်းဖြည်းချင်းလျှောက်ရင်းက နက်ဖြန်ဆို ကိုတွတ်လာပါ့မလားဆိုတဲ့ အတွေးက ပူပင်စွာဝင်လာပြန်သည်။ မိရီထွေးရယ်။ ဘာလို့များဖြစ်နေတာလည်း ကိုယ့်ဘာသာကိုယ် ရှက်မိပြန်သည်။ အိမ်နားနီးလာတော့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှာ ဖြူတစ်ပြုံတစ်လုပ်နေသော အဖေနှင့် အစ်ကိုသိန်းထွန်းကို မြင်တော့ ရီထွေး ထိတ်ရပြန်သည်၊ သားအဖ ဘာ ဖြစ်နေကြပြန်ပြီလဲ။

"ကဲ၊ သမီးရေ ရောက်မဆိုက် မောမသွားနဲ့ ဦး၊ ဟိုဖြူဖြူဆိုတဲ့ ကလေးမလေး မနက်က ဒီအလာ ရထားပေါ်ကလိမ့်ကျလို့တဲ့၊ တော်တော် အခြေအနေဆိုးသတဲ့"

"အို...ဒုက္ခပါပဲ ဖြူဖြူရယ်"

မနက်က ဖြူဖြူမလာသည်ကို အကြောင်းတစ်ခုခုကြောင့် ပျက်သည်ထင်ပြီး သည်လိုပဲနေတာ။ ဈေးသွားစရာရှိတာ ရီထွေးသွားခဲ့သည်။ ဖြစ်မှဖြစ်ရလေ ကလေးရယ်။

"အေး၊ အဲဒါ သူ့အမေလာပြောတယ်၊ ငွေတစ်ရာလောက် ကြိုထုတ်နိုင်ရင် ထုတ်ပါတဲ့၊ စောင့်နေရှာသေးတယ်၊ ညည်းပေးခိုင်းရင် အဖေတို့ ဆေးရုံသွားပေးလိုက်မယ်လေ၊ မေးရင်းမြန်းရင်းပေါ့"

"အင်း... ကောင်းသားပဲ အဖေ၊ ဒါပေမယ့် ရီထွေးကလည်း ငါး ဆယ်လောက်ပဲ ပေးနိုင်မှာ အဖေရဲ့၊ ဒါတောင် ဖြူ့ကိုသနားလို့"

အဖေက "ပေးနိုင်သမျှပေါ့ကွာ"ဟု ပြောကာ ငွေငါးဆယ်ယူပြီး သားဖနှစ်ယောက် ထွက်သွားကြသည်။

စက်ခုံပေါ်တွင် မခင်အေးတစ်ယောက်တည်း ငူငူကြီးထိုင်နေသည်။ မြလေးလဲမရှိ။ မခင်အေးမျက်နှာက ဖြူဖြူ့အတွက် ငိုထားသည့်မျက်နှာ။ ရီထွေး သက်ပြင်းရှိုက်လိုက်မိသည်။ လက်ညှိုးလေးတထောင်ထောင်နှင့် ကလစ်ပူဆာသော ချစ်စရာဖြူဖြူကို မြင်ယောင်လာမိသည်။ သူလုပ်ချင်တာ ကလည်း လွန်ရော။ စက်ချုပ်လာရင်တောင် လွယ်အိတ်ထဲမှာ စာအုပ်လေး တွေကို သူ့ကြိုက်တတ်သော အလှပြင်ပစ္စည်းလေးတွေနှင့်အတူ ထည့်လာ တတ်သည့် ဖြူဖြူ။

"ဖြူဖြူသေမှာလားမသိဘူးနော် အစ်မ"

www.burmeseclassic.com

www.burmeseclassic.com



မခင်အေးအသံကြောင့် ရီထွေး ငိုင်နေရာက သတိရလာသည်။

"အို၊ ဘာလို့သေရမှာလဲ မခင်အေးရဲ့၊ ဆေးရုံရောက်သွားပြီပဲ၊ နေကောင်းလာမှာပေါ့၊ ကဲ မခင်အေးလဲ အိမ်ပြန်ချင်ပြန်လေ၊ မြလေးရော ဘယ်အချိန်က ပြန်သွားလဲ"

"နေ့လယ်ကတည်းက အစ်မ၊ ကိစ္စရှိလို့တဲ့"

မခင်အေးက စက်ခုံကိုရှင်းလင်းနေရာက ရီထွေးကိုကြည့်ပြီး ပါးစပ်က တလှုပ်လှုပ်နှင့် မရဲတရဲပြောဖို့ အားယူသည်။

"အစ်မ ကျွန်မရှေ့အပတ်လောက်ဆို ရွာပြန်တော့မလို့"

အိမ်ပြန်လာတုန်းက စဉ်းစားခဲ့ပေမယ့် ခု ဖြုန်းဖြုန်းတစ်ယောက်လျော့သွားတော့ ရီထွေး မခင်အေးကို ရုတ်တရက် စကားမပြန်နိုင်။ ဒါပေမယ့် ရီထွေး ဘာတတ်နိုင်မှာလဲ။ အခန်းကျဉ်းလေးမှာ ဒုက္ခခံရင်း နေနေရတဲ့ မခင်အေးဘဝကို စာနာတတ်ရမယ်လေ။

"အင်း...ပြန်ပေါ့ မခင်အေးရယ်"

မခင်အေးမျက်နှာလေးက ဝင်းလက်သွားသည်။ စောစောက ကျေနပ်လာသမျှစိတ်လေးတွေက ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ပြီ။ ရှေ့အပတ် မခင်အေးရွာပြန်တဲ့အချိန်ကစပြီး နောက်ထပ်လူရဖို့ အဝင်းနဲ့ သေချာပြောရဦးမည်။ စိုးရိမ်ပူပန်မှုက ရင်ထဲမှာ အမြဲတမ်းပဲတည်နေတော့ မလားမသိ။

* * *

နောက်တစ်နေ့ကျ ရီထွေး ဈေးမသွားနိုင်။ မြလေးကလည်း ဘာဖြစ်လို့မှန်းမသိ မလာတော့။ ရီထွေး မခင်အေးနှင့် နှစ်ယောက်တည်း ဘယ်လိုမှ အထည်တစ်ရာပြီးအောင်မချုပ်နိုင်တော့၊ ကိုတွတ်လာနေမှာထင်ရဲ့ ဟူသော အတွေးကို ရီထွေးရင်ထဲမှ အတင်းမောင်းထုတ်နေရသည်။ မဂျမ်းဘုံတို့ကတော့ မျှော်နေရှာမည်။ အထည်လက်ကျန်တော့ပြီးမှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းခါနီးကျမှ မရွှေမြလေး ပေါက်ချလာသည်။

"ဟဲ့ ...မမြလေးရယ်၊ အထည်တွေ မပြီးရတဲ့ထဲ နင်ကမလာဘူး၊ ဒီမှာ တို့နှစ်ယောက်တည်း သေတော့မယ်"

မြလေးက မဖြေဘဲ ငိုင်နေသည်။ မျက်နှာလည်းမကောင်း။

"အစ်မ၊ ကျွန်မ အလုပ်ကထွက်တော့မယ်"

"ဟင် ...ဘာဖြစ်လို့လဲ ညည်းယောကျ်ား ပြန်လာလို့လား"

"ဘယ်ကဟုတ်ရမှာလဲ အစ်မရယ်၊ အလုပ်ထွက်တာ ကျွန်မနေစရာ မရှိလို့"

"ဟင်"

"ဟုတ်တယ် အစ်မရဲ့၊ ကျွန်မရဲ့သူငယ်ချင်းက ကျွန်မကို မကြည်တော့ဘူးလေ၊ မနေနဲ့တော့တဲ့၊ အို... ပြောရမှာ ရှက်ပါတယ် အစ်မရယ်၊ ကျွန်မကို သူ့ယောကျ်ားနဲ့ မသင်္ကာလို့တဲ့၊ ကျွန်မဒါကြောင့် မနေ့ကနဲ့ ဒီနေ့ အလုပ်လိုက်ရှာနေတာ"

"ဘာအလုပ်ရှာရပြန်တာလဲဟယ် နင်ကလဲ"

"အိမ်ဖော်အလုပ်လေ အစ်မရဲ့၊ အိမ်ဖော်၊ နေစရာပေးမယ့် အလုပ်လေ၊ အဲဒီအလုပ်တစ်ခုပဲ ကျွန်မနဲ့သားကို နေစရာပေးနိုင်မှာ၊ ကျွန်မလဲ အိမ်ဖော်အလုပ်ကို ကိုယ်ပိုင်စက်ချုပ်နေရတာလောက် ဘယ်ကြိုက်ပါ့မလဲ အစ်မရယ်၊ ဒါပေမယ့်"

ရီထွေးက ဘာများပြောနိုင်ဦးမည်လဲ။

"ခု အိမ်ဖော်အလုပ်က ရပြီလား"

"ပြောတော့ထားပြီ၊ မသေချာသေးဘူး၊ သူတို့ကလဲ ကလေးပါရင် မကြိုက်ဘူးအစ်မရဲ့"

"မရခင်ထိတော့ ဒီမှာလုပ်ဦးပေါ့ဟယ်၊ နင့်သူငယ်ချင်းကို တောင်းပန်ပေါ့၊ စက်ချုပ်တတ်ထားမှတော့ ဘာလို့အောက်ကျနောက်ကျ အိမ်ဖော်လုပ်နေရမှာလဲ အေးလေ"

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းကိုပဲ ရှိုက်လိုက်မိသည်။ ရီထွေးက ဘာတတ်နိုင်မှာလဲ။

* * *

အဝေးကကြားရမြဲ အဝင်းအသံကို မကြားရတော့ သူတို့ပြေးရပြန်ပြီကို သိလိုက်ကာ ဘယ်လောက်စောင့်ရဦးမည်မှန်း မသိဘဲစိတ်မောသွားမိသည်။

ဈေးရှေ့ကွက်လပ်က သူတို့ရောင်းနေကျနေရာက တိတ်ဆိတ်ခြောက်သွေ့နေသည်။ လည်ပင်းလွယ်ရောင်းသော လက်ကိုင်ပဝါသည်၊ ရာဘာဖိနပ်သည်တို့တောင် မတွေ့ရပေ။ နို့မို့ဆို သူတို့က ယောင်တီးယောင်တောင်နှင့် အမြဲတမ်း ရစ်ဝဲနေတတ်သည်။

ဈေးအဝင်က အသိဆိုင်ရှေ့မှာ ရီထွေးရပ်လိုက်သည်။

"ဟော အစ်မလေး လာပြီလား၊ ဒီနေ့တော့မလွယ်ဘူးအစ်မရေ တစ်မနက်လုံး လိုက်ဖမ်းနေတာ၊ ဂျမ်းဘုံတို့၊ အဝင်းတို့တောင် ပါသွားတယ်ထင်တယ်၊ ဈေးသာကြည့်တော့ လူကိုရှင်းလို့"

ဆိုင်ရှင်အမျိုးသမီးစကားကြောင့် ရီထွေး လံန့်သွားသည်။ ဘုရားရေ အဲဒါမှ ဒုက္ခ။ သူတို့ဆီကပိုက်ဆံရမှ ရီထွေးနောက်နေ့ချုပ်ဖို့ ပစ္စည်းတွေက ဝယ်ရမှာ။ ပါသွားပြီဆိုလို့ကတော့ တောင်းရဖို့လဲ မလွယ်။ စိတ်ညစ်ညစ်နှင့် ဟိုကြည့်သည်ကြည့်နေခိုက် အမျိုးသမီးက အော်သည်။

"ဟော... ဟိုမှာ ဟိုမှာ အဝင်းမဟုတ်လား၊ မပါဘူးထင်တယ်"

အဝင်းဆီသို့ ရီထွေးမြန်မြန်ထွက်ခဲ့သည်။ အဝင်းလက်ထဲမှာလည်း ဘာမှမပါ။

"အစ်မရေ၊ ကုန်ပြီ၊ ကုန်ပြီ၊ အကုန်ကုန်ပြီ"

အဝင်းအာကျယ်ကျယ်နှင့် အော်သော အသံက ရီထွေးရင်ကိုပူလောင်စေသည်။

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ အဝင်းရယ်၊ မဂျမ်းဘုံတို့ရော"

"ဘယ်လိုမှ မဖြစ်ဘူးအစ်မရေ၊ ဖမ်းခံရတာပေါ့၊ ကိုထွန်းမောင် ပါသွားတယ်၊ မဂျမ်းဘုံလည်း ပါသွားတယ်၊ အရေးထဲ ကိုအောင်တင့်ကမရှိဘူး၊ ဟို ဘီရုံထဲက ဘော်လီဆိုင်ပိုင်ရှင်နဲ့ ရှမ်းပြည်နယ်က လူလိမ်နောက် လိုက်သွားကြတယ်"

"ဘာ... အဝင်း"

ရီထွေးခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားသည်။ ဘုရား၊ ဘုရား မဟုတ်မှလွဲရော။

"အဲ...အစ်မမသိဘူးလား၊ အဲဒီလူလိမ်ကောင်က ဘီရုံထဲကဆိုင်တွေရော၊ ဘော်လီရုံတွေရော အကုန်ပတ်ပြီး လိမ်သွားတာ၊ အထည်တွေထောင်ကျော်ပဲ၊ ဘီရုံထဲကဆိုင်ကြီးတွေဆို အများကြီးပဲ၊ မဂျမ်းဘုံတို့တောင် ငါးရာတဲ့၊ အို... အဲဒီ ရှမ်းပြည်နယ်လူလိမ်ဆိုတာ သိကြတဲ့နေ့ကများ ကိုအောင်တင့်နဲ့ မဂျမ်းဘုံ ဟောဒီရှေ့မှာ သတ်လိုက်ကြတာ၊ ဘာပြောကောင်းမလဲ၊ အဲ...နေဦး အစ်မလည်းပါသေးလား"

အဝင်းကို ရီထွေးစကားပြောနိုင်စွမ်း မရှိတော့။ ဒီလူရက်ကြာနေကတည်းက ရီထွေးရင်ထဲမှာ ထင်တော့ထင်မိသား။ အို...အားလုံးအများကြီးဆိုပေမယ့် သူတို့က ဆင်ပိန်တော့ ကျွဲလောက်ရှိဦးမှာ၊ ရီထွေးကမှ ဒုက္ခ။

မလှပသော ခြေထောက်လေးတွေနှင့် ပင်ပန်းကြီးစွာရှာထားရသော ငွေတွေ၊ ရီထွေးအံကို တင်းတင်းကြိတ်မိသည်။

"အစ်မ ခုဘော်လီတွေ ပါသေးလား၊ ပြန်သာယူသွားဦး၊ နောက်နေ့မှ လာတော့ ပါသွားတဲ့လူတွေ ဘယ်လိုဖြစ်ကြဦးမယ် မသိဘူး"

အဝင်းကိုနှုတ်မဆက်နိုင်ဘဲ မြို့ပတ်ဘူတာဆီသို့သာ အပြေးတစ်ပိုင်း လာနေမိသည်။ မြန်းဆို ဖြစ်ပျက်သွားတာကလည်း မြန်လိုက်တာ။ ရီထွေး အရင်းကို ပြန်မတွက်ရဲတော့။ လူရှာမည့်ကိစ္စကိုလည်း ဘာလို့ပြောနေဦး

www.burmeseclassic.com

www.burmeseclassic.com



မှာလဲ။ ကိုတွတ်စောင့်နေပါစေ။ ရိုထွေးဒုက္ခကို ကိုတွတ်ရင်ခွင်မှာ ရိုထွေး ပြောပါရစေ ကိုတွတ်ရယ်။

ဘူတာထဲ ကိုလှမ်းကြည့်တော့ ကိုတွတ်ကိုမမြင်ရ။ ဘာလို့များလဲ ကိုတွတ်ရယ်။ အို...ဒီနေ့မှ ရထားကလည်း စောလိုက်တာ။ ရထားကလာ နေပြီ။ လူတွေ ရတ်ရတ်သည်းသည်းမို့ ကိုတွတ်ကို ရှာရသည်မှာ မလွယ် လှ။ အို...ဟိုကြားထဲ က တိုက်ပုံအကျီလက်ဖျားလေးဟာ သူမဟုတ်လား။

"ကိုတွတ်"

ရိုထွေး အော်လိုက်သောအသံက ရထားဥသြအောက်တွင် ပျောက် ကွယ်သွားသည်။ ရိုထွေး ကိုတွတ်ဆီ သွားရန်ပြင်ဆဲ ခြေလှမ်းတွေ တုန့် ခနဲ ဖြစ်သွားကာ မယုံနိုင်သလို ကြည့်မိသည်။

ရှေ့ရထားတွဲဆီသို့ လက်တွဲပြေးနေကြသော ကိုတွတ်နှင့် မိန်းက လေးငယ်တစ်ဦး။ နောက်ကကြည့်ရပေမယ့် မိန်းကလေးက လှပမှန်း၊ ငယ် နုမှန်း သိသာပါသည်။ သူတို့နောက်က မိန်းမကြီးတစ်ယောက်က ပြေးလိုက် လျက် မိန်းမလက်ထဲမှာ ပွေ့ပိုက်ထားသည်က ပန်းနုရောင်ခေါင်းအုံးတွေ။

အို...အားလုံးကို ရိုထွေးနားလည်လိုက်ပြီ ကိုတွတ်ရယ်။

ရထားဥသြသံကြားမှ နီးရာတွဲကိုအမြန်ပြေးတက်၏။ အပေါက်ဝ က ရထားနံရံမှာ မှီချရင်း မထိန်းနိုင်မသိမ်းနိုင် မျက်ရည်တို့က ကျလာ သည်။

ကိုတွတ်ရဲ့ ရိုးသားစွာပြောခဲ့တဲ့ 'တို့ချစ်တာကတစ်ယောက်ဆိုတဲ့' စကားလေးကို ရိုထွေးအစထဲက နားလည်ဖို့ကောင်းပါတယ်နော်။ မိုက်မဲ စွာ နားလည်ခဲ့တဲ့ ရိုထွေးအပြစ်ပါပဲ ကိုတွတ်ရယ်။

အို...တကယ်တော့ ရိုထွေးယုံကြည်မှတ်မှားခဲ့တဲ့ ကိုတွတ်ရဲ့အယု အယအကြင်အနာတွေဟာကိုတွတ်သနားတတ်တဲ့ ငှက်လေးတွေကို ပြုယု ကြင်နာခြင်းမျိုးတွေဆိုတာ ရိုထွေးသိခဲ့ဖို့ကောင်းပါတယ်။ ဟိုကောင်းမှုတော် ဘုရားထဲက ခြေမသန်တဲ့ ငှက်လေးကို သနားသလိုမျိုးလေ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့လည်း ရီထွေးတွေ့ချင်လှသည့် ကိုတွတ်က နှစ်ယောက်အမြဲစီးခဲ့သည့် ရထားကြီး၏ မဝေးသောတစ်နေရာက အဝေးဆုံးနေရာမှာ။ အို…ကိုတွတ်ရယ် အားလုံးဟာ ပြီးဆုံးသွားခဲ့ပြီနော်။

* * *

ဖိနပ်ချွတ်ကျဉ်းကျဉ်းလေးမှာ တစ်လုံးတည်းသော စက်ကလေးက ငြိမ်သက်လျက်။

ရီထွေး ပင်ပန်းကြီးစွာ လွန်မြောက်ခဲ့ရသည့် အစဦးကာလကအတိုင်း စက်ခုံမှာ ဝင်ထိုင်လိုက်သည်။

သေးငယ်ညီညာသော ချုပ်ရိုးကြောင်းလေးက တဖြည်းဖြည်းရှည်လျားပေါ်လွင်လာသည်။

မဆုံးနိုင်သော အပ်ချည်ကြောင်းလေးများမှနေ၍ အထည်များစွာ ဖြစ်ပေါ်လာပေဦးမည်။

BURMESE CLASSIC

မျက်ရည်နှစ်ပေါက်က ရွှေ့လျားနေသော ပိတ်ဖြူစကို စွန်းထင်းသွားသည်၊ ဒါပေမယ့် မကြာခင် ပိတ်ဖြူစလေးခြောက်သွေ့သွားပေလိမ့်မည်။

အို…အားလုံးကို ရီထွေးအစမှ ပြန်စရလိမ့်မည်။ မလှပသော ခြေထောက်လေးများကို အားပြုရင်း အားလုံးကို ရီထွေးအစမှ ပြန်စရလိမ့်မည်။

အရုပ်ဆိုးတဲ့ မပြည့်စုံတဲ့ ပန်းလေးတစ်ပွင့်လဲ ဘဝမှာအသက်ရှင်ရပ်တည်ချင်တာပေါ့ ကိုတွတ်ရယ်။

နုနုရည်(အင်းဝ)

■

www.burmeseclassic.com